ကျောင်းထွက်ရှိကျန်တန်းကျန်းများ

တက္ကသိုလ်

# နေလင်းအောင်

## ပိုင်ယွင်ဆန်း စားသမား

ဇာတ်သိမ်း



အသစ်စက်စက်သိုင်းစာစဉ်

အခန်း - ၇၀

## ကြောက်စရာအဆိပ်

"တစ်ဦးက စားရှည်ပုံစံတစ်မျိုးကို ကိုင်ပါတယ်၊ အဲဒီစားကလဲ စားရှည်သာဆိုတယ်၊ သာမန်စားရှည်တွေထက် အများကြီး တိုပါတယ်၊ နှစ်ပေကျော်ကျော်ပဲ အလွန်ဆုံးရှိမယ် ထင်ပါတယ်၊ နောက်တစ်ဦးကတော့ တစ်ပေသာသာရှိတဲ့ လှံတိုတစ်ချောင်းကို ကိုင်ဆောင်ထားပါတယ်၊ သူတို့နှစ်ယောက်လုံးက သိုင်းပညာမှာ ထက်မြက်ကြတယ်၊ သိုင်းပညာအဆင့်မြင့်မားတဲ့သူတွေ ဖြစ်ပုံရပါတယ်"

"ဒီတော့ ဘာဆက်ဖြစ်သလဲ ပြောပါဦး နောင်ကြီးယာရီ"

ပေကျုံးချိုက စကားကို ခေတ္တနားလိုက်သည်။ ယုံအင်းကို စိတ်လှုပ်ရှားစွာဖြင့် ထပ်မံ၍ မေးလိုက်လေ၏။

"သူတို့က တိုက်ခိုက်မှု လျင်မြန်သလို အတွင်းအားလည်း သိပ်ကောင်းပုံရပါတယ်၊ ကျွန်တော် ရောက်ရှိတဲ့အချိန်မှာ လုံခြုံရေးအဖွဲ့ဝင်နှစ်ယောက်ကို သူတို့ သတ်ဖြတ်ပြီးနေပါပြီ၊ အဲဒီအခါမှာ ကျွန်တော်က အတွင်းအားကို ဆယ်ပုံမှာ ခြောက်ပုံလောက် အားထည့်ပြီး တိုက်ခိုက်လိုက်တယ်"

"ဟုတ်ပြီ.....ဟုတ်ပြီ.....ဒီတော့"

"ကျွန်တော့်ရဲ့ အတွင်းအားကို သူတို့လေးတွေ နှစ်ယောက်ပြန်ပြီး ခုခံနိုင်ခဲ့ကြပါတယ်၊ သူတို့က ကျုပ်လိုအဘိုးကြီးနဲ့ မတိုက်ခိုက်ချင်လို့ပဲလား၊ ဒါမှမဟုတ် တစ်ခြားအကြံအစည် ရှိလို့ပဲလား မပြောတတ်ပါဘူး၊ ကျွန်တော့်တိုက်ခိုက်မှုကို ခံရတာနဲ့ ချက်ချင်း လှည့်ပြီး ထွက်ပြေးသွားကြတော့တာပါပဲ"

ထိုနေရာအရောက်၌ ယုံအင်းသည် စကားကို ခေတ္တရပ်လိုက်ပြီး ပေကျုံးချိုနှင့် လက်သီးဝိဇ္ဇာယာချိုတို့ကို လှမ်းကြည့်လိုက်သေးသည်။ ပြီးမှ သက်ပြင်းချ၍ ဆက်ပြောသည်။

"လုံခြုံရေးမှူးချုပ်ကြီးက ကျွန်တော့်ကို အကူအညီပေးဖို့ ခုလို ဖိတ်ကြားခဲ့တာ မဟုတ်လား၊ ဒီတော့ ခရီးရောက်မဆိုက် ကျွန်တော့်မျက်စိရှေ့မှာ အဖွဲ့ဝင်နှစ်ယောက် အသတ်ခံရတာကို မြင်ရသလို တရားခံနှစ်ဦး ထွက်ပြေးလွတ်မြောက်သွားတယ်ဆိုရင် အင်မတန်မှ ရှက်စရာကောင်းပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်



လဲ သူတို့နှစ်ယောက်နောက်ကို ပြေးလိုက်သွားခဲ့ပါတယ်၊ ဒါပေမယ့် ဘယ်လိုမှ မမီခဲ့ပါဘူး"

ယုံအင်းသည် စကားပြောရင်းမှ မျက်နှာပျက်၍ သွားသည်။ သူ ဆက်ပြောပြန်၏။

"ဒါကြောင့် မလွဲမရှောင်သာလို့ လက်နက်ပုန်းနဲ့ သူတို့နောက်ကို ပစ်လိုက်ရပါတယ်၊ အဲဒီလို အဆက်မပြတ် ပစ်လိုက်တာ ရန်သူတစ်ယောက်ရဲ့ လက်မောင်းကို ထိသွားပါတယ်၊ ဒါပေမယ့် ဆက်ပြေးသွားလေရဲ့၊ သွေးစက်လက်နဲ့ ထွက်ပြေးသွားတာပါ"

ယုံအင်းက သူ၏စကားကို အဆုံးသတ်လိုက်သည်။ ပေကျုံးချိုက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောသည်။

"နောင်ကြီးယုံအင်းလို သိုင်းလောကမှာ အတွေ့အကြုံများတဲ့လူက ရန်သူနှစ်ယောက်ရဲ့ အခြေအနေကို ခန့်မှန်းလို့ မရနိုင်ဘူးလား"

ယုံအင်းက ခေါင်းကို ခါယမ်းလိုက်ပြီး.....

"သူတို့က ကျွန်တော်နဲ့ ယှဉ်ပြီး မတိုက်ခိုက်တာရယ်၊ နောက်ပြီး မျက်နှာမှာ မျက်နှာဖုံးစွပ်ထားတာရယ်ကြောင့် ခန့်မှန်းလို့ ခက်ပါတယ်၊ ကျွန်တော့်အနေနဲ့ကလဲ သိုင်းလောကကို အဆက်ပြတ်ခဲ့တာ ကြာပြီဖြစ်လို့ ဒီလူနှစ်ယောက် ဘယ်သူတွေဆိုတာကို မခန့်မှန်းတတ်အောင်ပါပဲ"

ဆရာယာချိုသည် ကြားဖြတ်ပြီး ပြောလိုက်ပြန်သည်။

"နောင်ကြီးယုံအင်းရဲ့ စကားကို ကြားရတဲ့အတိုင်းဆိုရင်

တော့ ဒုစရိုက်သမားတွေထဲက နှစ်ယောက်ပဲနဲ့ တူတယ်၊ ဒုစရိုက်သမားတွေ မှန်းထားတဲ့အချိန်ထက် စောပြီး ရောက်လာကြပြီလား၊ ဒါဆိုရင်တော့ ခက်ကုန်တော့မှာပဲ"

ပေကျိုးချိုက ယုံအင်းကို ပြောပြသည်။ ယုံအင်းက စိတ်ဝင်စားစွာ နားထောင်သည်။

"လွန်ခဲ့တဲ့လဝက်လောက်က ကျုပ်တို့စခန်းကို ဒုစရိုက်ကောင် သိုင်းသမားတွေ စုပြီး လာတိုက်ကြသေးတယ်၊ အဲဒီတုန်းက ဒီကောင်တွေ အနိုင်ရမသွားသလို ကျုပ်တို့လဲ အသာမရခဲ့ပါဘူး၊ ရှေ့ဆက်တိုက်ရင် သူတို့ ရှုံးနိမ့်တော့မှာ သိပြီး ထွက်ပြေးသွားကြပါတယ်၊ အခု ရန်သူနှစ်ယောက်ဆိုတာ ဆရာယာချို ပြောတာ မှန်ပါလိမ့်မယ်၊ ဒုစရိုက်သမားတွေထဲကပဲ ဖြစ်လိမ့်မယ်"

ဆရာယာချိုက စဉ်းစဉ်းစားစားနှင့် ဝင်ပြောသည်။

"အဲဒီပင်လယ်ဘက်က ဒုစရိုက်သမားတွေကလွဲပြီး ပြည်မသိုင်းလောကမှာ ဒီလို သေးငယ်ပိန်ပါး အစွမ်းထက်တဲ့ သိုင်းသမားနှစ်ယောက် ရှိဟန်မတူပါဘူး၊ တစ်ခါမှ မကြားမိပါဘူး"

ပေကျိုးချိုက ခေါင်းညိတ်သည်။ သူက အားလုံး၏မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်သည်။

"ခုလာတဲ့ ရန်သူနှစ်ယောက်ဟာ သိုင်းပညာထက်မြက်တာကလွဲပြီး သူတို့အကြောင်းကို မသိတာ ခက်တယ်၊ အဲဒါဆိုးတာပေါ့လေ၊ ဒီထက် ဦးနှောက်ခြောက်ဖို့ကောင်းတာကတော့ ဒီမှာ ဒဏ်ရာရနေတဲ့ အဖွဲ့ဝင် ဆယ်ယောက်ပဲ၊ သူတို့တစ်ကိုယ်



လုံး ရောင်ကိုင်းနေကြပေမယ့် ဘာဒဏ်ရာမှ ရှာလို့ မတွေ့ဘူး ဖြစ်နေတယ်"

အားလုံးသောလူများ၏ မျက်လုံးများသည် ခုတင်ထက်ရှိ ဒဏ်ရာရထားသူများ လူးလိမ့်ညည်းညူနေသူများကို လှမ်းကြည့်မိသည်။

"ဘယ်လို အဆိပ်မျိုး သင့်နေတယ်ဆိုတာ ခွဲခြားလို့ကို မရပါဘူး၊ တကယ်လို့ အဆိပ်လက်နက်ပုန်း မိတယ်ဆိုရင်လဲ ဒဏ်ရာတော့ ကျန်ခဲ့ရမယ် မဟုတ်လား၊ ဒါကြောင့် ဘယ်လို လုပ်ရမယ်ဆိုတာ မကြံတတ်အောင် ဖြစ်နေပါတယ်"

လုံခြုံရေးအဖွဲ့၏ သမားတော်ကြီးကလည်း စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းကာ ဝင်ပြောသည်။

"ကျုပ်ကို အဆိပ်မိထားတဲ့ ဒီလူနာတွေကို ကြည့်ခွင့်ပြုပါ၊ စစ်ဆေးခွင့်ပြုပါ"

ယုံအင်းက ထိုစကားကို ပြောပြီးနောက် ယာချိုနှင့် အတူ အဆိပ်မိထားသည့် အဖွဲ့ဝင်များကို သေချာစွာ စစ်ဆေးကြည့်သည်။ သို့ရာတွင် ဒဏ်ရာရသကဲ့သို့ ဖြစ်နေသည့် အဖွဲ့ဝင်များမှာ မည်သို့သော အဆိပ်မျိုးသင့်နေသည်ကို မသိအောင် ဖြစ်ရသည်။ အတန်ကြာမှ ဆရာယာချိုက သက်ပြင်းချ၍ ပြောလိုက်သည်။

"ကျွန်တော့်အနေနဲ့ တစ်သက်လုံး သိုင်းလောကမှာ ကျင်လည်သွားလာခဲ့ပါတယ်၊ သိုင်းလောကမှာရှိတဲ့ လက်နက်ပုန်းမှန်ရင် အကုန်မမြင်ဖူးပေမယ့် နာမည်ကြီးတဲ့ အဆိပ်လက်နက်

ပုန်းတွေကိုတော့ မြင်ဖူးခဲ့ပါတယ်၊ တစ်ချို့ မမြင်ဖူးပေမယ့် နားကြားတော့ ရှိခဲ့ပါတယ်"

ထိုစဉ် ယုံအင်းက ကြားဝင်၍ပြောသည်။ သူသည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားပြီးမှ ပြောလိုက်ပုံ ရှိရ၏။

"ဒီအဖွဲ့ဝင်ဆယ်ယောက်ဟာ လက်နက်ပုန်း အဆိပ်မိတာ မဟုတ်ဘူး၊ သူတို့က အဆိပ်သိုင်းပညာတစ်မျိုးကြောင့် အဆိပ်သင့်နေတာလို့ ကျွန်တော် ထင်တယ်"

"ဟင်း....."

"အို....."

ကျန်လူများမှာ ယုံအင်း၏ စကားကြောင့် အံ့အားသင့်ကုန်ကြသည်။

"ကျွန်တော့်အနေနဲ့ သိုင်းလောကတစ်ခုလုံးမှာ ဒီလိုအဆိပ်သိုင်းပညာကို လေ့ကျင့်တဲ့သူဟာ ယန်ကျောက်နှစ်ဖော်နဲ့ ရွှေတိမ်နန်းကတစ်ဦး စုစုပေါင်း သုံးဦးပဲ ရှိတာ တွေ့ဖူးပါတယ်၊ သိုင်းလောကမှာ အဆိပ်သိုင်းပညာ လေ့ကျင့်တတ်ကျွမ်းတဲ့သူ ရယ်လို့ မကြားမိပါဘူး"

ဆရာယာချီက ခေါင်းကို ညိတ်ပြလိုက်ပြီး.....

"ယန်ကျောက်နှစ်ဖော်နဲ့ ကျွန်တော်က နည်းနည်းပါးပါး တော့ ရျက်မှန်းတန်းမိပါတယ်၊ ဒါပေမယ့် ရင်းနှီးမှု မရှိခဲ့ပါဘူး၊ ဒီတစ်ခေါက် ဒုစရိုက်သမားတွေကို နှိမ်နင်းရာမှာ သူတို့ကို အကူအညီတောင်းဖို့ ကျွန်တော် စိတ်ကူးခဲ့ပါသေးတယ်"



"ရွှေတိမ်နန်းလိန်လန်ကိုကော ဆရာယာချီ သိသလား"

ယုံအင်း၏အမေးကို ဆရာယာချီက ခေါင်းခါယမ်း၍ ဖြေသည်။

"မသိပါဘူး၊ ရွှေတိမ်နန်းလိန်လန်ကိုတော့ ကျွန်တော် ကြားဖူးပေမယ့် တစ်ခါမှ မဆုံမိဘူး၊ အဲဒီလူက အသွားအလာ သိပ်ပြီး လျှို့ဝှက်တတ်တယ်လို့ သိရပါတယ်၊ သူ့လှုပ်ရှားမှုကို သိတဲ့လူက မရှိသလောက်ပါပဲ၊ ကျွန်တော့်အနေနဲ့ ရွှေတိမ်နန်း လိန်လန်ကိုတွေ့ဖို့ ကြိုးစားကြည့်ပါသေးတယ်၊ ဒါပေမယ့် တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး"

ယာချီစကားဆုံးသွားသည်နှင့် ယုံအင်းက သက်ပြင်းချပြီးနောက် ဆက်၍ ပြောလိုက်ပြန်လေသည်။

"ဟုတ်ပါတယ်၊ သိုင်းလောကမှာ ရွှေတိမ်နန်းလိန်လန်ကို မသိတဲ့လူ မရှိသလောက်ပါပဲ၊ ဒါပေမယ့် နာမည်ကိုသာ ကြားဖူးကြပြီး လူကိုမြင်ဖူးတဲ့သူက မရှိသလောက် နည်းပါးပါလိမ့်မယ်ထင်တယ်၊ ကျွန်တော်ကတော့ အဲဒီလူကို မြင်ဖူးခဲ့ပါတယ်"

ဆရာယာချီက ယုံအင်းစကားကို ခေါင်းတဆတ်ဆတ် ညိတ်ကာ နားထောင်ခဲ့လေသည်။

"ရွှေတိမ်နန်းလိန်လန်က သိုင်းလောကမှာ ထင်ရှားပေမယ့် သူ့ရဲ့ တကယ့်အမည်ရင်းကိုတော့ ဘယ်သူမှ မသိကြဘူး နော်၊ သူ့ပုံပန်းသဏ္ဌာန်ကိုလဲ ပြောသံ မကြားဖူးခဲ့ဘူး၊ ကျွန်တော့်အနေနဲ့ သိုင်းလောကမှာ အကြောင်းကိစ္စ အတော်များများ

ကို သိကျွမ်းခဲ့ပါတယ်၊ ဒါပေမယ့် ရွှေတိမ်နန်းလိဒ်လန်ရဲ့ အကြောင်းကိုတော့ မသိခဲ့ပါဘူး"

ယာချီက ယုံအင်း၏မျက်နှာကို အသာအယာလှမ်းကြည့်သည်။

"ဒါကြောင့် နောင်ကြီးယုံအင်းက ဒီလူနဲ့ ကြုံတွေ့ရတယ်ဆိုတော့ သူ့အကြောင်းကို ကောင်းကောင်းသိမှာပေါ့၊ ကျွန်တော့်ကို သူ့အကြောင်း ပြောပြပါလား ခင်ဗျာ"

* * *

ယုံအင်းသည် မျက်နှာကို ပြုံးကာ ယာချီအား ကြည့်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"အဲဒီလူဟာ ဘာမှ မထူးခြားပါဘူး၊ သူလိုကိုယ်လိုလူ တစ်ယောက်ပါပဲ၊ အသက်အရွယ်ကတော့ ကျွန်တော်နဲ့ ရွယ်တူလောက်ပဲ ရှိပါလိမ့်မယ်၊ သူ့အကြောင်းကို ထွေထွေထူးထူး ပြောစရာရယ်လို့ မရှိပါဘူးဗျာ"

ပေကျုံးချီနှင့် လျောင်အင်းတို့သည် ဘေးတွင် ရပ်၍ နားထောင်နေကြရာမှ စိတ်မရှည်နိုင်အောင် ဖြစ်နေကြလေ၏။ သို့ရာတွင် မည်သို့မျှ ပါးစပ်မှ ထုတ်ဖော်မပြောတော့ဘဲ မျက်မှောင်ကြုတ်ကာ ရပ်နေခဲ့သည်။ ဆရာယာချီသည် ယုံအင်း၏ စကားကို နားထောင်နေရာမှ လှည့်ကြည့်လိုက်သည့်အခါ ပေကျုံးချီတို့နှစ်ဦး မျက်မှောင်ကြုတ်နေသည်ကို မြင်ရသည့်အတွက်



ကမန်းကတန်းပင် စကားလမ်းကြောင်းကို ပြောင်းလိုက်လေတော့သည်။

ဝါးစိမ်းဘိုးဘိုးရဲ့ တပည့်မနှစ်ဦးဖြစ်တဲ့ ကျွန်တော့်တူမဆီမှာ အနှစ်တစ်ထောင် အသက်ကယ်ဆေးမြစ်ကြီးတော့ ရှိပါတယ်၊ အဲဒါနဲ့ ဒီအဆိပ်မိနေတဲ့ လူနာတွေရဲ့အသက်ကို ကယ်လို့ ရနိုင်မလား မပြောတတ်ဘူး"

ပေကျုံးချီက ယာချီ၏စကားကို ပြန်မပြောနိုင်မီမှာပင် ယုံအင်းက စိတ်လှုပ်ရှားစွာ ပြန်ပြောသည်။

"ဟင်.....ဟုတ်လား၊ အနှစ်တစ်ထောင် အသက်ကယ်ဆေးမြစ်ကြီးသာ ရှိတယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဒီကိုယ်တော်တွေရဲ့အသက်ကို ကယ်ဖို့ ကြိုးစားရင် ရမယ်ထင်ပါတယ်"

ဆရာယာချီသည် ထိုစကားကြောင့် ဝမ်းသာသွားလေ၏။ ယုံအင်း၏ လက်တစ်ဖက်ကို လှမ်းကိုင်လိုက်သည်။

"နောင်တော်ကြီးယုံအင်းဟာ ဆေးပညာအတော်ကျွမ်းကျင်တတ်မြောက်တယ်နဲ့ တူတယ်၊ ဝမ်းသာစရာပါပဲဗျာ"

"ကျွန်တော်နဲ့ ရွှေတိမ်နန်းလိဒ်လန်တို့ တွေ့ဆုံနေထိုင်တဲ့အခိုက်မှာ ကျွန်တော့်ကို အဆိပ်ကုနည်းတွေနဲ့ ပတ်သက်ပြီး သင်ကြားပြသပေးခဲ့ပါတယ်"

"သြော်....."

"ဒါကြောင့်လဲ လူနာတွေကို ကြည့်ပြီး ရထားတဲ့အဆိပ်ဟာ အဆိပ်သိုင်းပညာကြောင့် ဆိုတာ တပ်အပ်ပြောနိုင်ခဲ့တာပါ။ တကယ်တော့ ဒီလို အဆိပ်မိထားတဲ့လူမျိုးကို ကုသဖို့ မလွယ်

ကူပါဘူး၊ သေဖို့လမ်းပဲ များပါတယ်၊ ခုတော့ နှစ်တစ်ထောင်အသက်ကယ်ဆေးမြစ်ကြီး ရှိတာမို့ ဒီအဆိပ်ကို ကုဖို့ မခက်တော့ပါဘူး"

အားလုံးသည် ခုမှပင် စိတ်အနည်းငယ် သက်သာရာရသွားကြတော့သည်။

"ကဲ....နောင်ကြီးယာချီက နှစ်တစ်ထောင် အသက်ကယ်ဆေးမြစ်ကို သွားယူပါတော့၊ ကျွန်တော် ခုပဲ လူနာတွေဒဏ်ရာက အဆိပ်ကို ပြန်ထုတ်လိုက်ပါ့မယ်"

"ကောင်းပါပြီ"

ဆရာယာချီက ခေါင်းညိတ် အဖြေပေးပြီးနောက် ခြေနှစ်လှမ်းသုံးလှမ်းသာ လှမ်းရသေးသည်။ ယုံအင်း၏ ထပ်မံ ပြောကြားသံကို ကြားလိုက်ရပြန်သည်။

"နောင်ကြီးယာချီ မသွားပါနဲ့တော့၊ ကျွန်တော့်မှာ ဒီဒဏ်ရာတွေကို ကုသဖို့နည်းလမ်း ထပ်တွေ့ပြန်ပါပြီ၊ ဆရာယာချီသွားဖို့ မလိုတော့ပါဘူး"

ထိုစကားကြောင့် ဆရာယာချီနောက်သို့ လှည့်ကြည့်မိလိုက်သည်။ ပေကျုံးချီနှင့် လျောင်အင်းတို့မှာ ဘေးတွင် မတ်တတ်ရပ်နေကြသည်။

ယုံအင်း၏ဘယ်ဘက်လက်တွင် လက်အိပ်စွပ်ထားပြီး ညာဘက်လက်တွင် ဓားမြှောင်တစ်ချောင်း ကိုင်ထားသည်ကို တွေ့ရ၏။ ထို့နောက် ယုံအင်းက လဲလျောင်း ညည်းတွားနေသည့် လူတစ်ယောက်၏ ဘယ်ဘက်လက်မောင်းကို ဓားဖြင့်



စိုက်လိုက်လေသည်။

"အား"

ဆရာယာချီသည် ထိုလူနာခုတင်ရှိရာသို့ ပြန်လှည့်၍လာခဲ့လေ၏။ ထိုလူနာ၏ နာကျင်စွာ အော်ဟစ်သံနှင့်အတူ သွေးပုပ်များ ပန်းထွက်လာခဲ့သည်။ ယာချီက စိတ်ဝင်တစားကြည့်ပြီး ယုံအင်းအား မေးသည်။

"နောင်ကြီး ယုံအင်း၊ ဒီအဖွဲ့ဝင်တွေဟာ ဘယ်လိုအဆိပ်မျိုး မိတာလဲ၊ တိတိကျကျ သိပြီလား"

ယုံအင်းက ခေါင်းညိတ်လိုက်သည်။

"သိပါပြီ၊ ခုနက ကျွန်တော် သတိမထားမိလို့ မမြင်တာပါ၊ ခုမှ သူတို့ဟာ မြွေဆိပ်တစ်မျိုးကြောင့် ဒဏ်ရာရတယ်ဆိုတာ သိရပါပြီ"

ဆရာယာချီ အံ့အားသင့်သွားပြီး မေးခွန်းထုတ်၏။

"ဟင်.....ဒါဆို စောစောက နောင်ကြီးပြောသလို အဆိပ်သိုင်းပညာကြောင့် ဒဏ်ရာရတာ မဟုတ်ဘဲ မြွေဆိပ်ကြောင့် ဒဏ်ရာရတာပေါ့ ဟုတ်လား၊ မြွေကိုက်ခံကြရတာပေါ့"

ယုံအင်းက ရယ်မောလိုက်လေ၏။

"ဒီသိုင်းပညာတတ်ထားတဲ့ လူတွေ မဆိုထားနဲ့ သာမန်လူတစ်ယောက်တောင် လက်မောင်းကို မြွေကိုက်ရင် ကာကွယ်နိုင်ပါသေးတယ်၊ ပြီးတော့ ဒီသိုင်းသမားကြီးတွေ တစ်ချိန်တည်းမှာ မြွေတွေ အကိုက်ခံရလောက်အောင် မြွေတွေ ဒီလောက်ပေါပါ့မလား ဆရာယာချီ၊ ဒီလို မဟုတ်ပါဘူး၊ ရန်သူတွေက မြွေ

အဆိပ်တွေကို စုစည်းပြီး သံပိုက်တစ်မျိုးမှာ ထည့်ထားခဲ့တယ်၊ အသုံးပြုတော့မယ့်အခါကျမှ အဖုံးကိုဖွင့်ပြီး လက်နက်ပုန်းနဲ့ ကြိုက်သလို ရန်သူကို အလစ် လုပ်ကြံတိုက်ခိုက်ပါတယ်၊ အဲဒီနည်းကို သုံးတာပါ၊ ဒီအဆိပ်တွေကို အလွန်သေးငယ်တဲ့ အပ်ကလေးတွေနဲ့ သံမှုန့်လေးတွေနဲ့ ရောထည့်ထားပါတယ်၊ ဒါကြောင့် အဆိပ်နဲ့ သံမှုန့်တွေကို ထိမိတဲ့ လူဟာ အဆိပ်တွေ ခန္ဓာကိုယ်ထဲက သွေးတွေထဲမှာ ပျံ့ကုန်တာပါပဲ၊ အဲဒီလူဟာ တစ်ကိုယ်လုံး ထုံကျဉ်သွားပြီး ညိုမည်းလာပါတယ်၊ တဖြည်းဖြည်း ဖောရောင်လာပြီး နေ့ဝက်အချိန်လောက် ကြာတာနဲ့ အဆိပ်ဒဏ် မခံနိုင်တော့ဘဲ သေသွားတတ်ပါတယ်"

ယုံအင်းက အဆိပ်နှင့် ပတ်သက်ပြီး ထိုကဲ့သို့ တိတိကျကျ ပြောဆိုနိုင်သည့်အတွက် ဆရာယာချီ၏ စိတ်ထဲတွင် သက်ာမကင်း ဖြစ်ခဲ့လေသည်။ ယာချီက မထိတထိ အသာပြုံးလိုက်သည်။ ပြီးမှ ယုံအင်းအား ခပ်တည်တည်ဖြင့် မေးလေသည်။

"ဒါဖြင့်ရင် နောင်ကြီးယုံအင်းက ဒီအဆိပ်တွေနဲ့ ပတ်သက်ပြီး အတော်လေ့လာထားတယ်နဲ့ တူတယ်၊ ဟုတ်လား"

ယုံအင်းက ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"ကျွန်တော့်အနေနဲ့ ရှေးတိမ်နန်းလိန်လန်ဆီမှာ နည်းနည်းပါးပါး သင်ကြားထားလို့ နားလည်တာပါ၊ ဒီလောက်ပါပဲ"

"ဪ"

ယုံအင်းသည် ပုလင်းတစ်လုံးကို ထုတ်ယူပြီး အဖုံးဖွင့်လိုက်သည့်အခါ အပုပ်နံ့တစ်မျိုးကို ရရှိလေ၏။ ထိုအပုပ်နံ့



ကြောင့် ဆရာယာချီတို့သည် မျက်ခုံးများ ရှုံ့၍နေကြသည်။ နှာခေါင်းလည်း တရှုံ့ရှုံ့ ဖြစ်ကုန်ကြ၏။

"ဟား.....ဟား.....ဟား"

ယုံအင်းက သဘောကျစွာ ရယ်မောပစ်လိုက်သည်။

"ဒီ ကျွန်တော့်ရဲ့ပုလင်းထဲမှာ အလွန်တရာ အဆိပ်ပြင်းထန်တဲ့ ပင့်ကူရဲ့အဆိပ်တွေကို ထည့်ထားပါတယ်၊ ဒီပင့်ကူရဲ့ အဆိပ်က မြွေဆိပ်ထက် ပိုပြီး ပြင်းထန်ပါတယ်၊ အဆိပ်နှစ်မျိုးကို ရောလိုက် ပေါင်းလိုက်ရင် အကျိုးရှိလာပါလိမ့်မယ်၊ ဒါကြောင့် ပင့်ကူအဆိပ်နဲ့ လူနာတွေရဲ့အသက်ကို ကယ်ရမှာပါပဲ"

ယာချီသည် မျက်တောင်မခတ်တမ်း ကြည့်နေမိသည်။ ပေကျုံးချီနှင့် လျောင်အင်းတို့၏ စိတ်ထဲတွင် မည်သို့ရှိမည်ကို မဆိုနိုင်သော်လည်း ယာချီရင်ထဲတွင်ကား သံသယကြီးထွားကာ အစိုင်အခဲ ဖြစ်နေပြီဖြစ်သည်။ ထိုအချိန်တွင် အချို့လူနာများမှာ အသက်ငွေ့ငွေ့သာလျှင် ကျန်ရှိကြပေတော့သည်။

"ဟင်း....."

ပေကျုံးချီသည် သက်ပြင်းကိုသာ ချနေမိ၏။ ပေကျုံးချီနှင့် လျောင်အင်းတို့မှာ သူတို့လူများ သေဆုံးတော့မည် ဖြစ်သဖြင့် စိတ်ပူနေကြသည်။ ယုံအင်း ကုသနိုင်လျှင် အမြတ်၊ မကုသပါကလည်း သေမည့်အတူတူမို့ ယုံအင်းအား မည်သို့မျှ ဟန့်တားခြင်း မပြုကြပါချေ။ ယုံအင်း ပြုသမျှကိုသာ ငြိမ်သက်စွာ ရပ်ကြည့်နေကြပါသည်။

ယုံအင်းက ပုလင်းထဲမှ အဝါရောင်အဆိပ်ကို ပထမလူနာ

တစ်ယောက်၏ ဘယ်ဘက်လက်မောင်းပေါ်ရှိ ဓားဖြင့် ခိုက်ထားသည့် ဒဏ်ရာပေါ်သို့ အနည်းငယ် လောင်းချလိုက်သည်။

ထိုနည်းများအတိုင်း ကျန်ရှိသည့် လူနာများကိုလည်း ကုသပေးလေတော့သည်။

ဤကဲ့သို့ အဆိပ်ကို အဆိပ်နှင့်တန်ပြန်ကုသနည်းမှာ တစ်ချက်မှားယွင်းပါက လူနာအသက် ဆုံးရှုံးရမည်မှာ ရာနှုန်းပြည့်ပင်ဖြစ်သည်။

ယုံအင်းသည် အဆိပ်ရည်ဖြင့် လူနာများအား ကုသပေးပြီးနောက် သူ၏ကိုယ်တွင် ပါလာသည့် အဖြူရောင် ဆေးပြားလေးများ ထည့်ထားသော ပုလင်းကိုယူကာ သမားတော်ကြီးအား ပေးလိုက်လေသည်။

"နောက်တစ်နာရီလောက်ကြာလို့ သူတို့ သတိရလာရင် ရေအေးနဲ့ တစ်ယောက်ကို ဆေးသုံးပြားစီ တိုက်ပေးပါ။ သုံးရက်လောက်တော့ မလှုပ်မရှားဘဲ အနားယူရလိမ့်မယ်၊ အဲဒီရက်အတွင်း တစ်ရက်ကို ဆေးနှစ်ပြား မှန်မှန်တိုက်ပေးရင် လုံးဝ ပျောက်သွားပါလိမ့်မယ်"

သမားတော်ကြီးလည်း သူကမ်းပေးသည့် ဆေးပုလင်းကို လှမ်းယူလိုက်သည်။ ယုံအင်းက ဆက်၍ ပြောလိုက်၏။

"တကယ်လို့ ကျွန်တော့်ကုသနည်း မှားခဲ့ရင်တော့ လူနာတွေ မိုးလင်းတဲ့အထိ အသက်ရှင်နိုင်တော့မှာ မဟုတ်ဘူး၊ ကျွန်တော့်မှာလဲ ဒီနည်းကလွဲပြီး တစ်ခြား သုံးစရာ မရှိလို့ သုံးလိုက်ရတာပဲ၊ ဒီလူတွေ ကံကောင်းပါစေလို့ပဲ ဆုတောင်းရ



တော့မှာပဲ၊ မိုးလင်းလို့မှ အသက်ရှိသေးကြရင်တော့ မသေနိုင်ကြတော့ဘူး"

ယုံအင်း၏စကားကြောင့် ပေကျုံးချီသည် သူ့လူတွေ ကံကောင်းပါစေဟုသာ ဆုတောင်းလိုက်မိသည်။

* * *

နောက်နေ့တွင် လူနာတွေ တစ်ယောက်မှ မသေဆုံးကြဘဲ ကောင်းစွာ သတိရလာပြီဆိုသည့်သတင်းကို ကြားရသောအခါ ပေကျုံးချီသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

ပေကျုံးချီ၊ ဆရာယာချီနှင့် ယုံအင်းတို့သည် ဆေးကုသဆောင်သို့ ရောက်လာကြပြီး လူနာတွေကို အားပေးစကားပြောရင်း ဖြစ်ပျက်ပုံကို မေးမြန်းကြည့်ကြသည်။

ကျွန်တော်တို့လဲ လုပ်ကြံတဲ့ရန်သူကို မမြင်ကြရပါဘူး လုံခြုံရေးမှူးချုပ်ကြီး၊ ကျွန်တော်တို့ကို မြွေကိုက်တယ်ပဲ ထင်မိပါတယ်၊ နောက် သတိမေ့သွားပါတယ်"

သူတို့သုံးဦးသည် ဆေးကုသဆောင်မှ ရုံးအဆောက်အအုံအတွင်းရှိ သီးသန့်ခန်းထဲကို လာခဲ့ကြသည်။ ယခုမှ ဆရာယာချီက သူ့ထင်မြင်ချက်ကို မေးသည်။

"နောင်ကြီးယုံအင်း၊ ကျုပ်တို့ထက် ရွှေတိမ်နန်းလိနံလန်ရဲ့အကြောင်းကို သိတဲ့လူဆိုတော့ မေးပါရစေ၊ အခု ကျုပ်တို့လူတွေကို အဆိပ်လက်နက်နဲ့ လုပ်ကြံသွားတာ ရွှေတိမ်နန်းလိနံ

လန်ရဲ့ လူတွေများ ဖြစ်နေမလား"

အထီးကျန် သိုင်းသမားကြီးယုံအင်းက မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီးမှ–

"ကျုပ် သိသလောက်တော့ ရွှေတိမ်နန်းလိန်လန်မှာ အဖော် ဆိုလို့ သူ့ကို ချက်ပြုတ်ကျွေးမွေးပြီး စောင့်ရှောက်နေတဲ့ အမေကြီးပုပုဆိုတဲ့ အဘွားကြီးပဲ ရှိတာပဲ၊ တပည့်တပန်းတွေလဲ မရှိပါဘူး၊ ဘယ်သူတွေနဲ့မှလဲ သူဟာ ရောရောထွေးထွေး မနေပါဘူး၊ သူ့အနေနဲ့ ဒီပြင်လူ‌တွေကို ခေါ်ပြီး ခိုင်းစေမှာလဲ မဟုတ်ဘူး"

ဆရာယာချီက သူ့တွေးထင်ချက်ကို ပြောသည်။

"ကျုပ်တွေးမိတာက ဒီလိုလေ၊ ရွှေတိမ်နန်းလိန်လန်ဟာ ဒုစရိုက်သမားတွေနဲ့ ပေါင်းမိသွားပြီး အခု ကျုပ်တို့လူတွေကို လုပ်ကြံရာမှာ သူ့ရဲ့နည်းစနစ်ကို သုံးလိမ့်မယ်လို့ ယူဆမိတယ်"

ယုံအင်း ခေါင်းတဆတ်ဆတ်ညိတ်၍.....

"နောင်ကြီးယာချီရဲ့ တွေးထင်ချက်က ဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်လို့ ကျွန်တော်လဲ ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုလုပ်ကြံခံခဲ့ရတဲ့ လုံခြုံရေးအဖွဲ့ဝင်တွေ ဒဏ်ရာရပုံရနည်းဟာ ရွှေတိမ်နန်းလိန်လန်တစ်ဦးတည်း တီထွင်ပြုလုပ်တဲ့ လက်နက်ပုန်း ထိမှန်လို့ရတဲ့ ဒဏ်ရာမျိုးပဲ"

ပေကျုံးချီက သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး.....

"အိမ်း .....နောင်ကြီးတို့ ယူဆကြသလို ရွှေတိမ်နန်းလိန်လန်လိုလူမျိုးသာ ဒုစရိုက်ကောင်တွေနဲ့ ပေါင်းမိသွားတယ်ဆိုရင်



တော့ ကျုပ်တို့အတွက် အတော့်ကို ရင်လေးစရာပါပဲ"

ဆရာယာချီက.....

"သိပ်လဲ စိုးရိမ်စရာ မလိုပါဘူးဗျာ၊ ကျုပ်တို့ဟာ ပြည်သူကို အကျိုးပြုနေတဲ့ သိုင်းသမားကောင်းတွေပါ၊ သင်းတို့က တိုင်းပြည်ကို ဒုက္ခပေးနေတဲ့ ဒုစရိုက်ကောင်တွေပါ၊ အမှားလုပ်တဲ့သူတွေနဲ့ အမှန်လုပ်တဲ့သူတွေ ရင်ဆိုင်တဲ့အခါမှာ အမှန်တရားရဲ့ ဘက်တော်သားတွေဘက်က တစ်ပန်းသာပါတယ်"

အထီးကျန်သိုင်းသမားကြီး ယုံအင်းက–

"ရွှေတိမ်နန်းလိန်လန်ဟာ အဆိပ်ပညာမှာတော့ ပြိုင်ဘက်ကင်းအောင် တတ်ကျွမ်းတဲ့သူပဲ၊ မကြာခဏ တောထဲတောင်ထဲ လျှောက်သွားပြီး အဆိပ်ပြင်းတဲ့သတ္တဝါတွေကို ဖမ်းနေတတ်တယ်"

"သူနဲ့ နောင်ကြီးယုံအင်းကို တွေ့ခဲ့ကြပုံကလေးကို ပြောပြပါဦး၊ သူ့အကြောင်းကို များများသိရမှ ကျုပ်တို့တွေ မှန်းဆလို့ရမယ်"

"နောင်ကြီးတို့ သိလိုကြတယ်ဆိုရင်တော့ ပြောပြပါ့မယ်၊ ဒီလိုပါ"

ပေကျုံးချီနှင့် ဆရာယာချီတို့သည် ယုံအင်း ပြောပြမည့် စကားများကို စိတ်ဝင်တစား နားထောင်၍နေကြသည်။ယုံအင်းက ချောင်းတစ်ချက် ဟန့်ကာ သူတို့နှစ်ဦးအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက် ဤသို့ ပြောပြလေတော့သည်။

* * *

ယုံအင်း၏အသက် သုံးဆယ်ပတ်ဝန်းကျင်ကာလဖြစ်သည်။

ယုံအင်းသည် သူ သင်ကြားတတ်မြောက်ခဲ့သည့် သိုင်းပညာများဖြင့် အားနွဲ့သူများကို ကူညီပေးခဲ့သည်။

မဟုတ်မခံ စိတ်ဓာတ်ရှိကာ မှန်သည့်ဘက်မှ အစဉ်ထာဝရ ရပ်တည်ခဲ့ပေသည်။

ထို့ကြောင့် သိုင်းလောကသားများသည် ယုံအင်းကို လေးစားကြလေသည်။ ချစ်ခင်ကြလေသည်။ အမှောင်လောကထဲမှ သိုင်းသမားများသည်ကား ယုံအင်း၏ သိုင်းပညာအစွမ်းထက်မှုကြောင့် ကြောက်ရွံ့၍နေကြသည်။

ယုံအင်း၏ ထင်ရှားသောပညာများမှာ ကိုယ်ဖော့ပညာနှင့် သံမဏိလုံး လက်နက်ပုန်းပညာပင် ဖြစ်သည်။

အဆိုပါပညာများကို ငယ်စဉ်အခါက လျှို့ဝှက်သိုင်းပညာရှင်ကြီးတစ်ဦးက သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

မိဘနှစ်ပါး ဆုံးပါးပြီးနောက် ယုံအင်းသည် လယ်မြေများကို အစ်ကိုဖြစ်သူအား ပေးခဲ့ကာ တစ်ကိုယ်တည်း အရပ်တကာလှည့်၍ သွားလာနေခဲ့သည်။ သူသည် လွတ်လပ်ခြင်းကို မြတ်နိုးသူလည်း ဖြစ်လေ၏။

တစ်နေ့သောအခါတွင် ယုံအင်းသည် ကွေ့ကျိုးနယ်၊ ကွေ့ကျိုးမြို့သို့ ရောက်ရှိခဲ့သည်။ ကွေ့ကျိုးသည် မြို့ကြီးတစ်မြို့ဖြစ်ကာ တောင်ပေါ်တိုင်းရင်းသားများ စုစည်းနေထိုင်ကြသည့် မြို့ပင်ဖြစ်သည်။



ကွေ့ကျိုးမြို့သို့ တစ်ခုသော နေ့ခင်းအချိန်တွင် ယုံအင်းသည် မြင်းတစ်စီးနှင့်အတူ ရောက်ရှိလာခဲ့သည်။ သူသည် လမ်းမကြီးပေါ် ခရီးပြင်းနှင်နေရာမှ ပင်ပန်းလာလေ၏။

ကွေ့ကျိုးမြို့လယ်နှင့် မလှမ်းမကမ်းတွင် အရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်ရှိပြီး ထိုသစ်ပင်အောက်တွင် ခရီးသွားများ နားနေ အပန်းဖြေကြသည်။

ယုံအင်းသည် ထိုအပင်အောက်သို့သွားကာ မြင်းပေါ်မှ ဆင်းလိုက်သည်။ ယုံအင်းက သူ့မြင်းကို သစ်ပင်အုပ်အတွင်းသို့ နှင်လိုက်ပြီး သစ်ပင်တစ်ပင်တွင် မြင်းကို ချည်ထားလိုက်လေသည်။

ထို့နောက် သူသည် အေးစက်ကြီးမားသော ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ချလိုက်လေ၏။

ပူပြင်းသော နေရောင်အောက်တွင် ခရီးပြင်း နှင်လာခဲ့သူဖြစ်သဖြင့် ယခုကဲ့သို့ အရိပ်ကောင်းသည့် သစ်ပင်အောက်တွင် အေးမြသည့် လေပြည်လေညင်း အတိုက်ခံရသည့်အခါ ယုံအင်းသည် စိတ်လန်းဆန်းကာ ကြည်နူး၍သွားသည်။

ထိုစဉ် သူ၏ နောက်ကျောဘက် ဂိုက်အနည်းငယ်အကွာ၌ ခရီးသွားများ ဆူဆူညံညံ အသံကြားရသဖြင့် လှည့်ကြည့်လိုက်မိရာ သူ မှင်တက်မိသွားသည်။

လူတစ်စုသည် တစ်စုံတစ်ခုကို ဝိုင်းအုံကာ ကြည့်ရှုတိုးဝှေ့နေကြသည် မဟုတ်ပါလား။ ယုံအင်းသည် စိတ်ဝင်စားကာ ထိုနေရာသို့သွားပြီး လူအုပ်ကို တိုးဝှေ့၍ ကြည့်လိုက်သည်။

တိုင်းရင်းသူ အမျိုးသမီးတစ်ဦးသည် မျက်ရည်ယိုစီးကျလျက် ဒူးထောက်ထိုင်ကာ သူ့ပေါင်ပေါ်တွင် တိုင်းရင်းသားတစ်ဦးအား ပွေ့ချီထားလေသည်။

တိုင်းရင်းသားသည် မျက်နှာပြာနှမ်းကာ ပါးစပ်မှ အမြှုပ်တစီစီ ထွက်နေခြင်းကို တွေ့ရှိလေ၏။

ပြင်းထန်သည့် အဆိပ်အမျိုးမျိုး မိထားကြောင်းကို ယုံအင်း ရိပ်စားမိလိုက်လေသည်။

ထိုအမျိုးသားရော အမျိုးသမီးပါ အသက်အားဖြင့် ကြီးလှသူများ မဟုတ်သေးပါချေ။

သူတို့၏ဘေးတွင် ခြင်းတောင်းများ တွေ့ရပြီး ခြင်းတောင်းထဲတွင် အဝတ်အစားများနှင့် စားသောက်ဖွယ်ရာများကို တွေ့ရသဖြင့် ဈေးလာခြင်းဖြစ်ကြောင်းကို တွက်ဆလိုက်မိသည်။

အမျိုးသမီးသည် ဝိုင်းအုံကြည့်နေသည့် လူအုပ်ကြီးကို ကြည့်ကာ အားကိုးတကြီးဖြင့် သူ့ယောကျ်ားအား ကယ်တင်ပေးပါမည့်အကြောင်းကို ငိုယို၍ တောင်းပန်နေခဲ့သည်။

သို့ရာတွင် အဆိပ်ပြင်းပြင်းထန်ထန မိထားပုံရသည့် သူ့ယောကျ်ားကို မည်သူကမျှ ပြုစုကုသပေးရန် ရည်ရွယ်ချက်ရှိပုံ မရပါချေ။ တမင်သက်သက် ဝိုင်းအုံကြည့်နေကြခြင်းသာ ဖြစ်လေသည်။

ယုံအင်းက ထပ်မံ အကဲခတ်ကြည့်လိုက်သည်။ ထိုသူမှာ အသက်သေဖွယ်ရန်သာ ရှိကြောင်းကို တွေ့ရပြန်သည်။ ထိုအခါ



ယုံအင်းသည် မည်သို့သောအဆိပ်မျိုး မိထားသည်ကို တိကျစွာ မသိသော်လည်း တစ်ဖက်သား၏ အသက်အား ကယ်တင်လိုစိတ်များ ပေါ်ပေါက်လာခဲ့သည်။

ထို့ကြောင့် သူသည် အပေါ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်ရာ ဆေးဘူးတစ်ဘူး ပါလာခဲ့သည်။

ထိုဆေးဘူးကို ဖွင့်ပြီး အထဲမှ ဆေးပြားနှစ်ပြားကို ထုတ်လိုက်သည်။

ဤဆေးဘူးသည် လွန်ခဲ့သည့် ရက်အနည်းငယ်ကမှ မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးခဲ့သည့် အဆိပ်ဖြေဆေးဘူးပင် ဖြစ်သည်။

သူသည် လူနာ၏ဘေးတွင် ဒူးထောက် ထိုင်လိုက်ပြီး လူနာ၏ ပါးစပ်ကို လက်နှစ်ချောင်းဖြင့် အသာဆွဲဟလိုက်ပြီး ဆေးပြားနှစ်ပြားကို ထည့်လိုက်သည်။

တိုင်းရင်းသူအမျိုးသမီးမှာ သူ့အား ကျေးဇူးတင်ဟန်ဖြင့် စိုက်ကြည့်နေသည်။

ယုံအင်းက ရေပုလင်းကို ယူကာ ထိုသူ၏ မျက်နှာပေါ်လောင်းချရင်း ပါးစပ်ထဲရှိ ဆေးကိုပါ ဝမ်းတွင်းရောက်သွားအောင် ထည့်ပေးလိုက်ပြန်သည်။

ဆေးပြားများ ဝမ်းထဲဝင်သွားပြီးနောက် အနည်းငယ်အကြာတွင် ထိုသူသည် ပါးစပ်မှ အမြှုပ်မထတော့ဘဲ မျက်စိနှစ်လုံး ပွင့်လာလေသည်။ သက်သာသည့် အရိပ်အခြေရောင်ကို မြင်ရသောအခါ တိုင်းရင်းသူ အမျိုးသမီးလေးမှာ ဝမ်းသာနေ

ရှာသည်။

ယုံအင်းကို ကြည့်ပြီး သူတို့ တိုင်းရင်းသားဘာသာစကားဖြင့် ကျေးဇူးတင်ကြောင်း ပြောသည်။

ထိုစကားကို ယုံအင်းက တတ်ကျွမ်းသဖြင့် အဆိပ်မိပုံကို မေးရာ သစ်ပင်အောက် နားနေစဉ် ပင့်ကူနက်ကြီးတစ်ကောင် ကိုက်မိသွားသည့်အကြောင်း၊ ထိုပင့်ကူနက်ကြီးက အပင်ပေါ် တက်ပြေးကြောင်းကို ပြောသည်။

ယုံအင်းက စိတ်ပူမနေဖို့နှင့် ဝေဒနာ သက်သာသွားမည်ဖြစ်ကြောင်း ပြောကာ ဆေးနှစ်ပြားကို ထပ်မံ၍ ပေးလိုက်သည်။

ထိုနောက် ခရီးဆက်တော့မည်ဟု ထိုင်ရာမှ ထကာ မြင်းရှိရာသို့ အသွားတွင် လူတစ်ယောက်နှင့် သွားတွေ့သည်။ ထိုလူက ယုံအင်းကို နှုတ်ဆက်သည်။

ယုံအင်း လုပ်ကိုင်သမျှကို မြင်တွေ့ကြောင်း၊ အဆိပ်ပညာကို တတ်ကျွမ်းမှုရှိသဖြင့် နှစ်သက်သဘောကျကြောင်း သူ့အမည်မှာ လိန်လန်ဖြစ်ကြောင်းတို့ကို ပြောပြသည်။

ယုံအင်းကလည်း သိကျွမ်းထားသည့်နာမည် ဖြစ်သဖြင့် ခင်မင်ရင်းနှီးရခြင်းကို လိုလားနှစ်ခြိုက်ခဲ့သည်။

သို့နှင့်ပင် လိန်လန် ခေါ်ဆောင်ရာသို့ ယုံအင်း လိုက်ပါဖြစ်သွားသည်။ လိန်လန်သည် မြို့ပြင်ရှိ ကျယ်ဝန်းသော အိမ်ကြီးရှိရာသို့ ခေါ်သွားခဲ့သည်။

အိမ်ကြီးမှာ အိမ်အိုကြီးတစ်လုံး ဖြစ်လေ၏။ အပြင်ကြည့်ကြည့် အတွင်းကြည့်ကြည့် ကြောက်စရာကောင်းလှပေသည်။



အထဲရောက်သွားသည်နှင့် ယုံအင်းပင်လျှင် ကျောချမ်းကာ ကြက်သီးထသယောင်ယောင် ဖြစ်သွား၏။

အချိန်မှာ ညဘက်ရောက်ခဲ့ပြီး မှောင်နှင့်မည်းမည်းပင် ဖြစ်သည်။ ရှေ့နောက် ဝဲယာတွင် မည်သည့်ဘက်ကိုမျှ ဘာမှ မမြင်တွေ့ရပါချေ။

လိန်လန်က ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်သည်။ ယုံအင်းပါးစပ်အဟောင်းသားဖြစ်ကာ ကြက်သေသေသွားလေ၏။ မည်သည့်အတွက်ကြောင့်ဆိုသော် ကြီးမားလှသည့် သံဇကာကွက် လှောင်အိမ်ကြီးတစ်လုံးအတွင်း မြွေကြီးပေါင်းများစွာ တွန့်လိမ်နေသည်ကို တွေ့လိုက်ရ၍ဖြစ်သည်။

ထိုဘေးတွင် လှောင်အိမ်အသေးနှစ်လုံး ရှိပြီး ပင့်ကူနက်ကြီးများ၊ ကင်းမြီးကောက်ကြီးများ၊ အဆိပ်ရှိသောသတ္တဝါများကို အသည်းယားဖွယ် မြင်တွေ့ရသည်။

လိန်လန်က ထိုအဆိပ်ရှိသတ္တဝါများထံမှ အဆိပ်သည် သူ့အတွက် လွန်စွာမှ အသုံးဝင်ကြောင်း ပြောပြသည်။

ယုံအင်းသည် ပင်ကိုယ်က အဆိပ်ဝါသနာပါသူမို့ လိန်လန်နှင့် တွေ့ရသည့်အခါတွင် အဆိပ်ပညာကို သင်ကြားပြသပေးရန် တောင်းဆိုခဲ့သည်။

လိန်လန်က သဘောတူပြီး အဆိပ်ရှိသတ္တဝါများမှ အဆိပ်ထုတ်ယူပုံကို ပထမ စတင်ပြသခဲ့သည်။

တစတစနှင့် ရက်ကြာလာသော် ထိုအဆိပ်များထဲသို့ သံမှုန့်များ၊ အပ်များ စိမ့်ဝင်ပုံအကြောင်း ဆက်၍ ပြခဲ့သည်။

ပြီးနောက် အဆိုပါ အပ်နှင့်သံမှုန့်များ စိမ်ထားသည့် အဆိပ်များကို သံပိုက်တစ်ခုထဲ ထည့်ပုံ၊ အဆိုပါ သံပိုက်ဖြင့် ရန်သူအား တိုက်ခိုက်ပုံတို့ကို ပြပေးလေသည်။

ထို့နောက် ထွားကျိုင်းသန်မာလှသည့် အင်းခွေးကြီး တစ်ကောင်ကို အဆိုပါ အဆိပ်အပ်ဖြင့် ပစ်ပြသည်။

ခွေးကြီးသည် ထိထိချင်း ဝုန်းခနဲ လဲပြိုကျသွား၏။ တစ်ကိုယ်လုံး ဖောရောင်ကာ ဆန့်ငင်ဆန့်ငင် ဖြစ်သွားသည်။

ခေတ္တကြာလျှင် တစ်ကိုယ်လုံး မီးသွေးခဲကဲ့သို့ မည်းကာ သေဆုံးသွားတော့၏။

လိန်လန်၏ အဆိပ်ပညာကို ကြည့်ပြီး ယုံအင်း အံ့ဩ သွားရလေ၏။

လိန်လန်က အဆိပ်ဖြေနည်းအကြောင်းကို ဆက်ပြပေးခဲ့ပြီး သူ ထာဝရ သိမ်းဆည်းထားသည့် အဆိပ်ဖြေဆေးပုလင်းကြီးကို ကား လုံးဝ မပြသကဲ့သို့ ကိုင်တွယ်ခွင့် မပြုခဲ့ပါချေ။

ယုံအင်းသည် လိန်လန်အား အတူနေစဉ် အခိုက်အတန့် တွင် ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့ရသည်။

ယင်းသို့နေစဉ် ကာလအတွင်းပင် ယုံအင်း မိတ်ဆွေတစ်ဦး အရေးကြီးသောကိစ္စတစ်ခု ပေါ်ပေါက်လာသဖြင့် လိန်လန်နှင့် လမ်းခွဲကာ ထွက်ခဲ့ရလေသည်။

"အဖြစ်ကတော့ အဲဒါပါပဲ နောင်ကြီးယာချို၊ ဘာသိချင် သေးလဲ"

ယုံအင်းက ဆရာယာချိုနှင့် ပေကျိုးချီအား မျက်နှာများ



လှမ်းကြည့်ကာ ပြောလိုက်ပါ၏။

လုံခြုံရေးအဖွဲ့ဝင်တစ်ဦး ဝင်လာကာ လက်ဖက်ရည် ပန်းကန်များကို ချပေးလေသည်။

"ဒီလိုဆို ရွှေတိမ်နန်းလိန်လန်ဟာ ဘယ်သူတွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုတာ နောင်ကြီး မသိဘူးလား၊ သိုင်း ပညာကို ထူးချွန်တဲ့ နေရာမှာရော ဘာထူးခြားချက်တွေ တွေ့ သလဲ"

"ဘယ်ဂိုဏ်းက ဘယ်သူနဲ့မှ အဆက်အသွယ် ရှိတာ မျိုးတော့ မသိပါဘူး၊ အဲဒီလို သူနဲ့ တွဲခဲ့တဲ့အချိန်မှာလည်း မရခဲ့ ပါဘူး၊ ဒါပေမယ့် သိုင်းပညာထူးချွန်တဲ့အကြောင်း၊ အဆင့်လွန် ပညာရှင်ဖြစ်တဲ့အကြောင်းတော့ ကြားဖူးခဲ့ပါတယ်၊ အဲဒီလို သိုင်းပညာထူးချွန်တဲ့ကြားမှာ အဆိပ်ပညာ ပေါင်းစပ်ထားတော့ သူ့အနေနဲ့ လူတိုင်း ကြောက်ရွံ့လေးစားစရာ ဖြစ်လာခဲ့တာပေါ့"

သူတို့အားလုံး လက်ဖက်ရည်များကို ငုံ၍ သောက်လိုက် ကြသည်။

*

အခန်း - ၇၁

## ရုပ်ဆိုးဒါးကုန်း

ကွေ့ကျိုးမြို့ တောင်ဘက် တစ်မိုင်ကျော်ခန့် အကွာတွင် ကြီးမားသော ကျောက်အိမ်ကြီးတစ်လုံး ရှိသည်။

ကျောက်အိမ်ကြီး ဆောက်လုပ်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်၍ ရေညှိများပင် အထပ်ထပ် တက်နေသည်။

အဆောင်အချို့လည်း ပျက်စီးစပြုနေသည်။

ငှင်းကျောက်အိမ်ကြီးကို ရွှေတိမ်နန်းစံအိမ်ဟူ၍ ကွေ့ကျိုးတစ်မြို့လုံးက သိကြ၏။



ကွေ့ကျိုးမြို့ခံ လူအားလုံးလိုလိုပင် ရွှေတိမ်နန်းစံအိမ်ကို ရှောင်ကြ၏။ မည်သူမှ အဝင်အထွက် မလုပ်ကြချေ။

ထို့ကြောင့် ရွှေတိမ်နန်းစံအိမ်ကြီးတွင် လူဘယ်နှစ်ယောက် နေကြောင်း၊ မည်သူမည်ဝါနေကြောင်း တိတိကျကျ မည်သူမှ မပြောနိုင်ကြချေ။

ကြောက်စရာကောင်းသော လူထူးဆန်းကြီးတစ်ယောက် နေကြောင်းကိုတော့ အကြမ်းဖျဉ်း သိထားကြ၏။

ပြီးတော့ အဆိပ်ပြင်းသောမြွေများ၊ ကင်းမြီးကောက်များ၊ ပင့်ကူများ များစွာရှိနေကြောင်းကိုလည်း တစ်ဆင့်စကား တစ်ဆင့်နားအရ သိထားကြ၏။

လူအများသည် အဆိပ်ပြင်းသော ယင်းသတ္တဝါများကို ကြောက်၍လည်းကောင်း၊ လူထူးဆန်းကြီးကို ရွံ၍လည်းကောင်း၊ သွားလာဝင်ထွက် ဆက်သွယ်မှု မလုပ်ကြခြင်းဖြစ်လေသည်။

ငှင်းအိမ်အိုကြီးမှာ ထိုကဲ့သို့ သတင်းဆိုးများ ပျံ့နှံ့နေသလောက် အိမ်ကြီး၏ အသွင်အပြင်ကလည်း ကြောက်စရာကောင်းလှသည်။

အမြဲလိုလို အိမ်ကြီးမှာ ညှို့မှိုင်းပြီး အမှောင်ဖုံးနေတတ်သည်။

အိမ်ကြီးအပေါ်နှင့် ပတ်လည်တွင် အခက်အလက်ဝေသော သစ်ပင်ကြီးများက အုပ်မိုး ဝိုင်းရံလျက် ရှိနေကြသည်။

ယခင်က ခြံဝန်းပတ်လည်တွင် မြင့်မားသော အုတ်နံရံကြီးများက အခိုင်အခန့် ရှိသော်လည်း ယခုတော့ ဝန်းနံရံများမှာ

ပြိုကျနေကြလေပြီ။

နေဝန်းသည် အနောက်မိုးကုပ်စက်ဝိုင်းတွင် ပျောက်ကွယ်တော့မည်ဖြစ်၏။

နေဝင်ရီတရောအချိန် ဖြစ်သောကြောင့် ရှေ့တိမ်နန်းအိမ်ကြီးမှာ ပို၍ ကျက်သရေကင်းမဲ့နေပြီး ချောက်ချားဖွယ်ရာလည်းကောင်းနေသည်။

အိမ်အိုကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ လူသူ အရိပ်အယောင်ဆို၍ လုံးလုံး မတွေ့ရချေ။

အိမ်အိုကြီး၏ ဝန်းကျင်တွင်ရှိသော သစ်ရွက်သစ်ကိုင်းများသာ လေတိုးသောအရှိန်ကြောင့် လှုပ်ယမ်းနေကြသည်။

သစ်ရွက်သစ်ကိုင်း ပွတ်တိုက်မိသံများသာ တရှီးရှီး တရှဲရှဲနှင့် ပေါ်ထွက်လျက် ရှိနေသည်။

နေရောင်မှာ တစ်စတစ်စနှင့် ပျောက်ကွယ်လျက် ရှိနေသည်။

ထိုစဉ် အိမ်အိုကြီးဆီသို့ သဏ္ဌာန်တစ်ခု တရွေ့ရွေ့ ချဉ်းကပ်လာလျက်ရှိသည်။ လူရိပ်သဏ္ဌာန်ပင် ဖြစ်၏။

အဝေးမှကြည့်လျှင် မကောင်းဆိုးရွားတစ်ကောင်၏ လှုပ်ရှားပုံမျိုးနှင့် တူလေသည်။

အနီးကပ် ကြည့်လိုက်ပါမူ ချိုင်းထောက်တစ်ခုကိုထောက်၍ လာနေသော ခါးကုန်းကြီးတစ်ယောက်ကို တွေ့ရမည်ဖြစ်၏။

ခါးကုန်းကြီးမှာ ညာဘက်ချိုင်းအောက်တွင် ချိုင်းထောက်ကို ထောက်ကိုင်ထားသည်။



သူ၏ ဘယ်ဘက်ခြေထောက်မှာ လုံးလုံး လှုပ်ရှား၍ မရသကဲ့သို့ ဒရွတ်တိုက်ကြီး ပါနေသည်။ ညာခြေကိုလှမ်း၍ ချိုင်းထောက်ကို ထောက်ကာသာ တရွေ့ရွေ့ လာနေသည်။

ခါးကုန်းကြီးကျောတွင် ဘုကြီးဖြစ်နေသည်။ ခန္ဓာကိုယ်က အတော်ကလေး ကုန်းနေသည်။ ခေါင်းပေါ်မှ ရှည်လျားဖြူဖွေးသော ဆံပင်များက ခန္ဓာကိုယ်ပေါ်ကို ဖြန့်ကျနေသည်။ သူ့ခန္ဓာကိုယ်အနေအထားက မြင်သူတိုင်း ကြောက်စရာကောင်းနေသည်။ သူ့မျက်နှာက ပို၍ ကြောက်စရာကောင်းသည်။

နဖူးပြောင်ပြောင်၊ နှာခေါင်းကောက်ကောက်၊ ပါးစပ်ပြဲပြဲ ရှိနေသည့်ပြင် မျက်နှာပေါ်တွင် လန့်လန့်ဖြတ် အမာရွတ်ကြီးလည်း ရှိနေသည်။ ပါးစပ်ပြဲပြဲအတွင်းမှ မညီမညာနှင့် ကြီးမားသော သွားကြီးများက ထွက်နေပြန်သည်။

အသည်းငယ်သူ ဆိုပါက ပုံပန်းသဏ္ဌာန်မြင်ရုံဖြင့် တစ္ဆေသရဲဟု ထင်မှတ်ကာ ထွက်ပြေးလိမ့်မည်ဖြစ်၏။

ရုပ်ဆိုး ခါးကုန်းကြီးသည် တအိအိဖြင့် အိမ်အိုကြီးဆီသို့ ချဉ်းကပ်လာနေခြင်း ဖြစ်သည်။ သူ့ကိုယ်ပေါ်တွင် ဟောင်းနွမ်းညစ်ပေနေသော ဝတ်ရုံကြီးကို ဝတ်ဆင်ထားသည်။ ဖုနေသော သူ၏ကျောတွင် ညစ်ပေနေသော အိတ်ကြီးတစ်လုံးကို လွယ်ပိုးထားသည်။

အိမ်အိုကြီးထဲတွင် မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

ရုပ်ဆိုးခါးကုန်းကြီးက အိမ်အိုကြီးဆီ တန်းတန်းမတ်မတ်လာသည်။ တစ်ခါတစ်ခါ သူ့ချိုင်းထောက်က ကျောက်တုံး

ကျောက်ခဲပေါ် ထောက်မိသောအခါ ဒေါက်ခနဲ ဒေါက်ခနဲ မြည်သံ ပေါ်လာသည်။

သူသည် အိမ်အိုကြီးတံခါးရှေ့တွင် ရပ်လိုက်သည်။ တံခါးမှာ ပိတ်လျက်ရှိသည်။ ရုပ်ဆိုးခါးကုန်းကြီးက ပိတ်ထားသော တံခါးကို သူ့ချိုင်းထောက်ဖြင့် ခပ်ဆတ်ဆတ် ထိုးလိုက်လေသည်။

"ဒုန်း.....ဒုန်း"

တံခါးမှာ ဆွေးရုံသာ ဆွေးထားခြင်း ဖြစ်သောကြောင့် ချိုင်းထောက်ဖြင့် ထိုးမိသည်နှင့် ပွင့်သွားသည်။ တံခါးနောက်ကွယ်တွင် မည်သူမှ ရှိမနေချေ။ အမှောင်ဖုံးလာပြီဖြစ်၍ အိမ်ကြီးအတွင်း မှောင်မည်းနေသည်။

ရုပ်ဆိုးခါးကုန်းကြီးက အိမ်အတွင်းကို အကဲခတ်ကြည့်ရင်းမှ အသံသြသြကြီးဖြင့် အော်လိုက်သည်။

"ရပ်ဝေးကလာတဲ့ ဧည့်သည်ကို မကြိုဆိုကြတော့ဘူးလား"

သူသည် ခဏမျှငြိမ်ပြီး အိမ်ကြီးအတွင်းမှ တုန့်ပြန်မှုကို စောင့်သည်။

အတန်ကြာသည့်တိုင်အောင် အိမ်ကြီးထဲက မည်သည့် တုန့်ပြန်မှုမှ ပေါ်မလာချေ။ ထို့ကြောင့် သူသည် တံခါးဝတွင် ရပ်မနေတော့ဘဲ မှောင်မည်းနေသော အိမ်ကြီးထဲကို လှမ်းဝင်လေတော့၏။

တိတ်ဆိတ်မှုကို ဖောက်ခွင်းလျက် ချိုင်းထောက် ထောက်မိသံက တဒုန်းဒုန်း ပေါ်လာသည်။

အိမ်ကြီးထဲတွင် အသုံးအဆောင်ပစ္စည်း များများ မရှိချေ။



စားပွဲတစ်လုံးနှင့် ထိုင်ခုံအချို့ကိုသာ ခပ်ရေးရေး တွေ့နေရ၏။

ရုပ်ဆိုး ခါးကုန်းကြီးသည် အခန်းအလယ်တွင် ရပ်လိုက်ပြီး အသံမြှင့်၍ ထပ်အော်လိုက်၏။

"ဂိုဏ်းချုပ်ကြီးမုလိန်၊ ကျုပ်နဲ့ ထွက်မတွေ့တော့ဘူးလား၊ ဒါဆိုရင်တော့ ကျုပ် ပြန်လှည့်သွားရလိမ့်မယ်နော်၊ ကျုပ်ရဲ့ သခင်ကျွားလုံကို ခင်ဗျားရဲ့ ညံ့ဖျင်းမှုတွေ ပြန်ပြောပြရလိမ့်မယ်"

ထိုအခါမှ အမှောင်ထဲက အသံတစ်သံ ပြန်ပေါ်လာသည်။

"ခါးကုန်းကြီး ဖိန့်လျှူးလား"

ရုပ်ဆိုးခါးကုန်းကြီးက ဘုဆတ်ဆတ် ပြန်ပြောသည်။

"မေးနေစရာ လိုသေးသလား၊ ကျုပ် လာမယ်ဆိုတာ သခင်ကျွားလုံက ကြိုပြီး အကြောင်းကြားမထားဘူးလား"

စကားအဆုံးတွင် မီးရောင် ဖြာခနဲ လင်းသွားသည်။

ရုပ်ဆိုးခါးကုန်းကြီးက မီးရောင်ထွက်ပေါ်လာရာဆီကို ကြည့်လိုက်သည်။ အခန်းထောင့်ရှိ ထိုင်ခုံကြီးတစ်လုံးပေါ်တွင် လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။

ရုပ်ဆိုးခါးကုန်းကြီးကလည်း ထိုသူ့ကို အကဲခတ်ကြည့်နေရာမှ ထရပ်လိုက်၏။

ရုပ်ဆိုးခါးကုန်းကြီးကလည်း ထိုသူ့ကို စူးစိုက်စွာ ကြည့်၍ မေးလိုက်၏။

"နောင်တော်ကြီးဟာ ဂိုဏ်းချုပ်ကြီးမုလိန် မဟုတ်လား"

ထိုသူမှာ တကယ်လည်း တောင်ပင်လယ် ငါးမန်းနက်ကျွန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးမုလိန်ပင် ဖြစ်လေသည်။

သူ၏ဘယ်လက်တွင် မွေးပွကြိုးတံ လက်နက်ကို ကိုင်ထားသလို ညာလက်တွင် ဓားရှည်ကို ကိုင်ထားလေသည်။

မုလိန်က ခေါင်းကို အသာအယာညိတ်လိုက်ပြီး–

"ဟုတ်တယ်၊ ကျုပ် မုလိန်ပဲ၊ ကျုပ်နဲ့ခင်ဗျားနဲ့ ခုမှ မြင်ဖူး တွေ့ဖူးကြတဲ့သူတွေပဲ၊ ဒါနဲ့တောင် ကျုပ်ကို မြင်မြင်ချင်း မုလိန်လို့ ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"မဆန်းပါဘူး၊ သခင်ကျားလုံက နောင်ကြီးမုလိန်ရဲ့ ပုံပန်းသဏ္ဍာန်ကို ပြောပြလိုက်တာကိုး၊ ပြီးတော့ နောင်တော်ကြီး ကိုင်ထားတဲ့ လက်နက်တွေကို မြင်ရုံနဲ့ နောင်တော်ကြီးဟာ မုလိန်လို့ သေချာပေါက် ကျွန်တော်သိရတာဆိုတာပါ"

"ဟား.....ဟား.....ဟား ဟုတ်ပါရဲ့ ဟုတ်ပါရဲ့"

မုလိန်က မွေးပွကျိုးတံနှင့် ဓားရှည်ကို သိမ်းလိုက်ပြီး အခန်းအလယ်ကို လျှောက်လာသည်။ အခန်းအလယ်ရှိ စားပွဲနားတွင် ရပ်ပြီး လက်ဖေ့ယမ်း၍–

"ကဲ.....ထိုင်ဗျာ၊ ကျုပ်တို့တွေ ညစာစားရင်း အေးအေးဆေးဆေး စကားစမြည် ပြောကြတာပေါ့"

ရပ်ဆိုးခါးကုန်းကြီးလည်း စားပွဲဆီကို ဖြည်းလေးစွာလှမ်းလာပြီး မုလိန်ညွှန်ပြသောခုံတွင် ထိုင်လိုက်သည်။ ရှိုင်းထောက်ကြီးကိုမူ စားပွဲနှင့်မှီ၍ ထောင်ထားသည်။

မုလိန်သည် ရုပ်ဆိုးခါးကုန်းကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုက်လိုက်၏။

ထိုစဉ် အခန်းထဲမှ လင်ဗန်းကိုယ်စီ ကိုင်ထားသော လူ



သုံးယောက် ထွက်လာသည်။

လင်ဗန်းထဲတွင် စားကောင်းသောက်ဖွယ်များ စုံစုံလင်လင် ပါရှိသည်။ ထိုသူသုံးယောက်ကို ရုပ်ဆိုးခါးကုန်းကြီးက အကဲခတ်ပြီး ကြည့်သည်။

သုံးယောက်စလုံး သိုင်းသမားများ ဖြစ်ကြောင်း သိသာလှ၏။ ဝတ်စုံနက်များကိုလည်း တူညီစွာ ဝတ်ဆင်ထားကြလေ၏။

ဝတ်စုံနက်သုံးယောက်သည် စားသောက်ဖွယ်ရာများကို စားပွဲပေါ်တွင် အသာအယာ ချပြီးနောက် မည်သည့်စကားမှ မပြောကြဘဲ အခန်းထဲကို ပြန်ဝင်သွားလေသည်။

"ကျားလုံဆီ ခင်ဗျားကို လွှတ်လိုက်မယ်ဆိုတဲ့စာကို ကျုပ်ရထားပါတယ်၊ ဒီ တစ်ရက်နှစ်ရက်အတွင်း ခင်ဗျားရောက်လိမ့်မယ်ဆိုတာ ကျုပ်လည်း တွက်မိလို့ မျှော်နေတာပါပဲ၊ ခင်ဗျားရောက်တဲ့အချိန် အဆင်သင့်ဖြစ်အောင် အစားအသောက်ကို ကြိုပြီး စီစဉ်ထားတာသာ ကြည့်ပေတော့၊ ကဲ..... သဘောကျသလိုသာ စားသောက်ပါ၊ စားရင်း သောက်ရင်း စကားပြောကြတာပေါ့"

"ဟုတ်ကဲ့.....ကောင်းပါပြီ"

ရုပ်ဆိုးအဘိုးကြီးက မုလိန်ငှဲ့ပေးသော အရက်ခွက်ကို မော့သောက်လိုက်ပြီး အစားအစာများကိုလည်း အားပါးတရစားသည်။

မုလိန်က ရုပ်ဆိုးအဘိုးကြီးကို အကဲခတ် ကြည့်နေရာမှ...

"ဒါနဲ့.....ကျားလုံက ဘာများ မှာလိုက်ပါသေးသလဲ"

"စာတစ်စောင် ပေးလိုက်ပါတယ်"

ရုပ်ဆိုးအဘိုးကြီးက ပြောပြောဆိုဆိုဖြင့် သူ့ကျောမှ အိတ်ကြီးကို ဖြုတ်ယူပြီး အထဲက စာတစ်စောင်ကို ထုတ်ယူကာ မုလိန်လက်သို့ ပေးလိုက်၏။ မုလိန်က စာကို ဖြန့်ဖတ်သည်။

**နောင်ကြီး မုလိန်**

နောင်ကြီးဆီ ကြိုတင်အကြောင်းကြားထားတဲ့အတိုင်း ကျွန်တော့်ရဲ့လူ ခါးကုန်းကြီး ဖိန်လျူးကို လွှတ်လိုက်ပါတယ်၊ လုံခြုံရေးအဖွဲ့စခန်းကို တိုက်ဖို့ ပထမ ဆုံးဖြတ်ချက်အတိုင်း ရက်ရွေးပြီးကြပြီ၊ လိန်လန်ရဲ့အိမ်မှာ မထူးခြားရင်လည်း တစ်ပတ်အတွင်း နောင်ကြီးမုလိန်တို့ ပြန်လာခဲ့ကြပါ၊ အိမ်နဲ့ အသုံးအဆောင်ပစ္စည်းတွေ အားလုံးကိုတော့ သုံးမရအောင် ဖျက်ဆီးခဲ့ပါ၊ ထူးခြားမှု ရှိရင်လည်း ကျွန်တော့်ရဲ့လူ ဖိန်လျူးကို ပြောပြလိုက်ပါ။

ညီမောင် ကျားလုံ
မုန်တိုင်းဂိုဏ်း

စာကိုဖတ်ပြီးမှ မုလိန်သည် ရုပ်ဆိုးခါးကုန်းကြီးကို မေးလိုက်သည်။

"ရှောင်လင်ကျောင်းကို တိုက်ဖို့ ရက်တိတိကျကျ သတ်မှတ်ပြီးပြီဆိုတော့ ဘယ်ရက်လဲဆိုတာ ခင်ဗျား သိသလား"

"သခင်ကျားလုံကတော့ ကျွန်တော့်ကို ဘယ်နေ့ဘယ်ရက်ဆိုတာ တိတိကျကျ မပြောဘူး၊ ပထမ သတ်မှတ်ထားတဲ့ ရက်အတိုင်း ဖြစ်မယ်လို့ပဲ မှာလိုက်တယ်၊ အဲဒီရက်ကို နောင်ကြီးမုလိန် သိပြီးသား မဟုတ်လား"

"ဟဲ..... ဟဲ၊ သိပါတယ်၊ ဒီလ နှစ်ဆယ့်ခြောက်ရက်နေ့ကို ရွေးထားတာပဲ၊ ဒါဆို အရက်နှစ်ဆယ်ကျော်လောက် လိုပါသေးတယ်"

"ဒါနဲ့ ဒီမှာ ဘာများ ထူးသေးသလဲ"

"လိန်လန်တော့ ပြန်ရောက်မလာဘူး၊ လိန်လန်ရဲ့ တပည့်မလေး သိမ့်ရှန်တော့ ပြန်ရောက်လာတယ်၊ ကျုပ်တို့တွေ ဝိုင်းတိုက်ကြသေးတယ်၊ ကံကောင်းတော့ သူလွတ်သွားတယ်၊ ဒါပေမယ့် ကျုပ်လူတွေ လိုက်သွားကြသေးတယ်၊ လိန်လန်ရှိတဲ့နေရာကို သိရအောင် နောက်ယောင်ခံပြီး လိုက်သွားကြတာပဲ၊ သူတို့တွေ ပြန်လာရင်တော့ လိန်လန် ပုန်းနေတဲ့နေရာကို သိရမှာပါ"

"လိန်လန်ကို တွေ့ရင် ဘာလုပ်မလဲ"

"သူ့ဆီမှာ ထူးဆန်းတဲ့ လက်နက်ပုန်းတွေ ရှိတယ်လေ၊ ပါးစပ်နဲ့မှုတ်ရတဲ့ သံပြွန်လက်နက် ဆိုပါတော့၊ ဒီအထဲမှာ သိပ်ပြင်းတဲ့ အဆိပ်ရည် စိမ်ထားတဲ့ လက်နက်ပုန်းအပ်တွေနဲ့ သံလုံးကလေးတွေကို ထည့်ထားတယ်၊ သံပြွန်ကို မှုတ်လိုက်ရင် လူအတော်များများကို အဆိပ်အပ်နဲ့ သံလုံးကလေးတွေက

ထိပြီး အဆိပ်ဒဏ်သင့်ကုန်ရော၊ အဲဒီ သံပြွန်အဆိပ်လက်နက်ပုန်းကို ကျုပ်တို့ဆီက လိန်လန် ထွက်မပြေးခင်က ရလိုက်သေးတယ်လေ၊ ကျန်ကျေ့က သူ့တပည့်မလေးနှစ်ယောက်ကို အဲဒီ သံပြွန် လက်နက်ပုန်းတွေပေးပြီး လုံခြုံရေးအဖွဲ့စခန်းကို လွှတ်လိုက်သေးတယ်၊ အဲဒီမိန်းကလေးနှစ်ယောက်က သံပြွန်လက်နက်ပုန်းနဲ့ လုံခြုံရေး အဖွဲ့ဝင် အတော်များများကို ဒုက္ခပေးနိုင်ခဲ့တယ်လေ၊ ဒါကြောင့် လိန်လန်ဆီက အဲဒီသံပြွန်လက်နက်ပုန်းမျိုးရအောင် ဒီမှာ လာစောင့်နေတာပေါ့"

ရုပ်ဆိုးခါးကုန်းကြီးက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး

"အင်း..... သိပ်ပြီး ထူးဆန်းထက်မြက်တဲ့ သံပြွန်လက်နက်ပါပဲ၊ လိန်လန်က အဆိပ်ကို အတော်နိုင်တယ်လို့ သိရတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ဒီအိမ်မှာ အဆိပ်ပြင်းတဲ့ မြွေတွေ၊ ကင်းမြီးကောက်တွေ၊ ပင့်ကူတွေကို မွေးထားတာ မနည်းဘူး၊ အခန်းတိုင်းလိုလို ဒီသတ္တဝါတွေ ရှိနေတယ်၊ လျောင်အိမ်တွေနဲ့ ထားလို့တော်တော့တာပေါ့၊ ဒါတောင် ကျုပ်တို့တွေ သတိထားပြီး နေကြရတယ်"

"ရောက်တုန်း ကြုံတုန်း ကျွန်တော်လည်း ဒီသတ္တဝါတွေကို လေ့လာသွားချင်ပါတယ်"

"မနက်လင်းမှပဲ မြင်မြင်ထင်ထင် လေ့လာတာပေါ့ဗျာ၊ ညဘက်ဆိုတော့ မမြင်မစမ်းနဲ့ အန္တရာယ်ရှိနိုင်တယ်"

"ကျွန်တော် မနက်စောစောပဲ ပြန်မယ်လေ၊ သခင်ကျားလုံ



က ကျွန်တော့်ကို တစ်ညအိပ်ပြီး ပြန်ခဲ့ဖို့ မှာလိုက်တယ်"

"ဟင်.....မနက်စောစော ပြန်မှာလား၊ အင်းလေ..... ကျားလုံက မှာလိုက်တယ်ဆိုတော့လည်း ကျုပ်မတားတော့ပါဘူး၊ ဒါနဲ့ ကျားလုံပေးလိုက်တဲ့ပစ္စည်းကော ကျုပ်ကို ပေးဦးလေ"

ရုပ်ဆိုးခါးကုန်းကြီး မျက်မှောင်ကြုတ်သွားပြီး စဉ်းစားဟန်ဖြစ်သွားသည်။

"ဟင်.....ဘာပစ္စည်းလဲ"

မုလိန် မျက်နှာအနည်းငယ် တင်းသွားသည်။

"ဘာပစ္စည်းလဲလို့ ကျုပ်ပြောနေဖို့ လိုသေးလို့လား၊ ဒီပစ္စည်းကို ပို့ရအောင် ကျားလုံက ခင်ဗျားကို ကျုပ်ဆီ လွှတ်လိုက်တာမဟုတ်လား"

ထိုအခါမှ ရုပ်ဆိုးခါးကုန်းကြီး မျက်နှာချိုသွေးလိုက်ပြီး

"ဟဲ...ဟဲ...ဟဲ၊ အလကားပါ နှောင်တော်ကြီးရယ်၊ ဒီပစ္စည်းကို ပေးဖို့ လာခဲ့တာပဲ၊ နှောင်တော်ကြီးကို မပေးလို့ ဖြစ်မလား၊ ခုတော့ မယူနဲ့ဦးဗျာ၊ ခက်ခက်ခဲခဲ ယူရမယ့်နေရာမျိုးမှာ ထားမိလို့ပါ၊ မနက် ကျွန်တော်သွားခါနီးတော့ ပေးခဲ့ပါ့မယ်"

မုလိန်လည်း ပြုံးပြုံးရွှင်ရွှင် ပြန်ဖြစ်လာသည်။

"ရပါတယ်၊ ခင်ဗျား မပြန်ခင် ပေးခဲ့ရင် ပြီးတာပါပဲ၊ ကဲ... ခင်ဗျားအတွက် စီစဉ်ထားတဲ့အခန်းကို ကျုပ်ကိုယ်တိုင် လိုက်ပြပေးပါ့မယ်၊ သွားရင်းနဲ့ ခင်ဗျားကြည့်ချင်တဲ့တိရစ္ဆာန်တွေကို ကြည့်သွားတာပေါ့"

"ကောင်းသားပဲ၊ ကျွန်တော်လည်း ခရီးပန်းလာတော့

နည်းနည်းနားချင်ပြီ"

သူတို့နှစ်ဦးစလုံး စားသောက်ပြီးကြပြီဖြစ်၍ ဦးစွာ မုလိန်က ထရပ်ကာ လက်ခုပ်သုံးချက် တီးလိုက်သည်။

"ဖြောင်း.....ဖြောင်း.....ဖြောင်း"

အခန်းထဲမှ ဝတ်စုံနက်ဝတ်ထားသော လူနှစ်ယောက်ထွက်လာသည်။ သူတို့ကျောတွင် ဓားတစ်လက်စီကို လွယ်ထားသလို လက်တွင်လည်း မှန်အိမ်တစ်လုံးစီ ကိုင်ထားသည်။

ရုပ်ဆိုးခါးကုန်းကြီးလည်း ချိုင်းထောက်ကို အမှီသဟဲပြုပြီး ထရပ်သည်။

"ကျုပ်နဲ့ လိုက်ခဲ့ပါ"

မုလိန်က ခေါ်ပြီး ထွက်သွားသောအခါ ရုပ်ဆိုးခါးကုန်းကြီးလည်း ချိုင်းထောက်ကို ထောက်၍ သူ့နောက်မှ လိုက်သည်။ ဝတ်စုံနက်နှစ်ယောက်က မှန်အိမ်ကို ကိုင်မြှောက်၍ မုလိန်နှင့် ခါးကုန်းကြီးတို့၏ ရှေ့နောက်မှ လိုက်ကြလေသည်။

* * *

ပထမ ဝင်မိသောအခန်းမှာ သိပ်ပြီး မကျယ်ဝန်းချေ။ ထိုအခန်းထဲတွင် သံဇကာများ ပတ်လည် ကာရံထားသော သေတ္တာအိမ်ကလေးများ ရှိနေသည်။ သံဇကာများမှာ အကွက်စိပ်လွန်းသဖြင့် ယင်ကောင်တစ်ကောင်ပင် အဝင်အထွက် လုပ်နိုင်မည် မဟုတ်ချေ။



အချို့သံဇကာအိမ်များထဲတွင် မည်သည့်အကောင်မှ မရှိသော်လည်း အချို့သံဇကာအိမ်ထဲတွင် မည်းနက်သော ပင့်ကူကြီးများ ရှိနေကြလေသည်။ ပင့်ကူကြီးများ လှုပ်ရှားသွားလာနေကြပုံမှာ အသည်းယားစရာ ကောင်းလှသည်။

မုလိန်က ပင့်ကူကြီးများကို လက်ညှိုးထိုးပြပြီး...

"ဒီပင့်ကူမျိုး ကျုပ်တို့ တောင်ပင်လယ်ကျွန်းမှာလည်း ရှိတယ်၊ သိပ်ပြီး အဆိပ်ပြင်းတဲ့ပင့်ကူမျိုးပေါ့၊ လူကို ကိုက်မိလို့ ချက်ချင်း ဖြေဆေး မပေးနိုင်ရင် နေ့ဝက်အချိန်အတွင်းမှာ သေနိုင်တယ်"

ရုပ်ဆိုးခါးကုန်းကြီးက ပင့်ကူနက်များကို သေချာစွာ ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။

ထိုအခန်းမှထွက်ပြီး ဒုတိယအခန်းကို ရောက်လာကြပြန်သည်။ ၎င်းအခန်းမှာ အခန်းကျယ်ကြီး ဖြစ်လေသည်။ မှန်သေတ္တာများနှင့် သံဇကာသေတ္တာများ အစီအရီ ရှိနေကြသည်။

သေတ္တာများထဲတွင် မြွေများ၊ ကင်းမြီးကောက်များ၊ ပင့်ကူများကို ထည့်ထားသည်။ သူ့အမျိုးလိုက် အမျိုးလိုက်ခွဲ၍ သပ်သပ်စီထည့်ထားခြင်း ဖြစ်၏။

လူ့ပေါင်လုံးခန့် ကြီးမားသော မြွေကြီးမှ လက်သန်းလုံးခန့် မြွေကလေးများအထိ အရွယ်အမျိုးမျိုး အရောင်အမျိုးမျိုး ရှိနေသည်။

"ကျုပ်လည်း တောင်ပင်လယ်မှာနေတုန်းက မြွေတွေရဲ့ အကြောင်းကို လေ့လာဖူးတယ်၊ ဒါပေမယ့် မြွေတွေကို ဒီလောက်

စုံအောင် မတွေ့ဖူးဘူး၊ ဒီရွှေတိမ်ရောင် တောက်နေတဲ့မြွေတွေ အကောင်သေးသလောက် အဆိပ်အပြင်းဆုံး သတ္တဝါဆိုတာ ကျုပ် ကြားဖူးတယ်၊ လူကို ကိုက်မိရင် ဖြေဆေးမရှိဘူး၊ တစ်ခါတည်း တုံးခနဲ သေတယ်လို့ ပြောသံကြားဖူးတယ်"

မုလိန်က လက်သန်းလုံးခန့်ရှိ ရွှေရောင်တောက်နေသော မြွေကလေးများကို လက်ညှိုး ညွှန်ပြပြီး ပြောသည်။

ရုပ်ဆိုးခါးကုန်းကြီးလည်း မျက်လုံးအပြူးသား ဖြစ်နေသည်။

"တယ်ကြောက်စရာကောင်းပါလား၊ လိန်လန်ဆိုတဲ့ လူဟာ ဒီလောက် အဆိပ်ပြင်းတဲ့ မြွေတွေကို ဖမ်းပြီး စုဆောင်းနိုင်တာတော့ အံ့စရာပဲ၊ မတော်တာဆ ဒီသတ္တဝါတွေသာ လွတ်ကုန်ရင် မလွယ်ဘူး"

မုလိန်က ပခုံးကို တွန့်လိုက်ပြီး–

"ဘယ်လွတ်မလဲ၊ ဒါကြောင့် ဒီမှန်အိမ်တွေ မကွဲအောင် သံဓကာတွေ မပေါက်အောင် သတိထားကြဖို့ ကျုပ်လူတွေကို အမြဲသတိပေးနေရတယ်လေ"

ထိုအခန်းကျယ်ကြီးမှ လွန်လျှင် စင်္ကြံလမ်းကလေးဆီ ရောက်လာသည်။

စင်္ကြံလမ်း၏ တစ်ဖက်တစ်ချက်တွင် အခန်းကလေးများ ရှိနေကြ၏။

"ဒီအခန်းတွေကတော့ အခန်းလွတ်တွေပဲ၊ ကျုပ်တို့လူစု အိပ်ခန်းတွေအဖြစ် သုံးတယ်လေ"



မုလိန်က ဝဲယာရှိ အခန်းများကို ရည်ညွှန်း၍ ပြောသည်။

အခန်းတစ်ခန်း၏ တံခါးပေါက်ရှေ့ကို အရောက်တွင် ရပ်လိုက်ပြီး–

"ဒီအခန်းမှာ ခင်ဗျား နားနေအိပ်စက်ဖို့ စီစဉ်ထားတယ်၊ ကိုယ့်အိမ်ကိုယ့်ယာ မဟုတ်တော့ အဆင်တော့ သိပ်မချောဘူး"

ရုပ်ဆိုးခါးကုန်းကြီးက အခန်းထဲကို မုလိန်နှင့်အတူ ဝင်လာပြီး အခန်းအနေအထားကို ကြည့်သည်။ အခန်းထဲတွင် ခုတင်တစ်လုံးရှိပြီး အိပ်ရာ ခင်းကျင်းထားသည်မှာ သားသား နားနား မရှိလှချေ။ နံရံကပ် ဗီရိုကြီးတစ်လုံးလည်း ရှိသည်။ အခြားပစ္စည်း အသုံးအဆောင်များတော့ မရှိချေ။

"ကိစ္စမရှိပါဘူး နောင်တော်ကြီးရယ်၊ ဒီလောက်ဆိုရင်ပဲ အဆင်ပြေလှပါပြီ"

"ကဲ.....ဒါဖြင့် နားနေလိုက်ပါဦး၊ ကျုပ် သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့၊ ခဏတော့ နားလိုက်ဦးမယ်၊ ဩော်.....မအိပ်ချင်သေးရင်တော့ တစ်ခြားအခန်းတွေကို လျှောက်ကြည့်ဦးမယ်နော်၊ နောင်တော်ကြီး တပည့်တွေကိုလည်း ပြောထားပါဦး၊ နို့မို့ ဘျွန်တော့်ကို မသိဘဲ ရန်မူနေမှာ စိုးလို့ပါ"

"လျှောက်ကြည့်ချင် ကြည့်ပါ၊ ကျုပ်လူတွေကိုလည်း ခင်ဗျား လိုအပ်တာကို ဆောင်ရွက်ပေးဖို့ ပြောထားလိုက်ပါ့မယ်"

ထို့နောက် မုလိန်နှင့် ဝတ်စုံနက်နှစ်ယောက်တို့သည် အိပ်ခန်းထဲမှ ပြန်ထွက်သွားကြတော့၏။

ရုပ်ဆိုးခါးကုန်းကြီးက ချက်ချင်းပင် အိပ်ခန်းတံခါးကို

အတွင်းဘက်မှ ပိတ်လိုက်သည်။ တံခါးပိတ်ပြီးသည်နှင့် အတော်ကြီး စိတ်သက်သာသွားဟန်ဖြင့် သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်သည်။

သူ၏ ချိုင်းထောက်ကိုလည်း အခန်းနံရံတွင် မှီထောင်လိုက်၏။ တပြိုင်တည်းပင် ကုန်းနေသော ခါးကိုလည်း တန်းတန်းမတ်မတ် ဆန့်လိုက်၏။ တစ်ချိန်လုံး မလှုပ်ရှားရဘဲ ငြိမ်သက်ခဲ့ရသော ဘယ်ခြေထောက်ကိုလည်း ခပ်သွက်သွက်ခါပြီး လှုပ်ယမ်းလိုက်၏။

သူသည် ချိုင်းထောက်ကိုမသုံးဘဲ ခြေနှစ်ဖက်ကို တန်းတန်းထားလျက် ခုတင်ဆီကို လျှောက်လာသည်။ ခါးကုန်းကြီးအသွင်မဟုတ်တော့ဘဲ ခါးမှာလည်း မတ်နေသည်။

ခုတင်အနီးသို့ အရောက်တွင် ကျောတွင် လွယ်ပိုးထားသော အိတ်ကြီးကို ခုတင်ပေါ် အသာချသည်။ သူ့ကိုယ်ပေါ်မှ ဝတ်ရုံကြီးကိုလည်း အသာချွတ်လိုက်သည်။ ထိုအခါ သူ၏ကျောတွင် ကြိုးဖြင့် သိုင်းချည်ထားသော အဝတ်ထုပ်ကြီးမှာ ပေါ်လာသည်။

သူသည် ကြိုးကိုဖြေပြီး ကျောမှ အဝတ်ထုပ်ကြီးကို ဖြုတ်လိုက်ကာ ခုတင်ပေါ်တွင် တင်ပြန်သည်။ ပြီးမှ သူသည် ခြေဆန့်လက်ဆန့်ဖြင့် ခုတင်ပေါ်တွင် ပက်လက်လှဲအိပ်လိုက်တော့သည်။

တကယ်တမ်းတွင်မူ .....

သူကား ခြေတစ်ဘက် မကောင်းသော ရုပ်ဆိုးခါးကုန်းကြီး မဟုတ်ပါချေ။ သူ့မျက်နှာကို အရုပ်ဆိုးကြီးဖြစ်အောင် ရုပ်ဖျက်ထားခြင်းသာ ဖြစ်လေသည်။

သူသည် မုန်တိုင်းဂိုဏ်းခေါင်းဆောင်ကြီး ကျားလုံကလွှတ်လိုက်သူလည်း မဟုတ်ပါချေ။ ခါးကုန်းကြီး ဖိန်လျူးလည်း မဟုတ်ပါချေ။

သူကား ခါးကုန်းကြီး ဖိန်လျူးအသွင် ဟန်ဆောင်ထားသော ကျောက်ရှီရွှံးပင် ဖြစ်လေတော့သည်။

• • •

ကျောက်ရှီရွှံးသည် ဝိညာဉ်တောင်မှ ကွေ့ကျိုးမြို့ကို လာသာ လာခဲ့ရသော်လည်း မုလိန်တို့လူစု စောင့်ကြပ်နေသော ရွှေတိမ်နန်းစံအိမ်ကို အန္တရာယ်ကင်းရှင်းစွာဖြင့် မည်ကဲ့သို့ ဝင်ရမည်ကို စဉ်းစားမရ ဖြစ်နေခဲ့သည်။

သူ့အနေနှင့် မုလိန်တို့လူစုနှင့် ရင်ဆိုင်တိုက်ခိုက်ရန် မကြောက်သော်လည်း သူ့လက်ထဲသို့ အဆိပ်တစ်ထောင် ဖြေဆေးနှင့် သွေးစိမ်းဂမုန်းပင် မရခင် တိုက်ခိုက်သည့်အလုပ်မျိုးကို မလုပ်ချင်ပေ။

မုလိန်၏ သိုင်းပညာမှာလည်း လွန်စွာ ထက်မြက် အဆင့်မြင့်သည်။ သူယှဉ်ပြိုင်တိုက်ခိုက်ရမည်မှာ မုလိန်တစ်ဦးတည်း မဟုတ်ဘဲ မုလိန်၏တပည့်များနှင့်ပါ ယှဉ်ပြိုင်ရမည်ဖြစ်၏။

ဤသို့ ယှဉ်ပြိုင်တိုက်ခိုက်ပါက သူ့အနေနှင့် ရှုံးနိမ့်ချင်လည်း ရှုံးနိမ့်နိုင်သည်။ ကိုယ်လွတ်ရုန်း ထွက်ပြေးသင့်က ထွက်

ပြေးရမည်။ ထိုသို့ ထွက်ပြေးပါက လိုချင်သောပစ္စည်းမပါဘဲ ထွက်ပြေးရပါလျှင် သူ့လာရင်းကိစ္စ အချည်းနှီးဖြစ်သွားပေလိမ့်မည်။

သို့သော် မုလိနိတို့လူစု မသိဘဲ ရွှေတိမ်နန်းအိမ်ကြီးထဲသို့ တိတ်တဆိတ်ဝင်ပြီး လိုသောပစ္စည်းများကို ယူရန်လည်း မဖြစ်နိုင်ချေ။ ထိုသို့သော အခွင့်အရေးမျိုး ရလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း သူ့အတွက် အဆင်ပြေစေရန် အခြေအနေပေးလာသည်။

ကွေ့ကျိုးမြို့နှင့် နစ်ရက်ခရီးအကွာရှိ မြို့ကလေးတစ်မြို့ဆီသို့ အရောက်တွင် သူ၏ မိတ်ဆွေတစ်ဦးဖြစ်သော ရုပ်ပြောင်းဘုရင် ထိုက်ဟူး၏အိမ်တွင် တစ်ညဝင်တည်းခိုသည်။

ထိုက်ဟူးမှာ ရုပ်ပြောင်းရုပ်လွှဲပညာတွင် ကျွမ်းကျင်သူဖြစ်သောကြောင့် ရုပ်ပြောင်းဘုရင်ဘွဲ့ကို ခံယူထားခြင်းဖြစ်၏။

ထိုက်ဟူးထံသို့ ကျောက်ရိရှူး ဝင်ခြင်းမှာ သူ၏ မူလရုပ်သွင်နှင့် ရွှေတိမ်နန်းစံအိမ်သို့ မဝင်လိုသောကြောင့် ရုပ်ပြောင်းရုပ်လွှဲလုပ်ရန် ဖြစ်လေသည်။

ထိုက်ဟူးသည် အမှန်တရားဘက်မှရပ်တည်သော သိုင်းသမားတစ်ယောက် ဖြစ်သည့်ပြင် ကျောက်ရိရှူးအနေနှင့်လည်း ယုံကြည်စိတ်ချရသူဖြစ်၏။

ထို့ကြောင့် သူ့ကိစ္စကို အမှန်အတိုင်း ဖွင့်ပြောပြီး အကူအညီတောင်းသည်။ ထိုက်ဟူးကလည်း အစွမ်းကုန် ကူညီမည်ဖြစ်ကြောင်း ကတိပြုသည်။



ဂျင်းမြို့ကလေးဘွင် နာမည်ကျော် နဂါးဥယျာဉ်ကြီး ရှိသည်။ နဂါးရုပ်ကြီးပေါင်းများစွာဖြင့် တန်ဆာဆင်ထားသဖြင့် ထူးဆန်းသော ဥယျာဉ်ကြီးဖြစ်၏။ ဥယျာဉ်ကြီးထဲတွင် ကြီးမားလှသော နဂါးရုပ်ကြီးများ အပြည့်ရှိလေသည်။

ကျောက်ရိရှူးသည် အကြံကောင်း ရလိုရငြား စိတ်ကူးယဉ် နဂါးဥယျာဉ်ကြီးဘက်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ သူထွက်လာသောအချိန်မှာ အတော်မိုးချုပ်နေပြီး လူသွားလူလာလည်း ကင်းရှင်းနေပြီဖြစ်၏။

နဂါးဥယျာဉ်ကြီးထဲကို ရောက်သောအခါ မည်သူတစ်ဦးတစ်ယောက်မျှလည်း မတွေ့ရချေ။ ဥယျာဉ်ကြီးထဲတွင် အမှောင်ထုလည်း ဖုံးနေသည်။

နဂါးရုပ်ကြီးများမှာ တစ်ရာကျော် ရှိသည်။ အမှောင်ထဲတွင် မှိုမှိုမည်းမည်း၊ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

ကျောက်ရိရှူးသည် နဂါးရုပ်ကြီးတစ်ရုပ်၏ နောက်တွင် ထိုင်ပြီး ရှေ့ခရီးစဉ်ကို စဉ်းစားနေမိသည်။ အတန်ကြာသည်အထိ သူသည် ငြိမ်သက်စွာ ထိုင်နေသည်။

ထိုစဉ် နောက်ဘက် ခပ်လှမ်းလှမ်းဆီမှ လူနှစ်ယောက် အပြန်အလှန် စကားပြောနေသံကို ရုတ်တရက် ကြားရလေသည်။

"မင်းနဲ့ငါ ဒီမှာပဲ လမ်းခွဲကြရလိမ့်မယ်"

"အေးလေ..... ခွဲကြရမှာပေါ့၊ ဒီနောက်ပိုင်း မင်းနဲ့ငါနဲ့ ခရီးစဉ်ချင်းမှ မတူကြတော့ဘဲ၊ ငါက ကွေ့ကျိုးကို သွားရမယ်၊ မင်းက ဖန်းချင်မြို့ကို သွားရမယ်"

"မုလိန်နဲ့ မင်းနဲ့ သိလား"

"မသိပါဘူး၊ တစ်ခါမှလည်း မမြင်ဖူးသေးဘူး၊ ဒါပေမယ့် ငါ့ကို လွှတ်လိုက်မယ် ဆိုတာတော့ သခင်ကျားလုံက မုလိန်ဆီကို အကြောင်းကြားထားတယ်၊ ငါ့ဆီမှာ သခင်ကျားလုံ ရေးပေးလိုက်တဲ့စာလည်း ပါသားပဲ"

ကွေ့ကျိုးမြို့၊ မုလိန်၊ ကျားလုံ စသည့် နာမည်များကို ကြားရသောအခါ ကျောက်ရှိုးသည် စိတ်လှုပ်ရှားသွားမိသည်။

စကားပြောသံများမှာ သူနှင့် ခပ်လှမ်းလှမ်းမှ ပေါ်ထွက်နေခြင်း ဖြစ်၏။

ကျောက်ရှိုးသည် စကားသံများ ထွက်ပေါ်လာရာဆီသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာခဲ့သည်။

"မင်း အခုသွားရမှာ ရွှေတိမ်နန်းလိန်လန်ရဲ့အိမ်နော်"

"အေး.....ဟုတ်တယ်"

"အလျင်က မင်း ရောက်ဖူးသလား"

"တစ်ခါမှ မရောက်ဖူးဘူး၊ မေးစမ်းသွားရင်လွယ်ပါတယ်"

ကျောက်ရှိုး လှုပ်ရှားမှုက လုံးလုံး အသံမထွက်ချေ။ စကားပြောနေသူနှစ်ဦးအနီးကို ရောက်လာသည်။ ထိုသူ နှစ်ယောက်မှာ နဂါးရုပ်ကြီးတစ်ရုပ်၏ရှေ့တွင် ရပ်၍ စကားပြောနေကြခြင်းဖြစ်၏။ ကျောက်ရှိုးက နဂါးရုပ်ကြီးကို ကွယ်ပြီး ချောင်းကြည့်သည်။

ခါးကုန်းကြီးတစ်ယောက်နှင့် အရပ်ရှည်ရှည်လူ တစ်ယောက်တို့ကို မြင်ရသည်။ ခါးကုန်းကြီးမှာ ချိုင်းထောက်



ထောက်ထားသည်။ အရပ်ရှည်ရှည် လူက ပြောသည်။

"မုလိန်တို့ လူစုနဲ့ မင်း နေဦးမှာလား"

"အကြာကြီးတော့ နေလို့မဖြစ်ဘူး၊ သူတို့ကို မှာစရာ ရှိတာ မှာပြီး ငါ ပြန်ရမယ်၊ အလွန်ဆုံး တစ်ရက်နှစ်ရက်ပဲ နေမယ်၊ သခင်ကျားလုံဆီ မြန်မြန်ပြန်ရောက်အောင် ပြန်မှဖြစ်မယ်"

ကျောက်ရှိုးသည် လွန်စွာ စိတ်လှုပ်ရှားနေသည်။ ခါးကုန်းကြီးမှာ ရွှေတိမ်နန်းစံအိမ်တွင် ရှိနေသော မုလိန်ထံ သွားမည့် လူမှန်း သိရ၏။ မုန်တိုင်းဂိုဏ်းခေါင်းဆောင် ကျားလုံက လွှတ်လိုက်ခြင်း ဖြစ်လိမ့်မည်ဟုလည်း ကျောက်ရှိုး တွေးမိသည်။

မိမိအနေဖြင့် ခါးကုန်းကြီးနှင့် လူချင်းလဲကာ သွားနိုင်လျှင် များစွာ အဆင်ပြေလိမ့်မည်ဖြစ်ကြောင်းလည်း စဉ်းစားမိသည်။

အရပ်ရှည်ရှည်နှင့် လူက ပြောပြန်သည်။

"ငါကတော့ ခုညတွင်းချင်းပဲ ခရီးဆက်တော့မယ် ဖိန်လျူး၊ ငါသွားရမယ့် လမ်းက ဖြောင့်တယ်၊ ပြီးတော့ အချိန်မီလည်း ရောက်အောင်သွားရမှာ"

ခါးကုန်းကြီးက –

"ငါကတော့ ဒီမြို့မှာ တစ်ညအိပ်ဦးမယ်၊ မနက်စောစောမှ ထသွားမယ်၊ သခင်ကျားလုံဆီကို ပြန်ရောက်မှ မင်းနဲ့ငါ ပြန်ဆုံကြတာပေါ့"

"ဒါဖြင့် ငါ သွားမယ် ဖိန်လျူး"

"အေးကွာ....သွားပေတော့"

အရပ်ရှည်ရှည်နှင့် လူက မြောက်ဘက်ကို ထွက်ခွာသွား

သည်။

ခါးကုန်းကြီးသည် အတန်ကြာအောင် ရပ်ကြည့်နေပြီးမှ ချိုင်းထောက်ကို ထောက်ကာ ကုန်းကုန်း၊ ကုန်းကုန်းနှင့် တောင်ဘက်ကို ထွက်သွားသည်။

ကျောက်ရိုရှုံးလည်း ကိုယ်ဖျောက်ပညာကို သုံးကာ အသံလုံအောင် ထိန်းပြီး ခါးကုန်းကြီးနောက်ကို လိုက်ခဲ့သည်။

ခါးကုန်းကြီးကမူ နောက်ဘက်မှ ကျောက်ရိုရှုံး လိုက်လာသည်ကို အနည်းငယ်မျှ ရိပ်စားမိခြင်း မရှိဘဲ ချိုင်းထောက်ကို ထောက်ကာ သွားနေသည်။

နဂါးဥယျာဉ်ကြီးထဲ ထွက်လှလုတွင် ကျောက်ရိုရှုံးက နောက်ဘက်မှ ခုန်ပြီး ခါးကုန်းကြီး၏ သွေးကြောကို ပိတ်လိုက်၏။

သို့သော် ခါးကုန်းကြီးသည် ခန္ဓာကိုယ်နှင့် မလိုက်အောင် သွက်လက်စွာဖြင့် ရှောင်တိမ်းလိုက်ပြီး ကျောက်ရိုရှုံးကို ချိုင်းထောက်နှင့် လွှဲရိုက်သည်။

ကျောက်ရိုရှုံး ခေါင်းငုံ့ကာ ရှောင်တိမ်းလိုက်ရပြီး သွေးကြောကို ထပ်ထိုးသည်။

ကျောက်ရိုရှုံးထက် သိုင်းပညာ အဆင့်နိမ့်သော ခါးကုန်းကြီးသည် ယခုတစ်ခါတော့ မရှောင်တိမ်းနိုင်တော့ဘဲ သွေးကြောပိတ်ခံရလေတော့သည်။

ခါးကုန်းကြီး ခွေခနဲ လဲကျကာ သတိမေ့သွားတော့သည်။

ကျောက်ရိုရှုံးလည်း ချိုင်းထောက်ကိုယူ၍ ခါးကုန်းကြီးကို ထမ်းကာ ရုပ်ပြောင်းဘုရင် ထိုက်ဟူးအိမ်သို့ ပြေးလာခဲ့လေသည်။

ထိုက်ဟူးနှင့် တွေ့သောအခါ ကျောက်ရိုရှုံးက အကျိုး



အကြောင်း ရှင်းပြလိုက်သည်။ သူ့ရည်ရွယ်ချက်ကိုလည်း ပြောပြပြီး အကူအညီတောင်းသည်။

ရုပ်ပြောင်းဘုရင် ထိုက်ဟူးကလည်း ကျောက်ရိုရှုံးကို ခါးကုန်းကြီး ဖိန်လျှူးနှင့် တစ်ပုံစံတည်းတူအောင် ရုပ်ပြောင်းရုပ်လွှဲ လုပ်ပေးရန်နှင့် သူ့ထံသို့ ကျောက်ရိုရှုံး ပြန်ရောက်မလာမချင်း ခါးကုန်းကြီး ကျောက်ရိုရှုံးကို သူ့အိမ်တွင် ဖမ်းဆီးထိန်းသိမ်းထားရန် သဘောတူလေသည်။

ကျောက်ရိုရှုံးသည် ခါးကုန်းကြီး ဖိန်လျှူးကို သွေးကြောပြန်ဖွင့်ပြီး သတိရအောင်လုပ်ကာ သူသိလိုသမျှ မေးသည်။ ခါးကုန်းကြီး ဖိန်လျှူးက ဘာတစ်ခွန်းမျှ မပြောချေ။

ခါးကုန်းကြီး ဖိန်လျှူးထံမှ ကျားလုံ ရေးပေးလိုက်သော စာကိုတော့ ရသည်။

နောက်ဆုံးတွင် ကျောက်ရိုရှုံးသည် ခါးကုန်းကြီး ဖိန်လျှူးနှင့် တစ်ပုံစံတည်းတူအောင် ရုပ်ဖျက်ကာ ခါးကုန်းကြီး ဖိန်လျှူးကိုမူ ရုပ်ပြောင်းဘုရင် ထိုက်ဟူးထံတွင် အပ်ခဲ့ကာ ကွေ့ကျိုးမြို့သို့ ခရီးဆက်ထွက်ခဲ့လေသည်။

*

အခန်း - ၇၂

## အဆိပ်တစ်ထောင်ပြေဆေး

ကျောက်ရှိရှုံးသည် ခါးကုန်းကြီးဖိန်လျှူးနှင့် တွေ့ဆုံခဲ့ပုံကို ပြန်တွေးနေရာမှ မုလိန်က သူ့ကို သက်သာမကင်းဖြစ်သည့်အတွက် ဝမ်းသာနေလေသည်။

သူသည် ခါးကုန်းပြီး ခြေတစ်ဘက်ကိုလည်း မလှုပ်ရှားဘဲ အချိန် တော်တော်ကြာကြာ နေခဲ့ရသဖြင့် ညောင်းညာလွန်းနေသည်။ ယခုမှ အိပ်ရာပေါ်တွင် အညောင်းဆန့်လိုက်ရတော့မှ အနည်းငယ်ကလေး အညောင်းပြေသွားသည်။



ဤအိမ်၏ အခန်းဖွဲ့စည်းပုံ အနေအထားများကို ရှေ့တိမ်နန်းလိန်လန်က သေချာစွာ ပြောပြလိုက်သဖြင့် ကျောက်ရှိရှုံးသိနေသည်။ ယခုအချိန်တွင် သူသည် ခါးကုန်းကြီး ဖိန်လျှူးအသွင်ဖြင့် ဤအိမ်ကြီးထဲတွင် သွားလာလှုပ်ရှားကာ သူ့ကို မည်သူမျှ အနှောင့်အယှက် ပေးကြလိမ့်မည် မဟုတ်ချေ။

သူသည် အခန်းတွင်းမှ သတ္တဝါများ ထည့်ထားသော သေတ္တာများကို တစ်ချက်ကြည့်လိုက်ပြီးနောက် ရှေ့ကို ဆက်လာခဲ့သည်။ ယခုတစ်ခါတော့ သူနှင့်မုလိန်တို့ လာခဲ့ကြသော လမ်းကို မလာတော့ချေ။ ဝဲဘက် တံခါးပေါက်ကို ချိုးကွေ့ပြီး ဝင်ခဲ့သည်။

တံခါးပေါက်မှ ဝင်လိုက်သည်နှင့် အခန်းကျဉ်းကလေး တစ်ခန်းထဲသို့ ရောက်လာသည်။ ၎င်းအခန်းကလေးထဲတွင်မူ မည်သည့်ပစ္စည်းမှ မထားချေ။ သူနှင့် မျက်နှာချင်းဆိုင် အခန်းနံရံတွင်မူ ရုပ်လုံးဖော် ထွင်းထုထားသော ပင့်ကူရုပ်ကြီးတစ်ရုပ်ကို မျိတ်ဆွဲထားသည်။

သန်းခေါင် ကျော်သွားလေပြီ။

သူသည် အိပ်ရာမှ ပြန်ထလိုက်သည်။ အဆိပ်တစ်ထောင်ပြေဆေးနှင့် သွေးစိမ်းဂမုန်းပင့်ရရှိရေးအတွက် စတင်ဆောင်ရွက်ရပေတော့မည်။ လိုအပ်သောပစ္စည်းများကို ရပြီးသည်နှင့် ဤအိမ်မှ အမြန်ဆုံး ထွက်ခွာရမည်ဖြစ်၏။ ယခုအချိန်တွင် မုလိန်တို့လူစုလည်း အိပ်လောက်ပြီ။

ကျောက်ရှိရှုံးသည် ခါးကုန်းကြီး ဖိန်လျှူးအသွင်ကို ပြန်၍

ဖန်တီးလိုက်သည်။ ချိုင်းထောက်ကိုလည်း ပြန်ယူသည်။

ပြီးနောက် တံခါးကို ဖွင့်၍ မှန်အိမ်ကို ဆွဲကိုင်ကာ ချိုင်းထောက်ကို ထောက်လျက် အပြင်ကို ထွက်လာခဲ့သည်။ သူသည် စကြံလမ်းအတိုင်း ပြန်လာသည်။ စောစောက ရောက်ခဲ့သော မြွေများ၊ ပင့်ကူများ၊ ကင်းမြီးကောက်များ ထားရာ အခန်းကျယ်ကြီးထဲသို့ ပြန်ရောက်လာသည်။

ရွှေတိမ်နန်းလိနိလန် လမ်းညွှန်ချက်အတိုင်း မှန်ကန်နေသောကြောင့် ကျောက်ရှိရွှံး ကျေနပ်သွားသည်။

သူသည် ပင့်ကူရုပ်ကြီးအောက်ဘက်ရှိ တံခါးပေါက်မှ ဆက်၍ ဝင်ခဲ့ပြန်သည်။ ထိုအခန်းထဲတွင် မှန်သေတ္တာကြီးသုံးလုံး ရှိနေသည်။ မှန်သေတ္တာသုံးလုံးထဲတွင် အစိမ်းရောင် တောက်နေသော မြွေကလေးများ ရှိနေသည်။

မှန်သေတ္တာကြီးများထဲတွင် အခက်အလက်များသော သစ်ကိုင်း တစ်ကိုင်းစီ ထည့်ထားသည်။ သေးမျှင်သော မြွေစိမ်းလေးများမှာ သစ်ကိုင်းစိမ်းများနှင့်အတူ ရောနှောနေသည်။ သူတို့လှုပ်ရှားသောအခါမှသာ မြွေမှန်း ခွဲခြားနိုင်လေသည်။

ရွှေတိမ်နန်းလိနိလန် ပြောပြချက်အရ ၎င်းမြွေစိမ်းကလေးများမှာ အဆိပ်ပြင်းလွန်းကြောင်း ကျောက်ရှိရွှံး သိထားသည်။ မြွေကလေးများမှာ ခုန်ပျံတတ်ပြီး လူ၏ဦးခေါင်းကိုသာ ကိုက်တတ်ကြောင်း၊ အကိုက်ခံရသူမှာလည်း ချက်ချင်း သေသွားနိုင်ကြောင်း သိထားရလေ၏။

ယုံအခန်းတွင် တံခါးသုံးပေါက် ရှိသည်။



ကျောက်ရှိရွှံးက ညာဘက် တံခါးပေါက်ထဲကို ကွေ့ဝင်ခဲ့သည်။ သူသည် ရုပ်ဆိုးခါးကုန်းကြီး ဖိနပ်လျှူး အသွင်ဖြင့်ပင် ချိုင်းထောက်ကိုထောက်ကာ သွားလာနေခြင်းဖြစ်၏။

တံခါးပေါက်မှ ဝင်မိသည်နှင့် အခန်းကျယ်ကြီး တစ်ခန်းထဲသို့ ရောက်လာပြန်သည်။ ဆင်းတုတော်ကြီးတစ်ဆူကိုလည်း စင်မြင့်ပေါ်တွင် တွေ့ရ၏။

ကျောက်ရှိရွှံးသည် ဆင်းတုတော်ကြီးဆီသို့ လာခဲ့သည်။ ဆင်းတုတော်ကြီးအနီးသို့ အရောက်တွင် ဘေးဘီပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။ သူ့ကို စောင့်ကြည့်နေသူ ရှိ၊ မရှိ ကြည့်ခြင်းဖြစ်၏။

မည်သည့်လူရိပ်ကိုမှလည်း မတွေ့ရချေ။ မည်သို့သော အသံကိုမှလည်း မကြားရချေ။

ထိုအခါမှ ကျောက်ရှိရွှံးသည် ဆင်းတုတော်ကြီး နောက်ဘက်ကို ဝင်လိုက်သည်။ ဆင်းတုတော်ကြီး နောက်ဘက်တွင် ရှေးဟောင်းကျောက်တွင်း ပန်းချီကားချပ်ကြီးတစ်ချပ်ကို နံရံတွင် တွေ့ရသည်။

အဖြူရောင် ကျောက်ပြားကြီးပေါ်တွင် ပန်းချီရုပ်ပုံ ထွင်းထားခြင်းဖြစ်သည်။

ကျောက်ရှိရွှံး ကျေနပ်သွားပြီး ဆင်းတုတော်ကြီး အောက်ဘက်မှ စင်မြင့်ခုံကို ကြည့်လိုက်၏။ စင်မြင့်ကျောက်ခုံတွင် ပန်းပွင့်ပုံများ ရုပ်လုံးပေါ်အောင် ထွင်းထုထားသည်။

ကျောက်ရှိရွှံးသည် ပန်းပွင့်များကို ဝဲဘက်မှစပြီး ရေတွက်

သည်။ ပန်းပွင့်ဆယ့်နှစ်ပွင့်သို့ အရောက်တွင် ထိုဆယ့်နှစ်ပွင့်မြောက်ပန်းပွင့်၏ ဖုထွက်နေသော ဝတ်ဆံကို ဖိနှိပ်လိုက်သည်။

"ကျွိ.....ကျွိ.....ကျလိ"

တိုးညှင်းသောအသံကလေး ပေါ်လာပြီး ကျောက်ပြားပန်းချီကားချပ်ကြီးမှာ ဘေးကို တရွေ့ရွေ့ ပွင့်သွားသည်။

ကျောက်ပြားအနောက်ဘက်တွင် အလျားငါးပေ အနံသုံးပေခန့်ရှိ အပေါက်တစ်ပေါက် ပေါ်လာသည်။ အပေါက်တစ်ဘက်တွင် အခန်းတော့ မရှိချေ။ ဗီရိုကဲ့သို့ အဆင့်ကလေးနှစ်ဆင့်သာ ရှိလေသည်။

အောက်ဘက်အဆင့်တွင် ပန်းအိုးနှစ်အိုးနှင့်ထားသော သစ်ပင်နှစ်ပင် ရှိသည်။ အရွက်ကြီးနှစ်ရွက်သာရှိပြီး အစိမ်းရောင်တောက်နေသောသစ်ပင်နှင့် အရွက်လုံးလုံး မပါဘဲ အကိုင်းများသာ ရှုပ်ထွေးစွာ ရှိနေသော အဝါရောင်တောက်နေသော သစ်ပင်တို့ဖြစ်၏။

အရွက်ကြီးနှစ်ရွက်မှာ ရွှေတိမ်နန်းလိန်လန် အလိုရှိသော သွေးစိမ်းဂမုန်းပင် ဖြစ်လေတော့သည်။

အရွက်မပါသော အဝါရောင်သစ်ပင်မှာလည်း အလွန်ရှားပါးပြီး အဖိုးတန်သော အသက်ကယ်ဆေးပင် ပင်ဖြစ်၏။

ကျောက်ရီရှုံးသည် ရွှေတိမ်နန်းလိန်လန် မှာကြားသည့်အတိုင်း သစ်ပင်နှစ်ပင်စလုံးကို နှုတ်ယူလိုက်ပြီး သူ့ကျောမှ အိတ်ကြီးထဲကို ထည့်လိုက်သည်။

အပေါ်ဆင့်တွင်မူ ပုံစံအမျိုးမျိုးနှင့် ဆေးပုလင်းငယ်များ



ရှိနေသည်။ ဆေးပုလင်းများပေါ်တွင်လည်း နာမည်များ ရေးထိုးထားသည်။ ရွှေတိမ်နန်းလိန်လန် အလိုရှိသော အဆိပ်တစ်ထောင်ဖြေဆေးပုလင်းကိုလည်း တွေ့ရသည်။ ဤနေရာတွင် လှို့ဝှက်သိမ်းဆည်းထားသော ဆေးများအားလုံးမှာ အစွမ်းထက်မြက်လှသော အဖိုးတန် ဆေးများပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း လိန်လန်သည် ဤကဲ့သို့ သိမ်းဆည်းထားခြင်းဖြစ်၏။

ကျောက်ရီရှုံးသည် ရွှေတိမ်နန်းလိန်လန် မှာလိုက်သည့်အတိုင်း ဆေးပုလင်းအားလုံးကို မကွဲမရှစေရန် အိတ်ကြီးထဲတွင် ထည့်သည်။

အားလုံး ထည့်သိုပြီးသောအခါ လှို့ဝှက်ကျောက်ပြားတံခါးကို ပြန်ပိတ်သည်။

ရွှေတိမ်နန်း လိန်လန် မှာကြားလိုက်သော ပစ္စည်းများကို ရယူပြီးပြီဖြစ်၍ သူ့ရင်ထဲတွင် အတော်ကလေး ပေါ့ပါးလန်းဆန်းသွားသည်။ လက်ရှိ သူ့အခြေအနေမှာ မည်သည့်အဟန့်အတားအနှောင့်အယှက်မှ မရှိဘဲ ထွက်သွားနိုင်သော အခြေအနေမျိုးဖြစ်၏။ သူသည် ဤအိမ်ကြီးမှ တိတ်တဆိတ် ထွက်ခွာသွားရပေလိမ့်မည်။

မနက်အထိ စောင့်၍ မဖြစ်ချေ။ သူ့ကို ခါးကုန်းကြီးဖိန်လျူးဟု ထင်မှတ်ထားသော မုလိန်က ကျားလုံ ပေးလိုက်သော ပစ္စည်းကို တောင်းပေလိမ့်မည်။ ခါးကုန်းကြီးဖိန်လျူးကို ကျားလုံပေးလိုက်သောပစ္စည်းများ မည်သည့်ပစ္စည်းမှန်း ကျောက်ရီရှုံးမသိချေ။ သူနှင့်လည်း ပါမလာချေ။ ခါးကုန်းကြီး ဖိန်လျူး

ကလည်း ဖွင့်ဟမပြောခဲ့ချေ။

ကျောက်ရီရှုံးသည် ခါးကုန်းကြီး ဖိန်လျှူးထံမှ ကျားလုံ ရေးပေးလိုက်သောစာသာ ရခဲ့၏။

ထို့ကြောင့် မိမိအနေဖြင့် မုလိန်နှင့် ထပ်ပြီး ဆုံတွေ့၍ မဖြစ်တော့ချေ။ ယခုတစ်ခါ ဆုံတွေ့လျှင် မုလိန်က ကျားလုံ ပေးလိုက်သောပစ္စည်းကို တောင်းပေတော့မည်။ မပေးနိုင်ပါက မိမိအပေါ် သက်သမကင်း ဖြစ်လာပြီး ခါးကုန်းကြီးဖိန်လျှူးအသွင် ရုပ်ဖျက်လာသည်ကို ရိပ်စားမိသွားမည်ဖြစ်၏။

ကျောက်ရီရှုံးသည် ကြာနေမည်ဆို၍ ချိုင်းထောက်ကြီး ကိုပင် မသုံးတော့ဘဲ နောက်ကြောင်းကို ပြန်လှည့်ခဲ့သည်။

မြေစိမ်းကလေးများရှိသော အခန်းထဲသို့ ဝင်မည်အပြုတွင် ထိုအခန်းဘက်မှ လူသံကြားရပြီး မီးရောင် လင်းလာသည် ကိုလည်း မြင်ရသဖြင့် တန့်ခနဲ ရပ်လိုက်မိ၏။

သူသည် စိုးရွံ့ထိတ်လန့်ခြင်းတော့ မဖြစ်ပါချေ။ ဤအိမ်ကြီး အတွင်း ခါးကုန်းကြီး ဖိန်လျှူးအသွင်ဖြင့် သွားလာလှုပ်ရှားနေ ပါက သူ့အတွက် အန္တရာယ် မဖြစ်နိုင်ကြောင်း သိထားသော ကြောင့်ဖြစ်၏။

ကျောက်ရီရှုံးသည် ခါးကို ပြန်ကုန်းလိုက်ကာ ချိုင်းထောက် ကို ထောက်ပြီး တစ်ဘက်ခန်းသို့ ခပ်တည်တည်ပင် ဆက်ထွက် ခဲ့သည်။

မြေစိမ်းများရှိသော တစ်ဖက်ခန်းထဲတွင် မုလိန်နှင့် ဝတ်စုံနက် ဝတ်ထားသော လူလေးယောက်တို့ ရောက်နေကြ



သည်ကို တွေ့ရ၏။ သူတို့၏အမူအရာက တစ်ခုခုကို အရေး ကြီး ရှာနေပုံမျိုးဖြစ်၏။ ထိုအခန်းထဲသို့ ကျောက်ရီရှုံး ဝင်သွား သောအခါ သူတို့အားလုံး ကျောက်ရီရှုံးကို မျက်မှောင်ကြုတ်လျက် ငိုက်ကြည့် ကြသည်။ သူတို့၏ အမူအရာများက လိုက်လှဲပျူငှာခြင်း မရှိတော့ချေ။ ကျောက်ရီရှုံး စိတ်ထဲတွင် အချိန်အခါမဲ့ အိမ်ကြီးထဲ သူ လျှောက်သွားနေသည်ကို မကြိုက်၍ ဖြစ်လိမ့်မည်ဟု တွေး လိုက်၏။

ကျောက်ရီရှုံးက ပြုံးလိုက်ပြီး .....

"နောင်တော်ကြီး မုလိန်လည်း မအိပ်သေးဘူးကိုး၊ ကျွန်တော်လည်း အိပ်မပျော်တာနဲ့ အိမ်ကြီးထဲမှာ လျှောက်ကြည့် နေမိတာ"

မုလိန်က မပြုံးမရယ် ခပ်တည်တည်ဖြင့် ပြန်မေးသည်။

"မင်း ဘယ်သူလဲ"

ကျောက်ရီရှုံး စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသော်လည်း ဣန္ဒြေဆည်ကာ အပြုံးမပျက် ပြန်ပြောသည်။

"နောင်တော်ကြီး အိပ်မှုန်စုံဝါး ဖြစ်နေပြီနဲ့ တူတယ်၊ ကျွန်တော် ခါးကုန်းကြီး ဖိန်လျှူးလေ"

မုလိန်မျက်နှာ ခက်ထန်တင်းမာသွားပြီး –

"ငါ့ကိုဆက်ပြီး မင်းဖြီးမနေနဲ့၊ မင်းဟာ ခါးကုန်းကြီး ဖိန်လျှူး အသွင်ဖျက်ပြီး ငါ့ကို တစ်ပတ်လာရိုက်တာဆိုတာ ငါသိတယ်၊ မင်း ဘယ်သူလဲဆိုတာသာ ပြောစမ်း"

ကျောက်ရီရှုံး စိတ်ထဲတွင် အတော်ကလေး တုန်လှုပ်နေပြီ

ဖြစ်၏။ မိမိ ဟန်ဆောင်လာမှန်း မုလိန် မည်ကဲ့သို့ သိသွားကြောင်း စဉ်းစား၍ မရချေ။

မိမိအပေါ် အနည်းငယ် သက်ာမကင်း ဖြစ်လာသောကြောင့် အစ်အောက်ပြီး မေးမြန်းခြင်း ဖြစ်သလောဟု တွေးမိသည်။ ထိုအတွေးကြောင့်လည်း ခပ်တည်တည်ပင် ပြန်ပြောမိ၏။

"နောင်တော်ကြီးမုလိန်၊ ခင်ဗျား ဘာတွေ လာပြောနေတာလဲ၊ ကျွန်တော်ဟာ သခင်ကျားလုံ လွှတ်လိုက်တဲ့ ဖိန်လျှုံးပါပဲ၊ ခင်ဗျား ကျွန်တော့်ကို မဟုတ်တယုတ်လာပြီး စွပ်စွဲနေရင်တော့"

ကျောက်ရီရှုံး စကားဆက်မပြောနိုင်ဘဲ ရပ်သွားသည်။ မုလိန်က လက်ဖော့ ယမ်းလိုက်သဖြင့် ဝတ်စုံနက်လေးယောက်သည် လက်နက်ကိုယ်စီ ထုတ်ကိုင်လိုက်ကြပြီး တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားကြသည်။

* * *

မုလိန်ထံမှ တင်းမာပြတ်သားသော မေးသံလည်း ပေါ်လာပြန်သည်။

"မင်း ဘယ်သူဆိုတာ အမှန်အတိုင်း မဖြေရင်တော့ ခုချက်ချင်း မင်း သေရလိမ့်မယ်"

"ကျုပ် ဖိန်လျှုံးပဲ"

"ဖိန်လျှုံးဟာ မင်း မဟုတ်ဘူး ဟောဟိုမှာ"



မုလိန်က သူ့ဘေးရှိ တံခါးပေါက်ကို လက်ညှိုးထိုးပြလိုက်လေ၏။

ဒေါက်ခနဲ ဒေါက်ခနဲ မြည်သံပေါ်လာပြီး တံခါးပေါက်ဝမှ ခါးကုန်းကြီးတစ်ယောက် ထွက်လာလေ၏။ သူ့ခြေထောက်တစ်ဘက်မှာ ဒရွတ်တိုက်ကျနေသော ချိုင်းထောက်ကို ထောက်ထားသည်။ ၎င်းခါးကုန်းကြီးသည် ကျောက်ရီရှုံးကို စူးစူးရှားရှား ကြည့်၍ ပြောလိုက်၏။

ဘယ်လိုလဲ ရုပ်ပြောင်းဘုရင် ဟိုက်ဟူးရဲ့ မိတ်ဆွေရဲ့၊ အခုကော မင်းကိုယ်မင်း ခါးကုန်းကြီးဖိန်လျှုံးလို့ ပြောဦးမလို့လား၊ ငါကိုယ်တိုင် ရောက်လာမှတော့ ဆက်ပြီး လိမ့်မနေနဲ့တော့"

"ဟင်.....ခါးကုန်းကြီး ဖိန်လျှုံး"

ကျောက်ရီရှုံး စိတ်ထဲမှ အံ့သြတကြီး ရေရွတ်လိုက်မိသည်။ ဣန္ဒြေဆယ်၍ မရလောက်အောင်လည်း မျက်စိမျက်နှာ ပျက်သွားသည်။

သူ ကောင်းကောင်းကြီး မှတ်မိပါသည်။ သူ့ရှေ့ကို ရောက်လာသူမှာ အမှန်ပင် ခါးကုန်းကြီးဖိန်လျှုံး ဖြစ်နေလေသည်။

ခါးကုန်းကြီးဖိန်လျှုံးသည် ရုပ်ပြောင်းဘုရင် လက်ထဲမှ မည်သို့ လွတ်မြောက်လာလေသနည်း။

မိမိ၏ မိတ်ဆွေ ရုပ်ပြောင်းဘုရင် ထိုက်ဟူးကတော့ ခါးကုန်းကြီးဖိန်လျှုံးကို လွှတ်ပေးလိုက်မည်တော့ မဟုတ်ချေ။

ခါးကုန်းကြီးဖိန်လျှုံးသည် တိတ်တဆိတ် ထွက်ပြေး လွတ်မြောက်လာသလော။ သို့တည်းမဟုတ် ရုပ်ပြောင်းဘုရင်

ထိုက်ဟူးကို တိုက်ခိုက်လွတ်မြောက်လာခြင်း ဖြစ်လေသလော။

ရုပ်ပြောင်းဘုရင် ထိုက်ဟူးသည် ရုပ်ပြောင်းရုပ်လွှဲ ပညာတွင် ပြိုင်ဘက်ကင်းအောင် တော်လှသော်လည်း သိုင်းပညာတွင်မူ ခါးကုန်းကြီးဖိန်လျှူးလောက် ထက်မြက်သူ မဟုတ်ကြောင်း ကျောက်ရီရွှံး သိထားသည်။

အကယ်၍ ခါးကုန်းကြီးဖိန်လျှူးသည် ရုပ်ပြောင်းဘုရင် ထိုက်ဟူးကိုသာ တိုက်ခိုက်ပြီး ထွက်ပြေးလာပါက ထိုက်ဟူးအတွက် စိုးရိမ်စရာ ဖြစ်ရလေပြီ။

ကျောက်ရီရွှံးသည် အံ့ဩတုန်လှုပ်စိတ်ကြောင့် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေသည်။

ခါးကုန်းကြီး ဖိန်လျှူးကသာ ကြောက်စရာကောင်းလှသော မျက်နှာကြီးကို အရုပ်ဆိုးသထက် ဆိုးအောင် မဲ့လိုက်ပြီး ဆက်ပြောသည်။

"ငါ လွတ်လာလို့ မင်း သိပ်ပြီး အံ့ဩနေသလား၊ ရုပ်ပြောင်းဘုရင်က လူတစ်ဘက်သားကို သနားတတ်တဲ့ အားနည်းချက်ရှိနေတော့ ငါ့ပရိယာယ်ထဲကို ဝင်တိုးတော့တာပေါ့၊ ငါလည်း မလွှဲသာမရှောင်သာလို့ သူ့ကို သတ်လိုက်ရတယ်"

ကျောက်ရီရွှံး ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။ စိတ်လှုပ်ရှားလွန်းသောကြောင့် ဟန်ဆောင်ဖို့ပင် မေ့သွားသည်။သူ့ကိုယ်ကို ကိုင်းထားရာမှ မတ်လိုက်မိ၏။ ယူကျုံးမရစိတ်၊ ခံပြင်းစိတ်ဖြင့်လည်း ပြောလိုက်မိ၏။

"ဘာ ပြောတယ်၊ ထိုက်ဟူးကို ခင်ဗျား သတ်လိုက်တယ်



ဟုတ်လား"

"ဟုတ်တယ်၊ သူ သေပြီ၊ ငါလွတ်မြောက်ဖို့အတွက် သူ့ကို သတ်လိုက်ရတာတော့ စိတ်မကောင်းဘူး၊ ဒီအိမ်ကို ငါ့ဟန်ဆောင်ပြီး မင်း လာလိမ့်မယ် ထင်လို့ ငါ အမီလိုက်ခဲ့တာပဲ၊ လမ်းမှာ မင်းကို မမီပေမယ့် အခုလည်း ငါ လိုက်ရကျိုးနပ်ပါတယ်လေ"

မုလိန်ကလည်း ကျောက်ရီရွှံးကို စူးစူးဝါးဝါး ကြည့်၍ ဝင်ပြောသည်။

"ကျားလုံ ပေးလိုက်မယ်ဆိုတဲ့ပစ္စည်းကို မင်းမပေးနိုင်ကတည်းက မင်းအပေါ် ငါ မသင်္ကာ ဖြစ်နေတာ၊ အခု ဟောဒီမိတ်ဆွေ ဖိန်လျှူး ရောက်လာပြီး အကျိုးအကြောင်းကို ရှင်းပြတော့မှ မင်း လူလိမ်ဆိုတာ သိရတော့တယ်၊ ကျားလုံ ပေးလိုက်တဲ့ပစ္စည်းကိုလည်း ထုတ်ပေးတယ်၊ ကျားလုံဆီက လူဖြစ်ကြောင်း သက်သေပဟာ စာထက် အဲဒီပစ္စည်းပဲ၊ ဘာပစ္စည်းလဲဆိုတာ မင်း သိချင်သေးသလား"

ကျောက်ရီရွှံးသည် ငြိမ်နေပြီးမှ ဘာမျှ ပြန်မပြောချေ။ သူ၏အခြေအနေမှာ ကျဉ်းထဲကျပ်ထဲကို ရောက်နေပြီဖြစ်၍ လွတ်မြောက်နိုင်ရန် လမ်းစကို စဉ်းစားနေခြင်းဖြစ်၏။

မုလိန်က ဆုပ်ထားသော သူ့လက်ဝါးကို ဖြန့်ပြသည်။

လက်ဝါးထဲတွင် ကြေးနီရောင် တောက်ပနေသော သော့ချောင်းကလေးတစ်ချောင်းကို ကျောက်ရီရွှံး တွေ့ရသည်။

မုလိန်က.....

"အဲဒီ သော့ချောင်းကလေးဟာ ကျားလုံက ငါ့ကို ပေးလိုက်တဲ့ပစ္စည်းလေးပဲ၊ တို့အတွက် သိပ်ပြီး အရေးပါအရာရောက်တဲ့ပစ္စည်းလေးပေါ့"

ထိုသော့ချောင်းကလေးကို မြင်မြင်ချင်း ကျောက်ရှိရွှး မှတ်မိသည်။

ရပ်ပြောင်းဘုရင်ထိုက်ဟူး၏ အိမ်မှာတုန်းက ခါးကုန်းကြီး ဖိန်လျူး၏ လည်ပင်းတွင် ၎င်းသော့ချောင်းကလေး ချိတ်ထားသည်ကို တွေ့ရသည်။ ကျားလုံက သက်သေခံပစ္စည်းအဖြစ် ပေးလိုက်သော ပစ္စည်းမှန်း မသိ၍ မယူခဲ့ခြင်းဖြစ်၏။ ကျားလုံ၏ စာကို ရသဖြင့်လည်း ကျောက်ရှိရွှး စိတ်ပေါ့သွားခြင်း ဖြစ်လေသည်။

ထိုသော့ချောင်းကလေးမှာ မုလိန်ပြောသကဲ့သို့ အမှန်ပင် သူတို့အတွက် လွန်စွာ အရေးကြီး အသုံးဝင်သော ပစ္စည်းတစ်မျိုး ဖြစ်ပေလိမ့်မည်။ မည်သည့်နေရာတွင် အသုံးဝင်လိမ့်မည် ဖြစ်ကြောင်းတော့ ကျောက်ရှိရွှး မသိပါချေ။

မုလိန်ထံမှ စကားသံ ပေါ်လာပြန်သည်။

"ကဲ..... မင်း ဘယ်သူဘယ်ဝါဆိုတာ အမှန်အတိုင်း ပြောတော့မလား၊ ပြီးတော့ ဘယ်လို အကြံအစည်မျိုးနဲ့ ဖိန်လျူ ဟန်ဆောင်လာရတာလဲ၊ မှန်မှန်ပြောရင်တော့ မင်း သက်သာလိမ့်မယ်"

ကျောက်ရှိရွှးက မုလိန်၏မျက်နှာကို စေ့စေ့ပြန်ကြည့်လိုက်ပြီး မထေ့မဲ့မြင် လေသံမျိုးဖြင့် ပြန်ပြောလိုက်သည်။



"ဟဲဟဲ..... ကျုပ်နာမည်ကို ကြားရရင် ခင်ဗျား လန့်သွားမှာ စိုးလို့ ကျုပ်က မပြောတာပါ၊ ဒါပေမယ့် ခင်ဗျားက သိပ်သိချင် နေတယ်ဆိုမှတော့ ပြောပြရတော့မှာပေါ့"

"တောက်....မင်းက ငါ့ကိုများ မခန့်လေးစားနဲ့၊ မင်းက ဘာကောင်မို့လို့လဲ၊ အသားမနာသေးလို့ လေကျယ်နေတာလား၊ သိကြရောပေါ့"

မုလိန် အသားတဆတ်ဆတ်တုန်ကာ ဒေါသဖြစ်သွားပြီး ကျောက်ရှိရွှးထံ လျှောက်လှမ်းလာသည်။ ထိုစဉ် ကျောက်ရှိရွှးက တစ်လုံးချင်း ပြန်ပြောလိုက်သည်။

"ကျုပ် ကျောက်ရှိရွှးလေ လုံခြုံရေးအဖွဲ့ကို ခင်ဗျားတို့ ဝင်တိုက်တော့ ခင်ဗျားကို အနိုင်ယူလိုက်တဲ့ ကျောက်ရှိရွှး"

ကျောက်ရှိရွှးဟူသော နာမည်ကို ကြားလိုက်ရသည်နှင့်ပင် လှမ်းလျှောက်လာသော မုလိန်၏ခြေလှမ်း တန့်ခနဲ ရပ်သွားသည်။ မျက်စိမျက်နှာ ကွက်ခနဲ ပျက်သွားပြီး ကျောက်ရှိရွှးမျက်နှာကို အထိတ်တလန့် ကြည့်လိုက်၏။ သူ့စိတ်အာရုံထဲတွင်လည်း သူနှင့် ကျောက်ရှိရွှးတို့ တိုက်ခိုက်ခဲ့ရပုံကို ကွက်ခနဲ မြင်ယောင်လာမိသည်။

မုလိန်၏ ရုတ်တရက် ပြောင်းလဲသွားသော အမူအရာကြောင့် ခါးကုန်းကြီး ဖိန်လျူးနှင့် မုလိန်၏တပည့် လေးယောက်တို့ အံ့သြသွားကြသည်။ မုလိန် အဘယ်ကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်ကို နားမလည်ကြချေ။

ကျောက်ရှိရွှးက အားပါးတရ ရယ်မောလိုက်ပြီး .....

"ဟား.....ဟား.....ဟား.....ဟား.....ကျုပ်ကို ဘယ်သူဘယ်ဝါမှန်းသိတော့ ခင်ဗျား လန့်သွားပြီ မဟုတ်လား၊ ဒါကြောင့် ခင်ဗျားကို ကျုပ်ပြောတာပေါ့၊ ကျုပ်နာမည်ကိုကြားရင် ခင်ဗျား လန့်သွားပါလိမ့်မယ်လို့"

မုလိန်သည် ကျောက်ရိရှုံးကို လန့်ပင်လန့်သော်လည်း ကျောက်ရိရှုံးက ထပ်မံပြောလိုက်သောအခါ ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်သွားသည်။ ဤအတိုင်းသာ ငြိမ်နေပါက သူ့တပည့်များရှေ့တွင် သိက္ခာကျလေတော့မည်။ ထို့ကြောင့် ဒေါသတကြီးနှင့် ပြန်ပြောလိုက်သည်။

"အမယ်..... မင်းလို အကောင်စားမျိုးလေးကို ငါလိုလူမျိုးက ဘာဖြစ်လို့ ကြောက်ရမှာလဲကွ၊ ငါဟာ တောင်ပင်လယ်ငါးမန်းကျွန်းရဲ့ အဆင့်မြင့်ဆုံး သိုင်းရာဇာကြီးကွ၊ လုံခြုံရေးစခန်းတိုက်ပွဲတုန်းကလည်း မင်းက ကြားချောင်ဝင်တိုက်တာပါ၊ မင်းဝင်တိုက်တဲ့အချိန်မှာ တစ်ခြားလူတွေနဲ့ အကြာကြီး တိုက်ခဲ့ရလို့ ငါဟာ ခြေကုန်လက်ပန်း ကျနေပြီ၊ အားတွေလည်း အတော်ကုန်နေပြီ၊ ဒီတုန်းက အထိနာနေတဲ့ ငါ့လူတွေကို ငဲ့ညှာပြီး ငါဟာ ထွက်လာခဲ့တယ်၊ မင်းကို ကြောက်လို့ ပြေးတယ် မထင်နဲ့"

ကျောက်ရိရှုံး ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။

"ဒါဖြင့် ခုချိန်မှာကော ခင်ဗျား ခြေကုန်လက်ပန်းကျနေသေးလား၊ အားအင်တွေ ကုန်နေသေးသလား၊ ဟဲ..... ဟဲ..... အခုတော့ ဘယ်သူနဲ့မှ တိုက်ခိုက်မထားလို့ ခင်ဗျားမှာ အားအင်



တွေ အပြည့်ရှိနေမှာပါ၊ ကျုပ်ကို နိုင်မယ်ထင်ရင် စမ်းကြည့်လေဗျာ....."

ကျောက်ရိရှုံးသည် မုလိန် နောက်တွန့်သွားစေရန် အပြုံးမပျက် ဟန်လုပ်ပြီး ပြောနေရသော်လည်း သူ့စိတ်ထဲတွင်တော့ စိုးရွံ့လျက် ရှိနေသည်။ သူ့အနေဖြင့် မုလိန်နှင့် တစ်ယောက်ချင်း ယှဉ်ရမှာကို သိပ်မမှုလှပါ။

ယခုအချိန်တွင် မုလိန်ဘက်မှ သူ့ကို ဝိုင်းတိုက်မည့် ခါးကုန်းကြီး ဖိန်လျှူး၏သိုင်းပညာမှာ သူ့ထက် အနည်းငယ် နိမ့်သည်ဆိုသော်လည်း မုလိန်နှင့်သာ ပူးပေါင်း၍ ဝိုင်းတိုက်ပါက ခုခံရ ခက်ပေလိမ့်မည်။

သူ့ဘက်က ကြောက်ရွံ့ဟန် လုံးလုံးမပြဘဲ စိန်ခေါ်ခဲ့လျှင် မုလိန် နောက်တွန့်သွားလိမ့်မည်ဟု ကျောက်ရိရှုံး ထင်မိသည်။ မုလိန် နောက်တွန့်သွားလျှင် တစ်ခြားလူများလည်း သူ့ကိုတိုက်ခိုက်ရဲကြလိမ့်မည် မဟုတ်ချေ။ ထိုအတွေးနှင့် ကျောက်ရိရှုံးသည် မုလိန် နောက်ဆုတ်သွားစေရန် ခြိမ်းခြောက်ပြောဆိုလိုက်ခြင်း ဖြစ်၏။

သို့သော် မုလိန်သည် ရှက်သည့်စိတ်ကြောင့် နောက်ဆုတ်မသွားပါချေ။ ကျောက်ရိရှုံး ဤမျှ ပြောဆိုနေလျက်ကမှ သူသာ နောက်ဆုတ်သွားပါက သိုင်းလောကတွင် သူ့နာမည် လုံးလုံး သုံးမရအောင် သိက္ခာကျပေတော့မည်။

ပြီးတော့ သူ့ဘက်မှနေ၍ ပူးပေါင်းတိုက်ခိုက်မည့် သူ့တပည့်များနှင့် ခါးကုန်းကြီး ဖိန်လျှူးလည်း ရှိနေသည်။ သူတို့

သာ ပူးပေါင်းတိုက်ခိုက်ပါက ကျောက်ရီရှုံးကို မလွဲမသွေ နိုင်ရလိမ့်မည်ဟုလည်း မုလိန် တွက်ဆမိသည်။

မုလိန်သည် ဘာမှပြန်မပြောတော့ဘဲ သူ၏ လက်တစ်ဘက်စီတွင် မွေးပွကျူတံလက်နက်နှင့် ဓားရှည်တို့ကို ကိုင်ကာ ကျောက်ရီရှုံးထံ ခုန်ဝင်တိုက်ခိုက်လေတော့သည်။

ကျောက်ရီရှုံးကမူ ခါးကုန်းကြီးဖိန်လျူးအသွင် ရုပ်ဖျက်ပြီး လာခဲ့ခြင်းဖြစ်လေရာ သူ့ထံတွင် သူ၏ဆောင်ဓားဖြစ်သော သံမဏိ သက်တန့်ဓား ပါမလာချေ။ ပြန်လည် တိုက်ခိုက်ရန် လက်နက်ဆို၍ ခါးကုန်းကြီးဖိန်လျူး၏ သံမဏိချိုင်းထောက်ကြီးသာ ရှိသည်။ သူသည် ချိုင်းထောက်ကြီးနှင့်ပင် မုလိန်ကို ပြန်လည် တိုက်ခိုက်ရလေသည်။

ကျောက်ရီရှုံးက ချိုင်းထောက်နှင့် မုလိန်၏ဓားကို ရိုက်ဖယ်၍ မုလိန်က သူ့ဘယ်ဘက်လက်တွင် ကိုင်ထားသော မွေးပွကျူတံနှင့် ကျောက်ရီရှုံးလက်မှ ချိုင်းထောက်ကို ရစ်ပတ်ဆွဲဖယ်နိုင်ရန် ကြိုးစားသည်။

ထိုစဉ် ခါးကုန်းကြီးဖိန်လျူသည် သူ၏ခန္ဓာကိုယ်နှင့်မ ငိုက်အောင် သွက်လက်ပေါ့ပါးစွာ ခုန်ဝင်လာပြီး တစ်ဘက်မှ ကျောက်ရီရှုံးကို တိုက်ခိုက်သည်။ မုလိန်နှင့် ခါးကုန်းကြီးဖိန်လျူးတို့သည် ကျောက်ရီရှုံး၏ရှေ့မှ ညှပ်၍ တိုက်ခိုက်ကြခြင်းဖြစ်၏။ ကျောက်ရီရှုံးသည် သူ့ကိုယ်ကို လှည့်ပတ်၍ ပြန်လည်တိုက်ခိုက်နေရသည်။

မုလိန်၏ တပည့်လေးယောက်ကလည်း လှူခွဲ၍ ကျောက်ရီရှုံးကို ဝဲယာမှ တိုက်ကြသည်။



ခါးကုန်းကြီး ဖိန်လျူးနှင့် မုလိန်တို့မှာ ကျောက်ရီရှုံးနှင့် ယှဉ်ပြိုင်ခဲ့ကြဖူးသဖြင့် ကျောက်ရီရှုံး၏ သိုင်းပညာထက်မြက်မှုကို သိနေကြသည်။ ထို့ကြောင့် သူတို့နှစ်ဦးသည် အရမ်းမဝင်ကြဘဲ ကျောက်ရီရှုံး၏ ဟာကွက်လွတ်ကွက်ကိုသာ ကြည့်၍ တစ်ချက်တစ်ချက် ဝင်တိုက်ကြ၏။

မုလိန်၏တပည့် ဝတ်စုံနက် လေးယောက်ကမူ ကျောက်ရီရှုံး၏ သိုင်းပညာအကြောင်းကို မသိထားကြချေ။ ထို့ကြောင့် သူတို့လေးယောက်သည် အတင်းဝင် အတင်းဖိ၍ ပြိုင်တူပင် တိုက်ခိုက်ကြ၏။ သူတို့လေးယောက်၏ဓားများက ကျောက်ရီရှုံး၏ ငယ်ထိပ်၊ လည်ပင်း၊ ရင်ဘတ်နှင့် ဝမ်းဗိုက်ဆီသို့ တပြိုင်တည်း ဝင်လာကြသည်။

ကျောက်ရီရှုံးသည် ကိုယ်ကို ချာခနဲ လှည့်လိုက်ပြီး သူ့လက်ထဲမှ ချိုင်းထောက်နှင့် ခါးကုန်းကြီးဖိန်လျူးလက်ထဲမှ ချိုင်းထောက်ကို ဦးစွာရိုက်ဖယ်ထုတ်သည်။ ခါးကုန်းကြီး ဖိန်လျူးနောက်ကို ခြေတစ်လှမ်းခန့် ခုန်ဆုတ်သွားချိန်တွင် ကျောက်ရီရှုံးလက်မှ ချိုင်းထောက်အဖျားက သူ၏ လက်ဝဲဘက်ရှိ ဝတ်စုံနက်နှစ်ယောက်၏ ရင်ဘတ်နှင့် လည်ပင်းကို ဆက်တိုက် ထိုးမိသွားသည်။

"အား....."

"အင့်....."

ဝတ်စုံနက် နှစ်ဦးစလုံး နာကျင်စွာ ညည်းညူ၍ လဲကျသွား

ကြသည်။ ချိုင်းထောက်က ထိပ်ဖျားမှာ အနည်းငယ် ချွန်နေသဖြင့် ယင်းဝတ်စုံနက်နှစ်ယောက်၏ လည်ပင်းနှင့် ရင်ဘတ်မှာ ပေါက်သွားကာ သွေးများလည်း ပန်းထွက်လာကြ၏။

ကျောက်ရီရှုံးသည် မုလိန်နှင့် ကျန်ဝတ်စုံနက် နှစ်ယောက်တို့၏ တိုက်ခိုက်မှုကို ရှောင်တိမ်းကာ လဲကျသွားသူနှစ်ယောက်ကို ခုန်ကျော်ဖောက်ထွက်လိုက်သည်။ ထိုစဉ် အော်ဟစ်တိုက်ခိုက်သံများကြောင့် အခန်းထဲသို့ ဝတ်စုံနက် ဝတ်ထားသော မုလိန်၏ တပည့်များ ပြေးဝင်လာကြပြန်သည်။ သူတို့လက်ထဲတွင်လည်း လက်နက်အသီးသီးကို အသင့်ကိုင်ထားကြသည်။

“ဝိုင်းတိုက်ကြစမ်းဟေ့၊ ဝိုင်းတိုက်ကြစမ်း၊ ဒီကောင့်ကို မလွတ်စေနဲ့၊ အသေသတ်”

မုလိန်က သူ့တပည့်များကို အော်ဟစ် အမိန့်ပေးလိုက်သည်။

ဝတ်စုံနက်များကလည်း ကျောက်ရီရှုံးကို တရကြမ်း ဝင်တိုက်ကြသည်။ ကျောက်ရီရှုံးက လဲကျနေသော ဝတ်စုံနက်ထံမှ ဓားရှည်ကို ကောက်ယူပြီး ဘယ်ဘက်လက်တွင် ကိုင်လိုက်၏။ ညာဘက်လက်တွင်လည်း ချိုင်းထောက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကာ ဝတ်စုံနက်များကို ပြန်လည်တိုက်ခိုက်သည်။

မုလိန်နှင့် ခါးကုန်းကြီးဖိန်လျူးတို့ကလည်း တစ်ဘက်တစ်ချက်စီမှ ဝင်တိုက်ကြသည်။

တကယ်တမ်း ထိုကဲ့သို့ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကိုခံရသော အခါ ကျောက်ရီရှုံးမှာ စိုးရွံ့ထိတ်လန့်စိတ် ဝင်လာရတော့သည်။



ဝတ်စုံနက်များမှာ သူ့ကို အသေခံ၍ တရကြမ်း တိုက်ခိုက်ကြသောကြောင့် ဖြစ်လေသည်။ သူ့လက်ချက်နှင့် ဝတ်စုံနက်များ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သော်လည်း နောက်ထပ်ရောက်လာသော ဝတ်စုံနက်များကြောင့် လူလျော့သည် မရှိဘဲ တိုးသထက် တိုးလာသည်။

ကျောက်ရီရှုံးသည် ဝက်ပါဓားကွက်ကိုပင် သုံး၍ ပြန်လည်တိုက်ခိုက်သည်။

သို့သော် မုလိန်နှင့် ခါးကုန်းကြီး ဖိန်လျူးတို့က သူ့ကို ထွက်ပေါက်မပေးဘဲ ဖိတိုက်လာသဖြင့် သူ့အခြေအနေမှာ ကြာလေဆိုးလေ ဖြစ်လာသည်။ များပြားလှသော မုလိန်တို့လူစုအတွင်းမှ ဖောက်ထွက်ရန် ခက်လာသည်။ ဤအတိုင်းသာ ဆက်၍ တိုက်ခိုက်နေပါက ရန်သူ့လက်ချက်နှင့် မလွဲမသွေ သေဆုံးရတော့မည်ကိုလည်း တွက်ဆမိလာသည်။

ကျောက်ရီရှုံးသည် တိုက်ခိုက်နေရင်းမှ အချက်တစ်ချက်ကိုလည်း သတိထားမိလာသည်။

သူတို့ တိုက်ခိုက်နေသော အခန်းကြီးထဲတွင် အဆိပ်ပြင်းသော မြွေများ၊ ကင်းမြီးကောက်များ၊ ပင့်ကူများ ထည့်ထားသော မှန်လှောင်အိမ်၊ သံဇကာလှောင်အိမ်များ ရှိနေသည်။ ကျောက်ရီရှုံးသည် တိုက်ခိုက်ရှောင်တိမ်းနေရင်းမှ ၎င်းလှောင်အိမ်များအနီးကို ရောက်သွားသောအခါ မုလိန်နှင့် သူ့လူများက လှောင်အိမ်များကို မထိမိအောင် ဂရုစိုက် တိုက်ခိုက်တတ်ကြောင်း သတိထားမိခြင်းဖြစ်၏။

ထိုအချက်ကို ကြည့်ခြင်းအားဖြင့် လှောင်အိမ်များ ပျက်စီးသွားပြီး အတွင်းမှ သတ္တဝါများ ထွက်လာမည့်ရန်ကို မုလိန်တို့တစ်တွေ စိုးရိမ်ကြကြောင်း ကျောက်ရီရှုံး သိရလေသည်။

ထိုကဲ့သို့ သတိထားမိချိန်တွင် အလစ်ကို စောင့်နေသော မုလိန်က သူ့ဘယ်ဘက်လက်ထဲမှ မွေးပွကျူတံဖြင့် ကျောက်ရီရှုံး၏ ဘယ်ဘက်လက်မှ ဓားရှည်ကို ရစ်ပတ် ဆွဲယူသွားတော့၏။ ကျောက်ရီရှုံးသည် တစ်ဖက်မှ တိုက်ခိုက်နေသော ခါးကုန်းကြီးဖိန်လျူးနှင့် ဝတ်စုံနက်များကို အာရုံစိုက်နေချိန်ဖြစ်သဖြင့် သူ့လက်ထဲမှ ဓားရှည် ပါသွားတော့၏။

ကျောက်ရီရှုံးသည် ခံပြင်းဒေါသဖြစ်သွားပြီး မုလိန်ဘက်ကို လှည့်ကာ အတင်းဖိတိုက်တော့၏။ မုလိန်မှာ သူ့ကို ပြန်မတိုက်ဘဲ ခုခံရုံသက်သက်သာ ပြန်တိုက်ရင်း ရှောင်တိမ်းလျက်ရှိသည်။

အချိန် ကြာလာသည်နှင့်အမျှ သူတို့ဘက်က သေချာပေါက် အနိုင်ရနိုင်ကြောင်း မုလိန်ကိုယ်တိုင်လည်း တွက်ဆမိပြီဖြစ်၍ အချိန်ဆွဲ၍ တိုက်နေခြင်းဖြစ်၏။

ကျောက်ရီရှုံး ကိုယ်တိုင်လည်း ဤအခြေအနေကို တွက်ဆမိသဖြင့် အချိန်ဆွဲ၍ မတိုက်ရဲချေ။ အတင်းဖိ၍သာ တရကြမ်းတိုက်ခိုက်သည်။ ထိုစဉ် သူ့နောက်ဘက်ဆီမှ ဘယ်ဘက်ပခုံးကို ဖျောင်းခနဲ 'အရိုက်ခံလိုက်ရသည်။ သူ့ပခုံးရိုး ကျိုးသွားလေပြီပလားဟု ထင်မှတ်ရလောက်အောင် နာကျင်သွားပြီး ရှေ့ကိုလည်း ငိုက်ကျသွားသည်။

နောက်ဘက်မှ ခါးကုန်းကြီးဖိန်လျူးက သူ၏ချိုင်းထောက်



နှင့် ကျောက်ရီရှုံးကို ရိုက်လိုက်ခြင်းဖြစ်၏။ တကယ်တော့ ခါးကုန်းကြီးဖိန်လျူးသည် ကျောက်ရီရှုံး၏ ငယ်ထိပ်ကို အပေါ်မှ မိုး၍ ရိုက်လိုက်ခြင်းသာဖြစ်၏။ ကျောက်ရီရှုံး၏ ခေါင်းက ရှေ့လျားသွားသဖြင့်သာ ပခုံးကို ရိုက်မိသွားခြင်း ဖြစ်လေသည်။

ကျောက်ရီရှုံးရှေ့ကို လဲကျလုလု မှောက်ယိုင်အသွားတွင် မုလိန်က ဓားရှည်ဖြင့် ရင်ဝကို ဆီးထိုးလိုက်သည်။ ဘယ်လက်မှ မွေးပွကျူတံလက်နက်နှင့်လည်း ကျောက်ရီရှုံးလည်ပင်းကို ရိုက်ချသည်။

ကျောက်ရီရှုံးသာ အချိန်မီ မခုခံ မရှောင်တိမ်းပါက မုလိန်၏ လက်နက်နှစ်ခုစလုံးဖြင့် ပွဲချင်းပြီး သေဆုံးသွားနိုင်လေသည်။

ထိုအချက်ကို သိသော ကျောက်ရီရှုံးသည် စိတ်အားတင်းလိုက်ပြီး သူ့ရင်ဝကို ဝင်လာသော ဓားရှည်ကို လက်ထဲမှ ချိုင်းထောက်နှင့် ရိုက်ဖယ်ထုတ်လိုက်သည်။ ခြေကို စုံကန်ပြီး သွက်လက်စွာ နောက်ကိုလည်း ပက်လက်လှန်ချလိုက်၏။ ကြမ်းပြင်ပေါ် ပက်လက်လန်ကျသွားသဖြင့် ဒဏ်ရာရထားသော ဘယ်ဘက်ပခုံးနှင့်ကြမ်းပြင် အရှိန်ပြင်းစွာ ထိသွားလေရာ သူသည် အသည်းခိုက်အောင် နာကျင်သွားတော့၏။ သူ့မျက်လုံးအစုံပင် ပြာဝေလာသည်။ သူသာ စိတ်လျှော့လိုက်ပါက သတိမေ့သွားနိုင်သော အခြေအနေမျိုး ဖြစ်လေသည်။

ကျောက်ရီရှုံးသည် သတိကို ထိန်းချုပ်လိုက်ပြီး အတွင်းအားကို စုစည်းလိုက်သည်။

ထိုစဉ် သူ့ခန္ဓာကိုယ်ပေါ်သို့ ဓားသုံးလက်က စိုက်ဝင်လာ

သည်။ ကျောက်ရှိုးက ချိုင်းထောက်နှင့် ရိုက်ဖယ်လိုက်ရာ ဓားသုံးလက်စလုံးကို ရိုက်မိသွားသည်။

"ထန်း.....ထန်း.....ချွမ်း"

ဓားသုံးလက်စလုံး လွင့်စင်သွားသည်နှင့် ကျောက်ရှိုး ကြမ်းပေါ်တွင် ကိုယ်ကို တစ်ပတ်လှိမ့်လိုက်ပြီး ဖျတ်ခနဲ ထရပ်သည်။ သို့သော် သူသည် ကောင်းကောင်းမရပ်နိုင်ဘဲ ယိုင်ထိုးလျက် ရှိနေသည်။ သူ့ပခုံးရိုးမှာလည်း ကျိုးသွားသည် ထင်ရလောက်အောင် နာကျင်နေသည်။

ကျောက်ရှိုး အခြေအနေ မဟန်တော့ကြောင်း သိနေပြီဖြစ်သော မုလိန်တို့လူစုသည် တရကြမ်း ဖိ၍ တိုက်ခိုက်ကြတော့သည်။ အော်ဟစ် မာန်သွင်းသံများမှာလည်း ပွက်လောညံသွားသည်။ ကျောက်ရှိုး၏ ဘယ်ဘက်လက်မှာ လုံးလုံး လှုပ်ရှား၍ မရတော့ချေ။ သူသည် ခန္ဓာကိုယ် ယိမ်းယိမ်းယိုင်ယိုင်နှင့်ပင် မုလိန်တို့လူစုကို ပြန်လည်တိုက်ခိုက်နေရတော့၏။ သူသေရမည့်အတူတူ သူမသေခင် မုလိန်တို့လူစုကို အတတ်နိုင်ဆုံး သတ်သွားမည်ဟု ယတိပြတ် ဆုံးဖြတ်ချက်လည်း ချထားသည်။ ထို့ကြောင့် ကျောက်ရှိုးသည် ညာလက်ဖြင့် ချိုင်းထောက်ကို တရကြမ်း ဝှေ့ယမ်းကာ အတင်းဖိတိုက်လေတော့သည်။

ကျောက်ရှိုး တရကြမ်း ဖိတိုက်သောအခါ သူ့ချိုင်းထောက်က ဝတ်စုံနက်နှစ်ယောက်ကို ရိုက်မိသွားပြီး ပုံခနဲ လဲကျသွားသည်။ ခါးကုန်းကြီး ဖိန်လျှုး၏ရင်ဝကိုလည်း သူ့ချိုင်းထောက်က အရှိန်ပြင်းစွာ ထိုးမိသွားပြန်သည်။



"အီး....."

ချိုင်းထောက်ကို ပြန်ဆွဲလိုက်သောအခါ ခါးကုန်းကြီး ဖိန်လျှုး၏ရင်ဝမှ သွေးတွေ ပန်းထွက်လာသည်။ ခါးကုန်းကြီး ဖိန်လျှုး ရှေ့ကို ဝုန်းခနဲ မှောက်ကျကာ ငြိမ်သက်သွားသည်။

"ရုပ်ပြောင်း ဘုရင်ရေ..... ခင်ဗျားအတွက် ခါးကုန်းကြီးကို လက်စားချေပြီးပြီ၊ တိုင်းပြည်အတွက်လည်း ကျုပ်အသက်နဲ့လဲပြီး ဒုစရိုက်ကောင်တွေကို သုတ်သင်ရဦးမယ်"

ကျောက်ရှိုးသည် အသံကျယ်ကျယ်ဖြင့် အော်ဟစ်ရင်း မုလိန်တို့ လူစုကို တရကြမ်း ဝင်တိုက်ပြန်လေသည်။

တစ်ကြိမ်တွင် သူသည် မုလိန်ကို ချိုင်းထောက်နှင့် အားကုန် လွှဲရိုက်လိုက်သည်။ မုလိန်က ငုံ့ရှောင်ပေးလိုက်ရာ သူ့ချိုင်းထောက်က အစိမ်းရောင် မြွေကလေးများ ထည့်ထားသော မှန်လှောင်အိမ်ကို ပြင်းထန်စွာ ရိုက်မိသွားသည်။

"ချွမ်း....."

မှန်လှောင်အိမ် အစိတ်စိတ်အမွှာမွှာ ကွဲသွားပြီး အထဲမှ အစိမ်းရောင်မြွေလေးများ လွင့်စင်ထွက်လာတော့၏။ မြွေနှစ်ကောင် သုံးကောင် ဝတ်စုံနက်များထံ ရောက်သွားသည်။

"အား....."

"အီး....."

ဝတ်စုံနက်နှစ်ယောက်ထံမှ နာကျင်စွာ အော်ဟစ်သံ ပေါ်လာပြီး ကြမ်းပေါ်ကိုလည်း ဝုန်းခနဲ လဲကျသွားကြသည်။

"ဟာ လုပ်ကြပါဦး၊ မြွေတွေ.....မြွေတွေ"

မုလိန်နှင့်တပည့်များ ထိတ်လန့်တကြီး ဖြစ်သွားကြပြီး သူတို့အနီး ရောက်လာသော မြွေများကို ခုတ်ပိုင်းကြသည်။ သူတို့အားလုံး ကျောက်ရှိန်းကို တိုက်ခိုက်ရန်ပင် သတိမေ့သွားကြသည်။ တစ်ခန်းလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်သည်။ မြွေစိမ်းကလေးများက ဒေါသတကြီး ဖြစ်နေပုံဖြင့် တရှူးရှူးတရှဲရှဲ မြည်ကာ မုလိန်နှင့် တပည့်များထံ ခုန်ဝင်သည်။

သို့သော် သူ့ထံသို့ မြွေကလေးများ ထပ်မလာသည်ကို ကျောက်ရှိန်း သတိထားမိသည်။

သူ့ထံတွင် ရွှေတိမ်နန်းလိန်လန် ပေးလိုက်သော ဝှန်တန်ဆေးမြစ် ရှိနေသည်။ ယင်းဆေးမြစ်၏အနံ့ကို အဆိပ်ရှိသော သတ္တဝါမှန်သမျှ ကြောက်ကြသည်။ ထို့ကြောင့် သူ့အနီးသို့ မြွေကလေးများ မကပ်ကြကြောင်း စဉ်းစားမိသည်။ ထိုသို့ စဉ်းစားမိသဖြင့်လည်း ကျောက်ရှိန်း ဝမ်းသာအားတက်သွားသည်။

မုလိန်နှင့် တပည့်များမှာ ဒုစရိုက်သမားများ ဖြစ်ကြသည်။ ကျောက်ရှိန်းသည် ဒုစရိုက်သမားများကို တစ်ယောက်မကျန် အသေသတ်ပစ်ချင်သည်။ အဓိကအားဖြင့် သိုင်းပညာ ထက်မြက်လှသော မုလိန်လို ဒုစရိုက်ခေါင်းဆောင်ကြီးကို သုတ်သင်ပစ်လိုသည်။ ယခုလို အခွင့်သာတုန်း သုတ်သင်ရှင်းလင်းမည်ဟုလည်း ဆုံးဖြတ်လိုက်၏။

ထိုစဉ် မြွေများကို သတ်ဖြတ် သုတ်သင်ပြီးသော မုလိန်နှင့်တပည့်များသည် ကျောက်ရှိန်းကို တိုက်ခိုက်ရန် ခုန်ဝင်လာကြသည်။ ကျောက်ရှိန်းက မုလိန်တို့လူစုကို ပြန်မတိုက်တော့ချေ။



သူတို့၏ တိုက်ခိုက်မှုကို ရှောင်တိမ်းပြီး ညာဘက်လက်တွင် ကိုင်ထားသော ချိုင်းထောက်နှင့် အနီးရှိ မှန်လှောင်အိမ်ကို လှဲရိုက်လိုက်သည်။

"ခွမ်း.....ချလွမ်း"

ဆက်တိုက်ပင် သူသည် ကျန်သော မှန်လှောင်အိမ်များ၊ သံဇကာ လှောင်အိမ်များကို ချိုင်းထောက်နှင့်လှဲ၍ ရိုက်ကာ ဖျက်ဆီးပြန်သည်။

"ဟေ့.....မလုပ်နဲ့၊ မလုပ်နဲ့"

မုလိန်က မျက်လုံးပြူး မျက်ဆံပြူးနှင့် တားဆီးသော်လည်း ချိုင်းထောက် ရိုက်ချက်မိ၍ လှောင်အိမ်အတော်များများ ကွဲကြေပျက်စီးကုန်တော့သည်။

"ဖြောင်း.....ဂလွမ်း"

"ကင်းမြီးကောက်တွေ"

"ပင့်ကူကြီး.....အား"

ကွဲရှသံများ၊ ကျိုးပျက်သံများ၊ ထိတ်လန့်တကြီး အော်ဟစ်ညည်းတွားသံများ ကျွက်ကျွက်ညံအောင် ပေါ်ထွက်လာသည်။ လှောင်အိမ်များအတွင်းမှ မြွေများ၊ ကင်းမြီးကောက်များ၊ ပင့်ကူကြီးများ ထွက်လာပြီး မုလိန်၏ တပည့်များကို ကိုက်ကြသောကြောင့် ဖြစ်လေသည်။

ကျောက်ရှိန်းကမူ မြွေများ၊ ကင်းများ၊ ပင့်ကူများကြားမှ ဖြတ်ပြေးခဲ့သည်။ အဆိပ်ရှိသော ယင်းသတ္တဝါအားလုံးက ကျောက်ရှိန်းကို ရှောင်တိမ်းကြသည်။ သူသည် တံခါးဝသို့

ရောက်အောင်လာပြီး ပိတ်ရပ်နေလိုက်၏။

မုလိန်နှင့် တပည့်များအားလုံးမှာ ကျောက်ရှိုးကို လုံးလုံးဂရုမစိုက်နိုင်တော့ချေ။ သူတို့ထံ ရောက်လာသော အဆိပ်ပြင်းသတ္တဝါများကိုသာ လက်နက်ကိုယ်စီနှင့် ခုတ်ပိုင်းနေကြရ၏။ အချို့လည်း အဆိပ်ပြင်းသတ္တဝါ အကိုက်ခံရပြီး ဘုန်းခနဲ ဝုန်းခနဲ လဲကျသွားကြသည်။

မုလိန်သည် များပြားလှသော အဆိပ်ပြင်းသတ္တဝါများ၏ ရန်ကို မကာကွယ်နိုင်တော့သဖြင့် တံခါးပေါက်ဆီ တရှိန်ထိုးပြေးလာသည်။ တံခါးပေါက်တွင် ပိတ်ရပ်နေသော ကျောက်ရှိုးနှင့် မျက်နှာချင်း ဆိုင်မိသည်။

"ဖယ်ပါ၊ ဖယ်စမ်းပါ"

မုလိန်က ထိတ်လန့်တကြီး ပြောသော်လည်း ကျောက်ရှိုးက မဖယ်ဘဲ ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။

"ကျုပ်ကို နိုင်အောင် တိုက်နိုင်ရင်တော့ ဒီအပေါက်က ထွက်ပေါ့"

ကျောက်ရှိုး စကားသံအဆုံးတွင် မုလိန်က သူ့လက်ထဲမှ ဓားဖြင့် ကျောက်ရှိုး ရင်ဝကို ထိုးလိုက်သည်။ ကျောက်ရှိုးက ချိုင်းထောက်နှင့် ပြန်၍ ရိုက်ဖယ်သည်။ ထိုစဉ် မုလိန် ဘယ်လက်မှ မွေးပွကျူတံက ကျောက်ရှိုး လည်ပင်းကို လွှဲရိုက်လာပြန်သည်။ ကျောက်ရှိုး ငုံ့ရှောင်လိုက်ပြီး မုလိန်ရင်ဝကို ချိုင်းထောက်နှင့် ပြန်ထိုးလိုက်၏။

မုလိန် နောက်ကို ခြေနှစ်လှမ်းစာမျှ ခုန်ရှောင်သည်။



ကြမ်းပြင်ပေါ် ခြေပြန်အကျ သူ့ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။ မျက်နှာကြီး ရှုံ့မဲ့သွားကာ မျက်လုံးအစုံလည်း ပြူးကျယ်သွားသည်။

ကျောက်ရှိုးက မုလိန်ခြေထောက်ဆီကို ကြည့်လိုက်သည်။ မုလိန်ခြေထောက်တွင် အနီရောင် ပင့်ကူကြီးကြီး တစ်ကောင် ကပ်နေသည်ကို တွေ့ရသည်။ မုလိန်တစ်ယောက် အဆိပ်ပြင်းသော ပင့်ကူနီ အကိုက်ခံရလေပြီ။

"မင်း.....မင်း.....မင်း....."

သူ၏မျက်နှာမှာ တမုဟုတ်ချင်း ညိုမည်းလာသည်။

မုလိန်သည် ကျောက်ရှိုးကို ဓားအဖျားနှင့် ညွှန်ထိုးပြီး ရှေ့ကို ခြေတစ်လှမ်း လှမ်းသည်။ သို့သော် သူ့ခြေထောက် တစ်လှမ်းပြည့်အောင်ပင် မလှမ်းနိုင်ချေ။ အသံကျယ်ကျယ် ညည်းတွားရင်း ကြမ်းပေါ်ကို ဝုန်းခနဲ လဲကျသွားတော့၏။

သူ့ ပုံပန်းသဏ္ဌာန်ကို မြင်ရုံနှင့် အသက်ဝိညာဉ် ချုပ်ငြိမ်းသွားပြီဖြစ်ကြောင်း ကျောက်ရှိုး သိနိုင်လေသည်။

ထိုအချိန်တွင် ကျောက်ရှိုးရှိရာ တံခါးပေါက်ဆီသို့ ဝတ်စုံနက်သုံးယောက် ပြေးလာကြသည်။ ကျန်လူအားလုံးမှာ မြေပေါ်တွင် လဲကျနေပြီဖြစ်၏။ ကျောက်ရှိုးက ရှေ့မှကြိုပြီး ဝတ်စုံနက်သုံးယောက်ကို တိုက်ခိုက်သည်။

ဒဏ်ရာရထားသော သူ၏ဘယ်ဘက်ပခုံးမှာ လွန်စွာနာကျင်နေသော်လည်း သူသည် နောက်ဆုံးအနေနှင့် ဖွဲ့တင်းလိုက်ကာ တရကြမ်း တိုက်ခိုက်လိုက်ခြင်းဖြစ်၏။ စိတ်ကယောင်

ကတန်း ဖြစ်လာသော ဝတ်စုံနက် သုံးယောက်စလုံး ကျောက်ရီရှုံး၏ တိုက်ခိုက်မှုကို လုံးလုံး မကာကွယ်နိုင်ကြချေ။

"အွန့်.....အင့်.....အားရီး"

ဝတ်စုံနက် သုံးယောက်စလုံးထံမှ ဆက်တိုက်ပင် ညည်းညူသံများ ပေါ်ထွက်လာပြီး ကြမ်းပေါ်ကို တဝုန်းဝုန်း လဲကျသွားကြသည်။

ဤနေရာ ဤဝန်းကျင်တွင် မတ်တတ်ရပ်နေသူဆို၍ ကျောက်ရီရှုံးတစ်ယောက်သာ ရှိတော့၏။ လဲကျနေသူများကိုယ်ပေါ်မှလည်းကောင်း၊ ကြားမှလည်းကောင်း၊ မြွေများ၊ ကင်းမြီးကောက်များ၊ ပင့်ကူများက တရွေ့တရွေ့ သွားနေကြသည်။

အချို့သတ္တဝါများလည်း မုလိန်တို့လူစု၏ လက်ချက်ကြောင့် သွေးသံရဲရဲဖြင့် သေဆုံးနေကြသည်။

အသက်ရှင်လျက် လွတ်မြောက်ထွက်ပြေးသွားသော မုလိန်၏တပည့် သုံးလေးယောက်တော့ ရှိပေလိမ့်မည်။ လှောင်အိမ်များကို ကျောက်ရီရှုံး ရိုက်ခွဲနေစဉ် အထိတ်တလန့်နှင့် ထွက်ပြေးလွတ်မြောက်သွားကြခြင်း ဖြစ်လေသည်။ ထိုသူများနောက်ကိုတော့ ကျောက်ရီရှုံး မလိုက်နိုင်တော့ချေ။ ဤအိမ်တွင်လည်း ကြာကြာဆက်နေ၍ မဖြစ်တော့။ သူ့တွင် ဒဏ်ရာရထားသဖြင့် မည်သူ့ကိုမှလည်း ဆက်၍ မတိုက်ချင်တော့။

ကျောက်ရီရှုံးသည် ချိုင်းထောက်ကြီးကို လွှင့်ပစ်လိုက်သည်။ ထို့နောက် ရွှေအိမ်နန်းစံအိမ်မှ ထွက်ခွာလာခဲ့လေတော့၏။

*



အခန်း - ၇၃

## ရုပ်ပြောင်းဘုရင်အလောင်း

ကျောက်ရီရှုံးသည် ပခုံးတွင် ဒဏ်ရာပြင်းထန်စွာ ရထားသော်လည်း ကွေ့ကျိုးမြို့တွင် အနားယူ၍ သူ့ဒဏ်ရာကို မကုသရဲချေ။ မုလိန်တို့သတင်းကို ကြားပြီး ဒုစရိုက်သမားများ သူ့နောက်ကို လိုက်လာကြမည် စိုးသောကြောင့် ဖြစ်၏။ လောလောဆယ် သူ့အနေနှင့် မည်သူနှင့်မှ တိုက်ခိုက်ခြင်း မပြုလုပ်လိုပေ။ ပခုံးမှဒဏ်ရာက လွန်စွာ နာကျင်နေသောကြောင့်ဖြစ်၏။

သူသည် သူ့ထံတွင် ပါလာသော ဝါးစိမ်းဘိုးဘိုး၏

အသက်ကယ်ဆေးကို စားထားလိုက်သည်။ ဆေးဆိုင်တစ်ဆိုင်တွင် ဒဏ်ကြေဆေး ဝယ်ပြီး သောက်ခဲ့သည်။ ထို့နောက် ချက်ချင်းပင် ကွေ့ကျိုးမြို့ကို ကျောခိုင်းထွက်ခွာလာခဲ့သည်။

နောက်တစ်နေ့ ညနေတွင် ရွာကြီးတစ်ရွာသို့ ရောက်လာသည်။ သူသည် တစ်လမ်းလုံး အားတင်း၍ လာခဲ့ရသော်လည်း သူ၏ပခုံးမှဒဏ်ရာမှာ အတော်ကလေး ဆိုးရွားနေသည်။ ယင်းဒဏ်ရာကြောင့်လည်း ခရီးမတွင်ချေ။ ထို့ကြောင့် သူသည် ၎င်းရွာကြီးတွင်ပင် နှစ်ရက်နီးပါးခန့် နားပြီး ရွာမှ သမားတော်ကြီးထံတွင် သူ့ဒဏ်ရာကို ဆေးကုသမှု ခံယူရလေသည်။

သမားတော်ကြီး၏ စမ်းသပ်စစ်ဆေးချက်အရ သူ့ပခုံးမှာ ကျိုးမသွားသော်လည်း အနည်းငယ် ကြေသွားကြောင်း ကျောက်ရိရှုံး သိရလေသည်။ သမားတော်ကြီးက ဆယ်ရက်ခန့် အနားယူပြီး ကုသလိုက်လျှင် ပျောက်ကင်းနိုင်ကြောင်း ပြောသော်လည်း ကျောက်ရိရှုံးသည် ထိုမျှအထိ ရက်ကြာအောင် မနေနိုင်ချေ။ သူပြန်ရောက်အလာကို ရွှေတိမ်နန်းလိန်လန် မျှော်နေပေလိမ့်မည်။

ကျောက်ရိရှုံးသည် ၎င်းရွာကြီးမှ ထွက်လာခဲ့ပြီးနောက် နောက်တစ်နေ့တွင် ရုပ်ပြောင်းဘုရင်နေသော မြို့ကလေးသို့ ရောက်လာခဲ့သည်။ မြို့ကလေးသို့ ရောက်လျှင်ရောက်ချင်းပင် ရုပ်ပြောင်းဘုရင် ထိုက်ဟူး၏အိမ်သို့ တန်းလာခဲ့သည်။ ရုပ်ပြောင်းဘုရင် ထိုက်ဟူး၏အိမ်သို့ ရောက်လာသောအခါ အသုဘအခမ်းအနား ပြင်ဆင်ထားသည်ကို ကျောက်ရိရှုံး လှမ်းတွေ့ရ



သဖြင့် ရင်ထဲတွင် ဆို့သွားသည်။

ရုပ်ပြောင်းဘုရင်ထိုက်ဟူးသည် သူ့အတွက်ကြောင့် ခါးကုန်းကြီးဖိန်လျူး၏ လက်ချက်ဖြင့် သေဆုံးသွားရသည် မဟုတ်ပါလား။ ရုပ်ပြောင်းဘုရင်ထိုက်ဟူး သေဆုံးသွားသည့် ရက်ကို တွက်ကြည့်သောအခါ ခြောက်ရက်ခန့်ရှိပြီ ဖြစ်ကြောင်း တွက်ဆမိသည်။ ယခုဆိုလျှင် ရုပ်ပြောင်းဘုရင်ထိုက်ဟူး၏ ရုပ်အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီးလောက်ပြီဟု တွေးမိ၏။

အသုဘအိမ်တွင် လူများများစားစားတော့ မရှိချေ။ အိမ်နီးနားချင်း လေးငါးခြောက်ယောက်နှင့် ၎င်းမြို့ကလေး၏ လူမှုရေးတာဝန်ခံ တာဝန်တို့သာ ရှိသည်။ ကျောက်ရိရှုံး ဝင်လာသောအခါ လူမှုရေးတာဝန်ခံ တာဝန်က ခရီးဦးကြိုဆိုလေသည်။

‘ကြွပါခင်ဗျာ ကြွပါ၊ မိတ်ဆွေက နောင်ကြီးထိုက်ဟူးရဲ့မိတ်ဆွေ ထင်ပါရဲ့”

ကျောက်ရိရှုံးက စိတ်မချမ်းမြေ့စွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်ပြီး–

“ဟုတ်ကဲ့ ကျွန်တော်ဟာ ရုပ်ပြောင်းဘုရင်ထိုက်ဟူးရဲ့ မိတ်ဆွေ ကျောက်ရိရှုံးပါ၊ သူ့ရဲ့အဖြစ်ဆိုးကို ကြားရလို့ ရပ်ဝေးက လာခဲ့တာပါ၊ သူ့အလောင်းကိုတော့ မြေမြှုပ်သင်္ဂြိုဟ်ပြီးကြရောပေါ့”

“မသင်္ဂြိုဟ်ရသေးပါဘူးခင်ဗျာ၊ မနက်ဖြန်တစ်ရက် ထားပါဦးမယ်၊ ကြာရှည်ထားနိုင်အောင်လဲ ဆေးဝါးတွေနဲ့ စီရင်ပေးထားပါတယ်၊ သူ့ရဲ့အလောင်းဟာ ခေည့်ခန်းမကြီးထဲမှာ ရှိနေ

ပါသေးတယ်"

လူမှုရေးတာဝန်ခံ တာ့ဝမ့်၏ စကားကြောင့် ကျောက်ရီရှုံး အံ့သြသွားမိသည်။ ဤမျှ ရက်ကြာအောင် ရုပ်ပြောင်းဘုရင်ထိုက်ဟူး၏ အလောင်းကို မြေမြှုပ်မသင်္ဂြိုဟ်သေးခြင်းအတွက်လည်း စဉ်းစားမရအောင် ဖြစ်မိသည်။

တကယ်တော့ ရုပ်ပြောင်းဘုရင်ထိုက်ဟူး၏ အလောင်းကို ဤမျှ ရက်ကြာအောင်ထားဖို့ အကြောင်းမရှိဟု တွေးမိသည်။ တစ်ဖက်ကလည်း ရုပ်ပြောင်းဘုရင်ထိုက်ဟူး၏အလောင်းကို မှ မြင်နိုင်သေးသည့်အတွက် ကျေနပ်မိပြန်သည်။

"နောင်ကြီးထိုက်ဟူဆုံးတာ ဒီနေ့ဆို ခြောက်ရက်ရှိပြီနော်"

"ဟုတ်ပါတယ်"

"ကျွန်တော့်စိတ်ထဲမှာ ဒီလောက်ဆို မြေမြှုပ်သင်္ဂြိုဟ်ပြီး ပြီလို့ ထင်နေတာ"

"ကျွန်တော်ဟာ ဒီမြို့ရဲ့ သာရေးနာရေး လူမှုရေး တာဝန်ခံ တာ့ဝမ့်ပါ၊ နောင်ကြီးထိုက်ဟူးနဲ့လဲ ခင်မင်ကြသူတွေပါ၊ နောင်ကြီးထိုက်ဟူး ဆုံးသွားပြီဆိုတဲ့သတင်းကို ကြားရချင်းချင်းပဲ သူ့အသုဘ အစီအစဉ်ကို ကျွန်တော်ပဲ ဦးစီးဆောင်ရွက်ခဲ့တာပါ၊ ဒီမြို့မှာက နောင်ကြီးထိုက်ဟူးရဲ့ ဆွေမျိုးသားချင်း တစ်ယောက်မှ မရှိဘူး မဟုတ်လား၊ တစ်ခြားမြို့ရွာမှာလဲ သူ့ဆွေမျိုးသားချင်း ရှိသလား၊ မရှိသလား ကျွန်တော် မသိတော့ အကြောင်းမကြားနိုင်ခဲ့ပါဘူး၊ အဲ....သုံးရက်မြောက်တဲ့နေ့ အသုဘ မချခင်မှာပဲ နောင်ကြီးထိုက်ဟူးရဲ့ အစ်ကိုဝမ်းကွဲနဲ့



မရီးဖြစ်သူတို့ ရောက်လာကြပါတယ်"

"ဗျာ....နောင်ကြီး ထိုက်ဟူး၏ အစ်ကိုဝမ်းကွဲ ဟုတ်လား ဘယ်သူလဲ"

ကျောက်ရီရှုံး မျက်မှောင်ကြုတ်သွားပြီး ပြန်မေးလိုက်သည်။ သူကိုယ်တိုင် ရုပ်ပြောင်းဘုရင်နှင့် ခင်မင်သော်လည်း ရုပ်ပြောင်းဘုရင်တွင် ဆွေမျိုးသားချင်း မည်၍မည်မျှ ရှိကြောင်းကို ကျောက်ရီရှုံး မသိချေ။ ယခု ရုပ်ပြောင်းဘုရင်၏ အစ်ကိုဝမ်းကွဲရောက်နေကြောင်း သိရသောအခါ တွေ့ချင်သွားသည်။

လူမှုရေးတာဝန်ခံ တာ့ဝမ့် ပြန်မဖြေခင်မှာပင် အိမ်ထဲမှ အသက်သုံးဆယ်ပတ်ဝန်းကျင်ရှိ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထွက်လာကြသည်။ သူတို့ကိုယ်ပေါ်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေနှင့် အသုဘဝတ်စုံကို ဝတ်ဆင်ထားကြသည်။ နှစ်ဦးစလုံး၏ မျက်နှာများလည်း ညှိုးနွမ်းနေကြသည်။

ယောကျ်ားဖြစ်သူမှာ ခန္ဓာကိုယ် ထွားကြိုင်းသန်မာပြီး မိန်းမဖြစ်သူမှာလည်း ရုပ်ရည်ချော ခန္ဓာကိုယ်ပါ လှပသူဖြစ်၏။ သူတို့၏ မျက်နှာသွင်ပြင် အမူအရာကို မြင်သူတိုင်း အထက်တန်းစားများ ဖြစ်ကြောင်း ခန့်မှန်းမိကြပေလိမ့်မည်။

လူမှုရေးတာဝန်ခံ တာ့ဝမ့်သည် ကျောက်ရီရှုံးအမေးကို ပြန်ဖြေမလိုလုပ်ပြီးမှ ထွက်လာသောစုံတွဲကို မြင်သွားသဖြင့် လက်ညှိုးထိုး၍ ပြောသည်။

"သူတို့နှစ်ဦးကတော့ ရုပ်ပြောင်းဘုရင်ရဲ့ အစ်ကိုဝမ်းကွဲနဲ့ မရီးပဲ"

အမျိုးသားနှင့် အမျိုးသမီးတို့လည်း ကျောက်ရှိရှုံးတို့အနီးကို ရောက်လာကြသည်။ သူတို့ကို ကျောက်ရှိရှုံး တစ်ခါမှ မမြင်ဖူးချေ။ သူတို့ကလည်း ကျောက်ရှိရှုံးကို စိတ်မဝင်စားဟန်ဖြင့် တစ်ချက်သာကြည့်ပြီး ယောကျ်ားဖြစ်သူက လူမှုရေးတာဝန်ခံ တာ့ဝမ့်ကို ပြောသည်။

"နောင်ကြီးတာ့ဝမ့်လဲ ပင်ပန်းလှပါပြီ၊ ပြန်ပြီး အနားယူပါဦးလား"

"ဟုတ်ကဲ့ ညနေတော့ ပြန်ပြီးနားပါ့မယ်၊ နောင်ကြီးထိုက်ဟူးရဲ့မိတ်ဆွေ ရောက်လာပါတယ်၊ ဧည့်ခံလိုက်ပါဦး"

ထိုအခါမှ အမျိုးသားရော အမျိုးသမီးပါ ကျောက်ရှိရှုံးကို မချိပြုံး ပြုံးပြကြသည်။ အမျိုးသားက လှိုက်လှဲပျူငှာစွာ ပြောသည်။

"သြော်...ညီလေးရဲ့မိတ်ဆွေကိုး၊ ခုလို ရပ်ဝေးက တကူးတက လာခဲ့တဲ့အတွက် အားနာစရာကောင်းနေပြီ၊ ကျွန်တော်ကတော့ ညီလေးရဲ့အစ်ကိုဝမ်းကွဲ ယင်အိုးစန်းပါ၊ သူကတော့ ကျွန်တော့်ရဲ့ဇနီး လျန်းချွန်းပါ"

ရုပ်ပြောင်းဘုရင် ထိုက်ဟူးမှာ မိမိနှင့် ပတ်သက်၍ သေဆုံးခဲ့ရခြင်း ဖြစ်သဖြင့် ကျောက်ရှိရှုံးသည် ရုပ်ပြောင်းဘုရင်၏ အစ်ကိုဝမ်းကွဲဖြစ်သော ယင်အိုးစန်းကို မျက်နှာပူနေမိသည်။ သူသည် စိတ်မချမ်းမြေ့စွာဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော့်နာမည် ကျောက်ရှိရှုံးပါခင်ဗျာ၊ နောင်ကြီးထိုက်ဟူး ရဲ့သတင်းကို ကြားကြားချင်း ကျွန်တော် လာခဲ့ပေ



မယ့် ကျွန်တော့်မှာလဲ ဒဏ်ရာရထားလို့ လမ်းမှာ ကြာသွားပါတယ်"

မိန်းမချောကြီးလျန်းချွန်က ရင်ဘတ်ကို လက်နှင့်ဖိ၍ ပင့်သက်ကလေးရှူကာ.....

"အို....ဖြစ်မှဖြစ်ရလေကွယ်၊ ဒဏ်ရာက တော်တော်ကလေး ပြင်းလား"

"သမားတော်ကြီးတစ်ယောက်ကို ပြကြည့်တော့ ပနံ့ရှိးကြေသွားတယ်လို့ ပြောတာပဲ"

"ဒဏ်ရာက တော်တော်ပြင်းတာပဲ၊ ဒါနဲ့တောင် ဘာဖြစ်လို့များ ဆက်လာရတာလဲ ငါ့မောင်ရယ်၊ ဒဏ်ရာပျောက်အောင် နားနားနေနေ နေမှပေါ့"

"နောင်ကြီးထိုက်ဟူးနဲ့ ကျွန်တော်နဲ့က သိပ်ပြီး ခင်မင်ကြတဲ့ မိတ်ဆွေတွေပါ။ ဒါကြောင့် ရောက်အောင် လာခဲ့ရတာပါ။ ပြီးတော့ ရုပ်ပြောင်းဘုရင် သေရတာဟာလဲ သွေးရိုးသားရိုးသေရတာ မဟုတ်ဘဲ တစ်ပါးသူရဲ့ လက်ချက်ကြောင့် သေရတာမဟုတ်လား"

ယင်အိုးစန်းနှင့် လျန်းချွန်တို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး မျက်နှာညှိုးသွားကြသည်။ ရုပ်ပြောင်းဘုရင် သေဆုံးသွားရခြင်းအကြောင်းကို ပြန်လည်တွေးမိကြပုံမျိုး။ လျန်းချွန်၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ဝိုင်းလာသည်။ ယင်အိုးစန်းက ယူကျုံးမရ ခံပြင်းစိတ်ဖြင့် ပြောသည်။

"ကျွန်တော့်ညီဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်

ယောက် မဟုတ်ပါဘူးဗျာ၊ စိတ်စေတနာကောင်းပြီး တစ်ပါးသူအပေါ် စေတနာထားတဲ့သူ၊ သနားကရုဏာစိတ် ရှိတဲ့သူပါ။ သူတစ်ပါးကိုလဲ ရန်လုပ်ခဲပါတယ်၊ ဒီလိုလူမျိုးကိုမှ ဘယ်သူက ရက်ရက်စက်စက် သတ်သွားရတာလဲ မသိပါဘူးဗျာ၊ သိပ်ခံပြင်းဖို့ ကောင်းပါတယ်"

"နောင်ကြီးထိုက်ဟူးကို ဘယ်သူသတ်သွားတယ် ဆိုတာ ကျွန်တော် သိပါတယ်"

ကျောက်ရိရွှေ၏ စကားကြောင့် ယင်အိုးစန်းတို့ ဓနီးမောင်နှံနှင့် လူမှုရေးတာဝန်ခံ တာ့ဝမ့်တို့ အံ့ဩတကြီး ဖြစ်သွားကြ၏၊ စိတ်လှုပ်ရှားစွာဖြင့်လည်း မေးမြန်းကြသည်။

"ဟင်.....ဘယ်သူ သတ်သွားတာလဲ"

"ညီလေးကို သတ်သွားတဲ့လူ ဘယ်သူလဲ ပြောစမ်းပါ"

ကျောက်ရိရွှေက ခပ်အေးအေးပင် ပြန်ပြောသည်။

"နောင်ကြီးထိုက်ဟူးကို သတ်သွားတဲ့လူဟာ ခါးကုန်းကြီးဖိန်လျူးပါပဲ"

"ခါးကုန်းကြီးဖုန်လျူး ဟုတ်လား"

"ခါးကုန်းကြီးဖိန်လျူးဆိုတာ ဘယ်သူလဲ၊ ညီလေးကို ဘယ်လိုရန်ငြိုးရှိလို့ ရက်ရက်စက်စက် သတ်သွားရတာလဲ"

"ကျွန်တော် အေးအေးဆေးဆေး ရှင်းပြပါ့မယ်၊ ခုတော့ ကျွန်တော့်မိတ်ဆွေရဲ့အလောင်းကို ကြည့်ပါရစေဦး"

ယင်အိုးစန်းတို့လည်း ဘာမှ မမေးကြတော့ဘဲ ကျောက်ရိရွှေကို ရုပ်ပြောင်းဘုရင်၏ အလောင်းရှိရာ ဧည့်ခန်းဆောင်သို့ ခေါ်ဆောင်လာခဲ့တော့၏။



* * *

ဧည့်ခန်းဆောင်အလယ်တွင် ခေါင်းသေတ္တာကြီးတစ်လုံး ရှိနေသည်။ ခေါင်းသေတ္တာကြီးအနီးတွင် ထွန်းထားသော အမွှေးတိုင်ရနံ့များက တစ်ခန်းလုံး မွှေးကြိုင်နေသည်။ အမွှေးတိုင်မှ အခိုးအငွေ့ကလေးများကလည်း ပျံ့လွင့်နေသည်။

ခေါင်းတလားကြီးကို မြင်ရသောအခါ ကျောက်ရိရွှေ ပိုပြီး စိတ်မကောင်း ဖြစ်သွားသည်။ သူသည် ခေါင်းတလားကြီးဘေးတွင် ခေါင်းငိုက်စိုက်ချပြီး ရပ်လိုက်သည်။ လူမှုရေးတာဝန်ခံ တာ့ဝမ့်က ခေါင်းသေတ္တာအဖုံးကို အနည်းငယ်ဟ၍ ဖွင့်ပေးသည်။ ခေါင်းထဲမှ စူးစူးရှရှဆေးနံ့တစ်မျိုးကို ကျောက်ရိရွှေ ရှူရှိုက်မိသည်။ ခေါင်းထဲကိုလည်း ကြည့်မိသည်။

ရုပ်ပြောင်းဘုရင်၏ ရုပ်အလောင်းကို တွေ့ရလေသည်။ မျက်နှာပြင်မှာ သွေးရောင်လုံးလုံး မရှိဘဲ နှင်းခဲလို ဖွေးဖွေးဖြူနေသည်။ မျက်ကွင်းအစုံနှင့် ပါးနှစ်ဖက်စလုံး အတော်ကြီး ချိုင့်ဝင်နေသည်။ ကျောက်ရိရွှေရင်ထဲတွင် အတော်ကြီး ဆို့နင့်သွားသည်။ သူ့စိတ်ထဲမှလည်း မြတမ်းလိုက်မိသည်။

"နောင်ကြီးထိုက်ဟူးရယ်၊ နောင်ကြီးကို သတ်ခဲ့တဲ့ ခါးကုန်းကြီးဖိန်လျူးကို ကျွန်တော် လက်စားချေ သုတ်သင်ခဲ့ပြီးပါပြီ၊ ကျွန်တော့်ကြောင့် နောင်ကြီး သေဆုံးခဲ့ရတာပါ၊ ဒီအတွက်လဲ

အများကြီး ကြေကွဲ ဝမ်းနည်းမိပါတယ်၊ နောင်ကြီးထိုက်ဟူး တစ်ယောက် ကောင်းရာမွန်ရာဘဝ ရောက်ပါစေလို့ ဆုတောင်းပါတယ်"

လှမှူးရေးတာဝန်ခံ တာ့ဝမ့်သည် စိတ်မချမ်းမြေ့ဟန်ဖြင့် သက်ပြင်းအခါခါ ချနေသည်။ ယင်အိုးစန်း၏ မျက်နှာတွင်မူ ယူကျုံးမရမှု၊ ခံပြင်းမှုတို့ ဖုံးလွှမ်းနေသည်။ လျန်းချွန်းကမူ သုံ့သုံ့ကလေး ငိုရှိုက်နေပြီး ပါးပြင်ပေါ်သို့ မျက်ရည်ဥများ လိမ့်ဆင်းကျနေသည်။ သူမထံမှ ငိုညည်း၍ ပြောသံသုံ့သုံ့ကလေးလည်း ပေါ်ထွက်လာသည်။

"မောင်လေးထိုက်ဟူးဟာ သူတော်ကောင်းလေးပါ။ ဘယ်သူ့ကိုမှလဲ ဒုက္ခမပေးတတ်ပါဘူး၊ သူ့ဆီကို အကူအညီတောင်းလာရင်လဲ ဘယ်သူ့ကိုမဆို လက်မနှေးတမ်း ကူညီတတ်တဲ့သူပါ။ သူ့လိုလူမျိုးကိုမှ ရက်ရက်စက်စက် သတ်သွားတဲ့ ခါးကုန်းကြီးဖိန်လျူးဆိုတဲ့ယောင်ဟာ သိပ်ပြီး ရက်စက်တဲ့လူဆိုးသူခိုးပဲ ဖြစ်လိမ့်မယ်၊ မောင်လေးသေသလို သင်းလဲ အသေဆိုးနဲ့ သေပါစေ"

ကျောက်ရှိရှုံးက ရုပ်ပြောင်းဘုရင်၏အလောင်းကို တွေတွေကြီး ကြည့်နေရာမှ ပြောလိုက်၏။

"ခါးကုန်းကြီးဖိန်လျူးလဲ တူသောအကျိုးပေးသွားပါပြီ၊ သူဟာ ဒုစရိုက်သမားတစ်ယောက်ပါပဲ၊ သူ ဖွင့်ပြောလို့ နောင်ကြီးထိုက်ဟူး သေသွားပြီဆိုတာ ကျွန်တော် သိရတာပါ၊ ဒါကြောင့် သူ့ကိုလည်း ကျွန်တော် တိုက်ခိုက်ပြီး သတ်လိုက်ပါပြီ၊



နောင်ကြီးထိုက်ဟူးအတွက် လက်စားချေပြီးပါပြီ"

ကျောက်ရှိရှုံးစကားကြောင့် ယင်အိုးစန်းတို့ သုံးယောက်စလုံး အံ့သြသွားကြ၏။ ယင်အိုးစန်းက ကတိုက်ကရိုက် ပြန်မေးသည်။

"ခင်.....ခင်ဗျားနဲ့ ခါးကုန်းကြီးဖိန်လျူတို့က ဘယ်မှာတွေ့ကြလို့လဲ၊ သူက ဘာသဘောနဲ့ ညီလေးကို သူသတ်ခဲ့တယ်ဆိုတာ ဖွင့်ပြောရတာလဲ"

"သူနဲ့ကျွန်တော် တွေ့ကျိုးမြို့မှာ တွေ့ကြတာ ဆိုပါတော့ ကျွန်တော်ဟာ ကွမ်စီပြည်နယ် လုံခြုံရေးအဖွဲ့က တွဲဖက်လက်ထောက်လုံခြုံရေးမှူးပါ"

လှမှူးရေးတာဝန်ခံ တာ့ဝမ့် ပျာပျာသလဲ ဖြစ်သွားပြီး ကျောက်ရှိရှုံးကို ကတိုက်ကရိုက် ဦးညွှတ် အရိုအသေပေးရင်း–

"အို.....ကျွန်တော်က လုံခြုံရေးမှူးကြီးကို ဘယ်သူဘယ်ဝါမှန်းမသိလို့ပါ၊ စောစောက ပြောရောပေါ့ခင်ဗျာ၊ လေးစားပါတယ်၊ အများကြီးကို လေးစားပါတယ်၊ ကွမ်စီပြည်နယ် လုံခြုံရေးအဖွဲ့ကြီးဟာ တိုင်းပြည်အကျိုးကို ထိပ်ဆုံးက သယ်ပိုးနေတဲ့ အဖွဲ့ကြီးပါပဲ၊ မကြာခင်ကတောင် အင်အားများပြားလှတဲ့ ဒုစရိုက်အဖွဲ့သားတွေကို တိုက်ထုတ်လိုက်နိုင်တယ်လို့ ကျွန်တော်တို့ ကြားလိုက်ရပါသေးတယ်"

ယင်အိုးစန်းကလည်း လေးလေးစားစားနှင့် ဝင်ပြောသည်။

'နောင်ကြီးကျောက်က အသက်ငယ်ငယ်ပဲ ရှိသေးပေမယ့် မြင့်မြတ်တဲ့ရာထူးကို ရထားတာပဲ၊ ဂုဏ်ယူပါတယ်ခင်ဗျာ

ဂုဏ်ယူပါတယ်။ ညီလေးရဲ့အသုဘကို တကူးတက လာခဲ့တဲ့အတွက်လဲ အများကြီး ကျေးဇူးတင်ပါတယ်၊ ဂုဏ်လဲယူပါတယ်၊ ကျွန်တော်ဟာ အနယ်နယ်အရပ်ရပ်ကို ကုန်ရောင်းကုန်ဝယ် အလုပ်နဲ့ သွားနေတဲ့သူမို့ နောင်ကြီးတို့ရဲ့ လုံခြုံရေးအဖွဲ့ရဲ့သတင်းကို နေရာတိုင်းမှာ ကြားခဲ့ရပါတယ်၊ နောင်ကြီးတို့ရဲ့ လုံခြုံရေးအဖွဲ့ကို ကွမ်းစိပြည်နယ် နယ်စားကြီးသာမကပဲ ဘုရင်မင်းမြတ်ကိုယ်တိုင် ချီးမြှင့်မြှောက်စား အားထားတယ်ဆိုတာလဲ သိရပါတယ်၊ အခု ကွေ့ကျိုးမြို့ကို နောင်ကြီး သွားတာဟာ တာဝန်နဲ့များသွားတာပဲလား"

ကျောက်ရှီရွှံးက ခေါင်းညိတ်၍–

"မှန်ပါတယ် နောင်ကြီးရင်၊ ကွေ့ကျိုးမြို့မှာ အရေးကြီးတဲ့ ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်း ရှိနေတယ်ဆိုလို့ ကျွန်တော် သွားတာပါ၊ ဟိုရောက်တော့ ဒုစရိုက်အဖွဲ့နဲ့ ကျွန်တော် တိုက်ပွဲဖြစ်နေတုန်း ခါးကုန်းကြီးဖိန်လျူး ရောက်လာပြီး ရုပ်ပြောင်းဘုရင်ကို သူသတ်ခဲ့တဲ့အကြောင်း ပြောပါတယ်၊ ကျွန်တော်လဲ ဒေါသဖြစ်ဖြစ်နဲ့ သူနဲ့တိုက်ခိုက်ပြီး သတ်လိုက်ပါတယ်၊ ဒုစရိုက်ခေါင်းဆောင်မှ လက်အောက်တပ်သား တော်တော်များများကိုလဲ တိုက်ခိုက်သုတ်သင်နိုင်ခဲ့ပါတယ်၊ ကျွန်တော့် ပခုံးမှာလဲ ဒါကြောင့် ဒဏ်ရာရခဲ့တာပါ"

ယင်အိုးစန်းက

'နောင်ကြီးကျောက်မှာ ဒဏ်ရာရတဲ့အတွက်တော့ စိတ်ကောင်းစရာပါပဲ၊ ဒါပေမဲ့ ညီလေးကို လုပ်ကြံခဲ့တဲ့ လူသတ်သမားနဲ့ ဒုစရိုက်ကောင်တွေ အတော်များများကို တိုက်ခိုက်သုတ်သင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာအားရစရာပါပဲ၊ နောင်ကြီးကျောက်ကို အများကြီးလဲ ချီးကျူးမိပါတယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ဒုစရိုက်သမား လူဆိုးသူခိုးတွေကြောင့် ကျွန်တော်တို့ဟာ ကုန်ရောင်းကုန်ဝယ် ဖြောင့်ဖြောင့်ဖြူးဖြူး မလုပ်နိုင်ကြပါဘူး၊ သင်းတို့တွေ သေကုန်မှ အေးမှာ"



ကျောက်ရှီရွှံးသည် သူနှင့်ခါးကုန်းကြီးဖိန်လျူး၊ ရုပ်ပြောင်းဘုရင်တို့ ဆက်နွယ်ပတ်သက်ခဲ့ပုံကိုတော့ အသေးစိတ် ပြောမပြတော့ချေ။ သူတို့ မသိသင့်သော အတွင်းရေးများကိုပါ ထုတ်ဖော်ပြောရမည်စိုးသောကြောင့်ဖြစ်၏။

ကျောက်ရှီရွှံးသည် ဘာမှ ပြန်မပြောတော့ဘဲ လိပ်ပြာတိုင်သို့ သွားကာ ခဏမျှ ဆုတောင်းခြင်းအမှု ပြုနေသည်။ ပြီးမှ ခေါင်းအနီးကို ပြန်လာကာ ရုပ်ပြောင်းဘုရင်၏အလောင်းကို တစ်ချက်ကြည့်ပြီး ယင်အိုးစန်းကို မေးလိုက်၏။

"နောင်ကြီးထိုက်ဟူးကို မသဂြိုဟ်သေးဘဲ ဘာဖြစ်လို့ ထားတာလဲ နောင်ကြီးယင်"

"သြော်.....ဒါက ကျွန်တော့်ရဲ့ဆန္ဒကြောင့် နောင်ကြီးကာဝမ့်လဲ ဆိုင်းငံ့ထားတာပါ၊ ဖန်းချင်မြို့မှာ ကျွန်တော်တို့ရဲ့ ဦးလေး ရှိတယ်လေ၊ သူ့ကို ကျွန်တော် အကြောင်းကြားထားတယ်၊ သူ ရောက်အလာကို စောင့်တာပါ၊ မနက်ဖြန် မွန်းလွဲပိုင်းမှာ ကျွန်တော်တို့ သဂြိုဟ်လိုက်တော့မယ်"

"ဒါဖြင့် မနက်ဖြန် တစ်ရက်တော့ ကျွန်တော်လဲ နေလိုက်

ပါဦးမယ်"

"အို.....ဒီမှာ ကြာကြာကလေး အနားယူသွားပါဦး။ နောင်ကြီးကျောက်ပခုံးက ဒဏ်ရာ လုံးလုံးပျောက်သွားတဲ့အထိ ကုသွားပါ၊ ကြံတုန်းကြုံခိုက် ကျွန်တော်တို့ တာဝန်ယူပြီး ပြုစု ပါရစေ၊ ဒီမြို့မှာလဲ သမားတော်ကောင်းတွေ ရှိပါတယ်"

လူမှုရေးတာဝန်ခံ တာ့ဝမ့်ကလည်း လေးလေးစားစား ဝင်ပြောသည်။

"ဟုတ်ပါတယ် လုံခြုံရေးမှူးကြီး၊ ကျွန်တော်တို့မြို့မှာလဲ သမားတော်ကောင်းကောင်း ရှိပါတယ်၊ ဒီမှာ လုံခြုံရေးမှူးကြီး ရဲ့ဒဏ်ရာကို ကုသရင်း အေးအေးဆေးဆေး အနားယူပါဦး၊ ဒဏ်ရာပျောက်မှ ခရီးဆက်သွားစေချင်ပါတယ်၊ ပခုံးရိုးကြေသွား တယ်ဆိုတဲ့ ဒဏ်ရာဟာ မနည်းပါဘူး"

ကျောက်ရီရှုံးအနေနှင့်မူ ဤမြို့တွင် ကြာကြာနေ၍ မဖြစ်ပါ ချေ။ သူ့နောက်က ဒုစရိုက်သမားများ ခြေရာခံ၍ လိုက်လာ ကောင်းလိုက်လာနိုင်သည်။ လိုက်လာသော ဒုစရိုက်သမားများ အင်အားများပါက သူ့အနေနှင့် ပခုံးမှ ဒဏ်ရာကြောင့်ပြန်ပြီး ခုခံနိုင်လိမ့်မည် မဟုတ်ပေ။ ပြီးတော့ သူ့အတွက်နှင့် မထိမသိ သော လူကောင်းသူကောင်းများ အသက်ဘေးအန္တရာယ် ကြုံတွေ့ ပေလိမ့်မည်။

နောက်တစ်ကြောင်းမှာ သူ့ကို မျှော်လင့်တကြီးဖြင့် မျှော် နန်းလိန်လန်သည် စောင့်မျှော်နေပေလိမ့်မည်။ သူသာ အရော နောက်ကျသွားပါက နောင်တ တရားရပြီး ဒုစရိုက်သမားများ



နိမ်နင်းတိုက်ခိုက်ရာတွင် အကူအညီအပြည့်အဝပေးမည့် မွှေတိမ် နန်းလိန်လန်နှင့် သိမ့်ရှန်တို့တစ်တွေ၏အသက်ကို ကယ်တင် နိုင်လိမ့်မည် မဟုတ်တော့ချေ။

ပြီးတော့ ပျောက်ဆုံးနေသော သိုင်းကျမ်းကိုလည်း အချိန်မီ ပြန်တွေ့အောင် ရှာဖွေရပေဦးမည်။ အင်အားများပြားလှသော ဒုစရိုက်သမားများ ပြည်နယ်လုံခြုံရေးအဖွဲ့ကို လာရောက်မတိုက် ခိုက်ခင် သူသည် အချိန်မီ ပြန်ရပေဦးမည်။ ထိုအကြောင်းများ ကြောင့် ကျောက်ရီရှုံးသည် ဤမြို့ကလေးတွင် ကြာကြာနေရန် မဖြစ်ပါချေ။

သူ့ပခုံးတွင် ပြင်းထန်သောဒဏ်ရာ ရထားလင့်ကစား ဝီညာဥ်တောင်ကို ရောက်ရန်အမြန်ဆုံး ခရီးဆက်ရပေလိမ့်မည်။ မနက်ဖြန်တစ်ရက်ပင်လျှင် ရုပ်ပြောင်းဘုရင်အား သင်္ဂြိုဟ်မည်ဆို ၍ ဆက်လက်နေရန် ဆုံးဖြတ်ရခြင်းဖြစ်လေသည်။

* * *

တကယ်တမ်း သူ့အနေနှင့် ရုပ်ပြောင်းဘုရင်ထိုက်ပွား၏ အိမ်ကို ဝင်လာရသည်မှာ အကြောင်းတစ်ကြောင်းလည်း ရှိသေး သည်။ သူသည် ခါးကုန်းကြီးဖိန်လျူးအသွင် ရုပ်ပြောင်း၍ ထွက် သွားစဉ်က သူ၏အဖိုးတန် သံမဏိသက်တန့်ဓားကို ရုပ်ပြောင်း ဘုရင်၏အိမ် လျှို့ဝှက်ခန်းကလေးထဲတွင် ထားခဲ့သည်။ ယခု အိမ်သို့ ဝင်လာရခြင်းမှာ သက်တန့်ဓားကို ပြန်ယူရန်လည်း

ဖြစ်၏။

"ကျွန်တော့်ဆန္ဒကတော့ ဒီမှာပဲ အေးအေးဆေးဆေးနား ချင်ပါသေးတယ်၊ ဒါပေမဲ့ အရေးတကြီး အချိန်မီ တာဝန်ကလေး တွေ ဆောင်ရွက်စရာရှိလို့ မနက်ဖြန် ရုပ်ပြောင်းဘုရင်ကို သဂြိုဟ်ပြီးရင် ခရီးဆက်မှ ဖြစ်ပါလိမ့်မယ်၊ အခုနားနေတဲ့အချိန် လောက်မှာပဲ ပခုံးကဒဏ်ရာကို ကုပါမယ်"

အရေးတကြီး တာဝန်ဆောင်ရွက်စရာ ရှိသေးသည်ဆို၍ မည်သူမှ မတားကြတော့ချေ။ လူမှုရေးတာဝန်ခံ တာ့ဝမ့်က သက်ပြင်းတစ်ချက် ချလိုက်ပြီး.....

'အင်းလေ၊ လုံခြုံရေးမှူးကြီးအနေနဲ့ အထူးတာဝန်တွေ အရေးတကြီး ဆောင်ရွက်စရာ ရှိနေရတယ်ဆိုတော့ တားလို့မဖြစ် တော့ပါဘူး၊ လုံခြုံရေးမှူးကြီး ခရီးမဆက်ခင် ဒဏ်ရာကို ကုသ နိုင်ဖို့ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်'

ယင်အိုးစန်းက လက်ကာပြီး ဝင်ပြောသည်။

'အို.....နောင်ကြီးကျောက်နဲ့ ပတ်သက်တဲ့ ကိစ္စအဝဝကို ကျွန်တော်ပဲ တာဝန်ယူပါရစေ၊ နောင်ကြီးတာ့ဝမ့်၊ ကျွန်တော့် ညီလေးရဲ့ အသုဘကိစ္စကို ဦးစီးဆောင်ရွက်ရတာနဲ့ ပင်ပန်းလှ ပါပြီ'

လျန်းချွန်းကလည်း လိုလိုလားလား ဝင်ပြောသည်။

"ဟုတ်ပါတယ် အစ်ကိုကြီး တာ့ဝမ့်၊ ဧည့်သည်အတွက် တော့ အစစအရာရာ ကျွန်မတို့ပဲ တာဝန်ယူပါရစေ၊ နို့မို့ဆို ကျွန်မတို့ တစ်သက်လုံး စိတ်ကောင်းနိုင်မှာ မဟုတ်တော့ပါဘူး၊



ါမှလဲ တမလွန်ကို ရောက်နေတဲ့ မောင်လေးဟာ ကျေနပ်ပါလိမ့် မယ်"

"ကျွန်တော့်ကြောင့်တော့ အလုပ်မပိုစေချင်ပါဘူး၊ အားလုံး ရုပ်ပြောင်းဘုရင်အတွက် ပူဆွေးသောက ရောက်နေရအချိန်မှာ တယ်သူ့ကိုမှ ကျွန်တော် ဒုက္ခမပေးချင်ပါဘူး"

ကျောက်ရီရှုံးက ဝင်ပြောသော်လည်း လူမှုရေး တာဝန်ခံ တာ့ဝမ့်က.....

"မဟုတ်တာ လုံခြုံရေးမှူးကြီးရယ်၊ လုံခြုံရေးမှူးကြီးက လူကောင်းပကတိမှ မဟုတ်တာ၊ နောက်ဆုံး နောင်ကြီး ယင် အိုးစန်းတို့ရဲ့ ဆန္ဒကို လက်ခံလိုက်ပါ၊ နို့မို့ လုံခြုံရေးမှူးကြီးက သာ ငြင်းဆန်းရင် သူတို့တစ်တွေ စိတ်ကောင်းကြမှာ မဟုတ်ပါ ဘူး"

ကျောက်ရီရှုံးလည်း မငြင်းဆန်တော့ဘဲ.....

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လဲ ကျွန်တော် ခရီးမဆက်ခင် အဆင်ပြေသလိုသာ စီစဉ်ပေးကြပါ၊ မနက်ဖြန် သဂြိုဟ်ပွဲပြီးရင် ကျွန်တော် ခရီးဆက်ပါရစေ"

ထိုအခါမှ ယင်အိုးစန်းနှင့် လျန်းချွန်းတို့ ဇနီးမောင်နှံလည်း ကျေနပ်သွားကြသည်။ ယင်အိုးစန်းက လူမှုရေးတာဝန်ခံတာ့ ဝမ်းကို လှည့်၍.....

"ကဲ.....နောင်ကြီးကျောက်အတွက်တော့ ကျွန်တော်တို့ပဲ တာဝန်ယူလိုက်ပါ့မယ်၊ နောက်ပြီး တာ့ဝမ့်လဲ ပင်ပန်းနေပါပြီ၊ အနားယူလိုက်ပါဦးလား"

"ကိစ္စမရှိပါဘူး နောင်ကြီးယင်၊ လုံခြုံရေးမှူးကြီးရှိနေတော့ ဒီတစ်ည ဒီမှာပဲ ကျွန်တော် နေလိုက်ပါ့မယ်၊ လုံခြုံရေးမှူးကြီးအတွက် အရေးပေါ် အကူအညီလိုရင် အနားမှာ ကျွန်တော်ရှိနေတော့ ကောင်းတာပေါ့"

ယင်အိုးစန်းတို့လည်း ဘာမှပြန်မပြောကြတော့ဘဲ ကျော့က်ရိရွှံး နားနေအိပ်စက်ရန် နေရာချထားပေးကြသည်။ ယင်အိုးစန်းနှင့် လျှန်းချွန်းတို့ ဇနီးမောင်နှံနှစ်ယောက်စလုံး ကျော့က်ရိရွှံးအပေါ် ဖော်ရွေကြသည်။ စားရေးသောက်ရေး၊ ဆေးဝါး ကုသရေးအတွက် လိုလေသေး မရှိအောင်လည်း စီစဉ်ပေးကြသည်။ သူ့အပေါ် ကောင်းလွန်းသောကြောင့် ကျော့က်ရိရွှံးပင် အားနာနေမိ၏။

ယင်အိုးစန်း ခေါ်လာသော သမားတော်ကြီးက ကျော့က်ရိရွှံး၏ ပခုံးဒဏ်ရာကို သေချာစွာ စစ်ဆေး၍ ဆေးထည့်ပေးသည်။ သောက်ဆေးလည်း ပေးသည်။ သမားတော်ကြီးမှာ ဆံပင်များဖွေးဖွေးဖြူနေပြီဖြစ်သော အဘိုးအိုးကြီးဖြစ်၏။ ထိုသမားအိုးကြီးကလည်း ကျော့က်ရိရွှံး၏ ပခုံးအရိုးကြေသွားကြောင်း ပြောသည်။ လှုပ်လှုပ်ရှားရှား သိပ်မလုပ်ဘဲ ဤမှာပင် နားနားနေနေ နေပါက အသင့်တော်ဆုံးဖြစ်ကြောင်း၊ ထိုသို့သာ ကုသလိုက်ပါက ခုနစ်ရက်အတွင်း ရောဂါပျောက်နိုင်ကြောင်း ပြောပြတိုက်တွန်းသည်။

ကျော့က်ရိရွှံးက မနက်ဖြန်ပင် ခရီးဆက်ရမည် ဖြစ်ကြောင်း ပြောသောအခါ အစွမ်းထက်သည်ဆိုသော သောက်ဆေးများကိုသာ ပေးခဲ့သည်။



သမားတော်ကြီး ပြန်သွားပြီး မကြာမီ ယင်အိုးစန်းနှင့် လျှန်းချွန်းတို့လည်း ခဏဆိုပြီး အပြင်ထွက်သွားကြသည်။ လူမှုရေးတာဝန်ခံ တာ့ဝမ့်လည်း ကွမ်စီပြည်နယ် လုံခြုံရေးအဖွဲ့ကြီးမှ လက်ထောက်လုံခြုံရေးမှူး ကျော့က်ရိရွှံး ရောက်နေသည့် အကြောင်းကို သက်ဆိုင်ရာ မြို့တာဝန်ခံများထံ သတင်းပို့ရန် ထွက်ခွာသွားသည်။

ထိုအခါ ကျော့က်ရိရွှံးသည် သံမဏိသက်တန့်ဓား ဝှက်ထားခဲ့ရာ လျှို့ဝှက်ခန်းကလေးရှိရာသို့ လာခဲ့သည်။ လျှို့ဝှက်ခန်းမှာ နောက်ဖေးဘက် မီးဖိုဆောင်တွင် ရှိလေသည်။ နောက်ဖေးဆောင်တွင် နံရံကပ်ကြောင်အိမ်ကြီးတစ်လုံးရှိသည်။ ကျော့က်ရိရွှံးက ကြောင်အိမ်ဝဲဘက်ခြေထောက်ကို ယာဘက်သို့ နှစ်ပတ်လှည့်သည်။ ယာဘက်ခြေထောက်ကို ဝဲဘက်သို့နှစ်ပတ်လှည့်သည်။

ကြောင်အိမ်ကြီး ဘေးတိုက် ရွေ့လျားသွားပြီး ကြောင်အိမ်ကြီး နောက်ဘက်တွင် လူတစ်ကိုယ် ဝင်သာရုံ အပေါက်တစ်ပေါက်ပေါ်လာသည်။ ကျော့က်ရိရွှံးက အထဲကို ခေါင်းပြူဝင်လိုက်သည်။

လျှို့ဝှက်အခန်းလေးမှာ လေးပေပတ်လည်သာ ကျယ်ဝန်းသော အခန်းကျဉ်းကလေး ဖြစ်သဖြင့် လူတစ်ယောက် ချောင်ချောင်ချိချိ မဝင်နိုင်ချေ။ အခန်းထဲတွင် သူ၏ သက်တန့်ဓားကို ခြေရာလက်ရာမပျက် တွေ့ရသည်။

ကျော့က်ရိရွှံးသည် သက်တန့်ဓားကို မယူချေ။ ရွှေတိမ်နန်းဂေဟာမှ ယူဆောင်လာသော နှစ်တစ်ထောင် အဆိပ်ဖြေဆေးနှင့် သွေးဒိမ်းဂမုန်းပင် အပါအဝင် ဆေးများကို ၎င်း၏ လျှို့ဝှက်အခန်း

ထဲတွင် လာထည့်ထားခြင်း ဖြစ်လေသည်။ မနက်ဖြန် ဤအိမ်မှ သူသွားခါနီး ပြန်လည်ထုတ်ယူမည်ဟုလည်း ဆုံးဖြတ်ထားသည်။

သက်တန့်ဓားမှာ သူ့အတွက် လွန်စွာ အသုံးဝင်သလို ဆေးဝါးပစ္စည်းများမှာလည်း ရွှေတိမ်းနန်းလိန်လန်အတွက် လွန်စွာအသုံးလိုသဖြင့် ဤအိမ်တွင် သူ နေစဉ် ပျောက်ဆုံးမသွားစေရန် လျှို့ဝှက်ခန်းထဲတွင် လာထည့်ထားခြင်း ဖြစ်လေသည်။

ပြီးမှ ကျောက်ရီရွှံးသည် သူ့နေရာကို ပြန်လာကာ စိတ်အေးလက်အေး အနားယူလိုက်၏။ သူ့ပခုံးမှဒဏ်ရာမှာ တဆစ်ဆစ်နှင့် ခိုက်ခဲလျက်ရှိသည်။ သူသည် သမားအိုကြီး ပေးထားသောသောက်ဆေးတစ်လုံးကို သောက်လိုက်သည်။ သမားအိုကြီးက ဒဏ်ရာမှ ကိုက်ခဲလာလျှင် သောက်ရန် မှာကြားထားသဖြင့် သောက်လိုက်ခြင်းဖြစ်၏။ ဆေးသောက်ပြီး ခဏအကြာတွင် သူမျက်ခွံများ လေးလံလာပြီးနောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားတော့၏။

* * *

ကျောက်ရီရွှံး နိုးလာတော့ အခန်းထဲတွင် မီးထိန်နေအောင် ထွန်းထားသည်ကို တွေ့ရသည်။ သူ့အနီးတွင် ယင်အိုးစန်း၊ လျှံဆူံးနှင့် လူမှုရေးတာဝန်ခံ တာ့ဝမ့်တို့ နေကြသည်ကို တွေ့ရသည်။

ဦးစွာ ကျောက်ရီရွှံး သတိပြုမိသည်မှာ သူ့အာရုံကြောများ



လေးလံထိုင်းမှိုင်းနေခြင်းပင်ဖြစ်၏။ မျက်ခွံတွေလည်း လေးနေသည်။ သွေးလည်ပတ်မှုလည်း နှေးနေသည်။ အင်အားလျော့သလိုလိုလည်း ဖြစ်နေသည်။ အိပ်ရေးဝအောင် အိပ်လိုက်ရသည့်အတွက် အားပြည့်လာရမည့် အစားအင်အား ဆုတ်လျော့နေခြင်းအတွက် ကျောက်ရီရွှံး စဉ်းစားမရအောင် ဖြစ်မိသည်။

"သူနိုးလာလျှင် နိုးလာခြင်း ဦးစွာ လူမှုရေးတာဝန်ခံ တာ့ဝမ့်က လိုက်လှဲပြုံးရွှင်စွာ နှုတ်ဆက်စကားဆိုသည်။ လုံခြုံရေးမှူးကြီး နိုးလာပြီလား အတော်အိပ်လိုက်တာပဲ၊ ကျွန်တော်တို့တွေ ထိုင်စောင့်နေတာ အတော်ကြာသွားပါပြီ၊ အတော်ကလေး နေလို့ ထိုင်လို့ ကောင်းသွားပြီလား"

"နေထိုင်ရတာ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေတယ်နောင်ကြီးတာ့ဝမ့်၊ အားလဲ နည်းနေသလိုပဲ ဘာဖြစ်လို့လဲ မသိဘူး"

ကျောက်ရီရွှံး၏အသံမှာလည်း အတော်ကလေး လေးနေသည်။ လေသံ ဖျော့နေသည်။ သူ့နဖူးပြင်တွင် ချွေးများ စို့လာပြီး စကားပြောရင်း မောလာသည်။ ကျောက်ရီရွှံး၏ အသွင်အပြင်ကို ကြည့်၍ ယင်အိုးစန်းတို့ သုံးယောက်စလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကြ၏။

"ဟုတ်တယ်၊ လုံခြုံရေးမှူးကြီးကို ကြည့်ရတာ အင်အားဆုတ်ယုတ်သွားသလိုပဲ၊ အသံတွေလဲ လေးနေတယ်၊ ဒဏ်ရာကတော့ ဘယ့်နှယ်နေသေးသလဲ"

"ဒဏ်ရာကလဲ အတော်ကလေး ကိုက်နေတယ်"

ယင်အိုးစန်းလည်း စိတ်မကောင်းဖြစ်ဟန်ဖြင့် ခေါင်းကို ခါယမ်း၍–

"အင်း.....ဘယ်လိုဖြစ်လို့ပါလိမ့်၊ သမားတော်ကြီး ပေးခဲ့တဲ့ဆေးကို သောက်ရဲ့လား နောင်ကြီးကျော က်"

"ဟုတ်ကဲ့၊ သောက်ပါတယ်"

ကျောက်ရှိရှုံးက ပြောပြောဆိုဆို ထအရပ်တွင် ခန္ဓာကိုယ် ယိမ်းယိုင်သွားပြီး လဲကျမလိုလို ဖြစ်သွားသဖြင့် ခုတင်ပေါ်တွင် ပြန်ထိုင်လိုက်ရသည်။ ယင်အိုးစန်း၊ လျှန်းချွန်းနှင့် လူမှုရေးတာဝန်ခံ တာ့ဝမ့်တို့ သုံးယောက်သား ကျောက်ရှိရှုံးအနီးကို လှစ်ခနဲ ရောက်လာပြီး ဖေးကိုင်လိုက်ကြ၏။ ယင်အိုးစန်းက စိုးရိမ်တကြီးဖြင့်–

"နောင်ကြီးကျောက် ဘယ်လိုဖြစ်သွားတာလဲဟင်"

"ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားလို့ပါ၊ ရင်ထဲမှာ မောနေပြီး လှုပ်ရှားရတာလဲ လေးလေးပင်ပင်ကြီး ဖြစ်နေတယ်၊ ခြေတွေလက်တွေ မသယ်ချင်သလိုပဲ"

လူမှုရေးတာဝန်ခံ တာ့ဝမ့်က ယင်အိုးစန်းကို အရေးတကြီး တိုက်တွန်းသည်။

"နောင်ကြီးယင်.....နောင်ကြီးယင်တို့ ခေါ်ပြီး ပြလက်စ သမားတော်ကြီးကို အမြန်ဆုံးသွားပင့်ရင် ကောင်းမယ်နဲ့ တူတယ်၊ လုံခြုံရေးမှူးကြီးရဲ့ ဝေဒနာနဲ့ သူ့ဆေးနဲ့ မတည့်လို့ ခုလိုဖြစ်တာများလား"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ကျွန်တော် သွားခေါ်လိုက်ပါ့မယ်"



ယင်အိုးစန်းက ရေးကြီးသုတ်ပျာ ထွက်သွားမလို လုပ်ပြီးမှ နောက်ပြန်လှည့်လာ၍ တာ့ဝမ့်ကို ပြောသည်။

"သမားတော်ကြီးကို သွားခေါ်မှာနဲ့ ပြန်လာမှာနဲ့ဆိုရင် အချိန်ပိုကြာသွားမယ် နောင်ကြီးတာ့ဝမ့်၊ နောင်ကြီးကျောက်နဲ့ သမားတော်ကြီးနဲ့ မြန်မြန်တွေ့နိုင်အောင် ကျွန်တော်နဲ့ တပါတည်း နောင်ကြီးကျောက်ကိုပါ ခေါ်သွားရင်ကောင်းမယ်၊ နောင်ကြီးကျောက် အခြေအနေ တစ်ခဏလေးနဲ့ ဆိုးလာတယ် မဟုတ်လား"

ထိုအချိန်တွင် ကျောက်ရှိရှုံးမှာ နှမ်းလျမောပန်းစွာဖြင့် ခုတင်ပေါ်တွင် ထိုင်လျက်ရှိသည်။ သူ့တစ်ကိုယ်လုံးတွင်လည်း ချွေးများ ရွှဲရွှဲစိုလျက် ရှိနေသည်။ ကျောက်ရှိရှုံးကိုယ်တိုင်လည်း ဖောက်ပြန်လာသောဝေဒနာကို စဉ်းစား၍ မရအောင် ဖြစ်နေသည်။

လူမှုရေးတာဝန်ခံ တာ့ဝမ့် ဘာမှမပြောခင်မှာပင် လျှန်းချွန်းကလည်း ပြောသည်။

"ဟုတ်ပါတယ် အစ်ကိုတာ့ဝမ့်၊ သူ့ကို သမားတော်ကြီးဆီ ခေါ်သွားတာပဲ ကောင်းပါတယ်၊ သမားတော်ကြီးနဲ့ မြန်မြန်တွေ့တော့ မြန်မြန်ကုနိုင်တာပေါ့"

တာ့ဝမ့်က သက်ပြင်းချလိုက်ပြီး–

"အင်းလေ၊ လုံခြုံရေးမှူးကြီး လိုက်နိုင်မယ်ဆိုရင် ခေါ်သွားကြတာပေါ့၊ ကျွန်တော်ပါ လိုက်ခဲ့မယ်"

"ကျွန်တော်နဲ့ လျှန်းချွန်းတို့ နှစ်ယောက်ပဲ နောင်ကြီးကျောက်ကို ခေါ်သွားရုံ ဖြစ်ပါတယ်၊ နောင်ကြီးတာ့ဝမ့် ဒီမှာ

ပဲ နေခဲ့ပါ၊ မတော်တဆ ချည့်သည်တွေလာရင် နောင်ကြီးတာ့ဝမ့် ရှိမှကောင်းမှာ"

ယင်အိုးစန်း၏ စကားကို ဇနီးဖြစ်သူ လျှန်းချွန်ကလည်း ထောက်ခံသည်။

"မှန်ပါတယ် အစ်ကိုတာ့ဝမ့်၊ ကျွန်မတို့နှစ်ယောက်ပဲ သွားလိုက်ပါ့မယ်၊ ကျွန်မတို့ရဲ့ မြင်းလှည်းလဲ အဆင်သင့်ရှိနေတာပဲ၊ ဘာမှ အပန်းမကြီးပါဘူး"

"ကောင်းပြီလေ၊ ဒီလိုဆိုလဲ သွားကြပေါ့၊ ကျွန်တော်စောင့်ကျန်ခဲ့ပါ့မယ်"

ထိုနောက် ယင်အိုးစန်းနှင့် တာ့ဝမ့်တို့သည် ကျောက်ရှိရှုံးကို တစ်ဖက်တစ်ချက်စီမှ တွဲ၍ အိမ်ထဲမှ ခေါ်လာကြသည်။

ကျောက်ရှိရှုံးကိုယ်တိုင်လည်း ဝေဒနာခံနေရသောကြောင့် သူတို့၏ လုပ်ဆောင်ချက်ကို မည်သို့ မကန့်ကွက်တော့ချေ။ သူ့တစ်သက်နှင့်တစ်ကိုယ် ဤကဲ့သို့ အဖြစ်မျိုးကို မဖြစ်ဖူးချေ။

တစ်ခုခုတော့ မှားယွင်းနေပြီ ဖြစ်ကြောင်း တွေးမိသော်လည်း ဘာမှားကြောင်း စဉ်းစား၍ မရချေ။

မြင်းလှည်းပေါ်သို့ ကျောက်ရှိရှုံးကို တင်ပြီးနောက် ယင်အိုးစန်းနှင့် လျှန်းချွန်းတို့လည်း မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကြ၏။ အပြင်ဘက်တွင် အမှောင်ဖုံးနေပြီး မီးရောင်လှဲ့လှဲ့ကလေးများကိုသာ မြင်ရသည်။

ယင်အိုးစန်းက တံခါးကို အလုံပိတ်လိုက်သောအခါ အပြင်ဘက်ကို လုံးလုံးမမြင်ရတော့ချေ။ မြင်းလှည်းလည်း စတင်



ထွက်ခွာလာခဲ့သည်။

ကျောက်ရှိရှုံးက နောက်ကိုမှီပြီး နွမ်းချွေစွာထိုင်၍ လိုက်ခဲ့သည်။

ယင်အိုးစန်းနှင့် လျှန်းချွန်းတို့က ကျောက်ရှိရှုံးကို စိုးရိမ်ပူပန်သောမျက်နှာဖြင့် ကြည့်နေကြ၏။

ယင်အိုးစန်းက–

"နောင်ကြီးကျော်၊ အတော်ကလေး နေရထိုင်ရ ခက်နေသလား"

"ဟုတ်တယ် နောင်ကြီးယင်ရယ်၊ လူတစ်ကိုယ်လုံး ခြေတွေလက်တွေ မသယ်ချင်အောင် နွမ်းနေတာပဲ၊ ဘယ်လိုဖြစ်တယ် မသိပါဘူး၊ ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ် ဒီလိုတစ်ခါမှ မဖြစ်ဖူးပါဘူး"

"သမားတော်ကြီးဆီကိုရောက်ရင် နောင်ကြီးကျောက်ခံစားနေရတဲ့ဝေဒနာ ချက်ချင်းပျောက်သွားမှာပါ၊ ခဏတော့ သည်းခံနေလိုက်ပါဦး"

စကားပြောလျှင်ပင် ပင်ပန်းလွန်းလှသောကြောင့် ကျောက်ရှိရှုံး ဘာမှ ပြန်မပြောတော့ဘဲ အသာမှိန်းနေလိုက်သည်။ သူ့စိတ်ထဲတွင်လည်း စိုးရိမ်ပူပန်လျက် ရှိနေသည်။ သူ့အတွက် ပူပန်နေခြင်း မဟုတ်ဘဲ သူ့ကို မျှော်နေမည့်သူများကို တွေးမိ၍ ကျောက်ရှိရှုံး နောက်ဆံတင်းနေမိခြင်းဖြစ်လေသည်။ ဤရောဂါလောက်နှင့်တော့ သူမသေနိုင်ကြောင်းကိုတော့ သိသည်။ သို့သော် လက်ရှိ သူခံစားနေရပုံမျိုးနှင့် သုံးလေးရက်အတွင်း

ခရီးဆက်နိုင်ဖို့ မလွယ်ချေ။

ထိုသို့ဆိုပါက သူသည် ရွှေတိမ်နန်းလိနိုလန်ထံသို့ အချိန်မီ ပြန်ရောက်နိုင်လိမ့်မည် မဟုတ်တော့။ ပြီးတော့ သူ့ကို ဆရာယာချီ၊ ပိုင်ရိုပိန်၊ ယွင်းအော်နှင့် လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချီ အမှူးပြုသော လုံခြုံရေးအဖွဲ့ဝင်များက မျှော်နေကြပေလိမ့်မည်။ သူတို့ထံသို့ အချိန်မီ ပြန်ရောက်နိုင်ပါတော့မလား။ ဤအတွေးကို တွေးမိသော ကျောက်ရီရှုံး ပိုပြီး ရင်မောလာလေသည်။ စိတ်ထဲတွင် တင်းတင်း ကျပ်ကျပ် ဖြစ်လာသည်။

သူသည် အပြင်ဘက်ကို မမြင်ရသော်လည်း မြင်းလှည်းမှာ ခပ်မြန်မြန်သွားနေကြောင်း သိသည်။ ယင်အိုးစန်းနှင့် လျန်းချွန်းတို့လည်း ဘာမှ မပြောတော့ဘဲ ငြိမ်၍ လိုက်လာကြသည်။

လှည်းဘီးကြိတ်သံသာ ကျောက်ရီရှုံးနားထဲတွင် ကြားနေရလေသည်။

*



အခန်း - ၇၄

## အစွယ်ချိုးခံရခြင်း

မြင်းလှည်းမှာ အပြေးနှင်နေသော်လည်း အချိန်အတော်ကြာအောင် မောင်းနေသည်ကို ကျောက်ရီရှုံး သတိပြုမိလာသည်။ တကယ်တမ်းဆိုလျှင် ဤမြို့ကလေးမှာ ခပ်ကျဉ်းကျဉ်းသာဖြစ်၏။ တစ်မြို့လုံး ပတ်မောင်းသည့်တိုင်အောင် ယခု သွားနှုန်းနှင့် ဤမျှ အချိန်ကြာစရာ မလိုချေ။ မိမိကို ကုသသည့် သမားအိုကြီးမှာ မြို့ပြင်တွင် နေသည်ပဲထားဦး၊ ဤမျှအထိ ကြာကြာသွားစရာ မလိုဟု တွက်ဆမိလာသည်။

ထို့ကြောင့် ကျောက်ရိုရှုံးသည် အားယူပြီး ယင်အိုးစန်းကို မေးလိုက်မိ၏။

"သွားရလှချည်းလား နောင်ကြီးယင်၊ ခုထိတောင် မရောက်သေးဘူးလား၊ သမားတော်ကြီးက ဘယ်မှာတောင် နေလို့လဲ"

"ရောက်ခါနီးပါပြီ နောင်ကြီးကျောက်၊ သမားတော်ကြီးက မြို့ပြင်မှာ တသီးတခြား နေတယ်လေ၊ ခရီးက နည်းနည်းဝေးလို့ အခုလို နောင်ကြီးကျောက်ကို တစ်ပါတည်း ခေါ်လာခဲ့ရတာပဲပေါ့၊ ခဏကလေး သည်းခံပြီး နေလိုက်ပါဦးဗျာ"

မိန်းမချောကြီးလျှန်ချွန်းကလည်း နှစ်သိမ့်စကား ဝင်ပြောသည်။

"ဟုတ်ပါတယ်ရှင်၊ အခုပဲ ရောက်တော့မှာပါ၊ ဒီသမားတော်ကြီးက အတော်ကလေး ဆေးပညာအစွမ်းထက်ပါတယ်"

ကျောက်ရိုရှုံးက ယင်အိုးစန်းတို့ ဇနီးမောင်နှံကို အားနာသဖြင့် ဘာမှ မပြောတော့ချေ။

ခဏကြာအောင် ထပ်သွားပြီးမှ မြင်းလှည်းက ရပ်တန့်သွားလေသည်။ ယင်အိုးစန်း၏ အသံလည်း ပေါ်လာသည်။

"နောင်ကြီး၊ နောင်ကြီးကျောက်"

ကျောက်ရိုရှုံး မျက်လုံးဖွင့်ကြည့်သည်။ ယင်အိုးစန်းက မြင်းလှည်းတံခါးကို ဖွင့်လိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ် ငြိမ်သက်နေသည်။

ယင်အိုးစန်းတို့သည် ကျောက်ရိုရှုံးကို ပိတ်ထားသော အိမ်တံခါးပေါက်အထိ တွဲခေါ်လာခဲ့ကြသည်။ ကျောက်ရိုရှုံးမှာ



မြေကိုပင် ကောင်းကောင်းကြွရှ် မလျှောက်နိုင်တော့ပေ။ တံခါးအနီးတွင် ရပ်မိသည်နှင့် ယင်အိုးစန်းက အသံမြှင့်ကာ အော်လိုက်၏။

"သမားတော်ကြီး၊ သမားတော်ကြီး"

"ဘယ်သူလဲ"

ချက်ချင်းပင် အိမ်ထဲမှ ပြန်မေးသံ ပေါ်လာသည်။ သမားတော်ကြီး၏ အသံမဟုတ်ကြောင်း ကျောက်ရိုရှုံး သိသည်။ လူငယ်တစ်ယောက်အသံပင် ဖြစ်၏။ ယင်အိုးစန်းကလည်း အရေးတကြီး ပြန်ပြောသည်။

"ကျုပ်တို့နဲ့ အရေးကြီးတဲ့လူနာ ပါလာလို့ပါ၊ သမားတော်ကြီး ရှိတယ် မဟုတ်လား"

ပွင့်သွားသော တံခါးပေါက်ဝတွင် အသက်နှစ်ဆယ်ကျော်အရွယ်ရှိ လူငယ်တစ်ယောက် ပေါ်လာသည်။ လူငယ်က ပျာပျာသလဲပင် ကျောက်ရိုရှုံးကို ဝင်တွဲရင်း–

"ဝင်ပါခင်ဗျာ ဝင်ပါ၊ သမားတော်ကြီး ရှိပါတယ်၊ ဆေးဖော်နေပါတယ်၊ ကျွန်တော် သွားပြီး အကြောင်းကြားလိုက်ပါ့မယ်"

လူငယ်ကလေးမှာ သမားတော်ကြီး၏ တပည့်ဖြစ်လိမ့်မည်ဟု ကျောက်ရိုရှုံး တွေးမိသည်။ လူငယ်ကလေးက ယင်အိုးစန်းတို့နှင့်အတူ ကျောက်ရိုရှုံးကို အိမ်ထဲ တွဲခေါ်လာပြီး ခုတင်တစ်လုံးပေါ်တွင် နေရာချထားပေးလိုက်သည်။ ထိုနောက် နောက်ဖေးခန်းဘက်ဆီသို့ လူငယ်ကလေး ခပ်သွက်သွက် ထွက်ခွာသွား

သည်။

ယင်အိုးစန်းနှင့် လျန်းချွန်တို့ နှစ်ယောက်စလုံး လူငယ်လေးဝင်သွားသော တံခါးပေါက်သို့ တမျှော်မျှော်ဖြစ်နေကြ၏။ သူတို့နှစ်ယောက်စလုံး လွန်စွာ စိတ်လှုပ်ရှားနေကြကြောင်း ကျောက်ရိရှုံး အကဲခတ်မိလေသည်။

ခဏသာကြာပြီး အခန်းထဲမှ လူနှစ်ယောက် ထွက်လာကြသည်ကို ကျောက်ရိရှုံး မြင်ရသည်။ တစ်ဦးမှာ နေ့လယ်က ယင်အိုးစန်းတို့ ပင့်ခေါ်လာချက်အရ သူ့ကို ဆေးကုသပေးသွားသော သမားအိုကြီးဖြစ်၏။

ပထမတော့ နောက်တစ်ဦးမှာ သမားတော်ကြီးကို သွားခေါ်သော လူငယ်ဖြစ်လိမ့်မည်ဟု ကျောက်ရိရှုံး ယူဆသည်။ သို့သော် သူယူဆသလို မဟုတ်ချေ။ သမားတော်ကြီးနှင့်ပါလာသူမှာ သူငယ်တစ်ယောက် မဟုတ်ချေ။ အသက်ငါးဆယ်အရွယ်လူကြီးတစ်ယောက်ပင် ဖြစ်လေသည်။ ထိုလူကြီးကိုယ်ပေါ်တွင် အနီရောင်ဝတ်ရုံကြီးကို ဝတ်ထားသည်။

ကျောက်ရိရှုံး၏မျက်လုံးအစုံမှာ ပြာဝေစပြုနေပြီဖြစ်၍ ထိုလူကြီး၏မျက်နှာကို ပီပီသသ သဲသဲကွဲကွဲ မမြင်ရချေ။ သူ့စိတ်ထဲတွင် ထိုလူကြီးကို မြင်ဖူးသည်ဟုတော့ ထင်မိ၏။ မည်သူမည်ဝါမှန်းတော့ စဉ်းစားမရချေ။

သမားအိုကြီးနှင့် ဝတ်ရုံနီကြီးတို့ နှစ်ယောက်စလုံး ကျောက်ရိရှုံးနှင့် မလှမ်းမဝေးတွင် ရပ်လိုက်သည်။ သမားအိုကြီး၏မျက်နှာမှာ တည်ငြိမ်လွန်းနေပြီး ဝတ်ရုံနီကြီးကမူ ကျောက်ရိရှုံး



ကို ကြည့်၍ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးနေသည်။ သူ့အမူအရာက လွန်စွာ အားရကျေနပ်နေပုံမျိုး ဖြစ်၏။

ကျောက်ရိရှုံး ဝေခွဲမရ ဖြစ်နေစဉ်မှာပင် ယင်အိုးစန်းနှင့် လျန်းချွန်တို့ နှစ်ယောက်စလုံး ထိုင်ရာမှ ပြိုင်တူလိုလို ထရပ်လိုက်ကြပြီး ဝတ်ရုံနီကြီးကို တရိုတသေ ဂါရဝပြုလိုက်ကြ၏။ ယင်အိုးစန်းနှင့် လျန်းချွန်တို့၏ အပြုအမူကို ကျောက်ရိရှုံး နားမလည်နိုင်အောင် ဖြစ်မိသည်။ ဝတ်ရုံနီကြီးနှင့် ယင်အိုးစန်းတို့သည် မည်ကဲ့သို့ အဆက်အသွယ်ရှိပြီး မည်သည့်အတွက် ကျိုးနွံကြသည်ကို စဉ်းစား၍ မရချေ။

ဝတ်ရုံနီကြီးက ယင်အိုးစန်းနှင့် လျန်းချွန်းကို တစ်ချက်ကြည့်ကာ ချီးကျူးစကားဆိုသည်။

"မင်းတို့နှစ်ယောက်စလုံး ငါရဲ့လက်ရုံးတွေ ပီသကြပါပေတယ်၊ ပိပိရိရိနဲ့ ခုလို လုပ်လာနိုင်ကြတာကိုလဲ ချီးကျူးတယ်။ ဒီအတွက် မင်းတို့ကို ကောင်းကောင်းကြီး ချီးမြှင့်ရဦးမယ်"

ကျောက်ရိရှုံး တွေဝေပြီး စဉ်းစားမရ ဖြစ်နေစဉ် ဝတ်ရုံနီကြီးက သူ့ကိုကြည့်၍ ခပ်ပြုံးပြုံး ပြောပြန်သည်။

"ကျောက်ရိရှုံး မင်းကို ကြည့်ရတာ ငါ့ကို မှတ်မိပုံမပေါ်ဘူး၊ ငါဘယ်သူဘယ်ဝါဆိုတာ မင်းစိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတယ်နဲ့တူတယ်၊ လုံခြုံရေးစခန်းတိုက်ပွဲမှာတုန်းက မင်းနဲ့ငါ မျက်နှာချင်းဆိုင်ခဲ့ကြရသေးတယ်လေ၊ ဟား.....ဟား.....ဟား.....ဟား"

ကျောက်ရိရှုံး ထိတ်ခနဲ ဖြစ်သွားသည်။ အံ့သြထိတ်လန့်

ခြင်းလည်း ဖြစ်သွားသည်။ ဝတ်ရုံနီကြီးကို မည်သူမည်ဝါဖြစ်ကြောင်း ကောင်းကောင်းကြီး မှတ်မိပြီ ဖြစ်သောကြောင့်ပင်။

"ဟင်.....ခင်ဗျား.....ခင်ဗျား၊ ကျွန်ကျေ့"

"ဟား.....ဟား.....ဟား.....ဟား၊ ခုတော့လဲ မင်းက မှတ်မိလွယ်သားပဲ၊ သိပ်ဟုတ်တာပေါ့ကွာ၊ ငါဟာ မင်းကို ကောင်းကောင်းကြီး ဒုက္ခပေးမယ့် ကျွန်ကျေ့ပဲ"

ဝတ်ရုံနီကြီးကား တစ်ချိန်က ကွမ်စီပြည်နယ် လုံခြုံရေးအဖွဲ့ကို သစ္စာဖောက် ထွက်ခွာသွားပြီး မကြာခင်က ဒုစရိုက်သမားများနှင့် ပူးပေါင်း၍ လုံခြုံရေးအဖွဲ့ကို လာရောက်တိုက်ခိုက်ခဲ့သော သစ္စာဖောက်နှစ်ယောက်အနက် ချယ်ရီဂိုဏ်းခေါင်းဆောင် ကျွန်ကျေ့ပင် ဖြစ်လေတော့သည်။

သူ့အတွက် အန္တရာယ်ကျရောက်ပြီဖြစ်ကြောင်း ကျောက်ရိရှုံး သိလိုက်သည်နှင့် သူသည် အတွင်းအားကို စုစည်းလိုက်ပြီး ဝုန်းခနဲ ထရပ်သည်။ သူ့လှုပ်ရှားမှုမှာ ခါတိုင်းလို မသွက်သော်လည်း စောစောကထက်မူ များစွာသွက်လက်သည်။ စောစောက ခြေလက်များ လှုပ်ရှားရသည်မှာ လေးလံစွာ ရှိသော်လည်း ယခု အန္တရာယ် ဟူသော အသိကြောင့် စိတ်က စေ့ဆော်၍ လှုပ်ရှားလိုက်သောအခါ သွက်လက်စွာ ပြန်လည် လှုပ်ရှားနိုင်ခြင်း ဖြစ်လေသည်။

သို့သော် သူ့ခန္ဓာကိုယ်က ခုတင်ပေါ် ဝုန်းခနဲ ဖင်ထိုင်ပြန်ကျသွားသည်။ အနီးတွင် ရှိနေသော ယင်အိုးစန်းက သူ၏ သွေးကြောကို လှမ်း၍ ထိုးပိတ်လိုက်သောကြောင့် ဖြစ်လေသည်။



ယခုမှ ကျောက်ရိရှုံးသည် ယင်အိုးစန်းနှင့် လျန်ချွန်းတို့မှာ ကျွန်ကျေ့၏ လူများဖြစ်ကြောင်း ကောင်းကောင်းကြီး သိရလေပြီ။ သူသည် ရန်သူ၏ ထောင်ချောက်ထဲသို့ အလွယ်တကူ ဝင်ခဲ့ရလေပြီ။

တကယ်တော့ ယင်အိုးစန်းသည် ကျောက်ရိရှုံးထက် သိုင်းပညာများစွာ အဆင့်နိမ့်သူဖြစ်သည်။ ကျောက်ရိရှုံးသာ လူကောင်းပကတိ ဖြစ်နေပါက ယင်အိုးစန်းနှင့် လျန်ချွန်းတို့သည် သိုင်းကွက်နှစ်ကွက်အတွင်းမှာပင် ကျောက်ရိရှုံးကို ရှုံးနိမ့်နိုင်သည်။ ယခုအခါ ကျောက်ရိရှုံးသည် အင်အားယုတ်လျော့ပြီး ခြေလက်များ သွက်လက်စွာ မလှုပ်ရှားနိုင်သည့် ဝေဒနာကို ခံစားနေရသဖြင့် ယင်အိုးစန်းသည် ကျောက်ရိရှုံး၏ သွေးကြောကို ယခုကဲ့သို့ အလွယ်တကူ ထိုးပိတ်နိုင်ခြင်း ဖြစ်လေသည်။

ကျောက်ရိရှုံး ခြေလက်များမှာ လုံးလုံးလျားလျား မလှုပ်ရှားနိုင်တော့ချေ။ သူသည် အံကို တင်းတင်းကြိတ်၍ ယင်အိုးစန်းကို စူးစူးဝါးဝါးကြည့်ကာ အော်ပြောလိုက်သည်။

"ခင်ဗျားဟာ ရုပ်ပြောင်းဘုရင်ရဲ့အစ်ကို ဖြစ်နေပြီး ဒီဒုစရိုက်ကောင်ကြီးရဲ့ လက်အောက်ခံ ဖြစ်နေရသလား၊ ခင်ဗျားညီ ရုပ်ပြောင်းဘုရင်ဟာ ဒုစရိုက်သမားကြီးဖိန်လျူးကြောင့် သေဆုံးခဲ့ရတယ်ဆိုတာ ခင်ဗျားကို ကျုပ် ပြောပြထားသားနဲ့"

ကျောက်ရိရှုံးသည် ဒေါသတကြီးဖြင့် အော်ပြောခြင်းဖြစ်သော်လည်း သူ့အသံက ကျယ်လောင်စွာ ထွက်ပေါ်လာခြင်း မရှိဘဲ အားနည်းဖျော့တော့သည်။ ယင်အိုးစန်းက အားပါးတရ

ရယ်မောလိုက်ပြီး.....

"ဟား.....ဟား.....ဟား.....ဟား မင်းက ခုထိတောင် တို့ကို ရုပ်ပြောင်းဘုရင်ရဲ့အစ်ကိုလို့ တင်နေတုန်းပဲလား ကျောက်ရိရှုံး၊ မင်းဟာ လက်ရုံးရည်ကော နှလုံးရည်ပါ ပြည့်စုံတယ်လို့ ငါ ကြားထားတာ ခုတော့ မဟုတ်ပါလား၊ အင်မတန် ဉာဏ် အမြော်အမြင်နည်းတဲ့ အကောင်ပဲ၊ ခုထိ မင်း မသိသေးဘူးဆိုရင် ငါ ပြောပြမယ်၊ ငါနဲ့ ရုပ်ပြောင်းဘုရင်နဲ့ ဘာမှ မပတ်သက်ဘဲ မင်းရောက်လာရင် အပိုင်ဖမ်းရျင်လို့ ရုပ်ပြောင်းဘုရင်အိမ်မှာ တို့က ကြိုစောင့်နေကြတာပဲ၊ လူမှုရေးတာဝန်ခံ တာ့ဝမ့်ကလဲ ရုပ်ပြောင်းဘုရင်ရဲ့ ဆွေမျိုးသားချင်းတွေအကြောင်း မသိတော့ တို့ပြောတဲ့အတိုင်း ငါ့ကို ရုပ်ပြောင်းဘုရင်ရဲ့ အစ်ကိုဝမ်းကွဲလို့ ယုံတာပေါ့၊ ဟား ဟား ဟား ဟား ဒီကတည်းက မင်းကို ထောင်ချောက်ထဲသွင်းဖို့ တို့အကွက်စပြီး ဝင်တော့တာပဲ"

ချယ်ရီဂိုဏ်းခေါင်းဆောင် ကျန်ကျေ့ကလည်း ပြောင် လှောင်သံဖြင့် ဝင်ပြောသည်။

ရွှေတိမ်းနန်းစံအိမ်မှာ ခါးကုန်းဖိန်လျူးနဲ့ မုလိန်တို့ မင်း လက်ချက်နဲ့ သေကုန်ကြပြီဆိုတဲ့သတင်းကို တို့ကြားတာနဲ့ မင်း ကို ဖမ်းမိဖို့ တို့တွေ အားချင်း စီစဉ်ရတာပဲ၊ အပြန်မှာ မင်းဟာ ရုပ်ပြောင်းဘုရင်ရဲ့အိမ်ကိုလဲ ဝင်လာလိမ့်မယ်ဆိုကိုလဲ တွက်ဆ မိတယ်လေ၊ ဒါကြောင့် ငါ့ရဲ့လက်ရုံးတစ်ဆူလို အားကိုးရတဲ့ ယင်အိုးစန်းနဲ့ လျန်းချွန်းတို့ကို လွှတ်ထားရတာပေါ့။ ယောသိ သမားတော်ကြီးဟာလဲ ငါ့ရဲ့လူပဲ၊ မင်းကို ဒီလောက်လွယ်လွယ်



နဲ့ ဖမ်းမိလိမ့်မယ်လို့တောင် ငါ ထင်မထားဘူး၊ ဟား ဟား ဟား ဟား ခုတော့လဲ လွယ်လွန်းလိုက်တာကွယ်၊ လွယ်လွန်း လိုက်တာ"

ကျောက်ရိရှုံးသည် ရက်စိတ် ခံပြင်းစိတ်ကြောင့် ဘာမှ ပြန်မပြောနိုင်ချေ။ တကယ်တော့ သူသည် တစ်ဖက်လူကို ယုံစားမိသဖြင့် ရန်သူ့ထောင်ချောက်ထဲ ဝင်တိုးရခြင်းပင် ဖြစ်၏။

ကျန်ကျေ့က ဆက်ပြောသည်။

"ငါ့ရဲ့သမားတော်ကြီးက မင်းကို အားပျော့ဆေးပေးခဲ့ တာပဲ၊ သူကိုယ်တိုင်လဲ တိုက်ခဲ့တယ်၊ မင်း ဘာသာ မင်းလဲ သောက်တယ်၊ ဒါကြောင့် မင်းတစ်ကိုယ်လုံး အားတွေ ဆုတ် ပြီး ခြေတွေလက်တွေ လှုပ်ရှားလို့ မရအောင် ဖြစ်လာတာပေါ့"

ကျောက်ရိရှုံးက နားကြားပြင်းကပ်လာသဖြင့်.....

"တော်တော့ဗျာ၊ ပြောမနေနဲ့တော့ ကျုပ်ညံ့လို့ ခင်ဗျား တို့လက်ထဲ ရောက်လာရပြီပဲ၊ သတ်ချင် သတ်လိုက်"

"ဟား ဟား ဟား ဟား မသတ်ပါဘူးကွာ မသတ်ပါ ဘူး၊ မင်းကိုသတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ လုံခြုံရေးအဖွဲ့ကို တို့ တွေတိုက်ဖို့ သိပ်မဝေးတော့ဘူး၊ မင်းကို တို့လက်ထဲမှာ အသက် ရှင်ရက် တန်ဆာခံ ထားရမယ်၊ တို့လက်ထဲမှာ အသက်ရှင်ရက် မင်း ရှိနေတာဟာ လုံခြုံရေးအဖွဲ့ပေါ် နိုင်ကွက်တစ်ကွက်ပဲကွ၊ ကာဖြစ်လို့လဲဆိုတော့ ခုချိန်မှာ မင်းဟာလဲ တွဲဘက်လက်ထောက် လုံခြုံရေးမှူးကြီး ဖြစ်နေတယ် မဟုတ်လား ဟား ဟား ဟား ဟား"

ကျောက်ရှိရှုံးစိတ်ထဲတွင် စိုးရိမ်ပူပန်နေမိသည်။ သူ့အသက်သေရမှာကို မစိုးရိမ်ချေ။ သူ့ကိုသာ ဖမ်းပြီး လုံခြုံရေးအဖွဲ့ကို အကျပ်ကိုင်မည်ဆိုလျှင် ဒုစရိုက်သမားများအနေနှင့် အရေးသာနိုင်သောကြောင့်ဖြစ်၏။

"ဖြောင်း.....ဖြောင်း.....ဖြောင်း"

ကျန်ကျော့က လက်ခုပ်သုံးချက် တီးလိုက်သည်။ လက်ခုပ်သံအဆုံးတွင် အခန်းထဲသို့ အမည်းရောင်ဝတ်စုံ ဝတ်ထားသောလူနှစ်ယောက် ဝင်လာကြသည်။ သူတို့ကျောတွင် ဓားကိုယ်စီလွယ်ထားကြသည်။ နှစ်ဦးစလုံး ကျန်ကျော့ကို အရိုအသေပေးလိုက်ကြသည်။ ကျန်ကျော့က ပြတ်သားသောလေသံဖြင့် အမိန့်ပေးသည်။

"အန်းစုနဲ့ စုံးစု၊ တို့လူတွေကို ဒီအိမ်ပတ်လည်မှာ ဝိုင်းပြီး စောင့်နေပစေ၊ တစ်ခြား ဘယ်သူပဲ လာလာ အိမ်နားကိုမကပ်စေနဲ့၊ အတင်းလာမယ်ဆို သတ်ပစ်၊ ဂရုတစိုက် စောင့်နေကြ"

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး"

ဝတ်စုံနက်နှစ်ဦး ပြန်ထွက်သွားကြသည်။

ကျန်ကျော့အကြည့်က ယင်အိုးစန်းနှင့် လျှန်းချွန်ထံရောက်သွားသည်။

"ယင်အိုးစန်းနဲ့ လျှန်းချွန်း၊ မင်းတို့နှစ်ယောက်က ဒီကောင့်အနားမှာပဲ အနီးကပ် စောင့်ကြည့်နေကြ၊ အစားအသောက်ကိုတော့ မသေရုံ ကျွေး၊ ဒီကောင့်ကို ကြိုးတုပ်ထားစရာ မလိုဘူး၊



အမြဲတမ်း သွေးကြောပိတ်ထား၊ သမားတော်ကြီးက ဒီကောင့်ကို အားပျော့ဆေး ကျွေးထားလိမ့်မယ်။ မနက်ဖြန်ညဆို တို့တွေ ဒီက ခွာမယ်"

ထိုနောက် ကျန်ကျော့နှင့် သမားအိုကြီးတို့သည် အခန်းထဲမှ ပြန်ထွက်သွားကြလေသည်။ ယင်အိုးစန်းနှင့် လျှန်းချွန်တို့က ကျောက်ရှိရှုံးနှင့် မလှမ်းမကမ်းတွင် ထိုင်စောင့်ကျန်နေကြ၏။

ကျောက်ရှိရှုံးမှာ အားအင်လည်း ဆုတ်ယုတ်နေ၊ သွေးကြောလည်း အပိတ်ခံထားရသဖြင့် ရုန်းထွက်လွတ်မြောက်ရန် မလွယ်ချေ။ သူလွတ်မြောက်ရေးအတွက် ယင်အိုးစန်းတို့ကိုလည်း စည်းရုံး၍ ရလိမ့်မည် မဟုတ်ချေ။

အမှောသာ အဖတ်တင်ပေမည်။ ထို့ကြောင့် ကျောက်ရှိရှုံးသည် စိတ်ကိုလျှော့ထားပြီး ငြိမ်နေလိုက်ရသည်။

* * *

ကျောက်ရှိရှုံးသည် ထိုင်လျက်ကြီး သွေးကြောပိတ်ခံထားရသဖြင့် လှဲအိပ်၍လည်း မရချေ။ သူ့အနေနှင့် အိပ်ချင်စိတ်လည်း မရှိချေ။ ရန်သူ့လက်မှ လွတ်မြောက်နိုင်မည့်နည်းလမ်းကိုသာ စဉ်းစားနေမိသည်။

သူ့နည်းသူ့ဟန်၊ သူ့အစွမ်းအစနှင့် လွတ်မြောက်နိုင်ရန်မလွယ်ချေ။ ယင်အိုးစန်းနှင့် လျှန်းချွန်တို့လည်း စည်းရုံး၍

ရလိမ့်မည် မဟုတ်ချေ။ သူ့ကို တစ်ဦးတစ်ယောက်က လာရောက် ကယ်တင်နိုင်မှသာ လွတ်မြောက်နိုင်ဖို့ မျှော်လင့်နေရပေသည်။

သို့သော် သူ့ကို လာရောက် ကယ်တင်မည့်သူ့ကို စဉ်းစား၍ မရချေ။ အနီးစပ်ဆုံးလူဆို၍ လူမှုရေးတာဝန်ခံ တာ့ဝမ့်သာ ရှိသည်။ တာ့ဝမ့်သည် သူ အဖမ်းခံနေရသည်ကို မည်သည့်နည်းနှင့်မှ သိနိုင်လိမ့်မည် မဟုတ်ချေ။ ယင်အိုးစန်းကိုလည်း ယခုအထိ ရပ်ပြောင်းဘုရင်၏ အစ်ကိုဝမ်းကွဲ ဟုသာ ထင်နေပေလိမ့်မည်။

တာ့ဝမ့်သည် မိမိတို့ကို မနက်ဖြန် မွန်းတည့်အချိန်အထိ လိုက်ရှာလိမ့်မည် မဟုတ်ချေ။ မွန်းတည့်ချိန် ရောက်ပြန်လျှင်လည်း မြို့တွင်းနှင့် မြို့ပြင် အနီးအနားတစ်ဝိုက်တွင်သာ ရှာချိန်ရပေလိမ့်မည်။ ရပ်ပြောင်းဘုရင်ကို ဝူသွင်းသဂြိုဟ်ရန် သူသည် စီစဉ်ရပေဦးမည်။ တာ့ဝမ့်အနေနှင့် မြို့နှင့် အလှမ်းဝေးလှသော ဤနေရာအထိတော့ ရှာလိမ့်မည် မဟုတ်ချေ။

မိမိကို တာ့ဝမ့်လာရောက် ကယ်တင်နိုင်ရေးမှာ မျှော်လင့်ချက် မရှိချေ။ ဤနေရာ ပတ်ဝန်းကျင်တွင် မိမိနှင့် အခြားမည်သူမှလည်း အဆက်အသွယ် မရှိချေ။ ထို့ကြောင့် အခြားလူများ လာရောက် ကယ်တင်နိုင်ရေးမှာလည်း ပို၍ မျှော်လင့်ချက် မရှိချေ။

ကျောက်ရီရွှံးသည် ထိုသို့ တွေးမိသောအခါ အတော်ကြီး စိတ်ဓာတ်ကျမိသည်။ သူသာ ရန်သူ့လက်တွင်း ဆက်လက် ကျရောက်နေပါက ရွှေတိမ်နန်းလိန်လန်နှင့် သိမ့်ရှန်တို့လည်း သေဆုံးရပေလိမ့်မည်။ ပျောက်ဆုံးနေသော သိုင်းကျမ်းကို ပြန်



တွေ့ရေးမှာလည်း မျှော်လင့်ချက်ရှိမည် မဟုတ်တော့ချေ။ လုံခြုံရေးအဖွဲ့သည် သူ့ကို ငုံကွက်ပြီး ဒုစရိုက်သမားများကို အလျှော့ပေးပါက ပို၍ ဆိုးပေတော့မည်။

ကျောက်ရီရွှံး အတွေးသံသရာတွင် ချာချာလည်နေစဉ် အခန်းထဲ ကျန်ကျေ့နှင့်အတူ သမားအိုကြီးတို့ ဝင်လာကြသည်။ ခေါင်းချင်းဆိုင်ကာ စကားတီးတိုး ပြောနေကြသော ယင်အိုးစန်းနှင့် လျန်းချွန်းတို့နှစ်ယောက်စလုံး ကမန်းကတန်း ထရပ်ကာ ကျန်ကျေ့ကို အရိုအသေ ပြုလိုက်ကြ၏။ ကျန်ကျေ့က ကျောက်ရီရွှံးကို တစ်ချက် အကဲခတ်လိုက်ပြီးမှ ယင်အိုးစန်းကို မေးသည်။

"ဘယ့်နှယ်လဲဟေ့ ယင်အိုးစန်း၊ အခြေအနေတော့ အေးအေးဆေးဆေးပဲလား"

"ဟုတ်ကဲ့.....အေးအေးဆေးဆေးပါပဲ ဂိုဏ်းချုပ်ကြီး၊ ဒီကောင် မြွေအစွယ်ချိုးထားသလို ဖြစ်နေပြီ၊ ခေါင်းမထောင်နိုင်တော့ဘူး"

"ဟား ဟား ဟား..... ဒီလိုပဲ ဖြစ်ရမှာပါကွာ၊ သမားတော်ကြီးရဲ့ အားပျော့ဆေးကလဲ အစွမ်းထက်ပေတာကိုး။ ဒီကောင့်ကို ခုနစ်ရက်လောက် ဒီအားပျော့ဆေးကို ဆက်ပြီး တစ်နေ့နှစ်လုံး ကျွေးသွားရင် ဒီကောင့်တစ်သက်မှာ အတွင်းအားကို ပြန်သုံးလို့ ရတော့မှာ မဟုတ်ဘူး၊ သာမန်လူတစ်ယောက်လောက်တောင် အင်အားရှိတော့မှာ မဟုတ်ဘူး၊ ဒါဆို အတွင်းအားနဲ့ တိုက်ခိုက်ရတဲ့ ဒီကောင့်သိုင်းပညာတွေဟာ လုံးလုံးသုံးလို့ရတော့မှာ မဟုတ်ဘူး ဟား ဟား ဟား"

“အယုတ်တမာကောင်ကြီး၊ ပါးစပ် ပိတ်ထားစမ်း”

ကျောက်ရှိုးက ခံပြင်းဒေါသစိတ်ဖြင့် အော်ပြောလိုက်သည်။ သို့သော် သူ့အသံက ကျယ်လောင်စွာ ထွက်ပေါ်မလာချေ။ အိမ်ကလေးအတွင်းမှ လူများ ကြားသာရုံသာ ပေါ်ထွက်လာသည်။ သူသည် အားပျော့ဆေးနှစ်လုံးကို သောက်ပြီးသည်နှင့် သူ၏အင်အားမှာ သိသိသာသာ ယုတ်လျော့သွားသည်ကို ကိုယ်တွေ့ ခံစားနေရပြီးဖြစ်၏။

“ကျန်ကျေ့ပြောသလို ခုနစ်ရက်လောက်သာ ဤဆေးကို ဆက်စားနေပါက သူသည် အမှန်ပင် အတွင်းအားကို ရာသက်ပန် အသုံးပြု၍ ရတော့မည် မဟုတ်ချေ။ သိုင်းသမားတစ်ယောက်အဖို့ သိုင်းပညာ ချေဖျက်ခံလိုက်ရခြင်းမှာ အသက်သေသည်ထက် ပိုမိုဆိုးရွားလေသည်။

* * *

ကျောက်ရှိုး၏စကားကို ကျန်ကျေ့သည် စိတ်မဆိုးသည့်ပြင် သဘောပင် ကျသွားသည်။

“ဒေါသမဖြစ်စမ်းပါနဲ့ ကျောက်ရှိုးရယ်၊ ဒေါသဖြစ်တာဟာ လူကို အင်မတန် ပင်ပန်းစေပါတယ်၊ ကိုယ့်ကိုယ်ကို နှိပ်စက်သလို ဖြစ်နေမှာပေါ့၊ အေးလေ မကြာခင် သိုင်းလောကမှာ ပိုင်ယွင်ဆန်း ဓားသမား ကျောက်ရှိုးဆိုတဲ့ နာမည်ဟာ ပျောက်ကွယ်ရတော့မယ် ဆိုတော့လဲ စိတ်မကောင်းစရာပေပဲပေါ့၊ သို့



ပေမယ့် မတတ်နိုင်ဘူးလေ၊ မင်းဟာ ဝါးစိမ်းဘိုးဘိုးရဲ့ တပည့်ရင်း ဖြစ်နေတဲ့အပြင် မင်းရဲ့သိုင်းပညာက တို့ကို အများကြီး ဒုက္ခပေးခဲ့တယ်ဆိုတော့ တို့ကလဲ မညှာနိုင်ဘူး၊ ကိုင်း..... သမားတော်ကြီး သူ့ကို အားပျော့ဆေးတစ်လုံးလောက် ထပ်တိုက်လိုက်ပါဦး”

ကျန်ကျေ့က ကျောက်ရှိုးကို ပြောရင်း တဆက်တည်းပင် သမားအိုကြီးကို အမိန့်ပေးလိုက်သည်။ သမားအိုကြီးက ကျောက်ရှိုးအနီးကို ကပ်လာသည်။ ကျောက်ရှိုးမှာ သွေးကြောပိတ်ခံထားရသဖြင့် ခြေလက်များ လုံးလုံး မလှုပ်ရှားနိုင်ချေ။ သူ့ခေါင်းကိုသာ ခါယမ်းရင်း အော်ပြောနေသည်။

“ကျုပ်နား မကပ်နဲ့၊ မကပ်နဲ့”

ယင်အိုးစန်းက ညာလက်ဖြင့် ကျောက်ရှိုး၏ ဦးခေါင်းကို ချုပ်ကိုင်လိုက်၏။ ပြီးနောက် ပါးစပ်နှစ်ဖက်ကို ညှစ်လိုက်၏။ ကျောက်ရှိုး အသံမထွက်နိုင်တော့ဘဲ ပါးစပ်လည်း ဟသွား၏။ သမားအိုကြီးက သူ့လက်ထဲတွင် ကိုင်လာသော ဆေးလုံးကလေးကို ကျောက်ရှိုး ပါးစပ်ထဲ ထည့်ပေးလိုက်ပြီး ဖက်ပိုးကို ဗုန်းခနဲ တစ်ချက်ရိုက်လိုက်သည်။ ဆေးလုံးကလေးမှာ ထွေးမထုတ်နိုင်ခင် ကျောက်ရှိုးပါးစပ်ထဲကို ကျသွားသည်။

ထိုအခါမှ ယင်အိုးစန်းသည် ကျောက်ရှိုး၏ ခေါင်းကို လှုပ်ကိုင်ထားရာမှ လွှတ်ပေးသည်။

“ဟား ဟား ဟား ဟား ဟား”

ကျန်ကျေ့က ကျောက်ရှိုး၏ အဖြစ်ကိုကြည့်ပြီး သဘော

ကျစွာ အားပါးတရ ရယ်မောသည်။

"ကျောက်ရိုရှုံးရယ် မင်းမသောက်ချင်ဘူးဆိုလို့ ဖြစ်တာလဲ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ အပင်ပန်းခံပြီး ငြင်းနေရတာလဲ၊ နောက်တစ်ခါ ဆေးကျွေးရင်အသာတကြည်သောက်လိုက်စမ်းပါကွာ"

ဆေးဝင်သွားပြီး တစ်ခဏအတွင်းမှာပင် ရင်ထဲတွင် ပူခနဲဖြစ်သွားကာ လူလည်း မောဟိုက်နွမ်းခွေသွားသည်။ မျက်နှာတွင် ချွေးသီးချွေးပေါက်များ ထွက်လာပြီး မျက်လုံးအစုံမှာလည်း မှေးစင်းလာသည်။

ထိုစဉ် အိမ်အပြင်ဘက်မှ 'ဝေါင်းခနဲ' ကျားဟိန်းသံနှင့်အတူ လူအများ ရုတ်ရုတ်သဲသဲ အော်ဟစ်သံလည်း ရုတ်တရက်ပေါ်ထွက်လာလေသည်။

"ကျားကြီးဟေ့ ကျားကြီး....."

"အား....."

"ဟာ..... ဆရာအန်းစုကို ကျားဆွဲသွားပြီ၊ လိုက်ကြဟေ့... လိုက်ကြ"

တိတ်ဆိတ်သောညအချိန် ဖြစ်သောကြောင့် ကျားဟိန်းသံ၊ အော်ဟစ်သံများကို ကောင်းစွာ ကြားနေကြရသည်။ မှေးနေသော ကျောက်ရိုရှုံး၏ မျက်လုံးအစုံပင် ပြန်ပွင့်လာသည်။

"ကျားဆွဲသွားလို့ ဆိုပါလား"

ကျန်ကျေ့က စိုးရိမ်တကြီး ပြောဆိုကာ ပြေးထွက်သွားသည်။ သူ့နောက်မှ ယင်အိုးစန်း၊ လျန်းရွှန်နှင့် သမားအိုကြီးတို့လည်း ပြေးလိုက်သွားကြသည်။ သွေးကြောပိတ်ခံထားရသော



ကျောက်ရိုရှုံးတစ်ယောက်သာ အိမ်ထဲတွင် မလှုပ်မယှက် ကျန်နေခဲ့သည်။

"အမယ်လေး.....အား....."

"ဟာ..... နောက်တစ်ယောက်ကို ဆွဲသွားပြန်ပြီဟေ့....."

"ဝေါင်း.....ဝေါင်း....."

"ဝိုင်းထားစမ်းဟေ့..... ဝိုင်းထား၊ အနားကို အရမ်းမကပ်ကြနဲ့"

အပြင်ဘက်မှ ထိတ်လန့်တကြီးအော်သံများ ဆက်တိုက်ပင် ပေါ်ထွက်နေသည်။

"နည်းတဲ့ကျားကြီး မဟုတ်ဘူး၊ အနားကပ်လာရင် လက်မနေးကြနဲ့"

ကျားဟိန်းသံ၊ မာန်ဖီသံမှာလည်း ကြောက်ခမန်းလိလိ ပေါ်ထွက်နေသည်။

"ဝုန်း.....ဝုန်း.....ဝုန်း"

ဤနေရာမှာ တောနက်ကြီး ဖြစ်သောကြောင့် ကျားရောက်လာသည်မှာ မဆန်းပေ။ သို့သော် အသံများကို ကြားရခြင်းအားဖြင့် ကျားသည် လူတစ်ယောက်တည်းကို ဆွဲ၍ ထွက်ခွာသွားခြင်း မဟုတ်ဘဲ တစ်ယောက်ပြီးတစ်ယောက် လိုက်ကိုက်နေခြင်းဖြစ်ကြောင်း သိသာနိုင်သည်။ ထို့ကြောင့် ကျောက်ရိုရှုံးသည် ကျန်ကျေ့၏တပည့်များကို ရန်မူနေသော ကျားကြီး၏အပြုအမူကို နားမလည်ချေ။

ထိုစဉ် ကျောက်ရိုရှုံးအနီးသို့ လူတစ်ယောက် လှစ်ခနဲ

ရောက်လာသည်။ ထိုသူ့ကို မြင်ရသောအခါ ကျောက်ရိုရှ်ံ အံ့ဩဝမ်းသာသွားသည်။ စိတ်ကယောင်ကတမ်း ဖြစ်နေသဖြင့် ထင်ယောင်ထင်မှား မြင်ယောင်ခြင်း ဖြစ်လေမလားဟုပင် တွေးမိသည်။ သူ့နှုတ်ခမ်းမှလည်း လွှတ်ခနဲ ခေါ်မိသည်။

"ဟင်.....အစ်ကိုကြီးရိုလူ"

သူ့ရှေ့ကို ရောက်လာသူမှာ လုံးလုံး မျှော်လင့်မထားသော လူအ,ကြီးရိုလူပင် ဖြစ်နေလေသည်။ ဝါးစိမ်းဘိုးဘိုး၏ လူယုံတော်ကြီး ရိုလူ၊ ပိုင်ယွင်ဆန်းတောင်တန်းက သေလုမျောပါး ဒဏ်ရာတွေ ရထားလျက်မှ ကျားစီး၍ ထွက်ပြေးသွားသော ရိုလူ၊ ကျောက်ရိုရှ်ံတို့အပေါ် သံယောဇဉ်ကြီးလွန်းလှသော ရိုလူ၊ ဤသို့သော ရိုလူသည် ယခုတော့ ဖြုန်းစားကြီး ရောက်လာပြီး ကျားဟိန်းသံများမှာလည်း လူအကြီးရိုလူ မွေးထားသော ကျားကြီး၏ဟိန်းသံပင် ဖြစ်လိမ့်မည်ဟု ကျောက်ရိုရှ်ံ ချက်ချင်း တွေးမိသည်။

လူအကြီးရိုလူက သူ့နှုတ်ခမ်းတွင် လက်ညှိုးကပ်ပြပြီး ကျောက်ရိုရှ်ံကို စကားမပြောရန် အချက်ပြသည်။ သူသည် ဦးစွာ ကျောက်ရိုရှ်ံ အပိတ်ခံထားရသော သွေးကြောကို လက်ညှိုးနှင့် ထိုး၍ ဖွင့်ပေးသည်။ ကျောက်ရိုရှ်ံ ခန္ဓာကိုယ် ချက်ချင်း ပြန်၍ လှုပ်ရှားလာနိုင်သော်လည်း အင်အားဆုတ်ယုတ်နေသဖြင့် ခြေလက်များမှာ လေးလံနေတုန်း ဖြစ်၏။

လူအ,ကြီးရိုလူက ဆက်တိုက်ပင် ကျောက်ရိုရှ်ံ ပါးစပ်ထဲကို အနီရောင် ဆေးလုံးကလေးသုံးလုံး ခွံ့ထည့်ပေးသည်။



ကျောက်ရိုရှ်ံက မေးမြန်းမနေဘဲ မျိုချလိုက်သည်။ လူအ,ကြီး ရိုလူမှာ သူ့ကို ကယ်တင်ရန် ရောက်လာခြင်း ဖြစ်သဖြင့် ယခု အချိန်တွင် အထူးအထွေ မေးနေစရာမလိုပေ။

အိမ်ပြင်ဘက်တွင် ကျားဟိန်းသံ၊ လူများ အော်ဟစ်သံများက ဆူညံနေကြတုန်းဖြစ်၏။

အနီရောင်ဆေးသုံးလုံးကို သောက်လိုက်သည်နှင့် ကျောက်ရိုရှ်ံ၏ ရင်ထဲတွင် အေးခနဲ ဖြစ်သွားသည်။ ထုံထိုင်းနေသော ဦးနှောက်မှာလည်း ချက်ချင်းပင် ကြည်လင်လန်းဆန်းလာသည်။ အင်အားများလည်း တဖြည်းဖြည်း ပြန်ပြည့်လာသလို ခံစားမိသည်။

လူအ,ကြီးရိုလူက ခုတင်ပေါ်တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး ရှုရှိုက်လုပ်ပြကာ ပါးစပ်မှလည်း တအိအိတအအပြောသည်။ လူအ,ကြီးရိုလူနှင့် အနေကြာခဲ့သော ကျောက်ရိုရှ်ံသည် ဘာကို ဆိုလိုကြောင်း သိသည်။ ထို့ကြောင့် သူသည် တင်ပျဉ်ခွေထိုင်လိုက်ပြီး အတွင်းအား ကျင့်စဉ်ဖြင့် သွေးလေလည်ပတ်မှု မှန်လာအောင် လုပ်သည်။

* * *

ထိုစဉ် အခန်းထဲသို့ ယင်အိုးစန်းနှင့် လက်နက်ကိုင်ထားသော ဝတ်စုံနက်နှစ်ယောက်တို့ ပြေးဝင်လာကြသည်။ ကျောက်ရိုရှ်ံအနီးတွင် လူအ,ကြီးရိုလူကို တွေ့ရသောအခါ အံ့ဩတကြီး

ဖြစ်သွားကြသည်။

"ဟင်.....ခင်ဗျား ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ဒီထဲကို ရောက်နေတာလဲ"

လူအကြီးရိုလူက နှုတ်နှင့် ပြန်မပြောတော့ချေ။ ဝတ်စုံနက်နှစ်ယောက်နှင့် ယင်အိုးစန်းတို့ထံ ခုန်ဝင်ပြီး စတင်တိုက်ခိုက်လေတော့သည်။ ဝတ်စုံနက်နှစ်ယောက်က ရိုလူကို ဓားနှင့် ဆီးခုတ်ကြသည်။ ရိုလူက ရှောင်တိမ်းပြီး ဝတ်စုံနက်နှစ်ယောက် လက်မှ ဓားကို ရိုက်ဖယ်ထုတ်သည်။ ထိုစဉ် ယင်အိုးစန်းက အတွင်းအားကျင့်စဉ် ဝင်နေသော ကျောက်ရိုရှုံးကို ရန်ပြုရန် ပြေးသွားသည်။ လူအ,ကြီးရိုလူက လက်နှစ်ဖက်နှင့် ဝတ်စုံနက်နှစ်ယောက်အား တိုက်ခိုက်နေရာမှ ယင်အိုးစန်း၏ ရင်ဘတ်ကို ခြေဖြင့် လှမ်းခတ်သည်။

"ဖြန်း"

"အင့်"

ယင်အိုးစန်း ရင်ဘတ်ကို ခြေနှင့် ခတ်မိပြီးနောက် ခြေသုံးလေးလှမ်း ယိုင်ဆုတ်သွား၏။ တစ်ဆက်တည်းပင် လူအ,ကြီးရိုလူ၏ ညာဘက်လက်ဝါးစောင်းက ဝတ်စုံနက်တစ်ယောက်၏ လည်ပင်းကို ခုတ်မိသွားသလို ဘယ်ဘက်လက်သီးက ကျန်ဝတ်စုံနက်တစ်ယောက်၏ပခုံးကို ထိုးမိသွားသည်။

"အ.....အွန့်"

"ရန်သူ.....ရန်သူ"

ဝတ်စုံနက်နှစ်ယောက်စလုံး လဲကျသွားကြသည်။ ယင်



အိုးစန်း၏ အော်သံကြောင့် အိမ်ထဲကို ဝတ်စုံနက်ဝတ်ထားသော လူလေးယောက် လက်နက်ကိုယ်စီကိုင်၍ ပြေးဝင်လာကြပြန်သည်။

သူတို့နောက်မှ လျန်းချွန်လည်း ပါလာသည်။ အပြင်ဘက်တွင် ကျားဟိန်းသံကို မကြားရတော့ချေ။

ယင်အိုးစန်းက မြေပေါ်တွင် ကျနေသောဓားကို ကောက်ယူပြီး လူအ,ကြီးရိုလူကို ဝင်တိုက်သည်။ ဝတ်စုံနက်လေးယောက်နှင့် မိန်းမချောကြီးလျန်းချွန်းကပါ လက်နက်ကိုယ်စီဖြင့် လူအ,ကြီးရိုလူကို ဝိုင်းတိုက်ကြသည်။ ကျောက်ရိုရှုံးကမူ တင်ပျဉ်ခွေထိုင်လျက် အတွင်းအားကျင့်စဉ်ကို အပြင်းအထန်ကျင့်နေတုန်းဖြစ်၏။

လူအ,ကြီးရိုလူနှုတ်မှ ကြောက်စရာကောင်းသော ဝူးဝူးဝါးဝါး အော်ဟစ်သံ ပေါ်လာပြီး သူ့အနီးကို ရောက်လာသော ရန်သူများကို ပြန်တိုက်သည်။ ကျောက်ရိုရှုံးအနီးကို ရန်သူများ ရောက်မသွားစေရန်လည်း ပြင်းပြင်းထန်ထန် ကာကွယ်သည်။ သူသည် လက်နက်ကို မကိုင်ဘဲ သံမဏိကဲ့သို့ မာကျောသော လက်ဝါးကြီးနှစ်ဖက်ဖြင့်သာ ရန်သူများကို တိုက်ခိုက်နေလေသည်။ သူ၏လှုပ်ရှားမှုမှာ ထွားကျိုင်းသော ခန္ဓာကိုယ်နှင့် မလိုက်အောင် ပေါ့ပါးသွက်လက်လျက် ရှိသည်။

ကျောက်ရိုရှုံးသည် မျက်လုံးအစုံမှိတ်၍ ရှူရှိုက်နည်းတွေဖြင့် အတွင်းအားကျင့်စဉ်ကို ဝင်နေသော်လည်း နားထဲတွင် လူအ,ကြီးရိုလူ၏ အော်ဟစ်သံနှင့် ဒုစရိုက်သမားရန်သူများ၏

အော်ဟစ်တိုက်ခိုက်သံများကိုသာ ကြားနေရသည်။ သို့သော် သူ့တွင် ပြန်လည် အင်အားမပြည့်ဝလာသေးသဖြင့် လူအ,ကြီးရိလူကို မကူညီနိုင်သေးချေ။ တဖြည်းဖြည်းတော့ ပြန်၍ အင်အားပြည့်ဝလာသည်ကို ခံစားမိသည်။ ထို့ကြောင့် အပြင်းအထန်လေ့ကျင့်သည်။

လူအ,ကြီးရိလူသည် ဝတ်စုံနက်နှစ်ယောက်ကို လက်ဝါးစောင်းရိုက်ချက်ဖြင့် လွှဲရိုက်၍ လှဲချလိုက်ပြန်သည်။

ကျောက်ရိရှုံးထံ လှမ်းသွားရန် ကြိုးစားနေသော ယင်အိုးစန်းကိုလည်း ရှေ့မှ ဆီးခံ၍ နောက်ဆုတ်သွားအောင် တိုက်ခိုက်သည်။ လျှန်းချွန်ကမူ သံမဏိယပ်တောင်ဖြင့် လူအ,ကြီးရိလူကို တရကြမ်းတိုက်ခိုက်သည်။ သူမ၏ ထက်မြက်လှသောသံမဏိယပ်တောင်အဖျားက လူအကြီးရိလူ၏ လည်ပင်းအနီးမှ ပွတ်ကာသီကာ ဝဲပျံလျက် ရှိနေသည်။

ထိုစဉ် အခန်းထဲသို့ ကျန်ကျေ့လည်း ရောက်လာသည်။

သူသည် အခန်းထဲမှ မြင်ကွင်းကိုကြည့်ပြီး ခဏမျှ အံ့ဩသွားသည်။ သူ့လက်ထဲတွင်လည်း အပြားကြီး၍ ရှည်လျားလှသော ဓားကြီးတစ်လက်ကို ဆုပ်ကိုင်ထားသည်။ သူသည် အခြေအနေကို တွက်ဆမိသည်နှင့် ကျောက်ရိရှုံးထံသို့ တရှိန်ထိုး ပြေးလာတော့သည်။

လူအကြီးရိလူသည် ကျောက်ရိရှုံးထံသို့ ကျန်ကျေ့ပြေးသွားသည်ကို တွေ့နေရသည်။ သို့သော် ယင်အိုးစန်း၊ လျှန်းချွန်နှင့် ဝတ်စုံနက်များက ပိတ်ဆို့တိုက်ခိုက်နေသောကြောင့် ကျန်ကျေ့



ကို မတားဆီးနိုင်တော့ချေ။

ထို့ကြောင့် သူသည် ကျောက်ရိရှုံးကို သတိပေးသည့်အနေနှင့် ရူးရူးရားရား အော်လိုက်သည်။ သူ၏အော်သံမှာ လူဝံကြီးတစ်ကောင်၏ အော်သံမျိုးနှင့် တူလှ၏။

“ဂရား.....ဂါး.....”

လူအ,ကြီးရိလူ၏အော်သံကို ကျောက်ရိရှုံး ကြားသည်။ ဤအသံမှာ သူ့ကို သတိပေး အော်ဟစ်သံ ဖြစ်ကြောင်းလည်း နားလည်သည်။ ပိုင်ယွှင်းဆန်းတောင်တွင် လူအကြီးရိလူနှင့် အတူတူ နေထိုင်စဉ်က ထိုကဲ့သို့ အော်ဟစ်လျှင် တစ်ဦးဦးကို သတိပေးခြင်းဖြစ်ကြောင်း ကျောက်ရိရှုံး သိထားပြီးဖြစ်၏။ ထိုအချိန်တွင် သူသည် မူလအတိုင်း အားအင်ပြည့်ဖြိုးနေပြီဖြစ်၏။

ကျောက်ရိရှုံးက မှိတ်ထားသောမျက်လုံးအစုံကို ဖျတ်ခနဲ ဖွင့်လိုက်သည်။ ချက်ချင်းပင် သူ့မျက်နှာအနီးတွင် ဓားရောင်တစ်ချက် ဝင်းခနဲ လက်သွားသည်ကို တွေ့ရသည်။ ကျန်ကျေ့က သူ့လည်ပင်းကို ဓားဖြင့် ပိုင်းချလိုက်သောကြောင့် ဖြစ်၏။

ကျောက်ရိရှုံးသည် နောက်ကို ဆတ်ခနဲ လှန်ချလိုက်သည်။

ကျန်ကျေ့၏ဓားက သူ့မျက်နှာပေါ်မှ ကပ်ပြီး ဝိုးခနဲ ဖြတ်သွားသည်။ သူသည် နောက်ကို ပက်လက်လှန်ချလိုက်ပြီး ဘယ်ခြေဖြင့် ကျန်ကျေ့၏လက်မှ ဓားကို ခတ်သည်။ ညာခြေဖြင့် ကျန်ကျေ့၏မျက်နှာကို ခတ်သည်။

ကျန်ကျေ့သည် ကျောက်ရိရှုံး ဤသို့ ပြန်လည်တိုက်ခိုက်နိုင်လိမ့်မည်မဟုတ်ဟု လုံးလုံး ထင်မှတ်မထားချေ။ သူ့ဓားချက်ဖြင့် ကျောက်ရိရှုံး ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်သွားပြီဟုသာ သေချာပေါက် ထင်မှတ်ထားသည်။ ယခုမှ ကျောက်ရိရှုံးက လျှပ်တစ်ပြက် ရှောင်တိမ်းပြီး တစ်ဆက်တည်းပင် ပြန်လည်တိုက်ခိုက်လာသောအခါ ထိတ်ခနဲ ဖြစ်သွားပြီး နောက်ကို ကတိုက်ကရိုက် ခုန်ဆုတ်လိုက်ရတော့၏။ ထိုစဉ် ကျောက်ရိရှုံးသည် ခုတင်ပေါ်မှ ခုန်ဆင်းပြီး မတ်တတ်ရပ်နေပြီဖြစ်၏။

လူအ,ကြီးရိလှူသည် ယင်အိုးစန်းတို့နှင့် တိုက်ခိုက်နေရာမှ ကျောက်ရိရှုံး၏ အခြေအနေကို မြင်ရသောအခါ စိတ်အေးသွားသည်။ ကျောက်ရိရှုံးအတွက် စိတ်အေးသွားရပြီဖြစ်၍ သူသည် ကျောက်ရိရှုံးကို အာရုံမစိုက်တော့ဘဲ ယင်အိုးစန်းတို့ကို တရကြမ်းတိုက်ခိုက်တော့၏။

အံ့ဩစိတ်နှင့် ကျန်ကျေ့နောက်ကို ခြေနှစ်လှမ်း ထပ်ဆုတ်သွားချိန်တွင် ကျောက်ရိရှုံးသည် ရန်သူ့လက်မှ လွင့်စဉ်ကျနေသော ကြမ်းပေါ်မှ ဓားတစ်လက်ကို ညာလက်ဖြင့် ကောက်ယူလိုက်သည်။ သူသည် မူလကဲ့သို့ အားအင် ပြန်လည်ပြည့်ဖြိုးလာသော်လည်း ပခုံးမှ ဒဏ်ရာကြောင့် ဘယ်ဘက်လက်ကမူ ကောင်းစွာ ပြန်လည်မလှုပ်ရှားနိုင်သေးချေ။

ကျောက်ရိရှုံးသည် ကျန်ကျေ့က သူ့ကို ပြန်လည်မတိုက်ခိုက်နိုင်ခင်မှာပင် ဝက်ပါဓားသိုင်းကွက်ကို သုံး၍ ကျန်ကျေ့ကို ဦးစွာ တိုက်ခိုက်တော့သည်။



ကျောက်ရိရှုံးကို ဝါးစိမ်းဘိုးဘိုး သင်ကြားပေးထားသော ဝက်ပါဓားသိုင်းမှာ ထက်မြက်သော သိုင်းကွက်ဖြစ်၏။ တကယ်တမ်းဆိုလျှင် သိုင်းကွက်သုံးဆယ်အတွင်း ကျောက်ရိရှုံးသည် ကျန်ကျေ့ကို အနိုင်တိုက်နိုင်လေသည်။

သို့သော် သူ့ပခုံးမှ ပြင်းထန်သောဒဏ်ရာကြောင့် ကျောက်ရိရှုံးသည် ဝက်ပါသိုင်းကွက်ကို ပြင်းပြင်းထန်ထန် ထုတ်မသုံးနိုင်ချေ။ ဒဏ်ရာကို ငဲ့နေရသဖြင့် သူ့လှုပ်ရှားမှုမှာ တိတိကျကျလည်း မရှိချေ။ ထို့ကြောင့် သူသည် သိုင်းကွက်သုံးဆယ်ကျော်လာသော်လည်း ကျန်ကျေ့ကို အနိုင်မတိုက်နိုင်သေးချေ။

ထိုအချိန်အတွင်းမှာပင် ကျန်ကျေ့၏ တပ်သားများ ထပ်ရောက်လာပြီး ကျန်ကျေ့နှင့်အတူ ကျောက်ရိရှုံးကို ဝိုင်းတိုက်လာကြပြန်သည်။

ထို့ကြောင့် ကျောက်ရိရှုံးသည် ကျန်ကျေ့ကို အမိကထား၍ မတိုက်နိုင်အောင် ဖြစ်နေသည်။ ကျန်ကျေ့ကလည်း ပြေးပေါက်ကို ရှာနေပြီဖြစ်၏။

လူအ,ကြီးရိလှူမှာ စူးစူးရားရား အော်ဟစ်ရင်း တိုက်ခိုက်နေတုန်းဖြစ်၏။ သူ့လက်ဝါးစောင်းရိုက်ချက်ကို မိ၍ ဝတ်စုံနက်အတော်များများနှင့် ယင်အိုးစန်းပါ လဲကျနေပြီဖြစ်၏။

လျှန်းချွန်းနှင့် ဝတ်စုံနက်သုံးယောက်သာ သူ့ကို ဝိုင်းတိုက်နေကြသည်။ လျှန်းချွန်း၏ ယပ်တောင်သိုင်းကွက်မှာ ယင်အိုးစန်း၏ ဓားသိုင်းကွက်ထက် ပိုပြီး ထက်မြက်သဖြင့် သူမသည် ကြာမျှ အချိန်ကြာမြင့်သည်အထိ ရိလှူကို တိုက်ခိုက်နေနိုင်ခြင်း

ဖြစ်လေသည်။

သို့သော် သူတို့သည် တိုက်စစ်ထက် ခံစစ်ကိုသာ သုံးနေကြရတော့၏။

ကျောက်ရိုရွှီးမှာလည်း ပြင်းပြင်းထန်ထန် လှုပ်ရှားလာရသောအခါ သူ့ပခုံးမှဒဏ်ရာမှာ မီးစကြီးနှင့် အထိုးခံရသကဲ့သို့ ပူခနဲ နာကျင်သွားမိသည်။

အချိန်ကြာကြာသာ ဆက်တိုက်ရပါက သူ့အနေနှင့် ကျန်ကျေ့ကို ဆက်၍ ဟန့်တားနိုင်လိမ့်မည် မဟုတ်ကြောင်း တွက်မိလာသည်။

အတွင်းအားကိုလည်း ညာဘက်လက်ဆီကို စုစည်းလိုက်၏။ ထိုအခါ သူ၏ဓားက တုန်ခါလာပြီး အရောင်လက်လာသည်။

"ထန်း.....ထန်း....."

"ချွမ်း.....ချွမ်း.....ချွမ်း"

ဝတ်စုံနက်နှစ်ယောက်လက်ထဲမှ ဓားနှစ်ချောင်း လွင့်စဉ် ထွက်သွားပြီး ဓားသုံးချောင်းကမူ ထက်ပိုင်းကျိုးကုန်သည်။

ကျောက်ရိုရွှီးလက်မှ ဓားက တစ်ပြိုင်တည်းလိုလို ဝတ်စုံနက်ငါးယောက်၏ ခန္ဓာကိုယ်များကို ထိုးခုတ်မိသွားသည်။ နာကျင်စွာ ညည်းတွားသံများ ဆက်တိုက်ပေါ်လာပြီး ဝတ်စုံနက်ငါးယောက်စလုံး လဲကျသွားကြသည်။

ထိုစဉ် ကျောက်ရိုရွှီးသည် ကျန်ကျေ့ကို ရှောင်ပေးမိသလို ဖြစ်သွားပြန်သည်။ ကျန်ကျေ့က ထိုအခွင့်ကောင်းကို ယူပြီး



နောက်ဘက်မှနေ၍ ကျောက်ရိုရွှီး၏ကျောကို ဓားဖြင့် အားကုန်ထိုးလိုက်လေ၏။ ကျောက်ရိုရွှီးကိုယ်ကို အနည်းငယ် တိမ်းပြီး လက်ကို ကာပေးလိုက်ရာ ကျန်ကျေ့၏ဓားက ကျောက်ရိုရွှီး ချိုင်းအောက်မှ ဖောက်ထွက်သွားသည်။ ကျန်ကျေ့သာ ဓားကို ပင့်၍ ပြန်ဆွဲထုတ်လိုက်ပါက ကျောက်ရိုရွှီး၏ ညာလက်မှာ ပခုံးမှ ပြတ်သွားနိုင်လေသည်။

ကျန်ကျေ့ကလည်း ထိုသို့ပင် ပြုလုပ်ရန် ကြံရွယ်ထားသည်။ သို့သော် ကျောက်ရိုရွှီးက သူ့ဓားနှင့် ဆတ်ခနဲ နောက်ပြောင်ထိုးလိုက်သည်။ ကျောက်ရိုရွှီး၏ဓားက ကျန်ကျေ့ရင်ဘတ်ကို အရှိန်ပြင်းစွာ ထိုးမိသွားသည်။

"အား....."

ကျန်ကျေ့မျက်လုံးအပြူးသားနှင့် နာကျင်စွာ အော်ရင်း ဝုန်းခနဲ ကျသွားတော့သည်။ ကျန်ကျေ့လဲကျသေဆုံးသွားသည်ကို မြင်သည်နှင့် မိန်းမချောကြီးလျှန်းချွန်းနှင့် ကျန်နေသေးသော ဝတ်စုံနက်နှစ်ယောက်မှာ ချာခနဲ လှည့်ထွက်ပြေးတော့၏။

"ဝူး.....ဝူး.....လား"

"ဖြောင်း.....အုံး"

"အွန့်.....အင့်.....အား"

လူအကြီးရိလူသည် ထွက်ပြေးသွားသူများကို အလွတ်မပေးဘဲ ဝူးဝူးဝါးဝါးအော်ကာ လွှားခနဲခုန်လိုက်ပြီး လက်ဝါးနှစ်ဖက်နှင့် ဆက်တိုက်ရိုက်ချလိုက်သည်။ လျှန်းချွန်းနှင့် ဝတ်စုံနက်နှစ်ယောက်စလုံး လူအကြီးရိလူ၏ ရိုက်ချက်ပြင်းပြင်းထန်ထန်

ထိကာ ပါးစပ်မှ သွေးပွက်ပွက်အန်လျက် လဲကျသွားကြသည်။

အိမ်ကလေးထဲတွင် မတ်မတ်ရပ်နိုင်သူဆို၍ ကျောက်ရိရှိုး နှင့် လူအ,ကြီးရိလူတို့သာ ရှိတော့သည်။ ကျန်ကျေ့,နှင့် သူ့,လူ အားလုံးမှာ လဲကျသေဆုံးနေကြပြီဖြစ်၏။

"ဂါး.....ဂရား.....ဂါး"

"ဘုံး ဘုံး ဘုံး ဘုံး"

လူအ,ကြီးရိလူသည် သူ့,အကျင့်အတိုင်း လူဝံကြီးတစ်ကောင်ကဲ့သို့ အော်သံပြုပြီး သူ့,ရင်ဘတ်ကို လက်ဝါးနှစ်ဖက်နှင့် တဘုံးဘုံး ပုတ်လိုက်သည်။ သူသည် ရန်သူကို အနိုင်ယူတိုက်ခိုက်နိုင်သောအခါ ဤကဲ့သို့ ပြုမူတတ်လေသည်။

ကျောက်ရိရှိုးကမူ အင်အားကို အစွမ်းကုန်ထုတ်၍ တိုက်ခိုက်လိုက်ရသောကြောင့် အနည်းငယ် နွမ်းနယ်ပင်ပန်းသွားသည်။ သူ့,ပခုံးမှဒဏ်ရာလည်း အတော်ကလေး နာကျင်နေသည်။ သူ့,ခန္ဓာကိုယ်မှာ အနည်းငယ် ယိမ်းယိုင်လျက်ရှိသည်။

ကျောက်ရိရှိုးအနီးသို့ လူအကြီးရိလူ ရောက်လာပြီး တွဲထိုင်လိုက်သည်။

"ကျွန်တော့်ရဲ့ ဘယ်ဘက်ပခုံးမှာ ပခုံးရိုးကြေလောက်အောင် ပြင်းပြင်းထန်ထန် အတွင်းဒဏ်ရာရထားတယ်၊ အစ်ကိုကြီးရိလူ"

လူအ,ကြီးရိလူက တအိအိနှင့်ပြော၍ ကျောက်ရိရှိုးကို အိမ်ပြင်ကို တွဲခေါ်သည်။ အိမ်ပြင်ဘက်တွင်လည်း သွေးသံရဲရဲနှင့် သေဆုံးနေသော လူလေးယောက်၏အလောင်းများကို



တွေ့,ရသည်။ လည်ပင်းကြီးပေါက်ပက် ပေါက်လျက် သေနေသော သမားတော်အဘိုးအိုကြီးလည်း တွေ့,ရသည်။ ထိုအလောင်းများနှင့် မလှမ်းမဝေးတွင် ဒဏ်ရာအပြည့်နှင့် သေဆုံးနေသော ကျားကြီးတစ်ကောင်ကိုလည်း တွေ့,ရသည်။

လူအ,ကြီးရိလူသည် ကျားသေကြီးဆီ ပြေးသွားပြီး ကျားသေကြီးကို ဖက်ကာ ဝမ်းပန်းတနည်း ငိုကြွေးတော့၏။ ကျောက်ရိရှိုး ထင်ထားသည့်အတိုင်း ကျားကြီးမှာ လူအ,ကြီးရိလူ၏ ကျားကြီးပင် ဖြစ်ထော့၏။

ကျောက်ရိရှိုးကို ကယ်တင်ရေးအတွက် အသက်ပေး၍ ဆောင်ရွက်သွားခြင်းဖြစ်၏။ ကျန်ကျေ့,နှင့် တပည့်များမှာ အဆင့်မြင့် သိုင်းသမားများ ဖြစ်ကြသောကြောင့် ကျားကြီးကို ဝိုင်းဝန်းတိုက်ခိုက် သတ်ပစ်လိုက်ကြခြင်း ဖြစ်လေသည်။

*

အခန်း - ၇၅

## ဝါးစိမ်းဘိုးဘိုးထံမှစာ

လူအကြီးရိလူသည် ကျားကြီးကို ပေါက်စအရွယ်ကလေး တည်းက မွေးလာခြင်း ဖြစ်သောကြောင့် လွန်စွာ သံယောဇဉ်ရှိ သည်။ ကျားကြီးကလည်း လူအ,ကြီး ရိလူကို လွန်စွာချစ်သည်။ ယခုတော့ သူ့ချစ်သော ရိလူကို ကူညီရင်း အသက်စွန့်သွား ရလေပြီ။

ကျောက်ရိရှုံးသည် သူ့အတွက်ကြောင့် အသက် သေဆုံး သွားရသော ကျားကြီးအတွက် စိတ်မကောင်း ဖြစ်မိသည်။ သူ



သည် ကျားကြီးအနီးတွင် သွားထိုင်ပြီး ရိလူကို ပြောလိုက်သည်။

"ကျွန်တော့်ကြောင့် အစ်ကိုကြီး ရိလူအပေါ်မှာ သစ္စာထား တဲ့ ကျားကြီးသေဆုံးသွားရတာ ကျွန်တော် စိတ်မကောင်းပါဘူး။ အစ်ကိုကြီးရိလူ့ရဲ့ ကျားကြီးဟာ ဘယ်သူ့ကိုမှ အန္တရာယ်မပေး ဘူးဆိုတာလဲ ကျွန်တော် သိပါတယ်၊ ဒီကျားကြီးဟာ ဒုစရိုက် သမားတွေဖြစ်တဲ့ လူဆိုးတွေထက် ပိုပြီး တန်ဖိုးရှိပါတယ်။ ပိုပြီး မြတ်ပါတယ်"

ကျားကြီးကို ဖက်ငိုနေသော လူအ,ကြီးရိလူသည် အငိုတိတ် လိုက်သည်။ သူသည် စိတ်အားတင်းပြီး ဝမ်းနည်းကြေကွဲစိတ်ကို ဖြေဖျောက်လိုက်သည်။

သမားအိုကြီး၏ အိမ်ကလေး ပတ်ဝန်းကျင်တွင် အသက် ရှင်လျက် ရှိသူဆို၍ ကျောက်ရိရှုံးနှင့် လူအ,ကြီးရိလူတို့တာ ရှိ တော့သည်။

လူအကြီးရိလူက ကြီးမားလှသော ဓားကြီးတစ်လက်ကို ယူပြီး မြေပျော့ပျော့တွင် တွင်းတစ်တွင်း စပြီးတူးသည်။ ကျောက် ရိရှုံးကလည်း ဓားတစ်လက်ကို ယူပြီး ညာလက်နှင့် ဝိုင်းတူးသည်။ လူအ,ကြီးရိလူက မတူးရန် လက်ဟန်ခြေဟန်ဖြင့် ပြောသော် လည်း ကျောက်ရိရှုံးက ဆက်တူးမြဲတူးသည်။ တွင်းကြီးတူးပြီး သည်နှင့် လူအ,ကြီးရိလူသည် ကျားကြီးကိုဆွဲယူ၍ မြေမြှုပ်လိုက် သည်။ ပြီးမှ သစ်ပင်တစ်ပင်နောက်တွင် ရှိသော ခရီးဆောင် အိတ်ကြီးကို လွယ်လိုက်သည်။

ထိုနောက် ကျောက်ရိရှုံးနှင့် လူအကြီးရိလူတို့သည် အိမ်

ကလေးကို ကျောခိုင်း၍ ထွက်ခွာလာခဲ့ကြသည်။ ကျောက်ရိုရှုး ကို လူအကြီးရိလူက တွဲခေါ်လာခြင်းဖြစ်၏။ သူတို့သည် မြို့ ဘက်ဆီသို့ လာခဲ့ကြခြင်းဖြစ်သည်။ အတော်ကလေး ခရီး ပေါက်လာသည့်တိုင်အောင် ကျောက်ရိုရှုးသည် စကားမပြောဖြစ် သေးချေ။

သန်းခေါင်ကျော် အချိန်လည်းဖြစ်၊ တောနက်ကြီးထဲတွင် လည်း ဖြစ်သောကြောင့် သူတို့လာခဲ့သည့် ခရီးစဉ်တစ်လျှောက် တွင် မည်သူ့ကိုမျှ မတွေ့ရချေ။

ကျောက်ရိုရှုးသည် မမျှော်လင့်ဘဲ လူအကြီးရိလူ ရောက်လာ သည့်အကြောင်းကို မေးမြန်းချင်သော်လည်း ဒဏ်ရာက အလွန် အမင်းနာကျင်နေသောကြောင့် မမေးနိုင်သေးချေ။ အတော်ကလေး ခရီးပေါက်လာမှ သူတို့သည် ကျောက်တုံးကြီးတစ်တုံးပေါ် ထိုင်နားလိုက်ကြ၏။ လူအကြီးရိလူက ဖယောင်းတိုင်တစ်တိုင် ကို ခရီးဆောင်အိတ်ထဲမှ ထုတ်ယူ၍ မီးထွန်းလိုက်သည်။ ပြီး နောက် ဆေးပုလင်းတစ်လုံးကိုပါ ထုတ်ယူပြီး အဖြူရောင် ဆေးလုံးကလေး နှစ်လုံးကို ကျွေးသည်။ ကျောက်ရိုရှုးလည်း မြိုသောက်ချလိုက်သည်။

ခဏနှင့် သူ့ဒဏ်ရာမှ နာကျင်မှုဝေဒနာ သက်သာသွား သည်ကို ကျောက်ရိုရှုး ခံစားရသည်။ ယခုမှ ကျောက်ရိုရှုးသည် သူ သိလိုသမျှကို မေးသည်။

"အစ်ကိုကြီးရိလူက ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာ လဲ၊ ကျွန်တော် ဒီမှာ အဖမ်းခံနေရတယ်ဆိုတာ ဘယ်လိုလုပ်သိ



သလဲ"

လူအကြီး ရိလူက ခရီးဆောင်အိတ်ထဲမှ စာတစ်စောင်ကို ထုတ်ယူပြီး ကျောက်ရိုရှုးကို ပေးသည်။ ကျောက်ရိုရှုးက မျက်ချင်းပင် ဖြန့်ဖတ်ကြည့်သည်။ ထိုအခါ ဝါးစိမ်းဘိုးဘိုး မိမိအတွက် ရေးပေးလိုက်သော စာတစ်စောင်ဖြစ်ကြောင်း သိရ လေသည်။

တပည့် ကျောက်ရိုရှုး.....

တပည့်တို့တစ်တွေ ကွမ်စီပြည်နယ် လုံခြုံ ရေးအဖွဲ့စခန်းမှာ ရောက်နေကြတယ်။ တပည့် ကျောက်ရိုရှုးအနေနဲ့ တွဲဘက်လက်ထောက် လုံခြုံ ရေးမှူးတာဝန်ကို ယူတယ်။ လုံခြုံရေးအဖွဲ့ကို အင်နဲ့အားနဲ့ ဝင်တိုက်ကြတဲ့ ဒုစရိုက်ကောင်တွေကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့တယ်ဆိုတော့ ဘဘ ကြားသိရပါတယ်။ တပည့်တို့အတွက် ဘဘ ဂုဏ်ယူဝမ်းသာမိပါတယ်။

ဘဘဟာ တပည့်တို့နဲ့ အတူမနေပေမဲ့ တပည့်တို့ရဲ့သတင်းကို အမြဲပင် နားစွင့်နေပါ တယ်။ ဘဘနဲ့ ခွဲနေကြပေမဲ့ တပည့်တို့ စိတ်အား မငယ်ကြပါနဲ့၊ဘဘအမိဋ္ဌာန်ကြီးတစ်ခု ဝင်နေပါ တယ်။ သို့ပေမဲ့ သိုင်းလောကကြီး တစ်ခုလုံးနဲ့ တပည့်တို့တွေ အကျဉ်းအကျပ် ကြုံလာတဲ့ တစ်နေ့

မှာတော့ လိုအပ်ရင် ဘဘ ပေါ်လာပါ့မယ်၊ ဘဘဟာ အကြားအမြင် မရပေမဲ့ တပည့်တို့ တစ်တွေ သေလုမျောပါး ဒုက္ခရောက်နေပြီဆိုရင် စိတ်ထဲမှာ သိလာတယ်။ အခု တပည့်ဆီကို ရိလူ ရောက်လာတာ ကြည့်ပေတော့။

တပည့်တို့ကို အထူးမှာကြားလိုတာက ပျောက်ဆုံးနေတဲ့ ဘဘရဲ့သိုင်းကျမ်းကို တွေ့အောင် ပြန်ရှာပါ၊ တပည့်တို့နေတဲ့ အိမ်မှာ ရှင်ကျီ ရေးခဲ့တဲ့ ရသေ့ရုပ်တွေ ရှိတယ်မဟုတ်လား။ အိမ်နံရံမှာ ရေးခဲ့တာလေ၊ ရှင်ကျီဟာ ဒီရသေ့ ရုပ်တွေကို အဓိပ္ပာယ်မဲ့ ရေးခဲ့တာ မဟုတ်ဘူး။ ဒီရသေ့ရုပ်တွေရဲ့လှုပ်ရှားပုံဟာ သိပ်ပြီးထက်မြက်တဲ့ သိုင်းကွက်တွေပဲ။ ပြီးတော့ ဘဘရဲ့ သိုင်းကျမ်း ထဲက သုံ့ယောက်ပေါင်း တိုက်ခိုက်ရတဲ့ ဆန်ချိုင်း ဓားသိုင်းကွက်တွေမှာ လွတ်ကွက်ဟာကွက် ကလေးတွေ ရှိနေတယ်။ တကယ်လို့သာ ဆန်ချိုင်း ဓားကွက်ရဲ့ လွတ်ကွက်ဟာကွက်တွေမှာ ရသေ့ပုံ တွေက သိုင်းကွက်ကို ဉာဏ်ရှိသလို ကြည့်နိုင်မယ် ဆိုရင် ဆန်ချိုင်းဓားသိုင်းဟာ ရှိရင်းစွဲထက် သုံးလေးဆ အစွမ်းထက်ပါလိမ့်မယ်။

ဘဘဝါးစိမ်းဘိုးဘိုး



ဝါးစိမ်းဘိုးဘိုး၏ စာကိုဖတ်ရင်း ကျောက်ရိရှုံး အံ့ဩသထက် အံ့ဩနေမိသည်။ ရှင်ကျီ၏ ရသေ့ပုံများနှင့် ဆန်ချိုင်း ဓားသိုင်း ဆက်စပ်လျက်ရှိကြောင်းသိရသောအခါ အလွန်အမင်း စိတ်လှုပ်ရှားမိသည်။ စာဖတ်၍ ဆုံးသည်နှင့် ကျောက်ရိရှုံးသည် သူသိလိုသောအချက်များကို မေးမြန်းရန် လူအကြီး ရိလူရှိရာဘက်သို့ လှည့်လိုက်သည်။

'ဟင်.....'

ကျောက်ရိရှုံး အံ့ဩတစ်ကြိမ် ဖြစ်သွားရပြန်သည်။ လူအကြီး ရိလူကို မတွေ့ရတော့သောကြောင့် ဖြစ်လေသည်။ လူအကြီး ရိလူသည် စာထဲတွင် သူ အာရုံ ဝင်စားနေစဉ်မှာပင် သူ့အနီးမှ တိတ်တဆိတ် ထွက်ခွာသွားလေပြီ။ မမျှော်လင့်ဘဲ ပျောက်သွားသော လူအကြီးရိလူပါပေ။

'အစ်ကိုကြီးရိလူ.....အစ်ကိုကြီးရိလူ'

လူအကြီးရိလူ ပျောက်ကွယ်သွားသည့်အတွက် ကျောက်ရိရှုံး စိတ်ထဲတွင် ဝမ်းနည်းသလိုလို စိတ်အားငယ်သလိုလို တစ်မျိုးကြီး ခံစားရလေသည်။ သူသည် နှုတ်မှ တကျော်ကျော် ခေါ်ရင်း အနီးဝန်းကျင်တွင် လှည့်ပတ် ရှာဖွေကြည့်သည်။အချိန်အတန် ကြာသည့်တိုင်အောင် ရှာသော်လည်း လူအကြီးရိလူကို မတွေ့တော့ပါချေ။ လူအကြီးရိလူမှာ ပျောက်ချင်းမလှ ပျောက်သွား လေပြီ။

သူသည် ဖယောင်းတိုင်ထွန်းထားသော ကျောက်တုံးကြီး ဆီသို့ပြန်လာပြီး ထိုင်သည်။ လူအကြီးရိလူ ပြန်လာနိုး စောင့်

သည်။ လူအကြီးရိလူ တိတ်တဆိတ် ထွက်ခွာသွားခြင်းအတွက် သူ့ရင်ထဲတွင် မတင်မကျ ဖြစ်နေသည်။ အလိုမကျသလို ဖြစ်နေသည်။ လူအကြီးရိလူသည် အနီးအနားသို့ ခဏတဖြုတ် ထွက်ခွာသွားခြင်းလား၊ သို့တည်းမဟုတ် ဝါးစိမ်းဘိုးဘိုထံ အပြီးအပိုင် ပြန်သွားခြင်းလား ဟူ၍ စဉ်းစားမရအောင် ဖြစ်နေသည်။

အနီးအနားသို့ အရေးအပေါ်ကိစ္စနှင့် ခဏတဖြုတ် ထွက်သွားလျှင် ကိစ္စမရှိ၊ အပြီးအပိုင် ထွက်ခွာသွားလျှင်တော့ လူအကြီး၏အပြုအမူမှာ အလွန်ဆိုးသည်ဟု ကျောက်ရိရှုံး တွေးမိသည်။ တကယ်တမ်းသာ အပြီးအပိုင် ထွက်ခွာသွားပါက မိမိကို နှုတ်ဆက်သွားသင့်သည်ဟု စဉ်းစားမိသည်။

မိမိအနေနှင့် လူအကြီးရိလူမှတစ်ဆင့် ဝါးစိမ်းဘိုးဘိုးထံသို့ မှာကြားစရာ၊ မေးမြန်းစရာတွေ အများကြီး ရှိနေသည်။ အခွင့်သင့်ပါက လူအကြီးရိလူနှင့်အတူ ဝါးစိမ်းဘိုးဘိုးထံသို့ လိုက်သင့်လိုက်ရပေလိမ့်မည်။

* * *

ကျောက်ရိရှုံးသည် လူအကြီးရိလူ ပြန်ရောက်အလာကို တမျှော်မျှော်နှင့် စောင့်သည်။ အချိန်တွေသာ တရွေ့ရွေ့ ကုန်ခဲ့ပြီး ရောင်နီပင် သမ်းလာလေပြီ။ လူအကြီးရိလူကား ပြန်မရောက်လာပါချေ။



ထိုအခါ ကျောက်ရိရှုံး လက်လျှော့လိုက်တော့၏။ လူအကြီးရိလူ အပြီးအပိုင် ထွက်ခွာသွားပြီဖြစ်ကြောင်းလည်း သိသွားသည်။

မည်မျှပင် သူ ဆက်စောင့်သော်လည်း လူအကြီးရိလူက ပေါ်လာလိမ့်မည် မဟုတ်တော့ချေ။

ကျောက်ရိရှုံးစိတ်ထဲတွင် အဖိုးတန်ပစ္စည်းတစ်ခုကို လက်တွင် ရပြီး ကျပျောက်သွားသလို ခံစားရသည်။

ဝမ်းနည်းသလိုလို၊ နှမြောသလိုလို။

ကျေးငှက်ကလေးများလည်း အိပ်တန်းမှ နိုးထကြလေပြီ။

ကျေးငှက်ကလေးများ မြည်ကြွေးတွန်ကျူးသံက ညံစီစွာ ထွက်ပေါ်လာသည်။

သစ်ကိုင်းတစ်ကိုင်းပေါ်မှ တစ်ကိုင်းသို့ မြူးထူးကူးလူးပျံသန်း နေကြသည်။

နေရောင်ခြည်လည်း တဖြည်းဖြည်း လင်းလာသည်။

ကျောက်ရိရှုံးသည် ထိုင်ရာမှထပြီး ကျောက်တုံးကြီးမှ စွန့်ခွာခဲ့သည်။

မြို့ဘက်ဆီသို့ ဦးတည်လျှောက်ခဲ့သည်။

ညက လူအကြီးရိလူ တိုက်လိုက်သော ဆေးကိုသောက်ထားရသဖြင့် သူ့ပခုံးမှ ဒဏ်ရာများမှာ နာကျင်မှု မရှိတော့ချေ။

အိပ်ရေးပျက်၍ နွမ်းနယ်နေသည်မှတစ်ပါး မူလအတိုင်း အားအင်များလည်း ပြည့်ပြည့်ဝဝ ရှိနေသည်။ သူသည် ကိုယ်ဖော့ပညာကို သုံး၍ ပြေးခဲ့ရာ မကြာမီ မြို့ကလေးသို့ ပြန်ရောက်

လာသည်။

ရုပ်ပြောင်းဘုရင် ထိုက်ဟူး၏ အိမ်သို့အရောက် အိမ်ရှေ့ဘက်တွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လျက် လမ်းဘက်ကို တစ်မျှော်မျှော် ဖြစ်နေသော လူမှုရေးတာဝန်ခံ တာ့ဝမ့်ကို လှမ်းတွေ့ရသည်။ တာ့ဝမ့်က ကျောက်ရီရှုံးကို မြင်သောအခါ အံ့သြတကြီး ဖြစ်သွားပြီး ကမန်းကတန်း ပြေးလာသည်။ စိုးရိမ်တကြီးလည်း မေးမြန်းသည်။

'ဟင် လုံခြုံရေးမှူးကြီး ဘယ်လိုဖြစ်လာတာလဲ၊ နောင်ကြီး ယင်အိုးစန်းနဲ့ အစ်မကြီး လျန်းချွန်းတို့ကော ဘယ်မှာကျန်ခဲ့သလဲ ကျွန်တော်ဖြင့် တစ်ညလုံး စိုးရိမ်စိတ်နဲ့ စောင့်နေလိုက်ရတာ၊ အခုတောင် လိုက်ရှာတော့မလို'

ကျောက်ရီရှုံးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး–

'ဆိုးဆိုးရွားရွားတွေ ဖြစ်ပျက်ခဲ့ပါတယ် နောင်ကြီးတာ့ဝမ့်၊ ကျွန်တော် အေးအေးဆေးဆေး ပြောပြပါမယ်၊ အဲ....ယင်အိုးစန်းနဲ့ လျန်းချွန်းတို့တော့ သေကျန်ခဲ့ပြီ'

'ဗျာ'

လူမှုရေးတာဝန်ခံ တာ့ဝမ့် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကျောက်ရီရှုံးက အိမ်ထဲကို ဝင်လာသောအခါ တာ့ဝမ့်သည် နောက်မှ ကတိုက်ကရိုက် လိုက်လာသည်။

အိမ်ထဲကိုရောက်မှ ကျောက်ရီရှုံးသည် ညက ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို အသေးစိတ် ရှင်းလင်းပြောပြလေတော့၏။

* * *



လူမှုရေးတာဝန်ခံတာ့ဝမ့်သည် အံ့သြပြီးရင်း အံ့သြရင်း ဖြစ်နေသည်။

ကျောက်ရီရှုံး ရှင်းလင်းပြောပြချက် ဆုံးတော့မှ တာ့ဝမ့်က တောက်တစ်ချက် ခေါက်လိုက်ပြီး.....

'တောက်.....လက်စသတ်တော့ ဒီလူယုတ်မာတွေ မလိမ့်တစ်ပတ်လာလုပ်တာပဲ၊ ကျွန်တော်ဖြင့် သူတို့ကို ရုပ်ပြောင်းဘုရင် ထိုက်ဟူးရဲ့ အစ်ကိုနဲ့မရီးလို့ တကယ် ထင်နေတာ၊ သူတို့ကလဲ ယုတ္တိယုတ္တာနဲ့ အပြောကောင်းတာကိုး၊ တော်ပါသေးရဲ့ လုံခြုံရေးမှူးကြီးရယ်၊ ကံသီပေလို့၊ လုံခြုံရေးမှူးကြီးသာ တစ်ခုခုဖြစ်သွားရင်တော့ ကျွန်တော့်ပယောဂ ကင်းမှာ မဟုတ်ဘူး၊ အခု ကျွန်တော် ဘာလုပ်ရမှာလဲ လုံခြုံရေးမှူးကြီး'

'ဒီမြို့က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို ကျွန်တော့်ဆီ ခေါ်လာခဲ့ပါ နောင်ကြီးတာ့ဝမ့်၊ သူတို့ကို လမ်းညွှန်ပြီး အခင်းဖြစ်ပွားခဲ့တဲ့နေရာကို ကျွန်တော် လွှတ်လိုက်မယ်၊ ပြီးတော့ နောင်ကြီးထိုက်ဟူးရဲ့ ရုပ်အလောင်းကို သင်္ဂြိုဟ်ဖို့လဲ ခရီး ဆက်ထွက်မယ်'

'ဟင်.....လုံခြုံရေးမှူးကြီး သိပ်ပြီးပင်ပန်းနေပါတယ်၊ ပခုံးကဒဏ်ရာလဲ သက်သာသေးတာလဲ မဟုတ်ဘူး၊ ချက်ချင်း ခရီးဆက်လို့ ဖြစ်ပါ့မလား၊ တစ်ရက်တန်သည် နှစ်ရက်တန်သည် အနားယူပါဦးလား'

'ကိစ္စမရှိပါဘူး နောင်ကြီးတာ့ဝမ့်၊ ကျွန်တော့်မှာ အရေးကြီး ဆောင်ရွက်စရာကိစ္စတွေ ရှိနေပါသေးတယ်။ နောင်ကြီးထိုက်ဟူးရဲ့အိမ်နဲ့ သူပိုင်ပစ္စည်းပစ္စယတွေကိုတော့ သူ့ရဲ့ ဆွေမျိုး

သားချင်း အစစ်အမှန် ရောက်မလာမချင်း ဆိုင်ရာကပဲ ထိန်းသိမ်းထားပါ'

ထိုနောက် လူမှုရေးတာဝန်ခံတာ့ဝမ့်သည် အိမ်မှထွက်ခွာသွားပြီး ဤမြို့၏ လုံခြုံရေးအဖွဲ့ဝင်များကို ခေါ်လာသည်။

သမားတော်ကြီးတစ်ယောက်ကိုလည်း ခေါ်လာသည်။ သမားတော်ကြီးက ကျောက်ရှိရှုံး ပခုံးမှ ဒဏ်ရာကို ဆေးထည့်ပေးပြီး သောက်ဆေးများလည်း ပေးသည်။ ကျောက်ရှိရှုံးသည် ကျန်ကျေ့တို့အလောင်းများရှိရာ သမားအိုကြီး၏ အိမ်ကို လမ်းညွှန်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် မြို့လုံခြုံရေးအဖွဲ့ဝင်များကို လွှတ်လိုက်သည်။

မွန်းတည့်ချိန်တွင် လူမှုရေးတာဝန်ခံတာ့ဝမ့်က ဦးဆောင်ရွက်၍ ရုပ်ပြောင်းဘုရင်ထိုက်ဟူး၏ အလောင်းကို ဝူသွင်သဂြိုဟ်လိုက်ကြသည်။

ညနေဘက်တွင် ကျောက်ရှိရှုံးသည် လှည်း့ဝက်ခန်းထဲတွင် သူဝှက်ထားသော သံမဏိ သက်တန့်ဓားနှင့် ဆေးပင်၊ ဆေးပုလင်းများကို ယူကာ ရုပ်ပြောင်းဘုရင်ထိုက်ဟူး၏ အိမ်မှ ထွက်ခွာလာလေသည်။

သူသည် ရွှေတိမ်းနန်းလိန်လန်ရှိရာ ဝိညာဉ်တောင်သို့ အချိန်မီရောက်သွားနိုင်မည်ဖြစ်သဖြင့် အတော်ကလေး စိတ်သက်သာရာရမိသည်။

သူ့ခြေလှမ်းများက သွက်လက်မြန်ဆန်လျက်။

*



အခန်း-၇၆

## ဂိုဏ်းချုပ်ကြီးနှင့် တွေ့ဆုံခြင်း

နေဝင်လုဆဲဆဲ ညနေ၏ဆည်းဆာသည် လွန်စွာလှပနေသည်။

လှိုက်ကြီးထဲတွင် မြူခိုးတွေ ဝေ့နေသည်။

ကောင်းကင်ပြင်က ငါးကြင်းကွက်သဏ္ဍာန် ပုံစွန်ဆီသွေးရောင် တောက်နေသည်။

ခပ်လှမ်းလှမ်းမှ ဝါးလုံးထိုး စီးကျနေသော ရေတံခွန်ကြီးမှာ ဝင်လုဆဲဆဲ နေရောင်ဟပ်သဖြင့် တလက်လက် တောက်ပနေ

သည်။

ပိုင်ရိုပိန်သည် ချောက်ကမ်းပါးကြီးအစပ်ရှိ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်ပြီး တွေတွေကလေး ငေးနေလေသည်။

သူမ မျက်လုံးအစုံက ရီဝေ မှုန်မှိုင်းနေသည်။

သူမ စိတ်အာရုံက အဝေးဆီ လွင့်ပျံနေသည်။

သူမရှေ့မှ ငှက်ကလေးများ အဝေးဆီကို ပျံသွားတိုင်းလည်း စိတ်ထဲက တမ်းတမ်းတတ ရွတ်နေမိသည်။

"ငှက်ကလေးတွေရယ်၊ အဝေးဆီကို ခရီးလွန်နေတဲ့မော ကို တွေ့ရင် ပြောလိုက်ကြစမ်းပါ၊ မောင့်ရဲ့ မမပိုင်ရိုပိန်ဟာ နေ့စဉ်နဲ့အမျှ မောင့်ကို လွမ်းဆွတ်သတိရနေပါတယ်လို့၊ မော တစ်ယောက် အမြန်ပြန်လာပါစေကြောင်းလဲ ဆုတောင်းနေ တယ်လို့၊ ပြီးတော့ ဦးတည်ချက်မရှိ သွားနေတဲ့ မောင့်အတွ လဲ သိပ်ပြီး စိုးရိမ်ပူပန်နေပါတယ်လို့ ပြောလိုက်ကြစမ်း ငှက်ကလေးတွေရယ်"

ထိုသို့ စိတ်ထဲမှ မြည်တမ်းပြီးတိုင်း သူမ၏ မျက် အိမ်ထဲတွင် မျက်ရည်ကြည်များ ရစ်ဝဲလာလေသည်။ သူမ မျက်နှာသွင်ပြင်မှာလည်း ကြေကွဲဆို့နစ်မှုအသွင်ကိုဆောင်သ

သူတို့ထဲမှ ကျောက်ရီရှုံး ထွက်ခွာသွားသည်မှာ တ ကျော်သွားပြီဖြစ်၏။

ယနေ့အထိ သူတို့သည် ကျောက်ရီရှုံးသတင်း အ ကို မရချေ။



ဘယ်သောင်ဆိုက်၍ ဘယ်ကမ်းရောက်နေမှန်းလည်း မသိချေ။

ကျောက်ရီရှုံးသည် ပျောက်ဆုံးနေသော သိုင်းကျမ်း၏ သတင်းကိုရ၍ ရေဆုံးရေဖျား ဆက်ပြီး လိုက်နေလေသလား။

ယခုအထိ သိုင်းကျမ်းသတင်းကို မရသေးဘဲ စမ်းတဝါးဝါး ခရီးနှင်နေလေသလား၊ အန္တရာယ် ကြုံတွေ့နေရှာသလား၊ အစားမှန်မှန် စားရရဲ့လား၊ အအိပ်မှန်မှန် အိပ်ရရဲ့လား"

အစရှိသဖြင့် လားပေါင်းများစွာ တွေးလျက် ပူပန်နေခဲ့ရသည်။ သောက ဖြစ်နေရသည်။

ပိုင်ရိုပိန် သာမက ဆရာယာချီနှင့် ယွင်းအော်တို့လည်း ထိုသို့ပင် ပူပင်သောက ဖြစ်ကြရလေသည်။

ပိုင်ရိုပိန်ကမူ လွမ်းဆွတ်တသစိတ်ပါ ပိုသည်။

နေ့စဉ်နှင့်အမျှ သတိရသည်။

သူမသည် အားလပ်ချိန်ရသည့် ညနေ ဆည်းဆာချိန်တိုင်း ဤကျောက်တုံးကြီးပေါ်တွင် လာထိုင်ပြီး ကျောက်ရီရှုံး ရှိမည့် အရပ်ကို မှန်းဆတမ်းတနေတတ်သည်။

ဤရက်ပိုင်းအတွင်း ယော့ဟုန်ဖေ့က ထပ်မံ၍ ပေါ်မလာတော့ချေ။

အခါအားလျော်စွာ သူမတို့နှင့် ဆရာယာချီတို့သည် ဤ အနီးပတ်ဝန်းကျင်တွင် ယော့ဟုန်ဖေ့တို့ကို ခြေရာချင်းထပ်မျှ ရှာဖွေကြသော်လည်း မတွေ့ကြရချေ။

ယီယဲ့နှင့် ယော့ဟုန်ဖေ့တို့ ဆရာတပည့် နှစ်ယောက်စလုံး

ပျောက်ချင်းမလှ ပျောက်နေကြသည်။

ထို့ကြောင့် ဝါးစိမ်းဘိုးဘိုး၏ သိုင်းကျမ်းမှာ ယေ့ဟုန်ဖေ့ ယူသွား မသွားတော့ သေချာစွာ မသိရချေ။

ပိုင်ရိုပိန်သည် ကျောက်ရိုရွှံးကို တမ်းတသလို ယေ့ဟုန်ဖေ့ နှင့်လည်း အလွန်အမင်း တွေ့ချင်နေသည်။

အကယ်၍ သိုင်းကျမ်းကိုပင် ယေ့ဟုန်ဖေ့ ခိုးယူသွားသည် မှန်ပါက သူမအနေနှင့် သိုင်းကျမ်းကို ယေ့ဟုန်ဖေ့ထံမှ မဖြစ် ဖြစ်သည့်နည်းနှင့် ပြန်ယူရပေလိမ့်မည်။

အကြမ်းနည်းကိုပဲ သုံးရသုံးရ၊ အနုနည်းကိုပဲ သုံးရ သုံးရ သုံးရပေလိမ့်မည်။

* * *

နေဝန်းသည် အနောက်မိုးကုပ်စက်ဝိုင်းထဲသို့ ငုပ်လျှိုး ပျောက်ကွယ်သွားလေပြီ။ ထိုအခါ ဆည်းဆာက ပို၍ပို၍ လှပ လာသည်။ ကျေးငှက်တို့လည်း အိပ်တန်းတက်ရန် သံစာမြည် ကျွေးကြလေပြီ။

"ဩော်.....တစ်နေ့ဝင်၍ တစ်မိုးချုပ်တော့မှာပါကလား၊ ချစ်ရသူမောင်တစ်ယောက် ညအမှောင်ထဲမှာ တစ်ကိုယ်တည်း ခရီးနှင်နေလေရော့သလား"

"မေမေ"

နောက်ဖက်မှ ချစ်စဖွယ် မပီကလာ ပီကလာ ခေါ်သံ



ကြောင့် လွင့်မျောနေသော ပိုင်ရိုပိန်၏ စိတ်မှာ ပြန်လည်စုစည်း မိလာသည်။

နောက်ဘက်ကို လှည့်ကြည့်မိသည်။ သားကလေး ရှောက် ယွဲ့ကို လက်တွဲလျက် လာနေသော ယွင်းအော်ကို မြင်ရသည်။ သားကလေးမျက်နှာကို မြင်ရတော့ ပိုင်ရိုပိန်ရင်ထဲမှာ ချမ်းမြေ့ သွားသည်။

သူမက လက်ကမ်းလိုက်သောအခါ ရှောက်ယွဲ့ကလေးမှာ သူမရင်ခွင်ထဲ ရောက်လာသည်။

ယွင်းအော်က သူမဘေးနားတွင် အသာအယာထိုင်သည်။ ယွင်းအော်ကပင် စတင် စကားဆိုသည်။

"ညီမလေးလဲ ညနေတိုင်း ဒီမှာ လာထိုင်ပြီး မောင်လေး ကို လွမ်းနေတော့တာပဲကိုး"

"မောင့်ကို လွမ်းတာထက် ပူပန်စိုးရိမ်ရတာပါ မမရယ်၊ အခုဆို မောင် ထွက်သွားတာ တစ်လကျော်သွားပြီ၊ ဘာသတင်း မှလဲမရ၊ ဘယ်ဆီဘယ်လမ်း ရောက်နေမှန်းလဲ မသိ၊ ညီမ လိုက်ရှာမယ်ဆိုတာကိုလဲ ဘဘယာရှီက ခွင့်မပြု"

"မောင်လေးက ဘယ်သွားမှန်းမသိဘဲ ညီမလေး လိုက် သွားလို့တော့ ဘယ်ဖြစ်ပါ့မလဲကွယ်၊ သူရောက်နေတာက အရှေ့ ဘက်၊ ညီမလေး လိုက်သွားမှာက အနောက်ဘက်ဆိုရင် တလွဲ ဖြစ်ကုန်ကြမှာပေါ့၊ ဒီတော့မှ မမတို့တွေ မောင်လေးအတွက် သာမကဘဲ ညီမလေးအတွက်ပါ ထပ်ပြီး ပူပန်သောက ရောက် ကြရဦးမယ်၊ လူချင်းလွဲပြီး မောင်လေး ပြန်ရောက်လာရင် ညီမ

လေးအတွက် သောက ဖြစ်လိမ့်ဦးမယ်၊ ဒါကြောင့် ဘဘယာချိ က ညီမလေးကို လိုက်မသွားနိုင်းတာပါ၊ ပြီးတော့ ဒုစရိုက်သမား တွေ စုဝေးပြီး လာတိုက်ဖို့အချိန်က မဝေးတော့ဘူး မဟုတ် လား၊ ဒီလိုအချိန်မျိုးမှာ မမတို့တစ်တွေ တကွဲတပြားစီ ဖြစ်နေ ကြရင် မကောင်းဘူးပေါ့"

"ဘဘယာချိလဲ ဒီကို ရောက်မလာတာ သုံးရက်လောက် ရှိသွားပြီနော် မမ၊ ဘာတွေများ အလုပ်ရှုပ်နေလို့လဲ မသိဘူး"

"ဘဘယာချိကိုယ်တိုင် အထူးဖိတ်ကြားထားတဲ့ ရှော လင်ကိုဏ်းချုပ်ဆရာတော်ကြီး ရောက်လာပြီ မဟုတ်လား ညီမ လေး၊ ပြီးတော့ ဖိတ်ကြားထားတဲ့ တစ်ခြားဧည့်သည် သိုင်းအကျော် အမော်ကြီးတွေလဲ ရောက်နေကြပြီဆိုတော့ ဘဘယာချိလဲ ဧည့်ခံနေရ၊ ဆွေးနွေးတိုင်ပင်နေရနဲ့ အလုပ်ရှုပ်နေမှာပါကွယ်၊ အလုပ်အားလို့ကတော့ မမတို့ဆီကို ပြေးလာမှာပါ"

"အင်း..... ဘဘယာချိလဲ ဒီတစ်ခါတော့ ဒီမှာ စွဲစွဲမြဲမြဲနေ တယ်နော်၊ ဘဘယာချိဟာ တစ်နေရာမှာ တစ်လပြည့်အောင် တောင် မနေတတ်ဘူး၊ အတည်တကျမနေဘဲ သိုင်းလောကမှာ လှည့်လည်သွားနေရမှ ကျေနပ်နေတဲ့လူမျိုး မဟုတ်လား"

"ဟုတ်ပါတယ် ညီမလေး၊ ဒါပေမယ့် ခုအခြေအနေမျိုး မှာတော့ ဘဘအနေနဲ့ ဒီက ထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲကွယ်၊ ကြီးမားလှတဲ့ ဒုစရိုက်သမားတွေရဲ့ရန်ကို ကာကွယ်ရာမှာ ဘဘ ရှိနေမှ ဖြစ်မှာမဟုတ်လား၊ ပြီးတော့ ဒီလိုနေရာစိမ်းမှာ မမ ညီမလေးကို ဥပေက္ခာပြုပြီး ထားခဲ့ရမှာ စိတ်မချဘူးနဲ့တူ



တယ်၊ အင်း.....မောင်လေးသာ ပြန်ရောက်လာရင်တော့လဲ ဘဘယာချိ တစ်မျိုးတစ်ဖုံ"

"သမီးတို့ရေ ယွန်းအော်၊ ပိုင်ရိပိန်"

တဲအိမ်ကလေးဆီမှ ဆရာယာချိ၏ အော်ခေါ်သံ ရုတ် တရက် ပေါ်လာသဖြင့် ယွင်းအော် တစ်ပိုင်းတစ်စနှင့် စကား ရပ်လိုက်၏။

"ဟော.....ဘဘယာချိ ရောက်နေပြီ"

"သွားကြရအောင် ညီမလေး၊ လာပြီ ဘဘ လာပြီ"

ယွင်းအော်က လှမ်းအော်ပြောရင်း နှစ်ယောက်စလုံး သွက်သွက်ထရပ်ကာ တဲအိမ်ကလေးဆီ လျှောက်လာခဲ့ကြသည်။

ရှောက်ယှဲ့ကလေးကို ပိုင်ရိပိန်က ချီလာသည်။

တဲအိမ်ကလေးရှေ့တွင် ဆရာယာချိ၊ လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချီနှင့် တရုတ်ဘုန်းတော်ကြီးတစ်ပါး ရပ်နေကြသည်ကို တွေ့ကြရသည်။

တရုတ်ဘုန်းတော်ကြီးမှာ အသက်ရှစ်ဆယ်အရွယ်ခန့် ရှိကာ လက်ထဲတွင် နဂါးရုပ်ပုံသဏ္ဌာန် ရုပ်လုံးထွင်းထားသော တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။

လည်ပင်းတွင် ဖွေးဖွေးဖြူနေသော ပုတီးကြီးတစ်ကုံးကို ဆွဲထားသည်။

ဘုန်းတော်ကြီးမှာ ဥပဓိရုပ်ခန့်ညားလှပြီး ကြည်ညိုလေးစား ဖွယ်ရာလည်း ကောင်းသည်။

ပိုင်ရိပိန်နှင့် ယွင်းအော်တို့နှစ်ယောက်သည် တရုတ်ဘုန်း

တော်ကြီးရှေ့ကို အရောက်တွင် ရိုကျိုးစွာ ကန်တော့လိုက်ကြ၏။

ယင်းဘုန်းတော်ကြီးမှာ ရှောင်လင်ကျောင်းတော်ကြီးမှ ဂိုဏ်းချုပ်ဆရာတော်ကြီး ဖြစ်လိမ့်မည်ဟုလည်း တွေးမိကြသည်။

ဆရာယာချီက ဘုန်းတော်ကြီးကို လေးစားရိုကျိုးစွာ လျှောက်ထားသည်။

"ဒီမိန်းကလေးနှစ်ယောက်ဟာ ဝါးစိမ်းဘိုးဘိုးရဲ့ တပည့်ရင်းတွေပါပဲ ဆရာတော်ဘုရား၊ သူ့နာမည်က ယွင်းအော်ပါ၊ သူ့နာမည်က ပိုင်ရိုပိန်ပါ၊ ဒီကလေးကတော့ ကျောက်ရိုရှုံးနဲ့ ပိုင်ရိုပန်တို့ရဲ့ သားကလေးပါ ဘုရား"

ဘုန်းတော်ကြီးက တည်ငြိမ်စွာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး–

"အိမ်း.....ဒကာလေးရဲ့ သတင်းနဲ့ ဒကာမလေးတို့ရဲ့ သတင်းကိုတော့ ဘုန်းကြီးကြားတန်သလောက် ကြားပြီးပါပြီ၊ ဝါးစိမ်းဘိုးဘိုးရဲ့ တပည့်တွေပီပီ သိုင်းပညာထက်မြက်ကြတယ်ဆိုတာကို သိရလို့လဲ ချီးကျူးပါတယ်ကွယ်၊ အမှန်တရားဘက်က ရပ်တည်ပြီး တိုင်းပြည်အကျိုးကို ဆောင်ရွက်တဲ့ ဒကာလေးကျောက်ရိုရှုံးလဲ ဘေးမသီရန်မခဘဲ ပြန်ရောက်လာပါလိမ့်မယ်"

"မှန်လှပါဘုရား၊ ဆရာတော်ဘုရားထံမှ အခုလို အားပေးစကားကြားရတာ တပည့်တော်မတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြပါတယ်၊ ဖူးတွေ့ရခဲလှတဲ့ ဆရာတော်ဘုရားကိုလဲ ခုလိုဖူးတွေ့ရတဲ့အတွက် ပိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်"

ဘုန်းတော်ကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်၍ လုံခြုံ



မှူးချုပ်ကြီး ပေကျုံးချီကို ပြောလိုက်၏။

"ကိုင်း..... ဒကာကြီးပေကျုံးချီ၊ ရှင်ကျိရဲ့ ပန်းချီရုပ်ပုံတွေကို လှေလာကြည့်ရအောင် ဘယ်မှာ ရှိနေသလဲ"

"ဒီအိမ်ကလေးထဲက နံရံမှာ ရေးထားပါတယ် ဘုရား၊ အလျှင်တုန်းက ဒီအိမ်လေးထဲမှာ ရှင်ကျိ နေခဲ့တာပါ၊ ကြွပါဘုရား ကြွပါ"

ထိုအခါမှာ ယွင်းအော်နှင့် ပိုင်ရိုပိန်တို့လည်း ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး ဤနေရာသို့ ရောက်လာရခြင်းမှာ ပန်းချီရုပ်များကို ကြည့်ရန် ရောက်လာခြင်း ဖြစ်ကြောင်း သိကြရတော့၏။

လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချီက ဘုန်းတော်ကြီးအား ခေါ်ဆောင်သွားသောအခါ ဆရာယာချီက ခေါင်းညိတ်ခေါ်သဖြင့် ယွင်းအော်နှင့် ပိုင်ရိုပိန်တို့လည်း အိမ်ထဲသို့ လိုက်သွားကြသည်။

* * *

မှောင်စပျိုးနေပြီ ဖြစ်သောကြောင့် ပေကျုံးချီသည် အသင့်ယူဆောင်လာသော ဖယောင်းတိုင်ကြီးကို မီးထွန်းညှိလိုက်ရာ အိမ်ကလေးအတွင်း ထိန်ထိန်လင်းသွားတော့၏။

ဆရာယာချီ၊ ပေကျုံးချီနှင့် ဘုန်းတော်ကြီးတို့သည် နံရံမှ ရဟန်းပုံ ပန်းချီရုပ်များကို အနီးကပ် ကြည့်ကြသည်။

ယွင်းအော်နှင့် ပိုင်ရိုပိန်တို့က နောက်ဘက် ခပ်လှမ်းလှမ်းတွင် ရပ်နေကြသည်။

သူတို့သည် ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီး၏ ထင်မြင်ယူဆချက်ကို ကြားလိုသဖြင့် ရပ်နေကြခြင်းဖြစ်၏။

နံရံပေါ်မှ ရုပ်ပုံပန်းချီပုံကို ရေးခဲ့သူမှာ ရှောင်လင်ကျောင်းမှ ကိုယ်တော်ကြီးတစ်ပါးပင် ဖြစ်သောကြောင့် ဤရုပ်ပုံများနှင့် ပတ်သက်သည့် အကြောင်းအရာကို ဂိုဏ်းချုပ်ဆရာတော်ကြီး သိကောင်းသိလိမ့်မည်ဟု တွေးမိကြသည်။

ဆရာယာချီနှင့် ပေကျူးချီတို့သည် ဤရုပ်ပုံများကို အကြိမ်ကြိမ် အခါခါ တွေ့ဖူးခဲ့ကြပြီဖြစ်၍ ယခုအခါ အသေးစိတ် မကြည့်ကြတော့ချေ။

ကြည့်သည်ဆိုရုံမျှ အပေါ်ယံလောက်သာ ကြည့်ကြသည်။

ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးကမူ ဤရုပ်ပုံများကို အသေးစိတ် သေချာစွာ လေ့လာကြည့်နေသည်။

ဘုန်းတော်ကြီး၏အမူအရာကို မြင်ရုံဖြင့် ရုပ်ပုံများကို စိတ်ဝင်တစား ရှိလှကြောင်းလည်း သိလာသည်။

ဘုန်းတော်ကြီး၏ စိတ်အာရုံ ပျက်သွားမည် စိုးသဖြင့် မည်သူမှ စကားမဆိုကြချေ။

ပိုင်ရိုပိန်သည် ရောက်ယှဲ့ကလေးထံမှ အသံထွက်မည်စိုးသဖြင့် ရောက်ယှဲ့ကလေးကို ကျောကုန်းပွတ်ပေးပြီး ထွေးပိုက်ထားသည်။

သူတို့သည် ဘုန်းတော်ကြီးထံမှ ထွက်ပေါ်လာမည့် ထင်



မြင်ယူဆချက်ကိုသာ စောင့်မျှော်နားထောင်နေကြသည်။

အိမ်ကလေးထဲတွင် လူတစ်ယောက်မှ မရှိသည့်အလား အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

*

အခန်း - ၇၇

## ဆန့်ကျင်ဘက်ပညာ

"အဟမ်း"

အချိန်အတော်ကြာသွားမှ ဘုန်းတော်ကြီးသည် ချောင်း တစ်ချက် ဟန့်လိုက်သည်။

ချောင်းဟန့်သံက တိတ်ဆိတ်မှုကို ဖောက်ခွင်းလျှက် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ဘုန်းတော်ကြီးသည် ဆရာယာချီနှင့် ပေကျုံးချီတို့ကို တစ်ချက်ကြည့်လိုက်ပြီးမှ ဖြည်းလေးစွာ မိန့်ကြားသည်။



'ရှင်ကျို ရေးသားသွားခဲ့တဲ့ ဒီရုပ်ပုံတွေဟာ သိပ်ပြီး ထက်မြက်တဲ့သိုင်းကွက်တွေပဲကွဲ့၊ ထူးခြားဆန်းပြားမှုလဲရှိတယ်"

ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ မိန့်ကြားချက်ကို ကြားရသော အခါ ယွင်းအော်၊ ပိုင်ရိပိန် သာမက ဆရာယာချီနှင့် ပေကျုံး ချီတို့ပါ အံ့ဩတကြီး ဖြစ်သွားကြသည်။

သူတို့အားလုံး စိတ်ထဲတွင် ဂိုဏ်းချုပ်ကြီး၏ ထင်မြင် ယူဆချက်မှာ ဟုတ်မှဟုတ်ရဲ့လားဟူ၍ပင် တွေးမိကြသည်။

အမှန်လည်း မည်သူမဆို ရုပ်ပုံပန်းချီများကို မြင်ရုံဖြင့် သိုင်းကွက်များကို ဖော်ကျူးထားသောရုပ်ပုံများဟု ထင်နိုင်စရာ မရှိချေ။

ရုပ်ပုံများမှာ သိုင်းကွက်များဖြစ်ကြောင်း ဆက်စပ်တွေး နိုင်စရာ မရှိသည့်ပြင် ဖရိုဖရဲလည်း ဖြစ်နေကြ၏။

ပေကျုံးချီက အံ့ဩတကြီးနှင့် ပြန်မေးသည်။

"အံ့ဩစရာပါပဲဘုရား၊ တပည့်တော်လဲ အဆင့်မြင့်သိုင်း ပညာကို လက်တွေ့ရောစာတွေ့ပါ သင်ကြားခဲ့ဖူးသူပါ၊ ဒီရုပ်ပုံ တွေကို ကြည့်ခဲ့တာလဲ အကြိမ်တစ်ရာ မကတော့ပါဘူး၊ ဒါပေမဲ့ ဒီရုပ်ပုံတွေဟာ ဆရာတော် မိန့်ကြားသလို ထက်မြက်တဲ့ သိုင်းကွက်တွေ ဖြစ်လိမ့်မယ်ဆိုတာ နည်းနည်းမှ မတွေးမိ ခဲ့ပါဘူး၊ အမှန်အတိုင်း ဖွင့်ဟ ဝန်ခံရမယ်ဆိုရင် ရုပ်ပုံတွေက အင်္ဂါမစုံတဲ့အပြင် လက်ရာကလဲ ညံ့နေပါတယ်၊ တစ်ပုံနဲ့တစ်ပုံ လဲ လုံးလုံး အဆက်အစပ် မရှိပါဘူး၊ ဒါကြောင့် သိုင်းကွက် တွေ ဖြစ်လိမ့်မယ်လို့ နည်းနည်းမှ မထင်မိတာပါဘုရား"

"မှန်ပါတယ်၊ ဒကာကြီးပေကျုံးချိ၊ အကြောင်းမသိရင်တော့ ဒီရုပ်ပုံတွေကို မြင်ရုံနဲ့ ထက်မြက်တဲ့ သိုင်းကွက်တွေဆိုတာ သိကြမှာ မဟုတ်ပါဘူး၊ ဒီလိုမသိအောင်လဲ ရှင်ကျိုက သူ့ရဲ့လက်ရာကို ဖျက်ပြီး ပန်းချီမရေးတတ်တဲ့သူရဲ့ ရေးပုံရေးနည်းနဲ့ ရေးသွားတာပဲ၊ တကယ်တော့ ရှင်ကျိုဟာ ပန်းချီပညာကို ထက်ထက်မြက်မြက် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တယ်ဆိုတာ ကျုပ် အသိဆုံးပါ"

ဘုန်းတော်ကြီး၏စကားကြောင့် ပန်းချီပညာအကြောင်းကို နားလည်သော ယွင်းအော်မှာ အံ့သြသွားရပြန်သည်။

သူမကိုယ်တိုင်ပင် ဤပန်းချီလက်ရာရှင် ရှင်ကျိုကို ပန်းချီပညာ လုံးလုံးမတတ်ဟု ထင်မိသည်။

ယခုတော့ ရှင်ကျိုမှာ ပန်းချီပညာကို ထက်မြက်စွာ တတ်မြောက်ကြောင်း ဂိုဏ်းချုပ်ကြီးက မိန့်ကြားနေလေပြီ။

ရှင်ကျို၏အကြောင်းကို သိထားသော ဂိုဏ်းချုပ်ကြီး စကားမှာ မှားနိုင်စရာ မရှိချေ။

ရှောင်လင်ဂိုဏ်းချုပ်ကြီး ဆက်လက် မိန့်ကြားသည်။

"ကျုပ်တို့ ရှောင်လင်ကျောင်းတော်ကြီးရဲ့ သိုင်းကျင့်စဉ်တွေမှာ ရုပ်ပုံနဲ့ပဲ သပ်သပ်သင်ကြား လေ့ကျင့်ရတဲ့ သိုင်းပညာရပ်တွေ အများကြီး ရှိပါတယ်၊ ဒါပေမယ့် ဒီရုပ်ပုံတွေရဲ့ သိုင်းကွက်တွေကတော့ ရှောင်လင်သိုင်းကွက်တွေထဲက သိုင်းကွက်မျိုးတော့ မဟုတ်ဘူး၊ ရှင်ကျို သူကိုယ်တိုင် တီထွင်သွားတဲ့ သိုင်းကွက်တွေပဲ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှောင်



လင်သိုင်းကွက်တွေနဲ့ အတော်ကလေး ဆန့်ကျင်နေလို့ပဲ"

ဂိုဏ်းချုပ်ကြီးသည် ပန်းချီရုပ်ပုံများကို တစ်ချက်ကြည့်လိုက်ပြီးမှ သက်ပြင်းချ၍ ဆက်ပြောသည်။

"အိမ်း.....ရှင်ကျိုဟာ တစ်ချိန်တုန်းက ရှောင်လင်ကျောင်းတော်ကြီးမှာ ကျုပ်နဲ့ တန်းတူအခွင့်အာဏာ ရှိသူပါပဲ၊ ဒါပေမယ့် သူ့မှာ သိုင်းလောကသားတွေနဲ့ ရောရောယှက်ယှက် နေချင်တဲ့ အကျင့်စရိုက် ရှိနေတယ်၊ ရှုပ်ထွေးတဲ့ ပြဿနာတွေမှာလဲ ဝင်ပါချင်တဲ့ အကျင့်ရှိတယ်၊ ပိုပြီးဆိုးတာက ရှောင်လင်းသိုင်းပညာနည်းစနစ်ကိုသာ မကျင့်သုံးဘဲ သူ့ဘာသာ တီထွင်တဲ့ သိုင်းပညာကို တိတ်တဆိတ် လေ့ကျင့်ပြီး အသုံးပြုတဲ့အကျင့်ပဲ၊ ရှောင်လင်ကျောင်းတော်ကြီးရဲ့ စည်းကမ်းချက်တွေထဲမှာ ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက်မရှိဘဲ ကိုယ့်ဘာသာ သိုင်းပညာကို တီထွင်ပြီး တိတ်တဆိတ် အသုံးမပြုရဘူး"

"သိုင်းလောကသားတွေက အကူအညီတောင်းမလာဘဲ တော်ရုံတန်ရုံ အရေးအခင်းထဲမှာ နေရာတကာ ဝင်မပါရဘူးလို့ ပါရှိတယ်၊ ဒီတုန်းက ကျုပ်ဟာ ဂိုဏ်းချုပ်ဆရာတော် မဖြစ်သေးဘူး၊ ရှင်ကျိုက အဲဒီစည်းကမ်းချက်နှစ်ချက်ကို ဖောက်ဖျက်တော့ ဂိုဏ်းချုပ်ကြီးက သတိပေးတယ်၊ သူ့ရဲ့ ပြုမူချက်တွေ ရပ်တန်းက ရပ်ဖို့ သတိပေးတယ်"

ပေကျုံးချိက စိတ်ထဲတွင် မရှင်းလင်းသဖြင့် ဝင်မေးလေသည်။

"တပည့်တော် လျှောက်ထားပါရစေ ဘုရား၊ တကယ်

တော့ ကောင်းမွန်တဲ့သိုင်းပညာ တီထွင်မှုမျိုး ဆိုရင်တော့ လက်ခံ သင့်တယ်လို့ တပည့်တော် ထင်မိပါတယ်၊ ရွှင်ကျိုဟာ သူ့ရဲ့ သိုင်းပညာ တိုးတက်မှုရှိအောင် တီထွင်တာမို့လို့ အပြစ်မရှိဘူး လို့လဲ တပည့်တော် ထင်မြင်ယူဆမိပါတယ်"

ရှောင်လင်ဂိုဏ်းချုပ်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍-

"အိမ်း.....ဒကာကြီးဟာ ရွှင်ကျိုကို ကြည်ညိုလေးစားဝ သူဆိုတော့ ခုလို ထင်မြင်ကောင်း ထင်မြင်မိမှာပေါ့လေ၊ ကျုပ် ကိုယ်တိုင်လဲ ပုဂ္ဂိုလ်ရေးအရဆိုရင် ရွှင်ကျိုအပေါ်မှာ အပြစ်မမြင် ပါဘူး၊ ဒါပေမယ့် ကျောင်းတော်ကြီးရဲ့ စည်းကမ်းချက်က အခိုင်အမာ ရှိခဲ့တယ်၊ ပြီးတော့ ရွှင်ကျို တီထွင်တဲ့ သိုင်းပညာ ရပ်တွေဟာ ရှောင်လင်ကျောင်းတော်ကြီးရဲ့ သိုင်းပညာနည်းစနစ် တွေနဲ့ ဆန့်ကျင်ဘက် သိုင်းပညာရပ်တွေ ဖြစ်နေတယ်၊ အပြစ် လူတစ်ယောက်အနေနဲ့ဆိုရင်တော့ အပြစ်မရှိပေဘူးပေါ့၊ ရှောင် လင်ဂိုဏ်းဝင်လဲဖြစ်၊ ရှောင်လင်ဂိုဏ်းတော်ကြီးမှာလဲ အရေး အရာရောက်တဲ့ ရွှင်ကျိုလိုပုဂ္ဂိုလ်မျိုးအနေနဲ့ကျတော့ အပြစ်ရှိနေ တာပေါ့လေ၊ ဒီတုန်းက ဂိုဏ်းချုပ်ကြီးဟာ ရွှင်ကျိုကို အတန်တ သတိပေးသေးပေမယ့် မရဘူး၊ နောက်ဆုံးတော့ ရွှင်ကျိုဟာ ရှောင်လင်ကျောင်းတော်ကြီးက အပြီးအပိုင် ထွက်ခွာသွားလို့ တာ ရွှင်ကျို ကွယ်လွန်သွားရှာတဲ့အထိ သူ့သတင်းကိုတော့ မကြားရတော့ပါဘူး၊ အခု ဒီကို ကျုပ် ရောက်လာတော့မှ သူ့ သတင်းကို ကြားရတော့တာပါပဲ"

ယခုမှ ပိုင်ရိုပိန်နှင့် ယွင်းအော်တို့လည်း ရွှင်ကျို



ရာဇဝင်နောက်ကြောင်းကို သိကြရတော့၏။

သူတို့အနေနှင့် ဝင်ပြောစရာအကြောင်း မရှိသဖြင့် ငြိမ်၍သာ နားထောင်နေကြသည်။

* * *

ရှောင်လင်ဂိုဏ်းချုပ်ကြီးက သက်ပြင်းချ၍ ဆက်ပြောသည်။

"အိမ်း.....ရွှင်ကျိုဟာ သူတစ်ပါးလက်ချက်နဲ့ ကွယ်လွန်ခဲ့ တာဟာလဲ သိုင်းလောကသားတွေရဲ့ ပြဿနာမှာ ဝင်ရှုပ်လို့ပဲ ဖြစ်မှာပဲ၊ ရှောင်လင်ကျောင်းတော်ကြီးရဲ့ စည်းကမ်းချက်အတိုင်း သာ နေမယ်ဆိုရင် ခုထိ သက်ရှိထင်ရှား ရှိနေဦးမှာပါ"

"အင်းလေ၊ သူ့ရဲ့အတိတ်ကံတရားအကြောင်းကြောင့် ဖြစ်ရတယ်လို့ပဲ ဖြေရတော့မှပေါ့၊ တကယ်တမ်း တွေးကြည့် တော့လဲ သူဟာ ရှောင်လင်ကျောင်းတော်ကြီးရဲ့ ဒီစည်းကမ်း ချက်နှစ်ချက်ကို ဖောက်ဖျက်တာကလွဲပြီး အစစအရာရာတော် တဲ့ပုဂ္ဂိုလ်ပါပဲ၊ တရားမွေ့နဲ့ ပတ်သက်လို့လဲ အတော် ကြည်ညို လေးစားစရာကောင်းအောင် နေထိုင်ကျင့်ကြံခဲ့တဲ့သူပါ"

ဆရာယာချီက နံရံမှ ပန်းချီရုပ်ပုံများကို လက်ညှိုးထိုး၍-

"တပည့်တော်တောင်မှ ဒီရုပ်ပုံတွေဟာ သိုင်းကွက်ဖော် ထားတယ်လို့ မရိပ်စားမိပါဘူး ဘုရား၊ ဆရာတော်ဘုရား မိန့် ကြားမှပဲ သိရပါတော့တယ်၊ ဒီသိုင်းကွက်တွေဟာ ထက်မြက်တဲ့

သိုင်းကွက်တွေသာ မှန်ရင်တော့ တိမ်မြုပ်ပျောက်ကွယ်သွားမှာ နှမြောစရာကောင်းလှပါတယ်ဘုရား၊ အရှင်ဘုရား ကိုယ်တော်တိုင် ဖော်ထုတ်ပြီး သင့်တင့်လျောက်ပတ်တဲ့နေရာမှာ အသုံးမယ်ဆိုရင် သင့်မြတ်ပါလိမ့်မယ်"

ရှောင်လင်ဂိုဏ်းချုပ်ကြီးက ရုပ်ပုံများကို ခဏမျှ ကြည့်ပြီးမှ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်ကာ–

"သိုင်းကွက်တွေဟာ တစ်ကွက်နဲ့တစ်ကွက် အဆက်အစပ်မရှိဘဲ ဟာကွက်လွတ်တွက်တွေ အများကြီး ရှိနေသပဲ ဆရာယာချီ၊ ရုပ်ပုံတွေကလဲ အင်္ဂါမစုံပဲ တစ်ပိုင်းတစ်စ ဖြစ်နေတယ်၊ ဒီလိုအင်္ဂါမစုံအောင် ရေးခဲ့တာဟာ တမင်သက်သက် မြုပ်ကွက်သဘောနဲ့ ရေးခဲ့တာပဲ၊ အမှန်အတိုင်း ဝန်ခံရရင် သူ့သိုင်းကွက်တွေကို ဒီအတိုင်း ဖော်ထုတ်ဖို့ ကျုပ်လဲ မတတ်နိုင်ဘူး၊ အချိန်တော်တော်ယူပြီး ဖော်ထုတ်ရင်တော့ ရမရ မသိဘူး၊ ဒါတောင် ဖော်ထုတ်နိုင်မယ်လို့ သေချာပေါက်ပြော မရဘူး ဒကာကြီး"

ရှင်ကျို ရေးသားခဲ့သော သိုင်းကွက်များကို ဖော်ထုတ်ရေးမှာ အလှမ်းဝေးနေသဖြင့် ပေကျုံးချီနှင့် ဆရာယာချီသည် ငင်းသိုင်းကွက်ဖော်ထုတ်ရေးတွင် စိတ်မဝင်စားကြတော့ချေ။ လောလောဆယ် သူတို့သည် ရောက်လာမည့် ဒုစရိုက်သမားများကို တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် အဓိကထား၍ စဉ်းစားကြရပေလိမ့်မည်။

* * *



အပြင်ဘက်တွင် အမှောင်ထု စိုးမိုးနေလေပြီ။

ပိုင်ရိုပိန် ရင်ခွင်ထဲမှ ရှောက်ယှဲ့ကလေးလည်း အိပ်ပျော်နေလေပြီ။

"ဒါလောက်ဆို တော်လောက်ပါပြီ ဒကာကြီး ပေကျုံးချီ၊ ကျုပ်တို့တွေ ပြန်ကြစို့ရဲ့"

"မှန်ပါ့ဘုရား"

ပေကျုံးချီက ခေါင်းညိတ်၍ ယွင်းအော်နှင့် ပိုင်ရိုပိန်တို့ထံ လျှောက်လာသည်။

"တူမကြီးတို့နှစ်ယောက်တည်း ဒီမှာ နေရထိုင်ရတာ အဆင်မပြေဘူးဆိုရင် ဟိုကို ပြောင်းခဲ့ကြပါလား"

"နေရထိုင်ရတာတော့ အဆင်ပြေပါတယ် ဦးကြီး"

ဆရာယာချီလည်း အနီးသို့ ရောက်လာပြီး.....

"အဆင်ပြေပေမယ့် ကျောက်ရိုရှုံး ပြန်ရောက်မလာခင်တော့ တူမကြီးတို့တစ်တွေ ဟိုမှာ ပြောင်းနေကြရင် ကောင်းမယ်၊ ဒုစရိုက်ကောင်တွေကလဲ နေ့လားညလား ရောက်ချင်ရောက်လာကြမှာဆိုတော့ အရေးအကြောင်းဆို တစ်စုတစ်ဝေးတည်း ရှိနေတော့ ကောင်းတာပေါ့ကွယ်"

ဆရာယာချီကိုယ်တိုင် ပြောနေမှတော့ ယွင်းအော်နှင့် ပိုင်ရိုပိန်တို့မှာ မငြင်းသာတော့ချေ။

"ကောင်းပါပြီ ဘဘ၊ တစ်ရက်နှစ်ရက်လောက် စောင့်ကြည့်ပြီး သမီးတို့တစ်တွေ ပြောင်းလာခဲ့ကြပါ့မယ်၊ တစ်ရက်နှစ်ရက်တော့ ဒီမှာ နေပါရစေဦး"

"အေးကွယ်၊ နေချင်သေးသပဆိုလဲ တစ်ရက်နှစ်ရက်တော့ နေကြဦးပေါ့"

ထို့နောက် ဆရာယာချို၊ ရှောင်လင်ဂိုဏ်းချုပ်ကြီးနှင့် ပေကျုံးချီတို့သည် ယွင်းအော်နှင့် ပိုင်ရိပိန်တို့ကို နှုတ်ဆက်၍ အိမ်လေးထဲမှ ထွက်ခွာလာခဲ့ကြလေသည်။

*



အခန်း - ၇၈

## သေမင်းတမန်

ယွန်းအော်နှင့် ပိုင်ရိပိန်တို့လည်း နောက်မှ လိုက်လာခဲ့ကြသည်။

အိမ်ကလေးထဲမှ ထွက်လိုက်ကြသည်နှင့် အိမ်ရှေ့ မြေကွက်လပ်တွင် ရပ်နေသော လူသုံးယောက်ကို တွေ့လိုက်ရသဖြင့် ခြေလှမ်း ရပ်တန့်သွားမိကြသည်။

လူသုံးယောက်မှာ ယှဉ်ပြီး ရပ်နေကြခြင်းဖြစ်၏။

အလယ်တွင် ရပ်နေသောသူမှာ အညိုရောင်ဝတ်ရုံကြီး

ကို ဝတ်ဆင်ထားသည်။

ရင်းဝတ်ရုံညိုကြီးကို ယွင်းအော်နှင့် ပိုင်ရီပိန်တို့ မမြင်မှ ကြချေ။

ဝတ်ရုံညိုကြီးမှာ ဆံပင်များ ဖွေးဖွေးဖြူနေပြီဖြစ်သော အဘိုးအိုကြီးဖြစ်၏။

လက်ထဲတွင် အရောင်တလက်လက် တောက်ပနေသော သားမြီးယပ် လက်နက်ကို ကိုင်ထားသည်။

ဝတ်ရုံညိုအဘိုးကြီး၏ ဝဲဘက်ဘေးတွင် ရပ်နေသူကို မြင်ရသောအခါ ယွင်းအော်နှင့် ပိုင်ရီပိန်တို့ နှစ်ယောက်စလုံ အံ့သြထိတ်လန့်သွားကြသည်။

ထိုသူကား ဒုစရိုက်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော သေ မင်းတမန်ပင် ဖြစ်လေသည်။

သေမင်းတမန်သည် အနီရောင်ဝတ်ရုံကြီးကို ဝတ်ဆ ထားလေသည်။

ဝတ်ရုံညိုကြီး၏ ယာဘက်ဘေးတွင် ရပ်နေသူကို မြင် သောအခါ ပွင်းအော်တို့ နှစ်ယောက်စလုံး နှလုံးတုန် ရင်မှ သွားကြသည်။

တုန်လှုပ်ချောက်ချားသွားကြသည်။

ရုတ်တရက်မြင်လျှင်မြင်ချင်း မကောင်းဆိုးရွားကြီးတစ် ကောင် ရပ်နေရော့သလားဟုပင် ထင်လိုက်မိကြသည်။

သေချာကြည့်မှ အသားအရေ ဖွေးဖွေးဖြူနေပြီး အရိုးပေ အရေတင်အောင် ပိန်လှီလွန်းလှသော အဘွားအိုကြီးတစ်ယော



ဖြစ်ကြောင်း သိကြရသည်။

အဘွားအိုကြီးလက်ထဲတွင် ဖွေးဖွေးဖြူနေသော အရိုး ချောင်းကြီးတစ်ချောင်းကို တောင်ဝှေးသဖွယ် ကိုင်ဆောင်ထား သည်။

လည်ပင်းတွင်မူ လူအရိုးခေါင်းပုံသဏ္ဌာန်ရှိသော လက်သီး ဆုပ်စန့် အလုံးကြီးများကို ပုတီးကုံးသဖွယ် သီ၍ ဆွဲထားသည်။

သူမ၏ မျက်နှာမှာလည်း အရိုးပေါ် အရေတင်နေသဖြင့် အရိုးခေါင်းကြီးတစ်ခေါင်းလို ဖြစ်နေသည်။

ဖြူဖွေးသော ဆံပင်များက ပြန့်ကျဲနေသည်။

အထူးခြားဆုံးအချက်မှာ သူမ၏ ပခုံးပေါ်တွင် အဖြူ ရောင် လင်းတငှက်ကြီးတစ်ကောင် ငြိမ်သက်စွာ နားလျက် ရှိ နေခြင်းပင်။

ဆရာယာချီ၊ ပေကျုံးချီနှင့် ရှောင်လင်ဂိုဏ်းချုပ်ကြီးပင် လျှင် ထိုလူသုံးယောက်ကို မြင်လိုက်သည်နှင့် အတော်ကြီး မျက်စိမျက်နှာ ပျက်သွားကြသည်။

ဝတ်ရုံညိုအဘိုးကြီးက ဦးညွှတ်လိုက်ပြီး ဦးစွာ စကားဆို လေသည်။

"အခုလိုအချိန်မှာ ရှောင်လင်ကျောင်းတော်ကြီးရဲ့ ဂိုဏ်းချုပ် ကြီးကိုပါ တွေ့ဆုံရတဲ့အတွက် တပည့်တော်တို့အနေနဲ့ ဖူးခွင့် ကြုံလို့၊ ဖူးကြရလို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါ တယ်ဘုရား"

ဘုန်းတော်ကြီးက ဘာမှ ပြန်မပြောချေ။

ဆရာယာချီကသာ သေမင်းတမန်ကို စူးစူးရဲရဲကြည့်ပြီး တင်းမာသောလေသံဖြင့် ပြောသည်။

"သေမင်းတမန်၊ မင်းက အားကိုးအားထားတွေကို ခေါ်လာခဲ့ပြီပေါ့၊ ဟုတ်လား"

သေမင်းတမန်က အားပါးတရ ရယ်မောရင်း.....

"ဟား ဟား ဟား ဟား၊ ငါက မင်းတို့ကို အလစ်ချောင်းပြီး ရောက်လာတာမှ မဟုတ်ဘဲ ယာချီ၊ မင်းတို့ဆီကို အင်အားစုဝေးပြီး ငါပြန်လာခဲ့မယ်လို့ စာရေး အသိပေးထားသားပဲ၊ အခု ငါ့ကတိအတိုင်း ငါအားကိုးသင့် အားကိုးထိုက်တဲ့ပုဂ္ဂိုလ်ကြီးတွေကို တောင်းပန်ပြီး ခေါ်လာခဲ့ပြီလေ၊ ငါသတ်မှတ်ထားတဲ့ ရက်ထက် စောပြီး ရောက်လာတာပဲ ပြောစရာ ရှိပါတယ်"

ကြောက်စရာအသွင်သဏ္ဌာန်ရှိသော အဘွားအိုကြီးက သူ့လက်ထဲမှ အရိုးချောင်းကြီးကို မြေကြီးပေါ် 'ဒေါင်'ခနဲ ဆောင့်လိုက်သည်။

သူမ ပခုံးခေါ်မှ ငြိမ်နေသော လင်းတကြီးလည်း အပေါ်ကို ငါးပေခန့်မြင့်အောင် ခုန်လိုက်ပြီး အတောင်ပံ တဖျပ်ဖျပ်ခတ်ကာ ပခုံးပေါ်တွင် ပြန်နားသည်။

အဘွားအိုကြီးထံမှ သေးမျှင်စူးရှသောအသံလည်း ပေါ်ထွက်လာသည်။

"ဟိတ်.....သေမင်းတမန်နဲ့ ငါနဲ့ဟာ ကျေးဇူးမကင်းရာ မကင်းကြောင်း ရှိခဲ့ကြတဲ့သူတွေ၊ ဒါပေမဲ့ ရိုးရိုးတန်းတန်း၊ သူက ဖိတ်ခေါ်လို့တော့ ငါမလိုက်လာဘူး၊ လိုက်စရာအကြောင်း



ကလေးတွေ ပေါ်လာတော့ ငါ လိုက်လာရတာပဲ"

ဆရာယာချီက အဘွားကြီးကိုကြည့်၍ ပြောသည်။

"ကျွန်တော် ကြားသိထားရသလောက်တော့ အရိုးမယ်တော်ကြီးဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က မကောင်းတဲ့ဒုစရိုက်အလုပ်တွေကို လုပ်ခဲ့ပေမယ့် နောက်ပိုင်းမှာ နောင်တတရားရပြီး သိုင်းလောကကို စွန့်ခွာသွားတယ်၊ တစ်နေရာမှာ အေးအေးချမ်းချမ်းနဲ့ ဓာတ်မြုပ်နေထိုင်သွားတယ်လို့ ကြားသိထားရပါတယ်၊ အခုတော့ အရိုးမယ်တော်ကြီးဟာ သေမင်းတမန်ရဲ့ ဖိတ်ခေါ်ချက်နဲ့ ကျွန်တော်တို့ကို ရန်မူဖို့ ဘာဖြစ်လို့ လိုက်လာရတာလဲ"

"ငါပြောပြီးပါပကောလား ယာချီ၊ လိုက်လာစရာအကြောင်းရှိလို့ပါလို့"

"ဘယ်လို လိုက်လာစရာအကြောင်းလဲ"

"ဝါးစိမ်းဘိုးဘိုးရဲ့တပည့် ကျောက်ရှိရှုံးကို သတ်မလို့"

အရိုးမယ်တော်ကြီး၏ စကားကြောင့် ယွင်းအော်သာမကဘဲ ဆရာယာချီပါ အံ့သြတကြီး ဖြစ်သွားသည်။

ဆရာယာချီက ပါးစပ်အဟောင်းသား ဖြစ်သွားပြီး.....

"ဘယ်လို..... ကျောက်ရှိရှုံးကို သတ်မလို့ ဟုတ်လား၊ ကျောက်ရှိရှုံးဟာ လူငယ်ကလေးတစ်ယောက်ပါ၊ ကျောက်ရှိရှုံးလို လူငယ်ကလေးနဲ့ အရိုးမယ်တော်ကြီးလို သိုင်းအကျော်အမော်ကြီးနဲ့ ဘယ်လိုများ ဆက်စပ် ပတ်သက်နေလို့လဲ"

"တောင်ပင်လယ် ငါးမန်းနက်ကျွန်း ဂိုဏ်းချုပ်မုလိန်ဟာ

ငါ့ရဲ့မောင်တစ်ဝမ်းကွဲဆိုတာ နင်မသိဘူးလား၊ ယာချီ၊ ဝမ်းကွဲဆိုပေမယ့် ငါက မောင်အရင်းလိုပဲ ချစ်တယ်၊ တစ်လောကလုံးမှာ သွေးသားရင်းချာဆိုလို့ ငါ့မှာ သူတစ်ယောက်တည်း ရှိတာ ခုတော့ ကျောက်ရီရှုံးလက်ချက်နဲ့ မုလိန် သေသွားပြီ"

အရိုးမယ်တော်ကြီး၏အသံက တုန်ယင်လာပြီး ဆို့နင့်စွာ ရပ်သွားသည်။

*



အခန်း - ၇၉

## ကောက်ထိုက်စင်း၏ တောင်းဆိုချက်

သူမ၏စကားကြောင့် ဆရာယာချီတို့ အားလုံးမှာ အံ့သြကြီး ဖြစ်သွားကြ၏။

ဤသတင်းကို သူတို့ မကြားကြရသေးချေ။

ဤသတင်းသာ မှန်ကန်တိကျပါက မုလိန်လိုလူမျိုးကို ကျောက်ရီရှုံးက သုတ်သင်နိုင်သည့်အတွက် ဝမ်းသာစရာသတင်းကား ဖြစ်နေလေသည်။

ကျောက်ရီရှုံးအတွက်လည်း ရင်အေးကြရပေလိမ့်မည်။

ဆရာယာချိုက ပိုမို သေချာစေရန် ပြန်မေးသည်။

"ဟုတ်ရဲ့လား၊ ကျွန်တော်တို့တောင် ဒီသတင်းကို မကြား ရသေးဘူး"

"ဟုတ်တယ်၊ မုလိန်အလောင်းကို ငါကိုယ်တိုင်သင်္ဂြိုဟ်ခဲ့ တာ၊ ကျောက်ရီရှုံးလဲ တို့လက်ထဲကို ရောက်ပြီးမှ လွတ်သွား တယ်၊ သူဟာ ကျန်ကျေ့ကိုလဲ သတ်ပြီး ထွက်ပြေးသွားတယ်"

ယခုတစ်ခါတော့ လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချိုက အားပါး တရ ဝင်ပြောသည်။

"ကျန်ကျေ့ကိုလဲ ကျောက်ရီရှုံးက သတ်လိုက်နိုင်တယ် ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်၊ လူကောင်းတွေကို ဒုက္ခအမျိုးမျိုးပေးနေတဲ့ ဒုစရိုက်သမားတစ်ယောက် လျော့သွား တာပေါ့"

အရိုးမယ်တော်ကြီးက မျက်စောင်းတစ်ချက် ထိုးလိုက် ပြီး.....

"ကျန်ကျေ့သေတာ ငါနဲ့မဆိုင်ဘူး၊ မုလိန်သေတာတော့ ငါနဲ့ တိုက်ရိုက်ပတ်သက်တယ်၊ ကျောက်ရီရှုံး ကောင်းကောင်းကြီး လက်စားချေရမယ်၊ ကျောက်ရီရှုံးကိုသာ ငါ့လက်ထဲအပ်ပါ၊ နင်တို့ အရေးအခင်းထဲမှာ ငါမပါဘဲ ပြန်သွားမယ်"

"ကျောက်ရီရှုံး ခရီးထွက်သွားယာ တစ်လကျော်ရှိပြီ ခုထိ ပြန်မလာသေးဘူး၊ တကယ်လို့ ပြန်လာရင်လဲ ခင်ဗျား လိုလူမျိုးရဲ့ လက်ထဲကို မအပ်နိုင်ဘူး"

"ဒေါင်"



အရိုးမယ်တော်ကြီးက ဒေါသတကြီးဖြင့် အရိုးတောင်ဝှေး ကြီးကို မြေပေါ်ဆောင့်ချလိုက်ပြန်သည်။

ပခုံးပေါ်မှ လင်းတဖြူကြီးမှာ ငါးပေခန့် ခုန်လိုက်ပြီး အတောင်ပံ တဖျပ်ဖျပ်ခတ်ကာ ပခုံးပေါ် ပြန်နားသည်။

သူမက ဒေါသတကြီးဖြင့် အော်ပြောမည်အပြု ဝတ်ရုံညို အဘိုးကြီးက လက်ကာပြကာ ဝင်ပြောသည်။

"စိတ်အေးအေး ထားပါဗျာ၊ မယ်တော်ကြီး လိုချင်သလို ဖြစ်လာရမှာပါ၊ အခွင့်အခါ သင့်အောင်သာ စောင့်ပါ၊ မယ် တော်ကြီးရဲ့လက်ထဲကို ကျောက်ရီရှုံး ရောက်လာရပါစေ့မယ်"

ထိုအခါမှ အရိုးစုမယ်တော်ကြီးသည် ဘာမှ ဆက်မပြော တော့ဘဲ ငြိမ်နေလိုက်တော့သည်။

* * *

ဝတ်ရုံညို အဘိုးအိုက ဆရာယာချိုကို လှည့်ကြည့်သည်။

ဆရာယာချိုကလည်း ဝတ်ရုံညိုအဘိုးအိုကို စူးစူးရဲရဲကြည့် ပြီး ပြောသည်။

"ဘယ့်နှယ်လဲ တောင်ပင်လယ် မိကျောင်းကြီး ကောက် ထိုက်စင်းရဲ့၊ ခင်ဗျားကကော အနှစ်သုံးဆယ်လုံးလုံး ပျောက်ချက် သားကောင်းနေပြီးမှ အခု ဘာဖြစ်လို့ ပြန်ပေါ်လာရတာလဲ၊ သေခါနီးမှ အမိုက်စာတ် ပြန်ခင်းချင်လို့လား"

ဝတ်ရုံညိုအဘိုးကြီးမှာ တောင်ပင်လယ်မိကျောင်းဘွဲ့ရ

ကောက်ထိုက်စင်း ဖြစ်၏။

သူသည် တစ်ချိန်က သိုင်းအကျော်အမော်ကြီးတစ်ယောက်ဖြစ်ပြီး ဒုစရိုက်လုပ်ငန်းကို ဦးစီးဦးဆောင်လုပ်ကာ ကျူးလွန်ခဲ့သူဖြစ်၏။

လွန်ခဲ့သော အနှစ်သုံးဆယ်လောက်ကမှ တောင်ပင်လယ် မိကျောင်း ကောက်ထိုက်စင်းသည် လုံးလုံးပျောက်ကွယ်သွားသည်။

သူ့သတင်းကို မည်သူမျှ မကြားကြရချေ။ တစ်ချို့က သူ သေပြီဟုပင် ထင်မှတ်ကြ၏။

ယခုမှ သူသည် ပြန်လည် ပေါ်ထွက်လာလေပြီ။

တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်းကို မြင်ရသောအခါ ဆရာယာချီပင်လျှင် အံ့သြထိတ်လန့်သွားသည်။ တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်း၏ သိုင်းပညာမှာ ဝါးစိမ်းဘိုးဘိုးနှင့် တန်းတူရှိသောကြောင့်ဖြစ်၏။ ဆရာယာချီကိုယ်တိုင် ကောက်ထိုက်စင်းကို ယှဉ်ပြိုင်တိုက်ခိုက်လျှင် အနိုင်ယူနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော် ဆရာယာချီသည် ရွံ့တွန့်တွန့်အမူအရာမပြဘဲ ဟန်လုပ်၍ တင်းတင်းမာမာ ပြောနေခြင်းဖြစ်၏။

ဆရာယာချီ၏စကားကို ကြားရသောအခါ ကောက်ထိုက်စင်းက မျက်နှာမဲ့လိုက်ပြီး-

"ပထမအကြိမ် ကျုပ်ကို လာပြီး စည်းရုံးတုန်းက ကျုပ်နဲ့ လက်ရည်တူ ယှဉ်ပြိုင်ရမယ့်လူမျိုး မရှိလို့ သေမင်းတမန်တို့နဲ့ မပူးပေါင်းခဲ့ပါဘူး၊ ဒါပေမယ့် ခုတော့ ကျုပ် မပါလို့ မဖြစ်တော့ဘူး၊ မင်းတို့တွေကလဲ ရှောင်လင်ဂိုဏ်းချုပ်ကြီးနဲ့ ယုံအင်းတို့လို ပုဂ္ဂိုလ်မျိုးတွေကိုတောင် ဖိတ်ခေါ်စည်းရုံးထားတယ် မဟုတ်လား၊ သေမင်းတမန်က ငါနဲ့ မကင်းရာ မကင်းကြောင်း ပတ်သက်နေကြတဲ့သူတွေ၊ မင်းတို့က အင်အားနဲ့ မတရား အနိုင်ယူမှာမျိုးကိုတော့ ငါ မခံနိုင်ဘူး"



လုံခြုံရေးမှူးချုပ်ကြီး ပေကျိုးချီသည် သိုင်းလောကသားများအကြောင်းကို ဆရာယာချီနှင့် ရှောင်လင်ဂိုဏ်းချုပ်ကြီးတို့လောက် မသိချေ။ ကောက်ထိုက်စင်း၏ အကြောင်းကိုလည်း မသိချေ။ ထို့ကြောင့် ကောက်ထိုက်စင်း၏စကားကို ကြားရသောအခါ ဒေါသတကြီး ဖြစ်သွားပြီး ဝင်ပြောသည်။

"ဟေ့.....ဒုစရိုက်ကောင်ကြီး သိပ်ပြီး လေထွားမနေနဲ့၊ ကျုပ်တို့ဟာ အမှန်တရားဘက်က ရပ်တည်တဲ့သူ၊ ခင်ဗျားတို့က မဟုတ်မမှန် လုပ်နေကြတဲ့သူ၊ ခင်ဗျား ပါလာရုံမကလို့ ခင်ဗျားထက် တော်တဲ့လူမျိုး ပါလာပါစေ၊ ကျုပ်တို့ကတော့ တိုက်ခိုက်သုတ်သင်ပစ်မှာပဲ၊ အသေဆိုးနဲ့ မသေချင်ရင် နောက်ပြန်ဆုတ်သွားကြ"

ရှောင်လင်ဂိုဏ်းချုပ်ကြီးက လက်ကာပြလိုက်၍ ပေကျိုးချီသည် ပြောလက်စ စကားကို ရပ်လိုက်ရသည်။ သို့မဟုတ်ပါက သူသည် ဒေါသတကြီးနှင့် ယခုထက် ပိုမိုကြမ်းတမ်းသော စကားများကို ဆက်လက် ပြေဆိုနေဦးမည်ဖြစ်၏။

* * *

ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ ဖျောင်းဖျသောလေသံဖြင့် ပြောသည်။

"ဒကာကြီးကောက်ထိုက်စင်း၊ ကျုပ်တို့ဒကာကြီးတို့ အသက်တွေလဲ ကြီးလာကြပါပြီ၊ ငယ်စဉ်က အသိဉာဏ် မကြွယ်သေးလို့ မိုက်ခဲ့တာလဲ မိုက်ခဲ့ပြီးကြပြီပဲ၊ ယခုအချိန်မှာတော့ စိတ်နောက်ကိုယ်ပါ မမိုက်သင့်တော့ဘူး၊ ဒကာကြီးတို့ဘက်ကလဲ သိုင်းပညာထက်မြက်တဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်၊ လူ အင်အားလဲ့ များပါတယ်၊ ဒီလိုပဲ ဒီဘက်ကလဲ လူအင်အား အများကြီး ရှိနေပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် တိုက်ပွဲကြီးဖြစ်ကြရင် လူတွေ သောက်သောက်လဲ သေကြေပျက်စီးကြမယ်၊ ဒီလူတွေကို မှီခိုအားထားရတဲ့ မိသားစုတွေဟာလဲ အတိဒုက္ခ ရောက်ကြရမယ်၊ ဒီတော့ အင်အားကြီးမားလှတဲ့ တိုက်ပွဲကြီး ရှောင်ပြီး သွေးမြေမကျဘဲ နှစ်ဦးနှစ်ဘက် ပြေလည်နိုင်မယ့် နည်းလမ်းကို ရှာကြံကြဖို့ ကြားကနေ ဘုန်းကြီး မေတ္တာရပ်ခံချင်တယ် ဒကာကြီး ကောက်ထိုက်စင်း"

တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်းက အားပါးတရ ရယ်လိုက်ပြီး.....

"ဟား ဟား ဟား ဟား၊ ဆရာတော်က ဘုန်းကြီးပီပီ တရားချနေတာကိုး၊ တပည့်တော်က ဒုစရိုက်အလုပ်တွေကို လုပ်နေပေမယ့် ဘာသာရေးကို အလေးထားပါတယ်၊ ရှောင်လင်ဂိုဏ်းတော်ကြီးရဲ့ ဂိုဏ်းချုပ်ဖြစ်တဲ့ ဆရာတော်ကိုလဲ ကြည်ညို လေးစားပါတယ်၊ ဆရာတော်က ကြားကနေ မေတ္တာရပ်ခံတဲ့



အတွက်လဲ ဆရာတော်ရဲ့ မိန့်စကားကို နားထောင်ချင်ပါတယ်၊ တပည့်တော်တို့ဘက်မှာတော့ တပည့်တော်ဟာ ဦးစီးဦးဆောင် အဖြစ် တာဝန်ယူထားရတဲ့သူပါ၊ တပည့်တော် ဆုံးဖြတ်ချက် တစ်ခုတည်းနဲ့ ပြီးပါတယ်၊ တပည့်တော်အနေနဲ့လဲ တိုက်ပွဲကြီး ဖြစ်ပြီး နှစ်ဘက်စလုံးက လူတွေ သောက်သောက်လဲ သေကြေ မှာကို မလိုလားပါဘူး၊ တပည့်တော်တို့ရဲ့ လိုအင်ဆန္ဒ ပြည့်ဝ မယ်ဆိုရင်တော့ တပည့်တော်တို့ တိုက်ခိုက်တဲ့အလုပ်မျိုးကို မလုပ်ပါဘူး"

"ဒကာကြီးကောက်ထိုက်စင်းတို့ရဲ့ လိုအင်ဆန္ဒကဘာလဲ"

"စီကွမ်ပြည်နယ်မှာရှိတဲ့ ဘုရင့်အမှုထမ်းတွေ အားလုံး ထွက်ခွာသွားရမယ်၊ နယ်စားကြီးကအစ ထွက်သွားရမယ်၊ ကွမ်စီပြည်နယ်ဟာ ဘုရင်အုပ်ချုပ်မှု လက်အောက်မှာ မရှိဘူး၊ ကွမ်စီပြည်နယ်ကို တပည့်တော်တို့ဘာသာ တပည့်တော်တို့ စိုးမိုး အုပ်ချုပ်မယ်၊ ဒါဆိုရင်တော့"

"တော်စမ်းဗျာ၊ အရူးပါးစပ်လို ပေါက်ကရ ပြောမနေနဲ့၊ ခင်ဗျားပြောသလို ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချီက နားကြားပြင်း ကပ် လာသဖြင့် ကောက်ထိုက်စင်း၏ စကားမဆုံးခင် ကြားမှ ဖြတ် အော်လိုက်သည်။

ကောက်ထိုက်စင်းလည်း ဒေါသဖြစ်သွားပြီး.....

"ကျုပ်ပြောတဲ့အတိုင်း မဖြစ်ဘူးဆိုရင်တော့ သွေးချောင်း စီးအောင် တိုက်ကြရမှာပဲ လုံခြုံရေးမှူးချုပ်ကြီး"

ရှောင်လင်ဂိုဏ်းချုပ်ကြီးက လက်ကာ၍ ဝင်ပြောသည်။

"နေပါဦး ဒကာကြီး ကောက်ထိုက်စင်း နေပါဦး၊ ဒကာကြီးရဲ့ တောင်းဆိုချက်တွေကတော့ ဘယ်လိုမှ မလိုက်လျောနိုင်တဲ့ တောင်းဆိုချက်တွေ ဖြစ်နေတယ်၊ ဘုရင်မင်းမြတ်ကကော ကွမ်စီပြည်နယ်စားကြီးကကော ဘယ်လိုမှ သဘောတူကြမှာမဟုတ်ဘူး"

"ဒါဖြင့်လဲ တပည့်တော်ပြောသလို တိုက်ပွဲကြီး ကျင်းပရုံပေါ့ ဂိုဏ်းချုပ်ကြီး"

"ဒကာကြီးရဲ့တောင်းဆိုချက်ကို မပြင်နိုင်တော့ဘူးလား"

"တပည့်တော်ကတော့ နည်းနည်းကလေးမှ မပြင်နိုင်ပါဘူးဘုရား၊ ဒီတောင်းဆိုချက်အတိုင်း ဖြစ်မလာရင်တော့ တိုက်ရမှာပါပဲ"

"အင်းလေ၊ ဒီလိုဆိုရင်လဲ ဒကာကြီး ပေကျုံးချီတို့ဘက်ကလဲ ပြန်တိုက်ကြမှာပဲ၊ နှစ်ဘက်စလုံး ကျုပ်မေတ္တာရပ်ခံချင်တယ်၊ လူတွေ သောက်သောက်လဲ သေစေမယ့် တိုက်ပွဲကြီးကို ဖန်တီးမယ့်အစား လူနည်းနည်းလောက်နဲ့ပဲ ပြီးမယ့် သိုင်းပညာယှဉ်ပြိုင်ပွဲကိုလုပ်ပြီး အရှုံးအနိုင်ကို ဆုံးဖြတ်ကြရင် ကောင်းလိမ့်မယ် ထင်တယ်"

ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ ဆိုလိုချက်ကို မည်သူမှ နားလည် သဘောမပေါက်ကြချေ။

* * *



ထို့ကြောင့် ပေကျုံးချီနှင့် ကောက်ထိုက်စင်းတို့က ရှေ့ဆင့်နောက်ဆင့် မေးလိုက်ကြ၏။

"ဂိုဏ်းချုပ်ကြီးရဲ့ဆန္ဒကို ရှင်းရှင်းလင်းလင်း သိပါရစေ"

"ဘယ်လိုယှဉ်ပြိုင်မှုမျိုး လုပ်ပြီး အရှုံးအနိုင်ကို ဆုံးဖြတ်မှာလဲဘုရား"

ဂိုဏ်းချုပ်ကြီးက စဉ်းစဉ်းစားစား ပြန်ပြောသည်။

"ကျုပ်ရဲ့ဆန္ဒကို အမှန်အတိုင်း ပြောရမယ်ဆိုရင် ဒကာကြီး ပေကျုံးချီတို့ဘက်ကလဲ စိတ်ကြိုက် သိုင်းသမားလေးငါးဆယ်ယောက် ရွေးထုတ်၊ ဒကာကြီးကောက်ထိုက်စင်းတို့ဘက်ကလဲ စိတ်ကြိုက်သိုင်းသမား လေးငါးဆယ်ယောက် ရွေးထုတ်၊ အဲဒီလူတွေ နှစ်ဦးနှစ်ဘက် သိုင်းပြိုင်ပွဲကြီးလုပ်ပြီး အရှုံးအနိုင်ကို ဆုံးဖြတ်စေချင်တယ်၊ တကယ်လို့ ဒကာကြီး ပေကျုံးချီတို့ဘက်က ရှုံးမယ်ဆိုရင် ဒကာကြီးကောက်ထိုက်စင်းရဲ့ အလိုဆန္ဒအတိုင်းဖြစ်အောင် လိုက်လျောရမယ်၊ အဲ.....ဒကာကြီးကောက် ထိုက်စင်းတို့ဘက်က ရှုံးမယ်ဆိုရင်တော့ အနှစ်နှစ်ဆယ်အတွင်း ဒကာကြီးကောက်ထိုက်စင်းတို့အားလုံး မကောင်းမှုဒုစရိုက် အလုပ်တွေ မလုပ်တော့ပါဘူးလို့ ဝန်ခံကတိပေးပြီး အဲဒီအတိုင်းပဲ နေကြရမယ်"

တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်းသည် သဘောကျစွာဖြင့် ချက်ချင်းပင် ပြန်ပြောသည်။

"တပည့်တော်ကတော့ ဆရာတော်ရဲ့ အစီအစဉ်ကို သိပ်ပြီး သဘောကျပါတယ်၊ ဒီအစီအစဉ်အတိုင်းသာ ဖြစ်မယ်ဆို

ရင်တော့ တိုက်ပွဲကြီးလဲ ဖြစ်စရာ မလိုတော့ဘူး၊ လူတွေလဲ သောက်သောက်လဲ သေစရာ မလိုတော့ဘူး၊ တပည့်တော်တို့ဘက်က ရှုံးနိမ့်မယ်ဆိုရင်လဲ အနှစ်နှစ်ဆယ်အတွင်းမှာ ကောင်းမွန်စွာ နေပါ့မယ်ဆိုတဲ့ ကတိကိုလဲ ပေးပါ့မယ်၊ ကတိအတိုင်းလဲ တပည့်တော်ရဲ့လူတွေ နေပါ့စေ့မယ်၊ လုံခြုံရေးမှူးချုပ်ကြီးတို့ဘက်ကသာ သဘောတူမတူ သိပါရစေတော့"

လုံခြုံရေးမှူးချုပ်ကြီး ပေကျူးချီက သက်ပြင်းတစ်ချက် ချလိုက်ပြီး ဘုန်းတော်ကြီးကို ပြောသည်။

"တပည့်တော်တို့ဘက်က ရှုံးနေမယ်ဆိုရင် ကွမ်စီပြည်နယ်ကို သူတို့လက်ထဲ အပ်ရမယ် ဆိုတော့ ဒီဆုံးဖြတ်ချက်ကို တပည့်တော်တစ်ဦးတည်း ဆုံးဖြတ်လို့ မဖြစ်ပါဘူး၊ နယ်စားကြီးကို အသိပေးပြီး ဆုံးဖြတ်ချက်ကို ယူရပါလိမ့်မယ်၊ သုံးရက်လောက်တော့ အချိန်ပေးပါဘုရား"

ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍-

"ဟုတ်ပါတယ်လေ၊ ဒီလောက်ကြီးကျယ်တဲ့ အရေးအခင်းကို နယ်စားကြီးတောင် သူ့ဘာသာသူ ဆုံးဖြတ်ရဲမှာ မဟုတ်ပေဘူး၊ ဒီတော့ ဒီလိုလုပ်ပါ ဒကာကြီး ကောက်ထိုက်စင်း"

"အမိန့်ရှိပါဘုရား"

"နောက်ခုနစ်ရက်တိတိ ပြည့်တဲ့နေ့မှာ ဒကာကြီးတို့ လာခဲ့ကြပါ၊ ဒီတော့မှ ဒကာကြီး ပေကျူးချီတို့ရဲ့ ဆုံးဖြတ်ချက်ကို သိရပါ့မယ်၊ သိုင်းပညာယှဉ်ပြိုင်ပွဲ လုပ်ပြီး အရှုံးအနိုင်ကို



ဆုံးဖြတ်ကြမယ်ဆိုရင် အဲဒီတော့မှ ပြိုင်ပွဲစည်းကမ်းချက်တွေကို နှစ်ဦးနှစ်ဘက် ကျေနပ်အောင် ထပ်ပြီး ညှိနှိုင်းကြတာပေါ့"

ကောက်ထိုက်စင်းသည် ခဏမျှ စဉ်းစားပြီး ခေါင်းညိတ်ကာ-

"ကောင်းပါပြီ ဆရာတော်ဘုရား၊ ခုနစ်ရက်ပြည့်တဲ့နေ့မှာ တပည့်တော်တို့ ထပ်လာခဲ့ကြပါ့မယ်"

ထို့နောက် ကောက်ထိုက်စင်း၊ အရိုးမယ်တော်ကြီးနှင့် သေမင်းတမန်တို့ သုံးဦးသည် ပြေးထွက်သွားကြကာ အမှောင်တဲတွင် ပျောက်ကွယ်သွားကြတော့သည်။

• • •

ဆရာယာချိက သက်ပြင်းတစ်ချက် ချလိုက်ပြီး.....

"အင်း.....ဒီအနီးအနား ပတ်ဝန်းကျင်မှာ ဒီဒုစရိုက်ကောင်တွေ ရောက်နေကြတာတောင် တပည့်တော်တို့တွေ လုံးလုံးမရိပ်စားမိကြဘူး၊ သူတို့မှာ လူအင်အား ဘယ်လောက်ပါတယ်၊ ဘယ်လိုလူမျိုးတွေ ပါလာတယ်ဆိုတာ ဒီခုနစ်ရက်အတွင်းမှာ စုံစမ်းကြည့်မှ ဖြစ်မယ်"

ပေကျူးချီကလည်း ခေါင်းတဆတ်ဆတ်ညိတ်၍.....

"ကျုပ် လူတွေကို စုံစမ်းနိုင်းထားပါတယ် ဆရာယာချိ၊ ဒီညအတွင်းပဲ နယ်စားကြီးဆီ သွားအကြောင်းကြား တိုင်ပင်ရမယ်၊ အပန်းမကြီးဘူးဆိုရင် ဆရာတော်ဘုရားပါ လိုက်ခဲ့စေ

ချင်ပါတယ်ဘုရား"

"လိုက်ခဲ့မယ် ဒကာကြီးပေကျုံးချို၊ လိုက်ခဲ့မယ်၊ နယ်စားကြီး သဘောပေါက် နားလည်အောင်ပဲ ဘုန်းကြီးကိုယ်တိုင်ရှင်းပြမယ်၊ ဘုန်းကြီးဆန္ဒကတော့ လူတွေ သောက်သောက်လဲသေမယ့် တိုက်ပွဲကြီးမျိုး မဖြစ်စေချင်ဘူး"

ဆရာယာချိုကလည်း ယွင်းအော်နှင့် ပိုင်ရိုပိန်တို့ကို လှည့်ပြောလိုက်သည်။

"ကိုင်း.....တစ်ခါတည်းပဲ ဘဘတို့နဲ့ လိုက်ခဲ့ပြီး ဟိုမှာပြောင်းနေကြပေတော့၊ ဒုစရိုက်သမားတွေ ဒီအနားမှာ ရောက်နေကြလေတော့ ဒီမှာ သမီးတို့နှစ်ယောက်တည်း နေကြလို့ မဖြစ်တော့ဘူး၊ အရိုးမယ်တော်ကြီးကလဲ တူမောင် ကျောက်ရှိရှုံးအပေါ် အတော်ကလေး အခဲမကျေဖြစ်နေတာ၊ တော်ကြာ တူမကြီးတို့ကို ဖမ်းပြီး ကျောက်ရှိရှုံးကို အကျပ်ကိုင်ရင် ခက်လိမ့်မယ်"

ပိုင်ရိုပိန်က စိတ်လှုပ်ရှားစွာဖြင့်.....

"အဲဒီအဘွားကြီးပြောတဲ့စကားတွေဟာ မှန်ပါ့မလားဘဘ၊ မုလိန်နဲ့ ကျန်ကျေ့တို့တစ်တွေ မောင့်ရဲ့လက်ချက်နဲ့ သေပြီဆိုတာလေ"

"အင်း.....အရိုးမယ်တော်ကတော့ လိမ်မပြောပါဘူး တူမလေး၊ သူပြောတာ မှန်လိမ့်မယ်လို့ ဘဘ ထင်တယ်၊ ဒါဆိုတူမောင် ကျောက်ရှိရှုံးဟာ ဘေးမသီရန်မခ ရှိသေးတယ်ဆိုတာ တွက်လို့ရပြီ၊ သူ့အတွက် စိုးရိမ်ပူပန်စရာ မလိုတော့ဘူး၊ အချိန်တန်ရင် သူ ပြန်လာပါလိမ့်မယ်"

*



အခန်း - ၈၀

## နယ်လုသိုင်းပြိုင်ပွဲ

လုံခြုံရေးအဖွဲ့စခန်းဝင်းကြီးအတွင်းရှိ မြေကွက်လပ်ကျယ်ကြီးထဲတွင် လူများနှင့် ပြည့်လုခမန်း ရှိနေသည်။ ကွင်းကြီး၏ပတ်လည်တွင် မဏ္ဍပ်ကြီးများ ထိုးထားသည်။

အရှေ့ဘက်ရှိ ရှည်လျားသောမဏ္ဍပ်ကြီးထဲတွင် ကွမ်စီပြည်နယ် လုံခြုံရေးအဖွဲ့ဝင်တံဆိပ်များပါသော ဝတ်စုံများကိုဝတ်ဆင်ထားသည်။

လုံခြုံရေးအဖွဲ့ဝင်များ၊ သိုင်းလောကမှ ဖိတ်ကြားထား

သော ခြေသည်များ နေရာယူ ထိုင်နေကြသည်။

ငှင်းလုံခြုံရေးအဖွဲ့ဝင်များမှာ လူပေါင်း သုံးရာကျော်ခန့် ရှိလေသည်။

အနောက်ဘက်ရှိ ရှည်လျားသောမဏ္ဍပ်ကြီးထဲတွင်မူ အဝတ်အစား အမျိုးမျိုးကို ပရမ်းပတာ ဝတ်ဆင်ထားသော လူ သုံးရာခန့် နေရာယူ ထိုင်နေကြ၏။

ထိုသူတို့ကား ဒုစရိုက်အဖွဲ့အစည်းအသီးသီးမှ ဒုစရိုက် သမားများ ဖြစ်လေသည်။

တောင်ဘက်မဏ္ဍပ်ထဲတွင်မူ ကွမ်စီပြည်နယ်၊ နယ်စား ကြီး ဝူးဖေ့ဟာန်၊ ဆရာယာချီ၊ လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချီ၊ လက်ထောက်လုံခြုံရေးမှူးကြီး လျှောင်အင်း၊ ယွင်းအော်၊ ပိုင်ရိ ပိန်နှင့် အထီးကျန် သိုင်းသမားကြီး ယုံအင်း အပါအဝင် လုံခြုံ ရေး ရဲရဲတောက်ငါးဖော်နှင့် ဟုန်တန်တို့ ထိုင်နေကြသည်။

လုံခြုံရေးအဖွဲ့မှ အရေးပါ အရာရောက်သောပုဂ္ဂိုလ်များ နှင့် ဆရာယာချီ၊ ပေကျုံးချီတို့၏ ဖိတ်ကြားချက်အရ ရောက် လာကြသည့် ဧည့်သည် သိုင်းအကျော်အမော်ကြီးများလည်း ရှိ နေကြသည်။

မြောက်ဘက် မဏ္ဍပ်ထဲတွင်မူ တောင်ပင်လယ် မိကျောင်း ကြီး ကောက်ထိုက်စင်း၊ အရိုးမယ်တော်ကြီး၊ သေမင်းတမန်၊ ကျားလုံ၊ ဝံပုလွေမလေး ချန်ဖုန်နှင့် ဒုစရိုက်လောကမှ သိုင်း အကျော်အမော် ခေါင်းဆောင်ကြီးများ ထိုင်နေကြသည်။

ကွင်းကြီးထဲတွင် ရှိနေကြသော လူများ အားလုံးပင်



စိတ်လှုပ်ရှားစွာဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

အားလုံးပင် စတင် ကျင်းပတော့မည့် သိုင်းပြိုင်ပွဲကြီးကို လွန်စွာ စိတ်ပါဝင်စားနေကြလေသည်။

ယနေ့တွင် ဒုစရိုက်လောကသားများနှင့် သုစရိုက်လောက သားများ သိုင်းပညာ စတင် ယှဉ်ပြိုင်ကြမည်ဖြစ်၏။

လူပေါင်းများစွာ သေကြမည့် တိုက်ပွဲကြီးကို မဖြစ်စေလို သော ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ ဆန္ဒအတိုင်း သိုင်းပြိုင်ပွဲကြီး ကား ဖြစ်မြောက်လေပြီ။

ချိန်းဆိုထားသောနေ့တွင် ပေကျုံးချီထံသို့ မိကျောင်းကြီး ကောက်ထိုက်စင်းတို့တစ်တွေ ရောက်လာကြသည်။

ထိုခုနစ်ရက်အတွင်း နယ်စားကြီးသည် ဘုရင်မင်းမြတ်ထံ ခြေမြန်တော်လွှတ်၍ အခြေအနေ အရပ်ရပ်ကို တင်ပြသည်။

ဘုရင်မင်းမြတ်မှာလည်း ရှောင်လင်ဂိုဏ်းချုပ်ကြီးကိုယ် တိုင်ပေးသော အကြံလည်းဖြစ်၊ လူတွေလည်း သောက်သောက်လဲ သေမည့် တိုက်ပွဲကြီး ဖြစ်မှာလည်း မလိုလားသဖြင့် နယ်စား ကြီးကောင်းမည် ထင်သလိုသာ ဆုံးဖြတ်စီစဉ်ပါဟု အကြောင်း ပြန်ကြားခဲ့သည်။

ထို့ကြောင့် နယ်စားကြီး ဝူးဖေ့ဟာန်သည် ရှောင်လင်ဂိုဏ်း ချုပ်ကြီး၏ သဘောဆန္ဒကို လက်ခံလိုက်တော့၏။

မိကျောင်းကြီး ကောက်ထိုက်စင်းတို့လူစု ရောက်လာသော အခါ ပေကျုံးချီ၊ ဆရာယာချီနှင့် လျှောင်အင်းတို့သည် လက်ခံ တွေ့ဆုံကြသည်။

မည်သို့မည်ပုံ သိုင်းပညာပြိုင်ပွဲကို ယှဉ်ပြိုင်ကြမည့်အကြောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီး ဦးဆောင်သော ရှောင်လင်ကျောင်းတော်ကြီးမှ ဂိုဏ်းချုပ်ကြီးဦးလေးတို့ကမူ ကြားမှ ပြေပြေလည်လည်ဖြစ်ရန် ညှိနှိုင်းပေးကြသည်။

ဆရာယာချီ၏ ဖိတ်ခေါ်ချက်အရ ရှောင်လင်ဂိုဏ်းချုပ်ကြီးသည် လုံခြုံရေးအဖွဲ့သို့ လာရောက်စဉ် သူနှင့်အတူ ရှောင်လင်ဂိုဏ်းကြီးမှ အရေးပါ အရာရောက်သော ဂိုဏ်းချုပ်ကြီးလေးဦးလည်း ပါလာကြသည်။

ပေကျုံးချီနှင့် ကောက်ထိုက်စင်းတို့ နှစ်ဦးဘက်မှ သဘောတူညီချက်အရ ရှောင်လင်ဂိုဏ်းချုပ်ကြီး အပါအဝင် ဂိုဏ်းချုပ်ကြီးငါးဦးသည် ကြားမှ ညှိနှိုင်းဖြေရှင်းပေးရခြင်းဖြစ်လေသည်။

နောက်ဆုံးတွင် သိုင်းပြိုင်ပွဲကြီး ကျင်းပရန် နှစ်ဦးနှစ်ဘက် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များ၊ နေ့ရက်များကို အပြီးအပိုင် ရွေးချယ်လိုက်ကြသည်။

ထို့ကြောင့် ယနေ့သည် သိုင်းပြိုင်ပွဲကြီး စတင်ပြီး ကျင်းပရန် ပထမနေ့သို့ ရောက်လာခဲ့လေပြီ။

ယှဉ်ပြိုင်မည့် မြေကွက်လပ်ကြီးထဲတွင်လည်း နှစ်ဘက်လူများ စုံစုံညီညီ ရောက်နေကြလေပြီ။ အစီအစဉ် မစသေးသဖြင့် လူများအားလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီး စကားပြောသံ၊ ရယ်မောသံများလည်း ညံစီလျက်ရှိ၏။

• • •



မြေကွက်လပ်၏ အလယ်ဗဟိုတွင် ကျယ်ဝန်းသော စင်မြင့်ကြီး ရှိနေသည်။

ငင်းစင်မြင့်ကြီးမှာ သိုင်းပညာ ယှဉ်ပြိုင်ပွဲ ပြုလုပ်မည့် စင်မြင့်ကြီးပင် ဖြစ်၏။

စင်မြင့်ကြီးနှင့် မလှမ်းမကမ်းတွင်ရှိသော ထိုင်ခုံကြီးငါးလုံးတွင် ရှောင်လင်ဂိုဏ်းချုပ်ကြီး အပါအဝင် ရှောင်လင်အဖွဲ့ဝင်ငါးဦးသည် ကြီးစွာသောဣန္ဒြေဖြင့် ထိုင်နေကြသည်။

ရှောင်လင်အဖွဲ့ဝင်ငါးဦးသည် နှစ်ဦးနှစ်ဘက်မှ သဘောတူညီချက်အရ ပြိုင်ပွဲဒိုင်များ ပြုလုပ်ကြရမည် ဖြစ်၏။

ယှဉ်ပြိုင်သူများ၏ အရှုံးအနိုင်ကို ဆုံးဖြတ်ကြရမည် ဖြစ်လေသည်။

ယွင်းအော်နှင့် ပိုင်ရီပိန်တို့သည် ဆရာယာချီအနီးတွင် ထိုင်နေကြပြီး သူမတို့နှစ်ဦးစလုံး မျက်စိမျက်နှာ မကောင်းကြချေ။

ဆရာယာချီနှင့် ပေကျုံးချီတို့လည်း မျက်စိမျက်နှာမကောင်းကြပေ။

သို့သော် လူကြီးများဖြစ်သဖြင့် ဣန္ဒြေဆည်၍ ထားနိုင်ကြသည်။

လူငယ်များဖြစ်သော ယွင်းအော်နှင့် ပိုင်ရီပိန်တို့ကမူ ဣန္ဒြေဆည်၍ မရလောက်အောင် မျက်စိမျက်နှာပျက်နေကြ၏။

သူတို့အားလုံး သတ်မှတ်ထားသည့်ရက်ထက် ကျော်လွန်သည့်တိုင်အောင် ပြန်ရောက်မလာသေးသော ကျောက်ရှီရှုံးအတွက်

စိုးရိမ်နေသောကြောင့် ဖြစ်လေသည်။

ပြီးတော့ ဆရာယာချီနှင့် ပေကျူးချီတို့သည် ကျောက်ရီရှုံးကို သိုင်းပြိုင်ပွဲတွင် ထည့်သွင်းရန် သေချာပေါက် ရည်မှန်းထားပြီးဖြစ်၏။

သို့သော် ယခုထိ ကျောက်ရီရှုံး ပြန်ရောက်မလာသော အခါ အစီအစဉ်တွေ အလွဲလွဲအချော်ချော် ဖြစ်ကုန်တော့မည်ကို စိုးရိမ်မိကြသည်။

ယခု သိုင်းပြိုင်ပွဲမှာ တရားသဖြင့် ယှဉ်ပြိုင်မည့်ပြိုင်ပွဲ ဖြစ်သဖြင့် မိမိတို့ဘက်မှ အနိုင်ရလိမ့်မည်ဟု ဆရာယာချီတို့က တွက်ဆထားကြသည်။

ကျောက်ရီရှုံးတို့ကိုလည်း အားကိုးအားထား ပြုကြသည်။

သို့သော် ကျောက်ရီရှုံးကား ရောက်မလာချေ။

အကယ်၍သာ ခြေချော်လက်ချော်ဖြစ်ကာ မိမိတို့ဘက်မှ ရှုံးနိမ့်သွားပါက ကွမ်စီပြည်နယ်ကို ဒုစရိုက်သမားများလက်သို့ ထိုးအပ်ရပေတော့မည်။

ကွမ်စီပြည်နယ်သာမက ပြည်မကြီးတစ်ခုလုံး အခြေအနေ ဆိုးဆိုးရွားရွား ကြုံတွေ့ရပေတော့မည်။

ဆရာယာချီတို့စိတ်ထဲတွင်လည်း ထိုအရေးကို တွေးကာ စိုးရိမ်ပူပန်နေကြသည်။

"ဒန်း.....ဒန်း.....ဒန်း....."

လူသံဆူသံများကို ဖုံးလွှမ်းသွားအောင် ကြေးလင်ဗန်းကြီး တီးခတ်သံက ကျယ်လောင်စွာ သုံးချက်တိတိ ပေါ်ထွက်လာသည်။



ဆူညံနေသောအသံများအားလုံး ရုတ်ခြည်း တိတ်ဆိတ်သွားသည်။

သိုင်းပြိုင်ပွဲကြီး စတင် ကျင်းပတော့မည် ဖြစ်ကြောင်း အချက်ပေး တီးခတ်လိုက်ခြင်းဖြစ်သဖြင့် လူအားလုံး၏ မျက်လုံးများက ကွင်းလယ်ရှိ စင်မြင့်ကြီးဆီ ရောက်သွားသည်။

ကွင်းကြီးတစ်ကွင်းလုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ခဏသာကြာပြီး စင်မြင့်ပေါ်သို့ အသက်လေးဆယ်အရွယ်ရှိ လူတစ်ယောက် တက်လာသည်။

သူ့ကိုယ်ပေါ်တွင် ပန်းရောင် ပိုးဝတ်စုံကို သားသားနားနား ဝတ်ဆင်ထားသည်။

လက်ထဲတွင်လည်း စာရွက်လိပ်ကြီးတစ်လိပ်ကို ကိုင်လာသည်။

သူကား ဤသိုင်းပြိုင်ပွဲကြီး၏ အခမ်းအနားမှူးပင် ဖြစ်လေသည်။

* * *

အခမ်းအနားမှူးက စင်မြင့်ကြီးအလယ်တွင် ရပ်ပြီး စာရွက်လိပ်ကိုဖြန့်ကာ သိုင်းပြိုင်ပွဲ အစီအစဉ်ကို စတင် ဖတ်ကြားကြေငြာလေသည်။

"သိုင်းပြိုင်ပွဲကြီးကို အားပေးရန် ရောက်လာတဲ့ ဧည့်

ပရိသတ်အပေါင်းတို့ ခင်ဗျား၊ ယခုအချိန်ကစပြီး သိုင်းပြိုင်ပွဲကြီးကို ပထမနေ့အဖြစ် စတင် ကျင်းပပါတော့မယ်၊ သိုင်းပြိုင်ပွဲကြီးကို ငါးရက်တိတိ ဆက်လက် ကျင်းပသွားမှာလဲ ဖြစ်ပါတယ်၊ တစ်နေ့ကို သုံးကြိမ်သုံးခါတိတိ ယှဉ်ပြိုင်ပါ့မယ်၊ ဒီနေ့ ပထမနေ့မှာ လက်ဝါးသိုင်းပြိုင်ပွဲ ကျင်းပမှာ ဖြစ်ပါတယ်၊ ပြိုင်ပွဲဝင်ကြမယ့်ပုဂ္ဂိုလ်တွေရဲ့ နာမည်စာရင်းကိုတော့ ကြိုတင်ပေးမထားပါဘူး၊ စတင် ယှဉ်ပြိုင်ခါနီးမှပဲ နှစ်ဦးနှစ်ဘက်စလုံးက စာရင်းပေးပြီး ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးရဲ့ အရှုံးအနိုင်နဲ့ စည်းကမ်းချက်တွေကို သတ်မှတ်ဆုံးဖြတ်မှာကတော့ ရှောင်လင်ဂိုဏ်းချုပ်ကြီးနဲ့ ရှောင်လင်ကျောင်းတော်ကြီးမှ အဖွဲ့ဝင်ကြီးများပဲ ဖြစ်ပါတယ်ခင်ဗျား”

ပရိသတ်အားလုံးလိုလို၏ မျက်လုံးများက ရှောင်လင်ဂိုဏ်းချုပ်ကြီးနှင့် အဖွဲ့ဝင်ကြီးများထံသို့ ရောက်သွားကြသည်။ မည်သူမှ စကားမဆိုကြဘဲ အခမ်းအနားမှူး၏ ကြေငြာချက်ကို စိတ်ပါဝင်စားစွာ တိတ်တဆိတ် နားထောင်နေကြသည်။ အခမ်းအနားမှူးက ကြေငြာချက်ကို ခဏသာရပ်ပြီး ဆက်လက်ကြေညာပြန်သည်။

“ပထမဆုံးနေ့အဖြစ် ဒီနေ့ ယှဉ်ပြိုင်မှာကတော့ တစ်ဦးချင်း လက်ဝါးသိုင်းပြိုင်ပွဲပဲ ဖြစ်ပါတယ်ခင်ဗျာ၊ သုံးကြိမ်သုံးချီ ယှဉ်ပြိုင်ပါ့မယ်၊ ပထမအချီမှာ သိုင်းကွက်နှစ်ဆယ်၊ ဒုတိယအချီမှာ သိုင်းကွက်ငါးဆယ်နဲ့ နောက်ဆုံး တတိယအချီမှာတော့ အရှုံးအနိုင် ပေါ်တဲ့အထိ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ အကယ်၍



ပထမအချီမှာ အရှုံးအနိုင်ပေါ်ရင်လဲ ဒုတိယနဲ့ တတိယအချီကိုဆက်ပြီး ယှဉ်ပြိုင်စရာ မလိုတော့ပါဘူး၊ ဒုတိယအချီနဲ့ အရှုံးအနိုင် ပေါ်ရင်လဲ တတိယအချီကို ဆက်ပြီး ယှဉ်ပြိုင်စရာ မလိုတော့ပါဘူး၊ ကျန်တဲ့လေးရက်မှာလဲ နေ့စဉ်နေ့တိုင်း ခုလိုပဲ သုံးကြိမ်သုံးချီ ယှဉ်ပြိုင်ကြရမှာပါပဲ၊ ပထမအချီကို အခုမနက်ပိုင်းမှာ စပါမယ်၊ ဒုတိယအချီကို မွန်းတည့်ချိန်မှာ ပြန်စပါ့မယ်၊ တတိယအချီကို ညနေပိုင်းမှာ ပြန်စပါ့မယ်၊ ဒီလို အချိန်နားပေးရတာဟာ ယှဉ်ပြိုင်သူတွေအတွက် လွတ်ကွက်ဟာကွက်တွေကို ချိန်ဆဖို့နဲ့ အနားယူနိုင်ဖို့ပါပဲ”

အခမ်းအနားမှူးသည် စကားကို ရပ်လိုက်ပြီး ပရိသတ်များကို တစ်ချက် အကဲခတ် ကြည့်လိုက်ပြန်သည်။

ပြီးမှ အစီအစဉ်ကို ဆက်လက် ကြေညာပြန်သည်။

“ချစ်ပရိသတ်အပေါင်းတို့ခင်ဗျာ.....ဒုတိယနေ့မှာ ယှဉ်ပြိုင် မှာကတော့ တစ်ဦးချင်း အတွင်းအား ယှဉ်ပြိုင်ပွဲပဲ ဖြစ်ပါတယ်။ တတိယနေ့မှာ ယှဉ်ပြိုင်မှာကတော့ တစ်ဦးချင်း ဓားသိုင်းပြိုင်ပွဲပဲ ဖြစ်ပါတယ်၊ စတုတ္ထနေ့မှာတော့ ကိုယ့်ဖော့ပညာကို တစ်ဦးချင်း ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်၊ နောက်ဆုံးရက်ဖြစ်တဲ့ ပဉ္စမနေ့ကတော့ သုံးယောက်တွဲ ဓားသိုင်းယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။ ငါးရက်ငါးမျိုး ယှဉ်ပြိုင်ရာမှာ သုံးရက်သုံးမျိုး အနိုင်ရတဲ့ဘက်ဟာ ဒီသိုင်းပြိုင်ပွဲကြီးမှာ အနိုင်ရတယ်လို့ သတ်မှတ်ဆုံးဖြတ် ပါလိမ့်မယ်။ ချစ်ပရိသတ်အပေါင်းတို့ ခင်ဗျာ..... ယခုအချိန်ကစပြီး ကွမ်စီပြည်နယ် လုံခြုံရေးအဖွဲ့နဲ့ တောင်

ပင်လယ်သိုင်းဂိုဏ်းပေါင်းစုံတို့ရဲ့ သိုင်းပညာ ယှဉ်ပြိုင်ပွဲကြီး စတင် ကျင်းပပါတော့မယ်ခင်ဗျာ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ရှီ ရှီရှီ....ဖြောင်း ဖြောင်း"

ပရိသတ်များထံမှ သြဘာလက်ခုပ်သံများ တခဲနက် ပေါ်ထွက်လာလေသည်။

လက်ခုပ်သြဘာသံများ အဆုံးသတ်သွားတော့မှ အခမ်းအနားမှူးက ဆက်၍ ကြေညာသည်။

"ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား..... ဒီသိုင်းပြိုင်ပွဲကြီးရဲ့ နှစ်ဦးနှစ်ဘက် ကျေနပ်စွာ သတ်မှတ်ထားတဲ့ စည်းကမ်းချက်အရ အသက်ငါးဆယ်အထက် ပုဂ္ဂိုလ်ကြီးများ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိပါဘူး၊ ဒီလို စည်းကမ်းသတ်မှတ်ရတာလဲ အကြောင်းရှိပါတယ်၊ အသက်ငါးဆယ်အထက် သိုင်းသမားကြီးတွေဟာ အများအားဖြင့် သိုင်းပညာ ထက်မြက်လွန်းတဲ့ သိုင်းအကျော်အမော်ကြီးများ ဖြစ်ကြပါတယ်၊ ထိပ်တန်းသိုင်းအကျော်အမော်ကြီးများ အချင်းချင်း ရင်ဆိုင်ယှဉ်ပြိုင်ကြမယ်ဆိုရင် အရှုံးအနိုင်ပေါ်လာတာနဲ့အမျှ ကြီးစွာသော အငြိုးတွေလဲ ထားကြပါလိမ့်မယ်၊ သိုင်းအကျော်အမော်ကြီးမှာ အငြိုးကြီးလာတာနဲ့အမျှ သိုင်းလောကကြီးမှာ ကြီးစွာသော သတ်မှုဖြတ်မှုတွေ ပေါ်ပေါက်လာပြီး သိုင်းလောကကြီးတစ်ခုလုံး အန္တရာယ် ကျရောက်လာနိုင်ပါတယ်၊ ဒါကြောင့် ဒီပြိုင်ပွဲမှာ အသက်ငါးဆယ်အထက် သိုင်းသမား အကျော်အမော်ကြီးများကို ယှဉ်ပြိုင်ခွင့် မပြုစေဘဲ



အသက်ငါးဆယ်အောက် သိုင်းသမားများကိုသာ ယှဉ်ပြိုင်ခွင့်ပေးဖို့ သတ်မှတ်ထားခြင်း ဖြစ်ပါတယ်"

ဧည့်ပရိသတ်များထံမှ တီးတိုးဝေဖန်သံများ ပေါ်ထွက်လာကြသည်။

* * *

တစ်ချို့ကလည်း ဤစည်းကမ်းချက်ကို ကြိုက်နှစ်သက်ကြပြီး တစ်ချို့ကလည်း မကြိုက်နှစ်ကြချေ။

"ဒန်း....ဒန်း.....ဒန်း"

ထိုစဉ် တီးတိုး ဝေဖန်ပြောဆိုသံများကို ဖုံးလွှမ်းလျက် ကြေးလင်ဗန်းကြီး တီးသံ သုံးချက်တိတိ ပေါ်ထွက်လာတော့သည်။

စကားသံများ ရုတ်ခြည်း တိတ်ဆိတ်သွားသည်။

ထိုအခါမှ အခမ်းအနားမှူးသည် ဆက်လက် ကြေညာလေသည်။

"ဧည့်ပရိသတ်များခင်ဗျား.....ဒီနေ့ လက်ဝါးသိုင်း ယှဉ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် ပုဂ္ဂိုလ်နှစ်ဦးရဲ့နာမည်ကို ကြေညာပါမယ်၊ လုံခြုံရေးအဖွဲ့ဘက်က ယှဉ်ပြိုင်မယ့် သိုင်းသမားကတော့ သံလက်ဝါးလွှေထိန်ပဲ ဖြစ်ပါတယ် ခင်ဗျား"

"ဟေး....သံလက်ဝါး လွှေထိန်ကွ"

"သံလက်ဝါးဟေ့၊ သံလက်ဝါးကွ"

"ဖြောင်း ဖြောင်း ဖြောင်း၊ ရှိ ရှိ"

လုံခြုံရေးအဖွဲ့ဝင်များဘက်မှ အော်ဟစ်အားပေးသံများ ဩဘာလက်ခုပ်သံများ တစ်ခဲနက် ပေါ်ထွက်လာလေသည်။

သံလက်ဝါး လွှေထိန်ကို သိုင်းလောကသားတိုင်းလိုလို သိကြသည်။

သူသည် အသက်လေးဆယ်ကျော်ခန့်သာ ရှိသေးသော်လည်း သူ၏ လက်ဝါးသိုင်းကွက်မှာ အထူးကျော်ကြားလှလေ၏။

ယှဉ်ပြိုင်မည့်သူ၏နာမည်ကို ယခုမှ ကြော်ငြာသဖြင့် တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်းတို့တစ်တွေ ခေါင်းချင်းရိုက်သွားကြ၏။

ထိုစဉ် ဩဘာပေးသံများ၊ အားပေးသံများ ငြိမ်သွားသဖြင့် အခမ်းအနားမှူးသည် ဆက်၍ ကြေညာပြန်သည်။

"ညှိပရိသတ်အပေါင်းတို့ခင်ဗျား၊ တောင်ပင်လယ်သိုင်းဂိုဏ်းပေါင်းစုဘက်မှ ယှဉ်ပြိုင်မည့်လူကတော့ တရွှေလက်ဝါး လီယန်ဟွမ်း ဖြစ်ပါတယ် ခင်ဗျား"

"ရှိ.....ရှိ.....ရှိ.....ဖြောင်း.....ဖြောင်း.....ဖြောင်း"

"တရွှေလက်ဝါးကွ၊ တရွှေလက်ဝါး"

"တရွှေလက်ဝါး လီယုန်ဟွမ်းတဲ့ဟေ့"

ဒုစရိုက်သမားများ ရှိသော မဏ္ဍပ်ဆီမှ တစ်ခဲနက် အော်ဟစ်အားပေးသံများ ပေါ်ထွက်လာပြန်သည်။

တရွှေလက်ဝါး လီယန်ဟွမ်းမှာလည်း ပင်လယ်ဘက်မှ ဒုစရိုက်သမားလောကတွင် ထင်ရှားကျော်ကြားသူဖြစ်၏။



သူသည် အသက်လေးဆယ်ပင် မပြည့်သေးသော်လည်း သူ၏ လက်ဝါးရိုက်ချက်ကြောင့် သေဆုံးခဲ့ရသူများမှာ လေးဆယ်ထက် မနည်းတော့ချေ။

သူနှင့် ပြိုင်ဘက်မှန်သမျှ သေဆုံးသွားရသည်သာ များ၏။ သံလက်ဝါး လေထိန်နှင့် ယှဉ်ပြိုင်မည့်သူမှာ တရွှေလက်ဝါး လီယန်ဟွမ်းဖြစ်ကြောင်း သိရသောအခါ ဆရာယာချို၏ စိတ်ထဲတွင် စိုးရိမ်မကင်း ဖြစ်သွားမိသည်။

တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်းတို့ဘက်မှ လူရွေးမှန်ကြောင်းလည်း စိတ်ထဲတွင် ဝန်ခံမိသည်။

စင်မြင့်ကြီးပေါ်သို့ လူနှစ်ယောက် တက်လာသည်။

နှစ်ဦးစလုံး လူထွားကြီးများ ဖြစ်ကြပြီး တစ်ဦးက အဖြူရောင်သိုင်း ကိုယ်ကျပ်ဝတ်စုံကို ဝတ်ထားကာ တစ်ဦးက အမည်းရောင်သိုင်း ကိုယ်ကျင့်ဝတ်စုံကို ဝတ်ထားသည်။

အခမ်းအနားမှူးက အဖြူရောင်ဝတ်စုံ ဝတ်ထားသူမှာ တရွှေလက်ဝါး လီယန်ဟွမ်း ဖြစ်ကြောင်း ပရိသတ်များနှင့် မိတ်ဆက်ပေးပြီး ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီး၏ အချက်ပေး ခွင့်ပြုချက် ရသောအခါ သံလက်ဝါးလွှေထိန်နှင့် တရွှေလက်ဝါး လီယန်ဟွမ်းတို့သည် စတင် ယှဉ်ပြိုင်တိုက်ခိုက်ကြလေတော့၏။

*

အခန်း - ၈၁

## အချိန်မီ

သံလက်ဝါး လေထိန်နှင့် တဆွေလက်ဝါး လီယန်ဟွမ်းတို့သည် တစ်ဦးကိုတစ်ဦး ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသည်။

နှစ်ဦးစလုံး ထက်မြက်သော သိုင်းသမားများ ဖြစ်ကြသဖြင့် အရမ်းကာရော မဝင်ကြဘဲ ပညာသားပါပါ တိုက်ခိုက်ကြ၏။

သူတို့နှစ်ဦး၏ လက်ဝှေ့ယမ်းသံများက လေကို ဖြတ်သွားတိုင်း တဟောဟော မြည်ဟည်းလျက်ရှိသည်။



နှစ်ဘက်ပရိသတ်များထံမှလည်း အားပေးအော်ဟစ်သံများ ဆူညံလျက် ရှိလေသည်။

ဆရာယာချို၊ ပေကျုံးချို၊ ယုံအင်း အစရှိသော သိုင်းအကျော်အမော်ကြီးများကမူ ယှဉ်ပြိုင်ပွဲကို မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်နေကြ၏။

သိုင်းကွက်ဆယ်ကွက်အထိ ယှဉ်ပြိုင်ပြီးသောအခါ တဆွေလက်ဝါး၊ လီယန်ဟွမ်း၏ လက်ဝါးသိုင်းကွက်မှာ သံလက်ဝါး လေထိန်ထက် သာကြောင်း ဆရာယာချို အကဲခတ်မိသဖြင့် အတော်ကလေး စိတ်မသက်မသာ ဖြစ်သွားသည်။

ဆရာယာချိုသည် သူ့အနီးတွင် ရှိနေသော လက်ဝါးသိုင်းအကျော်အမော်ကြီးတစ်ဦးကို တီးတိုးပြောဆိုလိုက်သည်။

"ဒီတိုင်းဆိုရင် လေထိန်ရဲ့ အခြေအနေ ဟန်မှာ မဟုတ်ဘူး ဆရာပေါင်း၊ ဒီတစ်ချီပြီးရင် ဆရာပေါင်း တတ်နိုင်သလောက် လေထိန်ရဲ့ လွတ်ကွက်ဟာကွက်တွေကို ထောက်ပြပေးပါဦး"

လက်ဝါးသိုင်းရာဇာကြီး ဆရာပေါင်းကလည်း ခေါင်းညိတ်၍-

"ဟုတ်တယ် ဆရာယာချို၊ အခုအတိုင်းသာ ဆက်သွားရင် လီယန်ဟွမ်း အနိုင်ရလိမ့်မယ်၊ ဒီတစ်ချီပြီးရင် လေထိန်ကို ကျုပ် ပြောပါ့မယ်"

တဆွေလက်ဝါး လီယန်ဟွမ်းက အကွက်စေ့စေ့ တိုက်ခိုက်သည်။

သံလက်ဝါးလေထိန်၏သိုင်းကွက်တွင်မူ လွတ်ကွက်

ဟာကွက်များ ရှိနေသည်။

ဤအကြောင်းကို ကာယကံရှင်များပင် မသိနိုင်ဘဲ မျက်စိရှင်သော ထိပ်တန်းသိုင်းရာဇာကြီးများသာ သိနိုင်လေသည်။

တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်းကလည်း သိသဖြင့် တပြုံးပြုံး ဖြစ်နေသည်။

သိုင်းကွက်နှစ်ဆယ်ပြည့်သွားသောအခါ ရောင်လင်ဂိုဏ်းချုပ်ကြီးက အချက်ပြလိုက်သဖြင့် ယှဉ်ပြိုင်ပွဲကို ခေတ္တရပ်နားလိုက်လေသည်။

မွန်းတည့်ချိန်မှ ဒုတိယအချီကို ပြန်စမည် ဖြစ်သဖြင့် ပရိသတ်အချို့မှာ အနီးအနားသို့ လမ်းလျှောက်ထွက်သွားကြသည်။

တစ်ချို့လည်း အနီးပတ်ဝန်းကျင်တွင် ထိုင်ပြီး သိုင်းပြိုင်ပွဲအကြောင်းကို ဝေဖန်ပြောဆိုနေကြသည်။

ဆရာယာချီ၊ လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချီ၊ ယုံအင်း၊ ယွင်းအော်နှင့် ပိုင်ရိပိန်တို့လည်း လမ်းလျှောက်ထွက်ခဲ့ကြသည်။

ဆရာယာချီက သံလက်ဝါးလွှထိန်၏ အခြေအနေမဟန်ကြောင်း ပြောပြသည်။

အားလုံးပင် စိတ်မကောင်း ဖြစ်နေမိကြသည်။

"အိမ်း.....ပွဲဦးထွက်ဖြစ်တဲ့ ဒီပွဲမှာ ကျုပ်တို့ဘက်က ရှုံးလို့ကတော့ ရှက်စရာသိပ်ကောင်းမှာပဲ၊ ဘယ်လိုလုပ်ရမယ်တောင် မသိတော့ပါဘူး ဆရာယာချီရယ်"

"သိပ်လဲ စိုးရိမ်ပူပန်မနေပါနဲ့ဗျာ၊ လွှထိန်ကို ဆရာပေါင်းကလဲ ပြပေးပါလိမ့်မယ်"

သူတို့သည် လမ်းလျှောက်၍ စကားပြောလာကြရင်းမှ လူသူရှင်းလင်းသော ဝင်းတံခါးပေါက်နားအထိ ရောက်လာကြသည်။ ထိုစဉ် ပိုင်ရိပိန်ထံမှ အံ့သြဝမ်းသာစွာ ပြောလိုက်သော စကားသံ ပေါ်ထွက်လာလေသည်။

* * *

"ဟင်.....ဟိုမှာ မောင်လေး ပြန်လာပြီ"

ကျန်လူအားလုံးပါ စိတ်လှုပ်ရှားသွားကြပြီး ပိုင်ရိပိန်လက်ညှိုးညွှန်ရာကို ကြည့်လိုက်ကြ၏။

ဝင်းတံခါးဆီသို့ ခပ်သွက်သွက်လာနေသော ကျောက်ရှီရွှမ်းကို တွေ့လိုက်ကြရသည်။

အားလုံး ဝမ်းသာအားရ ဖြစ်သွားကြသည်။

ပိုင်ရိပိန်က အံ့သြတကြီး ထပ်ပြောသည်။

"ဟင်.....သိမ့်ရှန်လဲ ပါလာပါလား၊ မောင်နဲ့ သိမ့်ရှန်တို့ ဘယ်လို တွေ့ကြတာပါလိမ့်"

ယုံအင်းကလည်း တအံ့တသြ ဝင်ပြောသည်။

"ဟင်.....ဟိုလူကြီးဟာ ရွှေတိမ်နန်းလိန်လန်ပဲ၊ ရွှေတိမ်နန်းလိန်လန်လဲ ဘယ်လိုဖြစ်ပြီး ဒီ ပါလာတာလဲ"

ရွှေတိမ်နန်းလိန်လန်အကြောင်းကို ကြားဖူးထားသော ဆရာယာချီနှင့် ပေကျုံးချီတို့လည်း အံ့သြသွားကြရပြန်လေ၏။

သူတို့နှစ်ဖူ လူချင်း ဆုံမိကြသောအခါ ဝမ်းသာအားရ နှုတ်ဆက်စကား ဆိုကြလေသည်။

ရွှေတိမ်နန်းလိန်လန်နှင့် ယုံအင်းတို့သည် အပြန်အလှန် နှုတ်ဆက်ကြသည်။ တစ်ဦးကိုတစ်ဦးလည်း မိတ်ဆက်ပေးကြသည်။

ကျောက်ရိရှုံးမှာ ပိုင်ရိပိန်လက်ထဲမှ သားကလေးရှောက်ယဲ့ကို ယူချီပြီး တပြုံးပြုံး ဖြစ်နေသည်။

ဆရာယာချီက တစ်စုံတစ်ခုကို စဉ်းစားမိသဖြင့်.....

"ကိုင်း..... ကျုပ်တို့အားလုံး ရှင်ကျိုရဲ့ တဲအိမ်ကလေးကို သွားကြရအောင်၊ ဟိုကျမှ အေးအေးဆေးဆေး စကားပြောကြမယ်၊ ဒုစရိုက်ကောင်တွေ တူမောင် ကျောက်ရိရှုံးကို လောလော ဆယ် တွေ့သွားကြလို့ မဖြစ်သေးဘူး"

ပေကျုံးချိုကလည်း အရိုးမယ်တော်ကြီးနှင့် ကျောက်ရိရှုံးကို လောလောဆယ် မတွေ့စေချင်သေးသဖြင့် ဆရာယာချီ၏ အစီအစဉ်ကို ထောက်ခံသည်။

သူတို့သည် လူသူကို ရှောင်ပြီး ပိုင်ရိပိန်တို့ နေခဲ့သော တဲအိမ်ကလေးဆီသို့ အပြေးလာခဲ့ကြသည်။

တဲအိမ်ကလေးဆီသို့ ရောက်သောအခါ ယွင်းအော်နှင့် ပိုင်ရိပိန်တို့က စားဖို့သောက်ဖို့ အားချင်း ချက်ပြုတ်ကြသည်။

ဆရာယာချီနှင့် ပေကျုံးချိုတို့က လက်ရှိဖြစ်ပျက်နေသော အခြေအနေများကို ကျောက်ရိရှုံးကို နားလည်အောင် သေချာစွာ ရှင်းလင်းပြောပြကြသည်။



ဆရာယာချီနှင့် ပေကျုံးချိုတို့သည် သိုင်းပြိုင်ပွဲကို ပြန် မသွားတော့ချေ။

နေ့လယ်စာကို ကျောက်ရိရှုံးတို့နှင့် အတူတူစားလိုက်ကြသည်။

စားရင်းသောက်ရင်းမှ ကျောက်ရိရှုံးနှင့် ရွှေတိမ်နန်းလိန်လန်တို့က သူတို့ တွေ့ကြုံခံစားခဲ့ရပုံများကို ဆရာယာချီတို့ တစ်တွေ သဘောပေါက် နားလည်အောင် သေချာစွာ ရှင်းလင်း ပြောပြသည်။

ရွှေတိမ်နန်းလိန်လန်က.....

"ကျုပ်နဲ့ သိမ့်ရှန်တို့ နှစ်ယောက်စလုံး တူမောင်ကျောက် ရိရှုံးရဲ့ စွမ်းဆောင်ချက်ကြောင့် အသက်ရှင်ရတာပါ။ ကျုပ်တို့ သွားလာနိုင်တဲ့အထိ စောင့်နေရလို့ ရက်နည်းနည်းတော့ ကြာ သွားတယ်၊ တူမောင်ကျောက်ရိရှုံး ရလာတဲ့ ပခုံးက ဒဏ်ရာကို လဲ ပျောက်အောင် ကုနေရသေးတယ်၊ အခု သက်သာသွားတာနဲ့ အားချင်း ခရီးနှင်လာကြတာပဲ၊ ကျုပ်လဲ ဒုစရိုက်ကောင်တွေကို ယှဉ်ပြိုင်တိုက်ခိုက်ချင်လို့ လိုက်လာတာ၊ ဒါပေမယ့် အသက် ငါးဘယ်အထက် သိုင်းသမားကြီးတွေ ယှဉ်ပြိုင်ခွင့် မရှိဘူးဆိုတော့ ဒီအခွင့်အရေးကို ကျုပ်လဲ ဘယ်ရတော့မှာလဲ"

ယုံအင်းက.....

"ဒုစရိုက်ကောင်တွေကို တိုက်ခိုက်ဖို့ အခွင့်အရေးကို တစ်ချိန်ချိန်မှာတော့ ရဦးမှာပါ ဆရာလိန်လန်ရယ်"

ပိုင်ရိပိန်က ကျောက်ရိရှုံးကို မေးလိုက်သည်။

"ဘဘ ဝါးစိမ်းဘိုးဘိုးရဲ့ သိုင်းကျမ်းကိုကော ပြန်ရခဲ့ရဲ့လား မောင်"

ကျောက်ရီရွှံးက စိတ်ပျက်လက်ပျက် ခေါင်းကို ခါယမ်း၍.....

"မရခဲ့ပါဘူး မမပိုင်ရိုပိန်ရယ်၊ ရက်တွေ သိပ်လွန်နေလို့ ကျွန်တော်လဲ ပြန်လာခဲ့ရတယ်၊ ကျွန်တော့် အဓိက ရည်ရွယ်ချက် မအောင်ခဲ့ဖူးပေါ့"

ယွင်းအော်က ဝင်၍ နှစ်သိမ့်စကားဆိုသည်။

"မောင်လေးအနေနဲ့ သိုင်းကျမ်းကို မရခဲ့ပေမယ့် ဦးကြီးလိန်လန်တို့လို ကယ်သင့်ကယ်ထိုက်တဲ့ ပုဂ္ဂိုလ်မျိုးတွေရဲ့ အသက်ကို ကယ်တင်နိုင်ခဲ့တယ်၊ ဒုစရိုက်ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ မုလိန်နဲ့ ကျန်ကျေ့တို့ကို တိုက်ခိုက်သုတ်သင်နိုင်ခဲ့တယ်၊ မောင်လေးရဲ့ ခရီးစဉ်ဟာ အကျိုးရှိပါတယ်၊ သိုင်းကျမ်းကိုတော့ အေးအေးဆေးဆေး ထပ်ရှာကြတာပေါ့"

ပေကျုံးချိုက မျက်မှောင်ကြုတ်လိုက်ပြီး.....

"ဝါးစိမ်းဘိုးဘိုးရဲ့ ဓားသိုင်းကျမ်းစာအုပ်ထဲက သုံးယောက်ပေါင်း တိုက်ခိုက်ရတဲ့ ဆန်ချိုင်းဓားသိုင်းဟာ သိပ်ပြီး ထက်မြက်တဲ့ ဓားသိုင်းကွက်တွေဆိုတာ တူမကြီးတို့တွေ ပြောပြလို့ ကျုပ်တို့ သိထားရပါတယ်၊ သိုင်းပြိုင်ပွဲ မကျင်းပခင်မှာလဲ တူမောင်ကျောက်ရီရွှံး ပြန်လာလိမ့်မယ်လို့ ထင်ပြီး သိုင်းပြိုင်ပွဲအစီအစဉ်မှာ သုံးယောက်တွဲ ဓားသိုင်းယှဉ်ပြိုင်ရမယ့်ပွဲကိုလဲ ထည့်ထားမိတယ်၊ တူမောင်ကျောက်ရီရွှံးနဲ့ တူမကြီးတို့တစ်တွေ သုံးယောက်



ပေါင်းပြီး ဆန်ချိုင်းဓားသိုင်းကို အသုံးပြုမယ်ဆိုရင် တစ်ဖက်ပြိုင်ဘက်တွေကို နိုင်လိမ့်မယ်လို့ ကျုပ်တို့ တွက်ဆမိတာနဲ့ ဒီလိုပြိုင်ပွဲမျိုးပါ ထည့်ပေးဖို့ ဆောင်ပင်လယ်မိကျောင်း ကောက်ထိုက်စင်းက ကမ်းလှမ်းလာတော့ ကျုပ်တို့လဲ သဘောတူလိုက်တယ်၊ တူမောင် ကျောက်ရီရွှံးအနေနဲ့ ရက်နှောက်ကျပြီး ရောက်လာပေမယ့် ဆန်ချိုင်းဓားသိုင်းကို ဖြတ်လမ်းနည်းနဲ့ လေ့ကျင့်ဖို့ အချိန်ရပါသေးတယ်၊ ဒါပေမယ့် သိုင်းကျမ်းစာအုပ် မရှိတော့ ဘယ်လိုလုပ် လေ့ကျင့်ကြတော့မလဲ"

ဆန်ချိုင်းဓားသိုင်းကွက်အကြောင်းကို အတော်ကလေး သဘောပေါက်ထားသော ယွင်းအော်က စဉ်းစဉ်းစားစားနှင့် ပြန်ပြောသည်။

"အခု မောင်လေး ကျောက်ရီရွှံးလဲ ပြန်ရောက်လာပြီ၊ ကျွန်မတို့ မောင်နှမသုံးယောက်အနေနဲ့ မူလ ရည်ရွယ်ထားတဲ့အတိုင်း ဆန်ချိုင်းဓားသိုင်းကိုတော့ အတတ်နိုင်ဆုံး လေ့ကျင့်ရမှာပဲ၊ သိုင်းပြိုင်ပွဲရဲ့ နောက်ဆုံးနေ့ သုံးယောက်တွဲဓားသိုင်းပြိုင်ပွဲမှာ ကျွန်မတို့သုံးယောက်ပဲ ဝင်ကြရမှာ မဟုတ်လား။ ကျွန်မနဲ့ ညီမလေး ပိုင်ရိုပိန်တို့ဟာ ဘဘဝါးစိမ်းဘိုးဘိုးနဲ့ တွဲပြီး ဆန်ချိုင်းဓားသိုင်းကို လေ့ကျင့်သင်ကြားခဲ့ဖူးတော့ အခု မောင်လေးနဲ့ လေ့ကျင့်မယ်ဆိုရင် ဖြစ်နိုင်ပါလိမ့်မယ်၊ ဘဘဝါးစိမ်းဘိုးဘိုးရဲ့ သိုင်းကျမ်းစာအုပ် ရှိနေရင် ပိုကောင်းတာပေါ့၊ ပိုပြီး တိတိကျကျ လေ့ကျင့်နိုင်တာပေါ့၊ ဒါပေမယ့် လောလောဆယ် သိုင်းကျမ်းစာအုပ်မှ မရှိဘဲ တတ်သလောက် မှတ်သလောက်

ပဲ လေ့ကျင့်ကြရမှာပေါ့"

"ဝါးစိမ်းဘိုးဘိုးရဲ့ ဓားသိုင်းကျမ်း ရှိပါတယ်လေ"

ရုတ်တရက် စကားသံတစ်သံ ထွက်ပေါ်လာသည်။

အိမ်ကလေးထဲမှ ထွက်ပေါ်လာသော စကားသံမဟုတ်ချေ။

အိမ်ကလေး အပြင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေတော့၏။

ရုတ်တရက် ထွက်ပေါ်လာသော ထိုစကားသံကြောင့် အိမ်ထဲရှိ ဆရာယာချီတို့ အားလုံး ထိတ်ခနဲ ဖြစ်သွားကြလေတော့သည်။

"အပြင်ဘက်က ဘယ်သူလဲဟေ့"

ဆရာယာချီက အော်မေးရင်း အိမ်ပြင်ကို ပြေးထွက်လေသည်။

သူ့စိတ်ထဲတွင် ဒုစရိုက်သမားများ ရောက်လာပြီး သူတို့ ပြောနေသောစကားများကို ချောင်းနားထောင်နေသည်ဟု ထင်မိ၏။

ဆရာယာချီနောက်မှ ကျန်လူများလည်း ပြေးလိုက်လာကြသည်။

*



အခန်း - ၈၂

## လှိုဏ်ဂူကြက်သွေးနွေးပွဲ

အိမ်ရှေ့ဘက်ကို ရောက်လာကြသောအခါ အိမ်ရှေ့ မြေကွက်လပ်တွင် လူနှစ်ယောက် ရပ်နေကြသည်ကို တွေ့ကြရ၏။

ထိုနှစ်ယောက်ကို တွေ့ကြသည်နှင့် ဆရာယာချီသည် ခြေလှမ်း တန့်ခနဲ ရပ်သွားပြီး အံ့ဩတကြီးလည်း ဖြစ်သွားသည်။

ကျောက်ရီရှုံး၊ ယွင်းအော်နှင့် ပိုင်ရီပိန်တို့လည်း မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

"ဟင်.....ယီယဲ့"

"အစ်ကိုယော့ဟုန်ဖေ့"

ဆရာယာချီနှင့် ပိုင်ရိပိန်တို့၏ ပါးစပ်မှ အံ့ဩတကြီး ရေရွတ်သံလည်း ပေါ်ထွက်လာကြ၏။

မြေကွက်လပ်တွင် ရပ်နေသူနှစ်ဦးမှာ ယော့ဟုန်ဖေ့နှင့် သူ၏ ဆရာယီယဲ့တို့ ဖြစ်ကြလေသည်။

• • •

ယော့ဟုန်ဖေ့၏ မျက်နှာမှာ ညှိုးနေကာ ပိုင်ရိပိန်ကို မဝံ့မရဲဖြင့် ကြည့်နေသည်။

ယီယဲ့သည် ဆရာယာချီအနီးကို လျှောက်လာသည်။ ဆရာယာချီနှင့် ငါးပေခန့်အကွာတွင် ရပ်လိုက်သည်။

ဆရာယာချီမှာ ယီယဲ့ရောက်လာခြင်းအတွက် စိုးရိမ်စိတ်ဖြစ်မိသည်။

ယခုအချိန်တွင် ဒုစရိုက်သမားများကို အနိုင်ယူနိုင်ရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးစားနေရချိန်တွင် ယီယဲ့နှင့် ယော့ဟုန်ဖေ့တို့ကို ပြဿနာ မဖြစ်လိုချေ။

ယီယဲ့ ရောက်လာတိုင်း ပြဿနာပါလာတတ်သည် မဟုတ်ပါလား။

ဆရာယာချီ၏ စိတ်ထဲမှအံတွေးကို ယီယဲ့က သိဟန်ဖြင့် ဦးစွာ စတင်ပြောဆိုသည်။



"ကျုပ်ကို မြင်တာနဲ့ ခင်ဗျား ခေါင်းနောက်သွားသလား ဆရာယာချီ၊ အခု ကျုပ်ရောက်လာတာ ခင်ဗျားကို ဒုက္ခပေးဖို့ ရောက်လာတာ မဟုတ်ပါဘူး၊ ညှိနှိုင်းစရာတစ်ချက်လဲ ရှိလို့၊ တောင်းပန်စရာလဲရှိလို့"

"ဘာတွေညှိနှိုင်းပြီး ဘာတွေ တောင်းပန်မှာလဲ ဆရာယီယဲ့"

ယီယဲ့က ပေကျုံးချီနှင့် ရွှေတိမ်နန်းလိန်လန်တို့ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး.....

"ခင်ဗျားနဲ့ ကျုပ်တို့ဆရာတပည့်နဲ့ ခဏလောက် သပ်သပ်ဆွေးနွေးချင်တယ်၊ ဖြစ်မလား၊ အဆင်ပြေမှ တစ်ခြားလူတွေ သိချင်သိပါစေ"

ယီယဲ့နှင့် ဆွေးနွေးလျှင် အကျိုးမယုတ်နိုင်ကြောင်း ဆရာယာချီ တွေးမိသဖြင့် ခေါင်းညိတ် သဘောတူလိုက်သည်။ ချက်ချင်းပင် ဆရာယာချီသည် ပေကျုံးချီကို ခွင့်ပန်ပြီး ယီယဲ့နှင့် ယော့ဟုန်ဖေ့တို့ကို တစ်ဖက် တဲအိမ်ကလေးအတွင်းသို့ ခေါ်သွားသည်။

ကျောက်ရိုရှုံးတို့လူစုက အိမ်ထဲကို ပြန်ဝင်ပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။

ကျောက်ရိုရှုံးစိတ်ထဲတွင် ယော့ဟုန်ဖေ့တို့ ဆရာတပည့် ရောက်လာသည်ကို ဘဝင်မကျအောင် ဖြစ်မိသည်။

မိမိတို့ကို ရန်မူရန် ပရိယာယ်ဆင်၍ ရောက်လာခြင်း ဖြစ်လေမလားဟု တွေးမိသည်။

သူတို့သည် စကားမဆိုဘဲ အတွေးကိုယ်စီဖြင့် စောင့်နေကြသည်။

ခဏအကြာပြီး သူတို့ထံသို့ ဆရာယာချီ ခပ်သွက်သွက် ရောက်လာသည်။

သူ့မျက်နှာမှာ တက်ကြွရွှင်လန်းလျက် ရှိနေသည်။ ကျောက်ရီရွှံ့တို့အားလုံးပင် သိလိုစိတ်ဖြင့် ဆရာယာချီကို ဝိုင်းကြည့်ကြသည်။

ဆရာယာချီက ရွှင်မြူးတက်ကြွစွာ ပြောသည်။

"အခြေအနေတွေကတော့ မထင်မှတ်တာတွေ ဖြစ်လာပြီ နောင်ကြီးပေကျူးချီ၊ ယီယဲ့က ကျုပ်တို့နဲ့ ပူးပေါင်းပြီး ဒုစရိုက်သမားတွေကို တိုက်ခိုက်တဲ့နေရာမှာ ပါဝင်ချင်သတဲ့"

ဆရာယာချီစကားကြောင့် ကျောက်ရီရွှံ့တို့အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

လုံခြုံရေးမှူးချုပ်ကြီး ပေကျူးချီက.....

"ဟာ.....ဒီအတိုင်းဆိုရင်တော့ ဝမ်းသာစရာပေါ့ပေါ့ ဆရာယာချီ၊ ကျွန်တော်တို့ကလဲ ဒီလို ပြောင်းလဲလာပါစေလို့ မျှော်လင့်နေကြတာပဲ မဟုတ်လား"

"ပြီးတော့ ကျုပ်တို့ကို သူ တောင်းပန်တယ်"

"ဘယ်အတွက် တောင်းပန်ရတာလဲ၊ ဆရာယာချီနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့တဲ့အတွက်ကြောင့် တောင်းပန်တာလား"

"မဟုတ်ပါဘူး၊ ဝါးစိမ်းဘိုးဘိုးရဲ့ သိုင်းကျမ်းကို ခိုးယူသွားတဲ့သူဟာ သူ့တပည့် ယောဟုန်ဖေ့ပဲ၊ ဒါကို သူက ဝန်ခံတယ်"

"ဟင်"

"နောင်ကြီးယောဟုန်ဖေ့ ဟုတ်လား"

ယွင်းအော်နှင့် ပိုင်ရိုပိန်တို့ကလွဲပြီး ကျန်လူများ အံ့သြသွားကြသည်။

ယွင်းအော်နှင့် ပိုင်ရိုပိန်တို့ကမူ လက်ကိုင်ပဝါ သဲလွန်စကို တွေ့ကတည်းက ယောဟုန်ဖေ့ပင် ဖြစ်လိမ့်မည်ဟု ထင်ထားကြသဖြင့် မအံ့သြကြချေ။

* * *

ဆရာယာချီက ဆက်ပြောသည်။

"ယီယဲ့က ပြောတယ်၊ သူ့တပည့် ယောဟုန်ဖေ့ဟာ ဒီပြစ်ချက်ကို ကျူးလွန်ခဲ့တဲ့အတွက် ဒီပြစ်ချက်ကျေအောင် သိုင်းပြိုင်ပွဲ ပွဲစဉ်ငါးပွဲမှာ ယောဟုန်ဖေ့ကို တစ်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့် ပေးရမယ်တဲ့၊ စတုတ္ထနေ့မှာ ပြိုင်မယ့် ပွဲစဉ်လေးဟာ ကိုယ်ဖော့ပညာပြိုင်မယ့်ပွဲဆိုတာ သူသိနေတယ်၊ အဲဒီ ကိုယ်ဖော့ပညာပြိုင်ပွဲမှာ ယောဟုန်ဖေ့ကို ပါဝင်ယှဉ်ပြိုင်ခွင့် ပေးပါတဲ့"

"ဖြစ်ပါ့မလား ဆရာယာချီ၊ ယောဟုန်ဖေ့ဟာ ကိုယ်ဖော့ပညာ ကောင်းလို့လား"

"ယီယဲ့ဟာ ကျုပ်ထက် ကိုယ်ဖော့ပညာသာတယ်ဆိုတာ ကျုပ် ဝန်ခံဖူးပါတယ်၊ ဒီတော့ ကျုပ် ထင်တာလေ ယီယဲ့ရဲ့

တပည့် ယေ့ဟုန်ဖေ့ဟာလဲ ကိုယ်ဖော့ပညာ ကောင်းလိမ့်မယ်၊ တူမောင် ကျောက်ရှီရွှဲးတို့ထက်တောင် သာလိမ့်မယ်လို့ ကျုပ်ထင်တယ်"

ကျောက်ရှီရွှဲးက မဆိုင်းမတွ ဝန်ခံပြောဆိုသည်။

"မှန်ပါတယ် ဘဘယာချီ နောင်ကြီး ယေ့ဟုန်ဖေ့ဟာ ကျွန်တော်တို့ထက် ကိုယ်ဖော့ပညာကို ပိုကောင်းပါတယ်"

လုံခြုံရေးမှူးကြီး ပေကျုံးချီက.....

"ယိယှဲ့ဟာ စေတနာမှန်နဲ့ ပြော်တာကော ဟုတ်ရဲ့လား ဆရာယာချီ၊ ကျုပ်တို့ဘက်က နစ်နာအောင် ပရိယာယ်ဆင်လာတာများလား၊ ဒါဆိုရင် ကျုပ်တို့တစ်တွေ အကျိုးနည်းကြလိမ့်မယ်"

"ယိယှဲ့ဟာ ဘွင်းဘွင်းသမားပါ နောင်ကြီးပေကျုံးချီ၊ ပရိယာယ် မသုံးတတ်ပါဘူး၊ သူ့တပည့် ယေ့ဟုန်ဖေ့ရဲ့ ပြစ်ချက်ကို ကျေအောင် ဒီလို ကမ်းလှမ်းတာပဲ ဖြစ်လိမ့်မယ်၊ ယိယှဲ့ကိုယ်တိုင်လဲ စိတ်ပြောင်းသွားတာ အမှန်ပဲ"

"ဝါးစိမ်းဘိုးဘိုးအပေါ် အငြိုးကြီးတဲ့စိတ်နဲ့ ကျုပ်တို့ကို မပူးပေါင်းဘူးလို့ ငြင်းဆိုထားတဲ့ ယိယှဲ့ဟာ အခုမှ ဘယ်လိုဖြစ်ပြီး စိတ်ပြောင်းသွားတာလဲ"

"ဒုစရိုက်သမားအုပ်စုထဲမှာ တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်း ပါလာလို့ပဲ နောင်ကြီး ပေကျုံးချီ၊ ယိယှဲ့နဲ့ …ဘက်စိုက်စင်းတို့ဟာ တကယ်ရန်သူတွေလေ၊ ဒါကြောင့် ယိယှဲ့ဟာ စိတ်ပြောင်းသွားတာပါပဲ၊ နောက်တစ်ချက်က ဝါးစိမ်းဘိုးဘိုးရဲ့ သိုင်းကျမ်းကို သူ့တပည့်က ခိုးယူလေ့ကျင့်ခဲ့တဲ့အတွက်ပဲ၊ ဒါပေမဲ့ ယေ့ဟုန်ဖေ့ဟာ သူ့ကို အသိမပေးဘဲ တစ်ယောက်တည်း တိတ်တဆိတ် လေ့ကျင့်နေတော့ ခရီးမရောက်ပါဘူး"

"အင်းလေ၊ ယိယှဲ့အနေနဲ့ တကယ် စိတ်ပြောင်းသွားလို့ ကမ်းလှမ်းလာတာမျိုး ဆိုရင်တော့ ကျွန်တော်တို့တစ်တွေ ဝမ်းပန်းတသာ ကြိုဆိုလက်ခံရမှာပေါ့၊ ယေ့ဟုန်ဖေ့ကိုလဲ ကိုယ်ဖော့ပညာပြိုင်ပွဲမှာ ပါဝင်ခွင့် ပေးရမှာပေါ့"

ဆရာယာချီသည် ချက်ချင်းပင် ပြန်ထွက်သွားပြီး ယိယှဲ့နှင့် ယေ့ဟုန်ဖေ့တို့ကို ခေါ်လာသည်။

ပေကျုံးချီတို့ လူစုအားလုံးနှင့် မိတ်ဆက်ပေးသည်။

ကျောက်ရှီရွှဲးကလည်း ယေ့ဟုန်ဖေ့အပေါ် မည်သို့မျှ သဘောမထားဘဲ ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ဆိုသည်။

ယွင်းအော်နှင့် ပိုင်ရိပိန်တို့ကလည်း ဝမ်းပန်းတသာ စကားဆိုကြသည်။ထိုအခါမှ မျက်နှာပူနေသော ယေ့ဟုန်ဖေ့မှာ နေသာ ထိုင်သာ ရှိလာပြီး ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

ယေ့ဟုန်ဖေ့က ကျောက်ရှီရွှဲး၊ ယွင်းအော်နှင့် ပိုင်ရိပိန်တို့ကို တောင်းပန်စကား ဆိုပြီး ဝါးစိမ်းဘိုးဘိုး၏ သိုင်းကျမ်းစာအုပ်ကို ပြန်အပ်သည်။ ကျောက်ရှီရွှဲးမှာ အလွန်အရေးကြီးနေသော သိုင်းကျမ်း စာအုပ်ကို ပြန်ရသဖြင့် အလွန်အမင်း ဝမ်းသာသွားကြသည်။

* * *

ဆရာယာချီက.....

"တူမောင် ကျောက်ရီရှုံးနဲ့ မင်းတို့နှစ်ယောက်က ဒီမှာပဲ နေပြီး ဆန်ချိုင်းဓားသိုင်းကို အပြင်းအထန် လေ့ကျင့်ကြပါ၊ သိုင်းကျမ်းစာအုပ်လဲ ပြန်ရနေပြီပဲ၊ တူမောင်ကျောက်ရီရှုံးအနေနဲ့ ဆန်ချိုင်းဓားသိုင်းကို မတတ်ပေမယ့် တူမတို့နှစ်ယောက်က သဘောပေါက်အောင် ပြောပြပြီး လေ့ကျင့်သင်ကြားပေးရင် ဖြစ်ပါလိမ့်မယ်၊ တူမောင်ကျောက်ရီရှုံးဟာ သဘောပေါက်လွယ်တဲ့ လူငယ်တစ်ယောက်ပါ"

ယွင်းအော်က.....

"သိုင်းကျမ်းစာအုပ်ကို ပြန်ရမှတော့ ဖြစ်ပါတယ် ဘဘ၊ ဆန်ချိုင်းဓားသိုင်းကွက်ကို ဖြတ်လမ်းကပဲ အပြင်းအထန် လေ့ကျင့်ရင် အချိန်မီနိုင်ပါတယ်"

"ဒီရက်ပိုင်းထဲမှာ တူမောင် ကျောက်ရီရှုံးအနေနဲ့ ဟိုကို လုံးလုံး မလာနဲ့၊ ဒုစရိုက်သမားတွေ အထူးသဖြင့် အရိုးမယ်တော်ကြီးအနေနဲ့ တူမောင်ကျောက်ရီရှုံး ပြန်ရောက်နေတာ လုံးလုံး မသိစေချင်သေးဘူး၊ သိသွားရင် ဒီကြားထဲမှာ အနှောင့်အယှက် ပေးလာမှာ စိုးလို့ပါ"

"ကောင်းပါပြီ ဘဘ၊ ဒီမှာပဲ မမတို့နှစ်ယောက်နဲ့ သိုင်းလေ့ကျင့်နေပါ့မယ်"

"ဘဘကိုယ်တိုင် မကြာခဏလာပြီး သိုင်းပြိုင်ပွဲရဲ့ အခြေအနေကို ပြောပြမယ်၊ ဆရာယာချီတို့ ဆရာတပည့်ကတော့ လုံခြုံရေးစခန်းမှာ လိုက်တည်းကြပေါ့၊ ဆရာလိန်လန်တို့လဲ



ဟိုမှာပဲ လိုက်တည်းပေါ့"

ယခုမှ တစ်ချိန်လုံး စကားမပြောဘဲ ငြိမ်နေသော သိမ့်ရှန်က ဝင်ပြောသည်။

"ကျွန်မကတော့ ဒီမှာပဲ မမလေးတို့နဲ့ နေခဲ့မယ်၊ မမတို့တွေ ဖြောင့်ဖြောင့်တန်းတန်း သိုင်းလေ့ကျင့်ရအောင် ကလေးထိန်းပေးမယ်၊ ချက်ပြုတ်ပေးမယ်"

ပိုင်ရိုပိန်ကလည်း အမြင်မှန်ရနေပြီဖြစ်သော သိမ့်ရှန်ကို လိုလိုလားလား လက်ခံသည်။

ခဏနေပြီး ဆရာယာချီတို့အားလုံး ပြန်သွားကြသည်။

တဲအိမ်ကလေးတွင် ကျောက်ရီရှုံး၊ ယွင်းအော်၊ ပိုင်ရိုပိန်၊ သိမ့်ရှန်နှင့် ရှောက်ယဲ့ကလေးတို့သာ ကျန်ခဲ့သည်။

*

အခန်း - ၈၃

## ရင်တထိတ်ထိတ်

ယွင်းအော်နှင့် ပိုင်ရိုပိန်တို့သည် ချက်ချင်းပင် ဆန်ချိုင်းဓားသိုင်းကို ထပ်မံလေ့လာကာ ကျောက်ရိရှုံး နားလည်အောင် ရှင်းလင်းပြောပြပြီး ဆန်ချိုင်းဓားသိုင်း လေ့ကျင့်မှုကို စတင် ပြုလုပ်နေကြသည်။

သိမ့်ရှန်က ရောက်ယှဲ့ကလေးကို ထိန်းကျောင်းပြီး ချက်ရေး ပြုတ်ရေး တာဝန်ယူလေသည်။

ထို့ကြောင့် ကျောက်ရိရှုံးတို့သည် နောက်ဆံမတင်းဘဲ



သိုင်းလေ့ကျင့်နိုင်ကြသည်။

ညနေဘက်တွင် ဆရာယာချီနှင့် ပေကျုံးချီတို့ မျက်နှာ မျက်နှာပျက်နှင့် ရောက်လာကြသည်။

ယနေ့ လက်ဝါးသိုင်းပြိုင်ပွဲ၏ သတင်းကို စိတ်မချမ်းမြေ့ စွာဖြင့် ပြောပြကြသည်၊

ယနေ့ သိုင်းပြိုင်ပွဲတွင် ဒုစရိုက်သမားများဘက်မှ ယှဉ် ပြိုင်သော တခွေလက်ဝါး လီယန်ဟွမ်းသည် သံလက်ဝါး လွေထိန်ကို တတိယအချီ သိုင်းကွက် သုံးဆယ့်မပြည့်ခင်တွင် အနိုင်ယူလိုက်လေပြီ။

ကျောက်ရိရှုံးတို့လည်း လွန်စွာ စိတ်မကောင်း ဖြစ်ကြရ၏။

ပွဲစဉ်လေးပွဲ ကျန်သေးသဖြင့် စိတ်ပျက် အားမလျှော့ရန် အချင်းချင်းလည်း ပြန်လည် အားပေးကြသည်။

ဆရာယာချီနှင့် ပေကျုံးချီတို့ ပြန်သွားကြသည်နှင့် ကျောက် ရိရှုံးတို့သည် ဆန်ချိုင်းဓားသိုင်းကို လေ့လာ၍ လေ့ကျင့်ကြပြန် သည်။

သူတို့သည် ညသန်းခေါင်တိုင်သည်အထိ လေ့ကျင့်ကြပြီးမှ အိပ်စက် အနားယူကြသည်။

နောက်တစ်နေ့ ဝေလီဝေလင်းတွင် ထ၍ ဆက်လက် လေ့ကျင့်ကြပြန်သည်။

ကျောက်ရိရှုံးမှာ ဆန်ချိုင်းဓားသိုင်းကို လုံးလုံးတတ် မြောက်သူ မဟုတ်သဖြင့် ယွင်းအော်နှင့် ပိုင်ရိုပိန်တို့သည် ဆန် ချိုင်းဓားသိုင်း၏ အထက်မြက်ဆုံး၊ အနှစ်သာရအရှိဆုံး သိုင်းကွက်

များကိုသာ ဖြတ်လမ်းမှ လှေကျင့်ကြ၏။

သူတို့သည် သိုင်းလှေကျင့်မှုတွင် စိတ်ပါဝင်စားလွန်းနေသဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားကြသည်။

ညနေဘက်တွင် ဆရာယာချီနှင့် ပေကျုံးချိုတို့ ရောက်လာကြပြန်သည်။

သူတို့နှစ်ဦး၏မျက်နှာများမှာ ဆယ်နှစ်စာလောက် အိုစာသွားသယောင် ထင်ရသည်။ အတော်ကြီး ချုံးကျသွားကြသည်။

သူတို့၏ မျက်နှာအမူအရာကို မြင်ရုံနှင့် ယနေ့ သိုင်းပြိုင်ပွဲတွင်လည်း အခြေမလှကြောင်း ကျောက်ရှီရှုံးတို့ တွက်ဆမိကြ၏။

ယနေ့ ဒုတိယနေ့ အတွင်းအားသိုင်းပြိုင်ပွဲတွင် ဒုစရိုက်သမားများဘက်မှ ကွမ်းယိနှင့် လုံခြုံရေးအဖွဲ့ဘက်မှ ပို့ရှဲ့ဖန်တို့ယှဉ်ပြိုင်ကြရာတွင် ကွမ်းယိက ပို့ရှဲ့ကို သုံးချီတွင် အနိုင်ယူသွားကြောင်း ပြောပြကြသည်။

ပေကျုံးချိုက စိတ်လှုပ်ရှားစွာဖြင့် ဆက်လက်ပြောဆိုသည်။

"ပွဲစဉ်ငါးပွဲမှာ သူတို့ဘက်က နှစ်ပွဲဆက်တိုက် နိုင်သွားကြပြီ တူမောင်၊ သူတို့တစ်တွေ အတော်ကလေး အူမြူးနေကြတယ်၊ နောက်ကျန်တဲ့ သုံးပွဲမှာသာ တစ်ပွဲ ထပ်နိုင်ရင် ဦးကြီးတို့တွေရဲ့ အခြေအနေဟာ မတွေးဝံ့စရာ ဖြစ်သွားပြီ၊ နှစ်ဦးနှစ်ဘက် ကတိရှိတဲ့အတိုင်း ဒီကွမ်စီပြည်နယ်ကို သင်းတို့လက်ပေးလိုက်ရတော့မယ်"



ကျောက်ရှီရှုံးက အားပေးနှစ်သိမ့်သည်။

"သိပ်လဲ အားမလျှော့ပါနဲ့ ဦးကြီးရယ်၊ နောက် သုံးချီကို ကျွန်တော်တို့ဘက်က နိုင်အောင် ကြိုးစားရမှာပေါ့၊ မနက်ဖြန် တစ်ဦးချင်း ဓားသိုင်းပြိုင်ပွဲမှာ ကျွန်တော်တို့ဘက်က ဘယ်သူပြိုင်မလဲ ဦးကြီး"

"ပထမတော့ ဓားဝိဇ္ဇာ ဟန်းကျောက်ကို ယှဉ်ပြိုင်စိုင်းမလို့ပါပဲ၊ ဒါပေမယ့် သိပ်ပြီး စိတ်မချချင်တော့ဘူး"

ယွင်းအော်က ဝင်ပြောသည်။

"ဒီလိုဆို မနက်ဖြန် တစ်ဦးချင်း ဓားသိုင်းပြိုင်ပွဲကို ကျွန်မ ဝင်ပါရစေ ဦးကြီး၊ ဘဘဝါးစိမ်းဘိုးဘိုးရဲ့ ထိုက်ရှီဓားသိုင်းနဲ့ ပြိုင်ရင် အနိုင်ရလိမ့်မယ် ထင်ပါတယ်"

"တူမကြီး ဝင်ပြိုင်ရင် ဒီမှာ လှေကျင့်တာကို ဘယ်လိုလုပ်မလဲ"

"မောင်လေး၊ ကျောက်ရှီရှုံးနဲ့ ညီမလေး ပိုင်ရိပိုင်တို့ပဲ လှေကျင့်ကြရင် ဖြစ်ပါတယ်၊ အချိန်က အရေးကြီးလာပြီ မဟုတ်လား....."

နောက်ဆုံးတွင် ဆရာယာချီကပါ ယွင်းအော် ယှဉ်ပြိုင်ရန် သဘောတူလေသည်။

နောက်တစ်နေ့တွင် သိုင်းပြိုင်ပွဲသို့ ယွင်းအော် ထွက်သွားသည်။ ကျောက်ရှီရှုံးနှင့် ပိုင်ရိပိန်တို့သာ သိုင်းကျမ်းကို လှေကျင့်ရင်းကျန်ခဲ့၏။

သူတို့စိတ်ထဲတွင် ယွင်းအော်အတွက် စိုးရိမ်ပူပန်နေကြ

သဖြင့် သိုင်းကျမ်းကို လေ့ကျင့်ရာတွင် စိတ်မဖြောင့်ကြတော့ချေ။

အချိန်မှာ တန်ဖိုးရှိနေသဖြင့်သာ ဖွတ်မှိတ် လေ့ကျင့်နေကြရသည်။

မွန်းလွဲပိုင်းတွင် ဆရာယာချီ၊ ပေကျုံးချီနှင့် ယွင်းအော်တို့သည် ရွှင်မြူးတက်ကြွစွာဖြင့် ရောက်လာကြသည်။

ရောက်ရောက်ချင်း ဆရာယာချီက ယနေ့ တစ်ဦးချင်း ဓားသိုင်းပြိုင်ပွဲတွင် ယွင်းအော်က ဒုစရိုက်သမားများဘက်မှ ဓားဝိဇ္ဇာထုံစမ်းကို ဒုတိယအချီတွင် အနိုင်ယူလိုက်ကြောင်း အားပါးတရ ပြောပြသည်။

ကျောက်ရိရှုံးနှင့် ပိုင်ရိပိန်တို့လည်း အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

ဆရာယာချီတို့ ပြန်သွားကြသောအခါ ကျောက်ရိရှုံးတို့သုံးဦးသည် ဆန်ရှိုင်း ဓားသိုင်းကို တက်တက်ကြွကြွ ဆက်လက်လေ့ကျင့်ကြပြန်သည်။

စတုတ္ထပွဲစဉ်အဖြစ် ကိုယ်ဖော့ပညာ ယှဉ်ပြိုင်ပွဲကို သူတို့သည် သိပ်ပြီး မစိုးရိမ်မိကြချေ။

ယေ့ဟုန်ဖေ့က သူတို့ဘက်မှ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သောကြောင့်ပင်တည်း။

ယေ့ဟုန်ဖေ့၏ ကိုယ်ဖော့သိုင်းပညာကိုမူ သူတို့ ယုံကြည်မှုအပြည့်ရှိကြသည်။

ကိုယ်ဖော့ပညာ ယှဉ်ပြိုင်ပွဲတွင် ယေ့ဟုန်ဖေ့ အနိုင်ရလိမ့်မည်ဟု တွက်ဆမိကြသည်။



သူတို့ တွက်ဆထားသည့်အတိုင်းလည်း မှန်နေသည်။

စတုတ္ထနေ့ ညနေပိုင်းတွင် ဆရာယာချီနှင့် ပေကျုံးချီတို့သည် ရင်ကော့၍ ရောက်လာကြသည်။

ယနေ့ ကိုယ်ဖော့ပညာ ပြိုင်ပွဲတွင် ယေ့ဟုန်ဖေ့က တစ်ဘက်ပြိုင်ဘက်ကို အပြတ်အသတ် အနိုင်ရလိုက်ကြောင်း အားတက်ရွှင်မြူးစွာ ပြောကြသည်။

"အခုအတိုင်းဆိုရင်တော့ ပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ပြီးကြတဲ့အခါမှာ သူတို့က နှစ်ပွဲနိုင်၊ ဘဘတို့က နှစ်ပွဲနိုင် ဖြစ်နေကြပြီ၊ မနက်ဖြန် တူမောင်တို့တစ်တွေ ယှဉ်ပြိုင်ကြမယ့် နောက်ဆုံးပွဲစဉ်ဟာ အရေးအကြီးဆုံးပွဲစဉ် ဖြစ်နေပြီ၊ ဒီနောက်ဆုံးပွဲစဉ်က ဘဘတို့ရဲ့ကံကြမ္မာနဲ့ ဒုစရိုက်ကောင်တွေရဲ့ကံကြမ္မာကို အဆုံးအဖြတ် ပေးမယ့်ပွဲပဲ၊ တူမောင်တို့ရဲ့ သိုင်းပညာ၊ တူမောင်တို့ရဲ့ ကြိုးစားမှုပေါ်မှာ အများကြီး တည်နေပြီ"

"မနက်ဖြန် ကျွန်တော်တို့ရဲ့ ပြိုင်ဘက်တွေဟာ ဘယ်သူဘယ်ဝါဆိုတာ ဘဘတို့ သိကြရပြီလား"

"သူတို့ဘက်က အထူးလျှို့ဝှက်ထားတယ်ကွယ့်၊ မသိရသေးဘူး၊ ဒါနဲ့ တူမောင်တို့ရဲ့ ဆန်ရှိုင်းဓားသိုင်း လေ့ကျင့်မှုအခြေအနေကော"

"ကျေနပ်စရာ ကောင်းလောက်အောင် တိုးတက်ပါတယ်ဘဘ၊ ပြိုင်ဘက်တွေဟာ ဘယ်သူပဲ ဖြစ်နေပါစေ၊ ကျွန်တော်တို့ ကောင်းကောင်းကြီး ယှဉ်ပြိုင်နိုင်ကြပါလိမ့်မယ်"

အချိန်က အရေးကြီးနေပြီမို့ ဆရာယာချီနှင့် ပေကျုံးချီ

တို့သည် စကားအပို မပြောကြတော့ဘဲ မနက်ဖြန် ပြုလုပ်ရမည့် အစီအစဉ်များကို ပြောဆိုညှိနှိုင်းကြကာ ပြန်သွားကြလေသည်။

ထိုနေ့က ကျောက်ရှိုးတို့သည် သန်းခေါင်ကျော်အထိ သိုင်းလေ့ကျင့်ကြလေသည်။

*



အခန်း - ၈၄

## အသေအကျေနောက်ဆုံးပွဲ

သိုင်းယှဉ်ပြိုင်ပွဲကြီး၏ နောက်ဆုံးနေ့လည်း ဖြစ်၊ ဤနောက်ဆုံးပွဲစဉ်၏ အရှုံးအနိုင်မှာလည်း သိုင်းပြိုင်ပွဲကြီးတစ်ခု၏ အရှုံးအနိုင် ဆုံးဖြတ်ပွဲလည်း ဖြစ်သောကြောင့် ပရိသတ်များမှာ အထူးစိတ်ဝင်စားဆုံး၊ စိတ်လှုပ်ရှားဆုံးပွဲစဉ် ဖြစ်လေသည်။

ဆရာယာချီနှင့် တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်းတို့လို ခေါင်းဆောင်ပိုင်းမှ သိုင်းအကျော်အမော်ကြီးများပင်လျှင် ဣန္ဒြေပျက်လောက်အောင် စိတ်လှုပ်ရှားနေ

ကြ၏။

ယနေ့ ယှဉ်ပြိုင်ကြမည့် ပြိုင်ဘက်တွေမှာ မည်သူမည်ဝါတွေဖြစ်ကြောင်း တစ်ဘက်နှင့်တစ်ဘက်လည်း မသိကြချေ။

အချိန်စေ့သဖြင့် အခမ်းအနားမှူးသည် စင်မြင့်ပေါ်ကို တက်လာသည်။

ယနေ့ သိုင်းပြိုင်ပွဲမှာ သုံးယောက်တွဲ ယှဉ်ပြိုင်ရမည့် ဓားသိုင်းပြိုင်ပွဲဖြစ်ကြောင်း၊ ယနေ့ပွဲ၏ အရှုံးအနိုင်သည် သိုင်းပြိုင်ပွဲကြီးတစ်ခုလုံး၏ အရှုံးအနိုင်သာ ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောပြပြီးနောက် အခမ်းအနားမှူးသည် ယှဉ်ပြိုင်မည့်သူများ၏ စာရင်းကို ဆက်လက်ကြေညာလေတော့သည်။

"ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား၊ ယခု စတင် ယှဉ်ပြိုင်တော့မယ့် သုံးယောက်တွဲ ဓားသိုင်းပြိုင်ပွဲမှာ တောင်ပင်လယ်သိုင်းဂိုဏ်းပေါင်းစုံဘက်က ယှဉ်ပြိုင်မယ့် ပုဂ္ဂိုလ်သုံးဦးကတော့ တောင်ပင်လယ် မိကျောင်းကြီးကောက်ထိုက်စင်းရဲ့ တပည့်ရင်းတွေ ဖြစ်ကြတဲ့ ရေသရဲသုံးဖော်ပဲ ဖြစ်ပါတယ် ခင်ဗျား"

"ဟေး.....ရေသရဲသုံးဖော်ကွ၊ ရေသရဲသုံးဖော်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ရှိ ရှိ"

ဒုစရိုက်သမားများဘက်မှ အားပေး အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လက်ခုပ်သြဘာသံများ ရပ်သွားသောအခါ အခမ်းအနားမှူးက ဆက်၍ ကြေညာသည်။

"ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား၊ ကွမ်စီပြည်နယ် လုံခြုံရေးအဖွဲ့ဘက်က ယှဉ်ပြိုင်မယ့် ပုဂ္ဂိုလ်သုံးဦးကတော့ သိုင်းအကျော်အမော်ကြီး ဝါးစိမ်းဘိုးဘိုးရဲ့တပည့်များ ဖြစ်ကြတဲ့ ပိုင်ယွင်ဆန်းဓားသမားကျောက်ရှိရှုံး၊ ယွင်းအော်နဲ့ ပိုင်ရိပိန်တို့ပဲ ဖြစ်ကြပါတယ်"



"ဟေး.....ပိုင်ယွင်ဆန်းဓားသမားကွ"

"ယွင်းအော်ဟေ့၊ ယွင်းအော်"

"ပိုင်ရိပိန်ကွ၊ ပိုင်ရိပိန်"

"ရှိ ရှိ ရှိ ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

လုံခြုံရေးအဖွဲ့ဝင်များထံမှ တခဲနက် အားပေး အော်ဟစ်သံများ ပေါ်ထွက်လာကြပြန်သည်။

ကျောက်ရှိရှုံး၏ နာမည်ကို ကြားရသောအခါ တောင်ပင်လယ် မိကျောင်းကြီး ကောက်ထိုက်စင်း၊ အရိုးစုမယ်တော်နှင့် သေမင်းတမန်တို့မှာ မျက်စိမျက်နှာပျက်သွားကြလေသည်။

သူတို့သည် ကျောက်ရှိရှုံး ပြန်ရောက်နေကြောင်းကို မသိကြချေ။

ယခုမှ သိကြရသဖြင့် အံ့သြသွားကြသည်။

အရိုးမယ်တော်ကြီးက ဒေါသတကြီးဖြင့် ထရပ်လိုက်သည်။

ကောက်ထိုက်စင်းက ဟန့်တားထားရသည်။

"ဒေါသကို ထိန်းထားပါခင်ဗျား၊ ကျောက်ရှိရှုံးတို့ကို ကျုပ်တပည့်တွေက အနိုင်တိုက်ကြပါလိမ့်မယ်၊ ကျောက်ရှိရှုံးရဲ့ ခေါင်းကို ဖြတ်ပြီး မယ်တော်ကြီးဆီကို ယူလာနိုင်းပါ့မယ်"

ထိုအခါ အရိုးမယ်တော်ကြီးက မကျေမနပ်ဖြင့် ပြန်ထိုင်

သည်။

ထိုစဉ်မှာပင် စင်မြင့်ကြီးပေါ်သို့ ဓားကိုယ်စီ ကိုင်ထားသော ကျောက်ရီရှုံး၊ ယွင်းအော်နှင့် ပိုင်ရိုပိန်တို့ တက်လာကြသည်။

* * *

တစ်ပြိုင်တည်းလိုလိုပင် တောင်ပင်လယ်မိကျောင်း ကောက်ထိုက်စင်း၏ တပည့်များဖြစ်သော ရေသရဲသုံးဖော်လည်း စင်မြင့်ပေါ် ရောက်လာကြသည်။

ရေသရဲသုံးဖော်တွဲ့ကို ရထားသော ကောက်ထိုက်စင်း၏ တပည့်သုံးယောက်စလုံး ခန္ဓာကိုယ် သွယ်လျပြီး အရပ်ရှည်သူများ ဖြစ်ကြ၏။

ကိုယ်လုံးကိုယ်ပေါက် တူညီသလို မျက်နှာပေါက်ကလည်း ဆင်ကြသည်။

သို့သော် သူတို့သုံးဦးသည် သွေးသားတော်စပ်သူများ မဟုတ်ကြချေ။

ရေသရဲတွဲ့ကို ရထားကြခြင်းမှာ ရေထဲတွင် သူမတူအောင် ကျွမ်းကျင်ကြသောကြောင့် ဖြစ်လေသည်။

သူတို့သုံးဦးသည် ပင်လယ်ဘက်တွင် ကြီးပြင်းလာကြသူများဖြစ်ပြီး ဓားသိုင်းကို လေ့ကျင့်ရာတွင် ပင်လယ်တွင်း ရေအောက်၌ လေ့ကျင့်ခဲ့ကြသည်။



သူတို့သည် ရေအောက်မှာပင်လျှင် ဓားကို လေထဲမှာကဲ့သို့ သွက်လက်အောင် ဝှေ့ယမ်းလှုပ်ရှားနိုင်ကြသည်။

ထို့ကြောင့်လည်း တောင်ပင်လယ်မိကျောင်း ကောက်ထိုက်စင်းသည် သူ့တပည့်သုံးယောက်ကို ယုံကြည်စိတ်ချစွာဖြင့် အရေးကြီးလှသော ဤနောက်ဆုံးပွဲစဉ်တွင် ပါဝင်စေခြင်းပင် ဖြစ်လေသည်။

ရေသူရဲညီနောင်သုံးဖော်၏ လက်ထဲတွင် အပြားကြီးပြီး အသွားရှည်လှသော ဓားတစ်လက်စီကို ကိုင်ဆောင်ထားကြသည်။

ကျောက်ရီရှုံးကမူ သူ၏ သံမဏိသက်တန့်ဓားကို ကိုင်ဆောင်ထားသည်။

ဒန်းခနဲ ကြေးလင်ဗန်းကြီး တီးခတ်သံ ပေါ်လာသည်။

စတင် ယှဉ်ပြိုင်ရန်အတွက် အချက်ပေးသံပင် ဖြစ်လေသည်။

ကျောက်ရီရှုံးတို့ သုံးယောက်နှင့် ရေသရဲသုံးဖော်တို့လည်း အချက်ပေးသံ ပေါ်လာသည်နှင့် စတင် တိုက်ခိုက်ကြလေတော့သည်။

*

အခန်း - ၈၅

## ဆန်ချိုင်းစားကွက်

စင်မြင့်ပေါ်ရှိ လူခြောက်ယောက်မှာ ရှုပ်ထွေးသွားကြလေသည်။

စားရောင်တွေ ဝင်းဝင်းလက်သွားကြသည်။

စားစားချင်း ထိမိသံ၊ တံထန်းထန်းမြည်သံမှာ လူအားလုံးကြားလောက်အောင် ပေါ်ထွက်လာသည်။

ဧည့်ပရိသတ်အားလုံးပင် စင်မြင့်ဆီသို့ အာရုံစူးစိုက်နေကြသည်



မည်သူမှ စကားမဆိုနိုင်ကြ။

ထို့ကြောင့် စင်မြင့်ပေါ်မှ အော်ဟစ် တိုက်ခိုက်သံများကို ကျယ်လောင်စွာ ကြားနေကြရသည်။

ဆရာယာချီ၊ ပေကျိုးချီနှင့် နယ်စားကြီး ဝူးဖေ့ဟန်တို့ပင်လျှင် အသက်ရှူရန် မေ့နေကြသည်။

ရင်တထိတ်ထိတ်နှင့် ယှဉ်ပြိုင်ပွဲကို ကြည့်နေမိသည်။

သိမ့်ရှန်ပင်လျှင် ရှောက်ယဲ့ကလေးကို ချီပြီး ကျောက်ရိုရှုံးတို့ တိုက်ခိုက်ပုံကို ကြည့်၍ စိတ်ထဲမှ ဘုရားတနေသည်။

ရှေသရဲညီနောင်သည် ရှောဘဝဲသိုင်းကွက်ကို အသုံးပြု၍ ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်းဖြစ်၏။

ရှောဘဝဲသိုင်းကွက်မှာ တောင်ပင်လယ် မိကျောင်း ကောက်ထိုက်စင်း တီထွင်ထားသော စားသိုင်းကွက်ဖြစ်၏။

ရှောဘဝဲကောင်၏ သဘာဝ အကျင့်စရိုက်ကို လေ့လာ၍ တီထွင်ထားခြင်း ဖြစ်လေသည်။

ရှောဘဝဲကောင်မှာ လက်ချောင်းတွေ များစွာရှိသော ပင်လယ်အောက်တွင် နေသည့်သတ္တဝါဖြစ်သည်။

ရှောဘဝဲကောင် သွားသည့်အခါ များစွာသော သူ့လက်များကို စုချည်ဖြန့်ချည်နှင့် သွားတတ်သည်။

ရှောဘဝဲစားသိုင်းကွက်မှာလည်း ထိုအတိုင်းပင် ဖြစ်၏။

ရန်သူကို တိုက်ခိုက်သည့်အခါ စုချည်ဖြန့်ချည်နှင့် တိုက်ခိုက်ရလေသည်။

ရှေသရဲသုံးဖော်သည် သုံးဖွန့်ဆိုင် ကျောချင်းကပ်လိုက်၊

ကျောက်ရှိုးတို့သုံးယောက်ကို ဖောက်ထွက်၍ အပြင်ဘက်မှ ဝိုင်းဝန်းတိုက်ခိုက်လိုက် လုပ်နေကြသည်။

ဆန်ချိုင်းစားသိုင်းကို အသုံးပြုသော ကျောက်ရှိုးတို့ သုံးယောက်မှာ အမြဲတမ်း တြိဂံပုံသဏ္ဌာန် နေကြရသည်။

တစ်ဦးကိုတစ်ဦး အပေးအယူလုပ်ကာ ဖေးဖေးမမနှင့် တိုက်ခိုက်ရသော သိုင်းကွက်မျိုးဖြစ်၏။

သိုင်းကွက်ဆယ်ကွက် ကျော်လာသောအခါ ရေသရဲ သုံးဖော်နှင့် ကျောက်ရှိုးတို့သည် တစ်ဖက်နှင့်တစ်ဖက် အခြေအနေကို ခန့်မှန်းလာနိုင်ကြသည်။

ရေသရဲသုံးဖော်၏ စားချက်မှာ မိမိတို့ထက် သွက်ကြောင်းလည်း ကျောက်ရှိုးတို့တစ်တွေ သိကြရသဖြင့် စိတ်ထဲတွင် စိုးရိမ်မကင်းပင် ဖြစ်လာကြသည်။

ကိုယ်တိုင် ယှဉ်ပြိုင်နေကြသော ကျောက်ရှိုးတို့ပင်လျှင် ဤသို့ သိနေကြသဖြင့် ပြိုင်ဘက်နှစ်ဖက်စလုံး၏ လှုပ်ရှားမှုကို ကြည့်နေကြသော ဆရာယာချီတို့မှာ အခြေအနေကို ပိုပြီး သိရှိခန့်မှန်းနိုင်ကြလေသည်။

ယှဉ်ပြိုင်ပုံကို ကြည့်၍ ရေသရဲသုံးဖော်၏ တိုက်ခိုက်ပုံမှာ ကျောက်ရှိုးတို့ သုံးယောက်ထက်သာကြောင်း သိလာကြလေသည်။

ဆရာယာချီ၊ ပေကျုံးချိ၊ နယ်စားကြီး ဝူးဖေ့ဟန်တို့ စိတ်ထဲတွင်လည်း ပူပန်စိုးရိမ်နေကြသည်။

စိတ်မချမ်းမသာလည်း ဖြစ်နေကြသည်။



ရေသရဲသုံးဖော်က ကျောက်ရှိုးတို့ကို အကွက်စေ့စေ့ ဖိတိုက်ရင်း ပထမအချီ ပြီးဆုံးသွားလေပြီ။

ဧည့်ပရိသတ်အားလုံးပင် ဤပွဲစဉ်၌ ရေသရဲသုံးဖော်က အသာစီးမှ ယှဉ်ပြိုင်ခဲ့ကြကြောင်း ဝေဖန်ပြောဆိုနေကြလေသည်။

ထို့ကြောင့် ဒုစရိုက်သမားများဘက်မှ အားတက် ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပျော်တပြုံးပြုံး ရှိနေကြသည်။

လုံခြုံရေးအဖွဲ့သားများမှာမူ ၎င်းတို့ဘက်မှ အရေးနိမ့်နေရသည့်အတွက် အားငယ်နေမိကြသည်။

လုံခြုံရေးအဖွဲ့သားများမှာ ဆရာယာချီ၊ ပေကျုံးချိ၊ နယ်စားကြီး ဝူးဖေ့ဟန်တို့ကိုသာ အားကိုးတကြီးဖြင့် မျှော်ကြည့်နေကြသည်။

ရေသရဲသုံးဖော်မှာ ရင်ကော့၍ ပျော်ရွှင်မြူးစွာ သူတို့၏ ဆရာ တောင်ပင်လယ်မိကျောင်း ကောက်ထိုက်စင်းထံသို့ ရောက်လာကြသည်။

ကောက်ထိုက်စင်းက ရေသရဲသုံးဖော်ကို အားပေးချီးကျူးသည်။

ရေသရဲသုံးဖော်၏ တိုက်ကွက်များမှာလည်း အားပေးချီးကျူးစရာပင် ဖြစ်လေသည်။

"ဒီအတိုင်းဆိုရင် ဒီပွဲစဉ်မှာ ငါ့တပည့်တွေ နိုင်မှာ သေချာတယ်ဟေ့၊ ဒီထက်နည်းနည်းပိုပြီး ကြိုးစားကြ၊ ဒုတိယအချီမှာ အပြတ်နိုင်ရင် ပိုကောင်းတယ်၊ နောက်ဆုံး တတိယအချီမှာ နိုင်ရင်လဲ ကျောက်ရှိုးရဲ့ခေါင်းကို ဖြတ်ပြီး ပေါ်ဒီက

မယ်တော်ကြီးရဲ့လက်ကို အပ်ကြပေတော့ တပည့်တို့"

ထိုအချိန်တွင် ကျောက်ရီရွှံး၊ ယွင်းအော်နှင့် ပိုင်ရိပိန်တို့သည် မျက်စိမျက်နှာ သိပ်မကောင်းလှပဲ ဆရာယာချီထံသို့ ရောက်လာသည်။

ဆရာယာချီကလည်း စိုးရိမ်စိတ်နှင့် လှမ်းမေးသည်။

"အခြေအနေ ဘယ်လိုလဲ တူမောင် ကျောက်ရီရွှံး"

ကျောက်ရီရွှံးက သက်ပြင်းချလိုက်ပြီး.....

"ကျွန်တော်တော့ သိပ်အားမရဘူး ဘဘ၊ တကယ့်ရန်သူနဲ့ ယှဉ်တဲ့အခါ ကျွန်တော်တို့ အသုံးပြုတဲ့ ဆန်ချိုင်းခါးသိုင်းမှာ လွတ်ကွက်ဟာကွက်တွေ ရှိနေတယ်လို့ ကျွန်တော် ထင်တယ်၊ ဒါပေမယ့် အဲဒီလွတ်ကွက် ဟာကွက်တွေကို ကျွန်တော်တို့ ရှာလို့မရကြဘူး"

"တူမောင်ကျောက်ရီရွှံးတို့အနေနဲ့ ဒီသိုင်းကွက်ကို လေးငါးရက်ထဲနဲ့ လေ့ကျင့်ကြရလို့လဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ကဲ ဒုတိယအချီ မစခင်မှာ မင်းတို့ချင်း ညှိနှိုင်းပြီး ထပ်လေ့ကျင့်ကြပါဦး၊ ဒီပွဲစဉ်မှာ တို့ရှုံးလို့ကတော့ တို့အားလုံး ကိုယ့်ကိုယ်ကို သတ်သေကြဖို့ပဲ ကောင်းတော့တယ်"

ကျောက်ရီရွှံး၊ ယွင်းအော်နှင့် ပိုင်ရိပိန်တို့လည်း လုံခြုံရေးမှူးချုပ်ကြီး ပေကျုံးချီ၏ ရုံးအဆောက်အအုံအတွင်းကို လာကာ သေချာစွာ ညှိနှိုင်း၍ ဆန်ချိုင်းခါးသိုင်းကို ပြင်းပြင်းထန်ထန် လေ့ကျင့်ကြပြန်သည်။

*



အခန်း - ၈၆

## ဝါးစိမ်းဘိုးဘိုး

"ရေသရဲသုံးဖော်ကွ၊ ဖိတိုက်ဟေ့ ဖိတိုက်"

"ပိုင်ယွင်ဆန်းခါးသမား နလံမထူတော့ဘူးကွ၊ ဟား ဟား ဟား"

"ရှီ..... ရှီ ဖြောင်း..... ဖြောင်း"

ရေသရဲသုံးဖော်နှင့် ကျောက်ရီရွှံးတို့ သုံးယောက်တွဲ ခါးသိုင်းပြိုင်ပွဲ ဒုတိယအချီမှာ စတင်နေလေပြီ။ ညှပ်ပရိသတ်များ၏ အော်ဟစ်အားပေးသံများမှာ ဆူဆူညံနေသည်။

အော်ဟစ်အားပေးသံများမှာ ဒုစရိုက်သမားများဘက်မှ

ပေါ်ထွက်နေခြင်းဖြစ်ပြီး လုံခြုံရေးအဖွဲ့ဝင်များဘက်ကမူ ဘာသံမှ မထွက်ဘဲ ငြိမ်နေကြတော့သည်။

ဒုတိယအချီ ပြန်စသည်။

ရေသရဲသုံးဖော်သည် ကျောက်ရီရှုံးတို့ကို အတင်းဖိတိုက်သည်။ ရေသရဲသုံးဖော်၏ တိုက်ကွက်မှာ ပိုပြီး အကွက်စိတ်လာကာ ပို၍ ပြင်းပြင်းထန်ထန် သွက်သွက်လက်လက်ရှိသည်။

ကျောက်ရီရှုံးတို့သည် သိုင်းကွက်ဆယ်ကွက် အထိသာ တိုက်စစ်ကို သုံးနိုင်ကြပြီး နောက်ပိုင်းတွင် တိုက်စစ်ကို လုံးလုံး မသုံးနိုင်ကြတော့ဘဲ ခံစစ်ဖြင့်သာ ယှဉ်ပြိုင်ကြရတော့၏။

ထို့ကြောင့် လုံခြုံရေးအဖွဲ့ဝင်များဘက်မှ စိတ်ဓာတ်အကြီးအကျယ်ကျကာ အသံလုံးလုံး မထွက်နိုင်ခြင်း ဖြစ်လေသည်။ ဆရာယာချီ၊ ပေကျုံးချီနှင့် နယ်စားကြီးဝူးဖေ့ဟန်တို့၏ မျက်နှာများတွင် ချွေးသီးချွေးပေါက်များ ရွှဲရွှဲစိုနေသည်။

ကျောက်ရီရှုံးတို့ဘက်မှ အခြေမလှတော့ကြောင်း သိကြရပြီ ဖြစ်သဖြင့် အလွန်အမင်းလည်း စိတ်ဓာတ်ကျသွားကြသည်။

ဤအတိုင်းသာ ဆိုပါက ကတိရှိသည့်အတိုင်း ကွမ်စီပြည်နယ်ကို ဒုစရိုက်သမားများ လက်သို့ ထိုးအပ်လိုက်ရပေတော့မည်။

ပွဲစဉ်ငါးပွဲတွင် နောက်ဆုံးပွဲစဉ်ကိုသာ ရေသရဲသုံးဖော်က အနိုင်ရပါက ဒုစရိုက်သမားများဘက်မှ သုံးပွဲနိုင် ဖြစ်သွားကာ သိုင်းပြိုင်ပွဲကြီးတွင် အနိုင်ရသွားပြီဖြစ်ကြောင်း ဆုံးဖြတ်ကြရပေလိမ့်မည်။

• • •



ဒုတိယအချီ ပြီးခါနီးလေ ကျောက်ရီရှုံးတို့ အခြေအနေမှာ ပိုဆိုးလာလေပင်ဖြစ်သည်။

နယ်စားကြီးဝူးဖေ့ဟန်က တုန်လှုပ်သောအသံကြီးဖြင့် ဆရာယာချီကို ပြောသည်။

"ဘယ်လိုလဲ ဆရာယာချီ၊ ဒီအတိုင်းဆို ဒုစရိုက်ကောင်တွေရဲ့လက်ထဲ ကျုပ်ရဲ့ကွမ်စီပြည်နယ်ကို ထိုးအပ်လိုက်ရတော့မလို ဖြစ်နေပြီ၊ ဝါးစိမ်းဘိုးဘိုးရဲ့ ဆန်ချိုင်းဓားသိုင်းက ဘယ်လိုဖြစ်တာလဲ"

ဆရာယာချီကလည်း သက်ပြင်းချ၍.....

"ကျွန်တော်လဲ မစဉ်းစားတတ်အောင် ဖြစ်နေပါပြီ နယ်စားကြီး၊ ကျောက်ရီရှုံးအနေနဲ့ ဒီသုံးလေးရက်အတွင်းကလေးမှာ သင်ကြားလေ့ကျင့်ရတာကြောင့်ပဲလား၊ ဆန်ချိုင်းဓားသိုင်းကွက်တွေဟာ တကယ်ပဲ လွတ်ကွက်ဟာကွက်တွေ ရှိနေသေးသလားဆိုတာ အစဉ်းစားရ ခက်နေပါပြီ ခင်ဗျာ"

ရေသရဲသုံးဖော်၏ ဓားသုံးလက်က ကျောက်ရီရှုံးတို့သုံးယောက်စလုံး၏ ကိုယ်ပေါ်တွင် အမြဲတမ်း ဝဲနေကြသည်။

ကျောက်ရီရှုံးတို့မှာ ကစဉ့်ကလျား ရှောင်တိမ်းနေကြရသည်။

'ဒန်းခနဲ' ကြေးလင်ဗန်းကြီး တီးခတ်သံ ပေါ်လာပြီး ဒုတိယအချီ ပြီးသွားသည်။

ဒုစရိုက်သမားများသည် သူတို့ဘက်မှ သေချာပေါက်နိုင်ရတော့မည်ကို ခန့်မှန်းတွက်ဆနိုင်ကြပြီ ဖြစ်သဖြင့် ခုန်ပေါက်

မြူးထူး အော်ဟစ်နေကြသည်။

လုံခြုံရေးအဖွဲ့ဝင်များကမူ ခေါင်းငိုက်စိုက်ချလျက် ငြိမ်နေကြသည်။

တောင်ပင်လယ်မိကျောင်း ကောက်ထိုက်စင်းသည် ပျော်တပြုံးပြုံး မော်မဆုံး ဖြစ်နေသည်။

ကျောက်ရှိရှုံး၊ ယွင်းအော်နှင့် ပိုင်ရိုပိန်တို့သည် နွမ်းနယ်စိတ်ပျက်သော မျက်နှာများဖြင့် ဆရာယာချီအနီးကို ရောက်လာကြသည်။

သူတို့ကိုယ်တွင် ချွေးတွေ ရွဲစိုနေပြီး မိန်းမသားများ ဖြစ်ကြသော ယွင်းအော်နှင့် ပိုင်ရိုပိန်တို့မှာ မျက်ရည်များပင်ကျလျက် ရှိနေကြသည်။

"သမီးတို့တော့ ကိုယ်ကျိုးနည်းကုန်ကြပြီ ထင်ပါရဲ့ ဘဘရယ်"

စိတ်နိုင်လှသော ဆရာယာချီပင်လျှင် မျက်ရည်ဝဲနေလေသည်။

"တူမတို့လဲ ကြိုးစားကြတာ ဘဘတို့ အသိအမြင်ပါကွယ်၊ ပွဲက ပြီးသေးတာမှ မဟုတ်ဘဲ၊ စိတ်ဓာတ် တင်းထားကြပါဦး၊ ကြိုးစားကြပါဦး"

ကျောက်ရှိရှုံးက စိုနင့်သော လေသံဖြင့် ပြောလိုက်လေသည်။

"ဒီပွဲမှာ ကျွန်တော်တို့ ရှုံးလို့ အသက်သေမှာကို မစိုးရိမ်ပါဘူး ဘဘရယ်၊ ဒါပေမယ့် ကျွန်တော်တို့ အသုံးပြုတဲ့ ဆန်



ချိုင်းဓားသိုင်းဟာ ဘဘဝါးစိမ်းဘိုးဘိုးရဲ့ ဓားသိုင်းကွက်လဲဖြစ်၊ ကျွန်တော်တို့ ကိုယ်တိုင်ကလဲ ဘဘဝါးစိမ်းဘိုးဘိုးရဲ့ တပည့်တွေဖြစ်တော့ ကျွန်တော်တို့သာ ရှုံးသွားရင် ဘဘဝါးစိမ်းဘိုးဘိုး နာမည်ပျက်တော့မှာကို တွေးပြီး ပူပန်မိပါတယ်"

"ဘာဖြစ်လို့ နာမည်ပျက်ရမှာလဲ၊ ဝါးစိမ်းဘိုးဘိုးတဲ့၊ ငါ့ရဲ့နာမည် ဘယ်တော့မှ အပျက်မခံဘူးဟေ့"

ထိုစဉ် လူကြားထဲမှ ရုတ်တရက် အသံထွက်လာပြီး အဘိုးအိုကြီးတစ်ယောက် ထွက်လာလေသည်။

အားလုံးပင် အဘိုးကြီးကို မြင်သောအခါ အံ့သြသွားကြသည်။

ယင်းအဘိုးကြီးမှာ ဝါးစိမ်းဘိုးဘိုးကြီး ဖြစ်နေလေတော့၏။

* * *

"ဟင်.....ဝါးစိမ်းဘိုးဘိုး"

"ဘဘ....ဘဘ"

"ဘဘ ရောက်လာပြီ၊ ဘဘ ရောက်လာပြီ"

ကျောက်ရှိရှုံး၊ ယွင်းအော်နှင့် ပိုင်ရိုပိန်တို့ သုံးယောက်စလုံး ပြေးသွားကြပြီး ဝါးစိမ်းဘိုးဘိုးကို ဖက်လိုက်ကြလေသည်။

ယွင်းအော်နှင့် ပိုင်ရိုပိန်တို့က ငိုရှိုက်၍.....

"ဘဘရယ်၊ သမီးတို့တွေ အခြေအနေဆိုးနဲ့ ကြုံနေကြရပါတယ်၊ ကယ်ပါဦး"

ဝါးစိမ်းဘိုးဘိုးက ခေါင်းတဆတ်ဆတ်ညိတ်၍.....

"ဒုတိယအချီ စကတည်းက ဘဘ ရောက်နေတာပါ၊ အားလုံးကို မြင်ရတယ်၊ သိပ်လဲ စိုးရိမ်မနေကြပါနဲ့ သမီးတို့ရယ်၊ တကယ်တော့ ခုလိုဖြစ်ရတာ ကျောက်ရှိုး ညံ့လို့ပဲ"

ကျောက်ရှိုး အံ့သြသွားပြီး.....

"ဗျာ.....ကျွန်တော် ညံ့လို့ ဟုတ်လား ဘဘ၊ ဘယ်လို ညံ့ တယ်ဆိုတာ ရှင်းပြပါဦး"

"မင်းက ဘဘ စာရေးပြီး မှာလိုက်သလိုမှ မလိုက်နာဘဲ၊ ဆန်ချိုင်းဓားသိုင်းကို အသုံးပြုတဲ့အခါမှာ ရှင်ကျိုရေးခဲ့တဲ့ ပန်းချီရုပ်ပုံ သိုင်းကွက်တွေနဲ့ ပူးပေါင်းပြီး အသုံးပြုပါဆိုတာ လေ"

"ဟာ.....ဟုတ်ပါရဲ့"

ယခုမှ ကျောက်ရှိုး သတိရမိပြီး သူ့ကိုယ်သူ အပြစ်တင်၍ မဆုံးတော့ချေ။

"ကိုင်း.....နောက်မှ ပြောစရာရှိတာ ပြောကြ၊ မင်းတို့သုံးယောက်စလုံး ခုချက်ချင်း ငါနဲ့လိုက်ခဲ့ကြ၊ ရှင်ကျိုရဲ့ ပန်းချီပုံ သိုင်းကွက်တွေ ရေးထားတဲ့ဆီကို သွားကြမယ်၊ တတိယပွဲအချီ မစခင် မင်းတို့ ဖြတ်လမ်းနည်းနဲ့ ငါကိုယ်တိုင် သင်ပေးမယ်"

ဆရာယာချီ၊ ပေကျူးချီနှင့် နယ်စားကြီး ဝူးဖေ့ဟန်တို့မှာ ယခုမှ ပြုံးပြုံးရွှင်ရွှင် တက်တက်ကြွကြွ ဖြစ်လာကြသည်။

ဝါးစိမ်းဘိုးဘိုးက ကျောက်ရှိုး၊ ယွင်းအော်နှင့် ပိုင်းရိပိန်တို့ကို ခေါ်သွားသည်။



လူများ ရှုပ်ထွေးနေကြသဖြင့် တောင်ပင်လယ် မိကျောင်းကောက်ထိုက်စင်းတို့သည် ဝါးစိမ်းဘိုးဘိုး ရောက်လာသည်ကို မသိလိုက်ကြချေ။

*

အခန်း - ၈၇

## အောင်ပွဲ

"ဒန်း..."

တတိယအချီစရန် အချက်ပေးသံ ပေါ်လာသည်နှင့် သရဲသုံးဖော်က ကျောက်ရီရှုံး တရကြမ်း စတင် တိုက်ခိုက်ကြသည်။

သရဲသုံးဖော်၏ အမူရာက အားမာန်အပြည့်နှင့် တက်ကြွနေကြသည်။

ကျောက်ရီရှုံး၊ ယွင်းအော်နှင့် ပိုင်ရိုပိန်တို့သည် စိုးရိမ်



ပူပင်သောအသွင် မရှိတော့ဘဲ တက်တက်ကြွကြွ ဖြစ်နေကြသည်။ သူတို့သည် တြိဂံပုံသဏ္ဌာန် ပုံသေ နေရာမယူကြတော့ဘဲ တစ်ဖြောင့်တည်း နေရာယူလိုက်၊ စတုဂံပုံသဏ္ဌာန် နေရာယူလိုက်နှင့် တိုက်ခိုက်နေကြသည်။

သူတို့၏တိုက်ခိုက်ပုံမှာ ပြောင်းလဲသွားပြီဖြစ်၏။

ပထမ စစချင်း သိုင်းကွက်ဆယ်ကွက်အတွင်း ရေသရဲသုံးဖော်က ကျောက်ရီရှုံးတို့ကို ဖိတိုက်ကြသည်။

ရေသရဲသုံးဖော် စိတ်ထဲတွင် ပွဲမြန်မြန် ပြတ်လိမ့်မည်ဟု ထင်ထားကြသည်။

သူတို့ပင် အနိုင်ရလိမ့်မည်ဟုလည်း သေချာပေါက် တွက်ဆထားကြ၏။

"ထန်း.....ထန်း.....ဗိုး"

"ဝှစ် ဝှစ် ချွမ်း"

"ဟိတ်.....ယား"

"ရေသရဲသုံးဖော်၊ ရေသရဲသုံးဖော်"

"ပိုင်ယွန်ဆန်း ဓားသမားရဲ့ခေါင်း ဖြတ်ဟေ့"

"ကောင်မလေးတွေကို မသတ်ပါနဲ့၊ ငါတို့ ရာသက်ပန် စောင့်ရှောက်ပါ့မယ်"

ဒုစရိုက်သမားများဘက်မှ အော်ဟစ်လှောင်ပြောင်သံများလည်း ပေါ်ထွက်နေသည်။

သို့သော် သိုင်းကွက်ဆယ်ကွက် ကျော်လာသောအခါ ဒုစရိုက်သမားများဘက်မှ အသံများ တဖြည်းဖြည်း တိတ်လာ

ကြသည်။

မျက်စိမျက်နှာလည်း ပျက်စပြုလာကြသည်။ လုံးဝ မျှော်လင့်မထားဘဲ ကျောက်ရိရှုံးတို့က ရေသရဲသုံးဖော်ကို တိုက်နိုက်လာကြသောကြောင့် ဖြစ်လေသည်။

ရေသရဲသုံးဖော်မှာ အံ့ဩတုန်လှုပ်စွာဖြင့် ခံစစ်ကို အသုံးပြုနေကြရလေသည်။

"ပိုင်ယွင်ဆန်း ဓားသမားကွ၊ ပိုင်ယွင်ဆန်း ဓားသမား"

"ဝါးစိမ်းဘိုးဘိုးရဲ့ တပည့်တွေကွ"

"ယွင်းအော်ကွ"

"ပိုင်ရိပိန်ကွ"

လုံခြုံရေးအဖွဲ့ဝင်များဘက်မှ ဝမ်းသာအားရ အော်ဟစ်အားပေးသံများလည်း ပေါ်ထွက်လာသည်။

ကျိန်းသေပေါက် သူ့တပည့် ရေသရဲသုံးဖော် အနိုင်ရလိမ့်မည်ဟု တွက်ထားသော တောင်ပင်လယ်မိကျောင်း ကောက်ထိုက်စင်းပင်လျှင် အံ့ဩတကြီး ဖြစ်သွားပြီး မျက်စိမျက်နှာပျက်နေသည်။

ကျောက်ရိရှုံးတို့၏သိုင်းကွက် အဘယ်ကြောင့် ပြောင်းလဲတိုးတက်လာကြောင်းကို စဉ်းစားမရအောင် ဖြစ်နေမိသည်။

ဆရာယာချီတို့တစ်တွေမှာ ရင်ကော့၍ တပြုံးပြုံးဖြစ်နေကြသည်။

တောင်ပင်လယ်မိကျောင်း ကောက်ထိုက်စင်းသည် ဆရာယာချီတို့ ဂက် ရှိရာသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်သောအခါ



ယခုမှ ဆရာယာချီဘေးတွင် ထိုင်နေသော ဝါးစိမ်းဘိုးဘိုးကို တွေ့မြင်ရတော့၏။

သူသည် ပို၍ အံ့ဩ တုန်လှုပ်သွားသည်။

ပထမအချီနှင့် ဒုတိယအချီတွင် သူ့တပည့် သရဲသုံးဖော်က အသာစီးမှ ယှဉ်ပြိုင်နေပြီး ယခုတတိယအချီကျမှ ဆိုးဆိုးရွားရွားအခြေအနေနှင့် ကြုံရခြင်းမှာ ဝါးစိမ်းဘိုးဘိုး ရောက်လာခြင်းကြောင့် ဖြစ်ကြောင်းလည်း ဆက်စပ်တွေးမိသည်။

သူ့တွေးထင်ချက်မှာ မှန်လည်း မှန်ပေသည်။

ဝါးစိမ်းဘိုးဘိုးသည် ကျောက်ရိရှုံး၊ ယွင်းအော်နှင့် ပိုင်ရိပိန်တို့ကို ခေါ်သွားကာ ဆန်ချိုင်းဓားသိုင်းနှင့် ရှင်ကျိုသိုင်းကွက်များကို ပေါင်းစပ်၍ ကျောက်ရိရှုံးတို့အား ဖြတ်လမ်းနည်းဖြင့် သင်ကြားပေးခဲ့သည်။

ထိုအခါမှ ဆန်ချိုင်းဓားသိုင်းတွင် လွတ်ကွက်ဟာကွက်များ ပျောက်သွားပြီး ပိုမိုထက်မြက်လာကြောင်းလည်း တွေ့ကြရသည်။

ယခု သူတို့သည် နောက်ဆုံးအချီအနေဖြင့် ရေသရဲသုံးဖော်နှင့် ယှဉ်ပြိုင်သောအခါ အသာစီးမှ တိုက်နိုက်နိုင်ကြသည်။

ရေသရဲသုံးဖော်မှာ သိုင်းကွက်သုံးဆယ်ကျော် တိုက်နိုက်ပြီးသောအခါ ကစဉ့်ကလျား ဖြစ်လာကြသည်။

ပြေးပေါက်ကိုသာ ရှာနေကြတော့၏။

သိုင်းကွက်ငါးဆယ်ကျော်သည်နှင့် ကျောက်ရိရှုံး၊ ယွင်းအော်နှင့် ပိုင်ရိပိန်တို့သည် တစ်ဦးနှင့်တစ်ဦး အချက်ပေးကာ

အတွင်းအား စုစည်းလိုက်ကြသည်။

"ယား"

တစ်ပြိုင်တည်းပင် မာန်သွင်းအော်ဟစ်လိုက်ကြပြီး သူတို့ကိုယ်များကို ချာခနဲလှည့်ကာ ဓားများကိုလည်း ဝှေ့ယမ်းလိုက်ကြသည်။

ဓားရောင်များ ဝင်းခနဲ လက်သွားကြသည်။

"ရှမ်း"

"ရှမ်း"

"ရှမ်း"

"အား"

"အီး"

"အွန့်"

ရေသရဲသုံးဖော်လက်မှ ဓားများ ထက်ပိုင်းကျိုးသွားကြသည်။

တစ်ဆက်တည်းပင် သူတို့၏ခန္ဓာကိုယ်မှ သွေးများ ဖြာထွက်လာပြီး သုံးယောက်စလုံး ဝုန်းခနဲ လဲကျသွားကြတော့၏။

"ဟေး.....ဒုစရိုက်သမားတွေ သေကုန်ကြပြီဟေ့"

"တို့အောင်ပြီ တို့အောင်ပြီ"

"ဒုစရိုက်သမားတွေ ထွက်သွားကြ၊ ထွက်သွားကြ"

"အဖျက်သမားတွေ ချေမှုန်းရေး တို့အရေး"

လုံခြုံရေးအဖွဲ့ဝင်များထံမှ တခဲနက် အော်ဟစ်သံများမှာ



မိုးသို့တိုင်အောင် ဘဝဂ်ညံသွားသည်။

ကျောက်ရှိုး၊ ယွင်းအော်နှင့် ပိုင်ရိပိန်တို့၏ မျက်နှာတွင် ချွေးတွေ ရွှဲရွဲစိုနေသော်လည်း ပြုံးပန်းတွေ ဝေနေလျက်.....

ဒုစရိုက်ကောင် အဖျက်သမားများမှာ သိုင်းပြိုင်ပွဲကြီး၏ ဆုံးဖြတ်ချက်ဖြင့် အမြီးကုပ်သွားကြရပြီ ဖြစ်လေတော့သတည်း။

**ပြီးပါပြီ။**

တက္ကသိုလ်နေလင်းအောင်